

ငွေတာရီ
မဂ္ဂဇင်း
၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လတွင် စတင် ထုတ်ဝေသည်။
R-407

စာပေအစဉ်အလာကြီးမားသည့် မြဝတီစာပေတိုက်မှ အသစ်ထုတ်ဝေဖြန့်ချိလိုက်သည့်
အားကစားမြင်ကွင်းဂျာနယ်(Sports View Journal)ကို
၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ(၅)ရက်မှစ၍
ကြာသပတေးနေ့တိုင်း ထုတ်ဝေလျက်ရှိပါပြီ။




ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉၃၂၄၉၈၇၂၄။
ရန်ကုန်ရုံးခွဲ- အမှတ်(၁၈၁)၊ ၃၂ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

# ကဗျာဆရာ့မီးအိမ်

မင်းယုဝေ

‘ကဗျာဆရာ၊ အသင့်မှာဝယ်
တိုက်တာခြံမြေ၊ စိန်ရွှေငွေတို့
အခြေပိုင်စွာ ရှိသလော။’

‘ကျွန်ုပ်ဆီမှာ၊ သည်အရာတို့
ဗလာနတ္ထိ၊ ဘာမရှိ။’

‘ကဗျာဆရာ၊ အသင့်မှာဝယ်
ရာထူးစည်းစိမ်၊ အာဏာရှိန်တို့
ဂုဏ်သိန်ကဲစွာ ရှိသလော။’

‘ကျွန်ုပ်ဆီမှာ၊ သည်အရာတို့
ဗလာနတ္ထိ၊ ဘာမရှိ။’

‘ကဗျာဆရာ၊ ဘယ်အရာလျှင်
သင့်မှာပိုင်ပြီး ရှိသနည်း။’


‘ကျွန်ုပ်မှာဝယ်
သူငါအသည်း၊ သည်းပွတ်ထဲ၌
ထူးကဲကြည်သာ၊ ထွန်းလင်းပါသော
ရောင်ဖြာရောင်ရှိန်၊ တထိန်ထိန်သည်
မီးအိမ်ဝါဝါ ရှိသည်တကား။ ။’




မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ကိုထိန်းသိမ်းရန် နိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်။

အမှတ်(၇၂၃)၊ ၁၃၈၂ ခု၊ တော်သလင်း - သီတင်းကျွတ်၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ

# မာတိကာ






## စာတည်းစာမျက်နှာ

**တာဝန်ခံစာတည်း**

သာစွကျွတ်သီတင်း ၅

## ငွေတာရီကဗျာ

မင်းယုဝေ၊ ကို(စစ်တက္ကသိုလ်)၊ တင့်ထွန်း(ချောက်)၊
ချစ်စုအောင်၊ ကျော်စွာသူ(သာယာဝတီ)၊
ခင်ဖုန်းကြည်(မိုင်းပွန်)၊ မောင်နီမှိုင်း(ကျောက်တန်း)၊
မင်းသွေးနွယ်(ဇီးကုန်း)၊ ပုသိမ်–မောင်ကြေးရည်၊
ဘုန်းရဲနိုင်(ဂန့်ဂေါ)၊ လင်းသော်တာ၊
မောင်ဖြိုး(သချာ)။ ၆
တင်အောင်(ကုန်းမြင့်)၊ သီဟဇော်(မေတ္တာအိမ်)၊
မေမြတ်နိုင်(ပုသိမ်)၊ ကျော်စိုးလင်း(ကပေါင်းစမ်း)၊
ရဲရင့်(မန္တလာ)၊ ချိုးငှက်(MKK)၊ ဖိုးပုလဲ(အညာမြေ)၊
သမီးပျို။
ရွေးချယ်သောကဗျာများ ၁၃၁

## ငွေတာရီကာတွန်း

မြေဇာ၊ မျိုးမင်းမြတ်၊ သူရမိုး၊ ဖွဲ့နေ၊ အေကေ။ ၁၇
သီဟ(စခန်းသစ်) ၁၃၃

## စာပေနှင့် အနုပညာ

**မောင်ခင်မင်(ဓနုဖြူ)**

ကိုးကားဖွယ်ရာ ထိုထိုကဗျာ(၂၄) ၂၂

**ရွှေကူမေနှင်း**

မြို့တော်ခန်းမမှသည်... ၂၅

**တင်လင်းဇော်**

မူလွန်မာလ်ဆောမ်တွင် စာပေဟောပြောခြင်း ၂၉

**ဒေါက်တာအောင်မြင့်ဦး**

ရွှေလရယ်သာ အင်းလယ်မှာပွင့်တဲ့ပန်း ၄၂

**မြင်းမူမောင်နိုင်မိုး**

ဥပ္ပါတသန္တိစေတီတော်ရိပ်ဝယ် ၅၇

**ကိုင်းသစ်အောင်**

ဆာကူရာပန်းရနံ့ကို ရှူရှိုက်ခြင်း ၇၀

**သော်ဇင်သစ်**

တစ်လအတွင်း စာပေနှင့်ယဉ်ကျေးမှုသတင်း
အချပ်ပို(၃)

ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာ

**ဒေါက်တာစိန်မြင့်**

သီရိတြိဘုဝနာဒိတျဓမ္မရာဇာ
ကျန်စစ်သားမင်းကြီး၏ ရင်တွင်းစကားသံ ၃၄

**မောင်သန်းဆွေ(ထားဝယ်)**

မင်းတုန်းမင်းတရားကြီးရေးဖွဲ့သည့်
တေးကဗျာများ ၇၉

ရသစာတမ်း

**ပိုင်ပြည့်**

အိမ်ကလေးများ ၃၈

**သက်လွင်(ဆင်ပေါင်ဝဲ)**

ကုလားထိုင်ပေါ်မှ ဆင့်ကဲအတွေးစများ ၅၄

ပန်းချီပြပွဲ

**ဝေမွန်လင်း**

ခေတ်ပြိုင်ရိုးရာဟန် မြန်မာ့အလှပန်းချီပြပွဲ ၄၉

ငွေတာရီဖတ်ညွှန်း

**ရဲရင့်မှိုင်း**

နှင်းဆီလေညင်း စာပန်းခင်း ၆၂

ကိုယ်ရေးအတ္ထုပ္ပတ္တိ

**မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)**

ဘဝပုစ္ဆာ အဖြေရှာ(၁၂၄) ၇၄

ဓာတ်ပုံရှုခင်း

**စစ်ငြိမ်းပန်း**

ဓာတ်ပုံကပြောသောဒဿနများ(၂) ၈၂

ခရီးသွားဆောင်းပါး

**မောင်မိုးယံ**

ဧရာဝတီမှ နေရဉ္ဇရာသို့(၃၀) ၉၄

ငွေတာရီဝတ္ထုတို

**ဆွန်း(စက်မှုတက္ကသိုလ်)**

အရှေ့မိုးကုပ်စက်ဝိုင်းက
အရောင်မစုံတဲ့သက်တံလေးတွေ ၈၆



**တို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး





**လင်းအိမ်**

**ရွှေသူရဇ္ဇ(ထားဝယ်)**
အရိပ်တစ်ခု၌ခိုနားခြင်း ၁၀၆

**သော်ဇင်(လှိုင်ကော်)**
နေသားကျပြဿနာ ၁၁၆

**အေးအေးနွဲ့(မြန်မာစာ)**
အမေ ၁၂၄

---

**အသစ်ငွေတာရီ**

**ညိမ်းသူ**
ညီမလေး ၁၃၄

**ကျော်စည်သူ**
ကျိုးပျက်ခြင်းများ ၁၄၂

---

**ပင်ကိုရေးဝတ္ထုရှည်(စ/ဆုံး)**

**နိုင်မြင့်**
အနေဝေးသည့် ဦးလေးတစ်ယောက် ၁၅၀

---

**သရုပ်ဖော်ပန်းချီ**

Aကျော်စွာ၊ အောင်ကျော်၊ မောင်နေကြည်၊ ရန်နိုင်ဦး၊ ကြည်နူး၊ မိုးထက်မိုး၊ ဈာန်ရဲထွဋ်။





**စာတည်းမှူးချုပ်**
ဒုတိယဗိုလ်မှူးကြီးနေမျိုးထက်

**ဒုတိယစာတည်းမှူးချုပ်**
ဗိုလ်မှူးမြင့်နိုင်

**စာတည်းမှူး**
ဗိုလ်မှူးငြိမ်းချမ်းဦး

**တာဝန်ခံစာတည်း**
ဗိုလ်ကြီးသက်နောင်

**လက်ထောက်စာတည်း**
ကေသီလွင်၊ ငြိမ်းငြိမ်းစိုး

**ရန်ကုန်ရုံးခွဲ**
အမှတ်(၁၈၁)၊ ၃၂ လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – ၀၉၃၂၄၉၈၇၁၄

**ထုတ်ဝေခြင်း**
ပုံနှိပ်မှတ်ပုံတင်အမှတ် (၀၀၆၅၆)
ထုတ်ဝေသူမှတ်ပုံတင်အမှတ် (၀၀၈၁၆)
ပုံနှိပ်စောင်ရေ – ၉၀၀၀

**စာတည်းအဖွဲ့ တည်နေရာနှင့်ဖြန့်ချိရေး**

မြဝတီစာပေတိုက်၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

Email : ngwetaryeemagazine@gmail.com

| | |
|---|---|
| မြဝတီမဂ္ဂဇင်း၊ မိုးသောက်ပန်းဂျာနယ် | – ၀၉၈၃၅၁၀၇၁၉၂ |
| ငွေတာရီမဂ္ဂဇင်း၊ တေဇရုပ်စုံ | – ၀၉၄၀၃၂၅၈၄၅၁ |
| သုတအလင်းမဂ္ဂဇင်း | – ၀၉၆၉၇၀၈၉၇၂၁ |
| အားကစားမြင်ကွင်းဂျာနယ် | – ၀၉၆၉၂၈၀၅၆၇၂ |
| သုတကမ္ဘာဂျာနယ် | – ၀၉၈၉၂၂၇၆၀၇၇ |
| ဖြန့်ချိရေး | – ၀၉၃၂၄၉၈၇၂၄ |

| | |
|---|---|
| မျက်နှာဖုံးပန်းချီ | တင်လှဝင်းထင် |
| မျက်နှာဖုံးဒီဇိုင်း | MSL |
| အတွင်းအပြင်အဆင်ဒီဇိုင်း | တင်ဇာထွန်း၊ ဆုငယ် |
| စာစီနှင့် ဒီဇိုင်း | ဇင်ဇင် |
| စာပြင် | အိအိလွင်၊ မာမာစိုး |

# သာစွကျွတ်သီတင်း

မြန်မာ့တစ်ဆယ့်နှစ်လရာသီတွင် သီတင်းကျွတ်လသည် ခုနစ်လမြောက်ဖြစ်သည်။ ရှေးအခါက သီတင်းကျွတ်လကို 'သန်တူလ'ဟူ၍ ခေါ်ဆိုကြ၏။ ဆရာကြီးဦးဖိုးလတ်၏ မြန်မာလအမည်များကျမ်းတွင် 'သန်တူလ'ဆိုသည်မှာ ကောက်နှံစပါးပင်များ ပေါက်ဖွားထောင်မတ်သောလဟု အကျယ်တဝင့်ရှင်းပြထားသည်ကို တွေ့ရသည်။ စင်စစ်သန်တူလသည် မိုးလေကင်းစင်သောလဖြစ်ပါသည်။ သီတင်းကျွတ်လတွင် အသဝနီနက္ခတ်နှင့်လတို့ ယှဉ်ပြိုင်ထွန်းကြ၏။ ကောင်းကင်သည် ကြည်လင်သန့်ရှင်း၏။ မြောက်ပြန်လေတချို့ တိုက်စပြုချိန်ဖြစ်၏။ ရာသီကား တူရာသီဖြစ်သည်။

'သဗ္ဗညုတ၊ ဗုဒ္ဓမြတ်စွာ
ဝတိံနန်းမှ၊ မြန်းကြွဆင်းသက်လာ
လောကလူ့ရွာ၊ သာယာငြိမ်းအေး
သတ္တဝါတွေ၊ ကယ်တင်ပေ
ဟောခြွေမြိုက်ဆေး ကျွေးသည်နှင့်လေး'

ဤအခါသမယတွင် သုံးလောကထွတ်ထား ဗုဒ္ဓဘုရားသည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့မြန်းကြွဆင်းသက်၏။ လောကတစ်ဝန်း သာယာအေးချမ်း၏။ ရဟန်းရှင်လူတို့သည် မီးရောင်စုံများထွန်းညှိ၍ ဘုရားရှင်ကို ဖူးမြော်ပူဇော်ကြသည်။ ဘုရားရှင်ကိုယ်တော်မြတ်သည် လူသားတို့ကို တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။ ထိုနေ့ကား သီတင်းကျွတ်လပြည့်နေ့ဖြစ်ပေ၏။

'ရေကန်နံဘေး၊ လကလေးမှေးတင်
ရွှေကြာပွင့်လန်း၊ တင့်ဆန်းဂုဏ်ဝေလွင်
ကန်အပြည့်ပင်၊ စုံလင်ပွင့်ဖူး
ကြာဖြူကြာနီ၊ ကြာပဒုမ္မီ
စုံညီတင့်ထူး၊ မြူးသည်နှင့်လေး'

သီတင်းကျွတ်သည့်အချိန်သို့ရောက်တိုင်း ကျွန်တော်တို့ငယ်ဘဝကို ပြန်လည်သတိရမိပါ၏။ ငယ်စဉ်ကလေးဘဝက သီတင်းကျွတ်လျှင် အလွန်ပျော်ရွှင်ရ၏။ စာသင်ကျောင်းများလည်းပိတ်ကြ၏။ ကျွန်တော်တို့သူငယ်ချင်းတစ်စုသည် ရွာထိပ်ရှိရေကန်သို့သွားရောက်လျက် ကြာပန်းတွေခူးကြ၏။ ကြာဖြူ၊ ကြာနီ၊ ကြာညိုရောင်စုံတို့ကိုချိုးယူ၍ ကြာရိုးကလေးများကို ဆစ်၍ဆစ်၍ ကြာပုတီးလေးတွေပြုလုပ်ကြ၏။ ညဆိုသော်ငြား လရောင်က ကန်ထဲဖြာကျနေသောအခါ ဝန်းကျင်သည် လင်းလင်းကျင်းကျင်းရှိလှ၏။ လရောင်ဆမ်းသည့်ကြာပန်းကလေးများကို ရှုမြင်ရသည်မှာ ကြည်နူးဖွယ်အတိဖြစ်ပါ၏။

သည်အချိန်သည်ကာလတွင် ကျွန်တော်တို့သည် လူကြီးမိဘ၊ ဆရာသမားတို့အား အပြစ်ရှိက ကျေအေးခွင့်လွှတ်ပေးရန် ဝန်ချတောင်းပန် ဦးခိုက်ကန်တော့ကြသည်။ လက်ဆယ်ဖြာဦးထိပ်မိုးလျက် 'အပြစ်တို့ကျေကာအချစ်တို့ဝေစေကြောင်း'ရှိခိုးကန်တော့ကြကုန်၏။ လူကြီးသူမ၊ မိဘဘိုးဘွား၊ ဆရာသမားများကလည်း တစ်နှစ်တာပြုသမျှအပြစ်တို့ကိုခွင့်လွှတ်၍ ဆုမွန်ကောင်းများပြန်ပေးကြသည်။ မြန်မာလူမျိုးတို့၏ ချစ်စရာယဉ်ကျေးမှုအစဉ်အလာတစ်ခုဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။

ကျွန်တော်သည် လရောင်ဆမ်းသည့်ကြာပန်းကလေးများကို ရှုမြင်ကြည်နူးခဲ့ရသည့် ငယ်ဘဝ၏ သီတင်းကျွတ်ကာလများကို ပြန်တွေးမိတိုင်း လွမ်းလွမ်းဆွတ်ဆွတ်ဖြစ်မိပါတော့သည်။ ။

တာဝန်ခံစာတည်း

# သတ္တိ

ကို(စစ်တက္ကသိုလ်)

လမ်းသစ်ဖွေဖွေး၊ တစ်လမ်းရွေး၍
ဖြည်းလေးဟန်ချီ၊ လှမ်းတော့မည်တည့်။

စ၍လှမ်းသော်၊ ခြေပျက်ချော်၍
မတော်လဲကျ နိုင်ပါ၏။

လဲကျသည်မှာ၊ ရှက်စရာဟု
ဘယ်ခါ မတွေးမိစေနှင့်။


စိတ်မွန်ထူရ၊ ပြန်မထမှ
ပြောကြမည်သာ၊ ရှက်စရာတည့်။

တစ်ခါလဲကျ၊ တစ်ခါထပေါ့
ထပြီးဆက်လှမ်း၊ ကြိမ်ဖန်မြန်းသော်
ပန်းတိုင်မည်သို့ လွဲအံ့နည်း။ ။



# ခုနစ်စဉ်အလွမ်း

တင့်ထွန်း(ချောက်)



လွမ်းလိုက်ကဲ့လေ
ငယ်ဘဝရယ်က၊ 'အမ'ကိုလေ။

ပဲဖော်ချိန်ရောက်၊ 'ချောင်းကောက်'ယာထဲ
ရွှေချိုးဖြူ ကူသံချွဲနှင့်
ယာထဲနေခဲ့ရ ထိုဘဝ။

တဲခေါ်အိမ်ဆောက်၊ အောက်မေ့နေဆဲ
ခေတ္တမျှ ရွာမှခွဲလို့
ယာထဲနေခဲ့ရ ထိုဘဝ။

ထမင်းပွဲရက်ဆက်
ဆက်ရက်ကင်နှင့်၊ ကြွက်ကင်နှင့်
ခံတက်ချဉ်ကိုတဲ့လွမ်း။

ဖရဲသီးပြုတ်၊ ပဲသီးသုပ်နှင့်
'တဲကြီး'ငရုတ်ကိုတဲ့လွမ်း။

ကွမ်းအစ်အစုတ်၊ နှမ်းပျစ်ကြုတ်နှင့်
ထန်းမြစ်ဖုတ်ကိုတဲ့လွမ်း။

မီးညွန့်ရယ်မှ ကြူကြူ
ညချမ်းချိန် မီးအိမ်အောက်မှာ
မီးတောက်ကလေး တလူလူက
လေယူရာအနံ့ရောက် ပြောက်တိပြောက်ကျား။

သည်ဆောင်းဟေမန်
ငွေရည်ဖျန်းပက်၊ နှင်းရေစက်က
ထန်းလက်မိုးပေါ်ကျ ဂီတသံနှယ်
ဖြောက်ဖြောက်ညံမစဲ။

အဝေးဆီက၊ အဘနွားငေါက်သံ
ရေစည်ဆွဲ လှည်းအပြန်က
မြန်ရာမှ တဖြည်းဖြည်းနီးလာခဲ့။

မျက်တောင်ငယ်စင်း
'အမ'ပြောတဲ့ရှေးစကား
မကြားတစ်ချက် ကြားတစ်ချက်
နားစိုက်ရင်း တအင်းအင်းနဲ့။

တဲဝဆီက၊ အဘအသံလား
စာဉ၊ ချိုကုပ်၊ လှည်းကိုဖြုတ်လို့
ဘုတ်ငှက်၊ ဇွတ်ကလုံ မြည်သံငယ်စုံလို့
ဗွေးတုတ်၊ ဘုတ်ဆုံ ကခုန်ပျော်လို့
အိပ်မှုန်စုံမွှား
မကြားတစ်ချက်ကြားတစ်ချက်
အိပ်မက်တစ်ဝက် နိုးတစ်ဝက်။


ဩော်...
ဖြတ်သန်းခဲ့ရ၊ ငယ်ဘဝကြမ်း
ပြန်တွေးရင် ခုနစ်စဉ်တန်းလို့ရယ်
လွမ်းတယ်လေ့ တမြည့်မြည့်။
အောက်မေ့မိတယ် တစေ့စေ့။ ။

# ကလောင်ပျိုသို့မှာတမ်း

ချစ်စုအောင်

ငါတို့ချစ်ဖို့
မွေနှစ်လင်္ကာ၊ စံပြုရာဟု
ရှေးစာဆိုများ၊ ချန်ရစ်ထားခဲ့။

ငါတို့ဖတ်ဖို့
စပ်ဟပ်ကာရန်၊ သန္ဓေမှန်သည့်
သံချိုရတု၊ စာဆိုပြုခဲ့။



သတ်စေဟူငြား၊ မိန့်တော်ထားလည်း
ရေးသားဖွဲ့ဆို၊ လင်္ကာချိုခဲ့။

မင်းမျက်မင်းမာန်၊ ရာဇဒဏ်လည်း
ခံဝံ့ရဲရဲ၊ ကလောင်မြဲခဲ့။

ဖိနှိပ်စော်ကား၊ တိုင်းတစ်ပါးလည်း
လားလားမကြောက်၊ ကလောင်မြှောက်ခဲ့။

အမျိုးဘာသာ၊ သာသနာတွက်
ရောင်ဝါထွန်းပွင့်၊ ဆတက်မြင့်စေ
ဝင့်သည့်ကလောင်၊ လင်းလက်ပြောင်ခဲ့။

ခေတ်အစဉ်၌
ဉာဏ်အင်စွမ်းစ၊ ကြိုးလုံ့လနှင့်
အတ္ထသဒ္ဒ၊ လင်္ကာရပ်ဟု
ကဗျာ့ကာရန်၊ ရသဖန်လျက်
ပုဂံမှသည်၊ မျက်မှောက်တည်အောင်
လှမ်းချီရွက်ထမ်း၊ လက်ဆင့်ကမ်းခဲ့
ပွင့်လန်းခေတ်တိုင်း၊ ဂုဏ်အလှိုင်းဖြင့်
သမိုင်းဝန်တာ၊ ကျေပွန်ပါသည်
စာဆို့ကျေးဇူး ထုံပျံ့ကျူး။

ကဗျာတစ်ပွေ့၊ စာအလေ့နှင့်
ကြည်မွေ့နှစ်လို၊ ကလောင်ပျိုငဲ့
စာဆိုပြုဖူး၊ ထုံပျံ့ကျူးသည့်
ကျေးဇူးဂုဏ်ဒြပ်၊ မွန်အမြတ်ကို
မဆပ်ချင်နေ ရှိပါစေတော့
မွေနှစ်ကာရန်၊ ရိုးရာစံကို
တန်ဖိုးမထား၊ မလေးစားဘဲ
လွဲမှားအယူ၊ ဖျက်ဆီးမှုကား
လူမွန်စရိုက်၊ မဆိုထိုက်ပြီ
အမိုက်သင့်ပြင် ရှိလိမ့်လော။ ။

# နေညိုချိန်အလွမ်း

ကျော်စွာသူ(သာယာဝတီ)



လောက်စာလုံး ခေါင်ဖိုကဲ
ပုဆိုးလည်း မနိုင်ချင်
ကွင်းသိုင်းကာတင်။
တချို့က ညစ်သည်ပင်
နိုင်ပြန်လျှင် မြောက်ကြွကြွ။
ကျီစယ်သန် ငဖိုးလုံးမှာ
ရှေ့ဆုံးဆီက။

နှပ်ချေးပေ ချွေးသံရွှဲ
ကဲကြတဲ့ ကလေးရွယ်။
မျောက်ရှုံးအောင် ဆော့ကစား
တို့များငယ်ငယ်။
တွေးမိတိုင်း အလွမ်းကြွယ်
ပန်းအရွယ် ဘဝလေး။
အပူအပင် အစဉ်ကင်း
ရင်တွင်းမှာအေး။

နွားလိုက်ချိန် အခါရောက်
ရွာအနောက် ထွက်ကြပြီ။
ကိုယ့်နွားတွေ မှန်းကာသိ
လှမ်းကြည့်နိုင်သည်။
စားကျက်ဆီ ရှေ့ဦးတည်
လိုက်ရပြီ ခြေတညောင်း။
ရွာဆီကို နွားပြန်ချိန်မတော့
နေညိုမှိန် ဆည်းဆာလှမှာ
ပလွေတို ချိုချိုမြရယ်နဲ့
လွမ်းရပါကြောင်း။ ။

ခေါင်ဖိုကဲ = လောက်စာလုံးသုံးလုံးပေါ်ကို တစ်လုံးတင်ထားသော အပုံ။ နောက်လောက်စာလုံးတစ်လုံးဖြင့် လိုမ့်ပစ်ကစားရသော ကစားနည်း။

# တို့နှစ်ဖော်

ခင်ဖုန်းကြည်(မိုင်းပွန်)

နှစ်ယောက်တစ်လမ်း၊ မကြောက်တမ်းနဲ့
လျှောက်လှမ်းခဲ့ကြ တို့နှစ်ဖော်။

အပြစ်ဟူက၊ လျစ်လျူကြလို့
ချစ်တူမျှ၍ လက်တွဲပျော်။

ချွေတာသုံးစွဲ၊ အဖြုန်းနည်း၏
စည်းလည်းရှိရှိ ခြိုးခြံသော်။

အထည်သစ်သစ်၊ မဝယ်ဖြစ်ကြ
စနစ်ဇယား ထားလို့နော်။

ဘုရားပန်းတွေ၊ မနွမ်းစေရ
လန်းနေပါမှ စိတ်ထဲပျော်။

သခွား ဖရုံ၊ စားမကုန်ပါ
သီးစုံစိုက်ပျိုး တို့နှစ်ဖော်။

မှန်မှန်မှားမှား၊ ရန်မများကြ
စံထားရမည့် တို့နှစ်ဖော်။

ကြည်ကြည်ဖြူဖြူ၊ ညီညီတူဘိ
ပြုစုကင်းသည့် တို့နှစ်ဖော်။

အိမ်နီးနားချင်း၊ ဆွေသားရင်းသို့
ရင်းနှီးကြလို့ နေထိုင်ပျော်။

ပိဋကပါတ်ဆွမ်း၊ မပြတ်တမ်းပဲ
လှူဒါန်းမြဲတဲ့ ကုသိုလ်တော်။

သမီးသားမွေး၊ စီးပွားရေးနဲ့
ရှေ့ရေးတွေးတဲ့ တို့နှစ်ဖော်။

စည်းကမ်းကျန၊ နည်းလမ်းကျလို့
ချမ်းမြနေတဲ့ တို့နှစ်ဖော်။ ။



# ရွာ့ကျက်သရေ

မောင်နီမှိုင်း(ကျောက်တန်း)

နေ့တစ်နေ့၏
မွေ့လျော်ဖွယ်ရာ၊ ရောင်နီဖြာချိန်
သံသာချိုအေး၊ သီဆိုကြွေးလျက်
ငှက်ကျေးကြော်ညံ၊ ဝဲကာပျံ၍
တောင်ပံဖြန့်ကား၊ လှည့်လည်သွားပြီ
လှုပ်ရှားသက်ဝင်၊ တေးနုယဉ်သို့
သံစဉ်ချိုမြ လှသည်တကား။

ရွာဦးကျောင်းမှ
အုံးမောင်းခေါက်သံ၊ ကြေးစည်သံတို့
လွင့်ပျံ့လာချိန်၊ နှလုံးအိမ်၌
ချိုမြိန်ရသ၊ ရုပ်လုံးကြွလျက်
သောကမငြိ၊ ဝမ်းဆီထိသို့
ပီတိဝေခဲ့ သည်တကား။

ရွာလယ်လမ်းမှ
ဆွမ်းတန်းကြွလာ၊ မြတ်သံဃာတို့
သိက္ခာပြည့်ဝ၊ ကြည်ညိုရပေါ့
ဒါနကောင်းကျိုး၊ သဒ္ဓါနိုး၍
တိုး၍တိုးကာ၊ ပြုံ့ခွင့်သာပြီ
ရင်မှာကြည်နူး ရတကား။

သြော်...
နေ့သစ်နိဒါန်း၊ သူပြင်ဆွာန်းသည့်
စမ်းသွယ်အေးမြ၊ သိင်္ဂါရသို့
လှပရိုးရှင်း၊ သည်ရှုခင်းလျှင်
မြင်ကွင်းရောင်စုံ၊ မတွေ့ကြုံမိ
အရဏ်နိုးထ၊ သည်ကာလ၏
ရွာ့ကျက်သရေ၊ အခက်ဝေပြီ
တက်နေဝင့်လို့ တင့်တကား။ ။



# ထိုပုံရိပ်

မင်းသွေးနွယ်(ဇီးကုန်း)



အမှတ်တမဲ့
မြင်ခဲ့ရပ်သွင်၊ ရောင်ပြန်ထင်သည်
ရင်ဝယ်စွန်းဖိတ် ငါ့ပုံရိပ်။

ထိုပုံရိပ်က
အတိတ်မပြန်၊ ပစ္စုပ္ပန်၏
အမှန်တည်ရစ်၊ မြင်ကွင်းစစ်ပင်
ဖြစ်စဉ်အလိုက်၊ လှိုက်ခနဲလှပ်
ဖျတ်ခနဲနစ်၊ လှစ်ခနဲဝင်
အမြင်အရှိ၊ ပကတိကို
သတိမူဘိ၊ လက်တို့သည့်နှယ်။

ထိုပုံရိပ်လျှင်
စွန်းဖိတ်ဟပ်ထင်၊ ကိုယ့်အမြင်၌
ကိုယ့်သွင်မူဟန်၊ ပုံစံအတိုင်း
ရုပ်ပိုင်းသွင်ပြင်၊ လက်ငင်းမြင်ရ
ရင်ထဲကိန်းရစ်၊ အစစ်အတု
ဖွဲ့စုတည်ရာ၊ မာယာသဘော
စစ်ကြောနိုင်ဘိ၊ ဘယ်သူသိအံ့။

ပြုံး၍ကြည့်က၊ ပြုံးရိပ်ပြကာ
မဲ့၍ကြည့်က၊ မဲ့ရိပ်ပြလျက်
ရယ်ကတစ်ဖန်၊ ရယ်ရိပ်ပြန်၍
ငိုဟန်မူသွင်၊ ငိုရိပ်မြင်ရ
ဖြစ်စဉ်အလိုက်၊ မူစရိုက်တို့
ကိုက်ညီအောင်ပင်၊ ပုံရိပ်ထင်စွာ
သက်ဝင်ရောင်ဟပ်၊ မှန်တစ်ချပ်က
ဆက်စပ်ဖြစ်ပျက်၊ အတိမ်နက်ကို
လက်တွေ့ပုစ္ဆာ၊ ညွှန်းလေသလော။

ပုံရိပ်ထက်တွင်
မြင်တွေ့ရခဲ့၊ ပြုံးမဲ့ရယ်ငို
ထိုအခြင်းရာ၊ မြင်ကွင်းလွှာသည်
'အကာ'အသွင်၊ ငါ ထင်မြင်မိ
ယှဉ်တွဲဆင့်ပွား၊ နောက်ကွယ်ကြားက
ခံစားကြွင်းရစ်၊ အဖြစ်သနစ်
'အနှစ်'ခတ်နှိပ်၊ ထိုပုံရိပ်မူ
ဘယ်သူမြင်ပါ့၊ သိနိုင်စွလေ
ငါ့ပုံရိပ်က၊ ကိုယ်ထင်ပြလျက်
ငါ့အား ဖမ်းစား နှောင်နေတကား။ ။

# မြန်မာမလေး သနပ်ခါးမွှေးနှင့်

ပုသိမ် - မောင်ကြေးရည်



နှင်းဆီနံ့လေး
သင်းသင်းမွှေးလို့၊ ဖြူဖွေးပါးတွင်
ကွက်ကျားတင်လျက်၊ ဆင်ယင်ထင်ရှား
သနပ်ခါးလေး
စွဲသွားငေးကြည့် ရင်လှုပ်ခါ။

စံပယ်နံ့လေး
လေပြည်မွှေးလို့၊ ညွတ်အေးပါးတွင်
ကွက်ကျားယဉ်ပျို၊ ဆွဲငင်အင်အား
သနပ်ခါးလေး
ပျားသကာလို စိမ့်ချိုသာ။

ခရေနံ့လေး
ဆွတ်ပျံ့မွှေးလို့၊ နွေးအိပါးတွင်
ကွက်ကျားဆင်သော်၊ ရှင်သန်စွင့်ကား
သနပ်ခါးလေး
ဆင့်ပွားလွတ်လပ် နှောင်ဖွဲ့ချည်။

ကံ့ကော်နံ့လေး
ထုံလွှံ့မွှေးလို့၊ ပြုံးသွေးပါးတွင်
ကွက်ကျားမြင်ရ၊ ဝန်းကျင်တစ်လျား
သနပ်ခါးလေး
ကျော်ကြားသတင်း ညင်းသကို။

ပန်းနံ့မျိုးစုံ
ကြိုင်လျှမ်းထုံလျက်၊ ယုံကြည်မြတ်နိုး
အလှတိုးဟု၊ ရိုးသားဆင်ပန်
မေတ္တာမှန်သည်
လေဆန်ဝဲဝဲ ခိုင်မြဲစွာ။


မြန်မာ့မေပျို
ပြုံးစွတ်စိုလျက်၊ ခိုလှုံကိုးရာ
ဤမြေလွှာဝယ်၊ သစ္စာဂုဏ်မြောက်
ထွန်းဖြာတောက်ပေါ့၊ ကောက်ချက်ချထား
သနပ်ခါးလေး၊ ဝင့်ကြွားထွတ်တင်
သူ့ပါးပြင်မှာ၊ ယဉ်ပေ့ကွက်ကျား
မာန်နှင့်အားနှင့်
တစ်လွှားကမ္ဘာ ပျံ့ပျံ့တည်း။ ။

ထိုကန်ထက်မှာ၊ သက်တံဖြာတိုင်း
မိုးပြာမိုးပွား၊ မိုးစက်မွှားတို့
လွင့်ပါးမြဲပေ၊ ရွာမြဲပေပေါ့။

မိုးဖွဲရွာတွင်၊ ကြာပန်းမြင်သော်
ကန်ပြင်လှိုင်းထန်၊ ငိုကြွေးသံလို
မှန်မှန်ကြားမြဲ၊ ကြားရဆဲပင်။

# ကြာပန်းပွင့်ချိန်

ဘုန်းရဲနိုင်(ဂန့်ဂေါ)



ခါရံကြိုတတ်၊ ထိုကန်စပ်နား
မြီးခတ်ချိုလွှဲ၊ နွံလူးကျွဲအုပ်
သဲကွဲထင်ရှား၊ စီးသူများနှင့်။

မိုးရွာရက်များ၊ ဇွဲမိုးကြားတွင်
လှုပ်ရှားမြင်ကြ၊ ဘယ်ချိန်စကြောင်း
မှတ်ရတို့ရွာ၊ ရင်ထဲနာစွ။

ပုံညာဝန်းကျင်၊ နယ်တစ်ခွင်၌
ဆိုးမြင်သွေးဆူ၊ သောင်းကျန်းသူတို့
မင်းမူအားကောင်း၊ ကုလီတောင်း၍
ရွာကျောင်းရှေ့နား၊ လယ်ကွင်းဖျားတွင်
ရွာသားလူရိုး၊ 'ကြိုး' 'ထမ်းပိုး'နှင့်
ထမ်းပိုးဝန်လေး၊ လုပ်အားပေးရန်
စုဝေးနေခါ၊ လူလိမ်ညာတို့
ယုတ်မာညစ်ဆိုး၊ သူ့ထမ်းပိုးတွင်
သူ့ကြိုးနှင့်တုပ်၊ ရွာမှထုတ်ကာ
ရိုက်ပုတ်ငြိုးတေး၊ သတင်းပေးဟု
စုဝေးရွာသား၊ လူအများကို
စော်ကားပုတ်ခတ်၊ အသေသတ်ခဲ့
ကန်စပ်နေရာ၊ ဆင်စွယ်ရွာမှ
ရင်နာဖွယ်ကောင်း ဇာတ်လမ်းဟောင်း။

မိုးဖွဲရွာတွင်၊ ကြာပန်းမြင်သော်
ကန်ပြင်လှိုင်းထန်၊ ငိုကြွေးသံလို
မှန်မှန်ကြားမြဲ၊ ကြားရဆဲပင်။

ခါရံကြိုတတ်၊ ထိုကန်စပ်နား
မြီးခတ်ချိုလွှဲ၊ နွံလူးကျွဲအုပ်
သဲကွဲထင်ရှား၊ စီးသူများနှင့်။ ။

(ဂန့်ဂေါခရိုင်၊ ထီးလင်းမြို့နယ်၊ ဆင်စွယ်ကျေးရွာမှ ဖြစ်ရပ်မှန်ကိုရေးဖွဲ့ပါသည်။)

# ရန်ကုန်ရောက် ကဗျာဆရာ(၃)

လင်းသော်တာ

လတ်ဆတ်စိုစက်
သီးရွက်တွေနော်၊ တကြော်ကြော်နဲ့
နွမ်းရော်နေတဲ့ ဈေးသည်က။

ငွေလာဘ်ရှင်ချင်၊ ယတြာဆင်တဲ့
ဗေဒင်ဆရာ၊ ငမွဲချာက။

အကြွေလေးများ၊ ပေးသနားပါ
အများတကာကို
အားနာလာအောင် တောင်းသူတချို့။

အနမ်းစွေဖြိုး၊ ပန်းခြွေမိုးကို
ထီးအောက်ခိုရင်း
တေးဆိုနေတဲ့ ချစ်သူနှစ်ယောက်။

လွင့်ပစ်လိုက်
အမှိုက်ပုံကြား၊ စားစရာကို
ရှာဖွေနေတဲ့ ကလေးတွေ။

ရွှေအဆုပ်လိုက်၊ ငွေထုပ်ပိုက်ပြီး
ရှော့ခ်လိုက်နေတဲ့ သူဌေးများ။

လမ်းမီးမှိတ်တုတ်၊ မိုးချုပ်ချုပ်မှာ
အလုပ်ဝင်တဲ့ မိန်းမပျိုတချို့။

လောကဓံကို၊ ဒေါကန်ဖောင်းဖြစ်
စိတ်ညစ်ညစ်နဲ့၊ အချစ်အလွမ်း
ဇာတ်လမ်းပေါင်းစုံ၊ ခွေးခြေခုံမှာ
ငါ ... ကဗျာထိုင်ရေးနေတယ်။ ။



# ရသာမဲ့အတွေး

မောင်ဖြိုး(သချာ)



ရွက်ညွန့်အဖူး၊ ရွှေဖီဦးကို
ချူးပြီးတစ်ဖန်၊ အခြောက်ခံ၍
မြန်မာဆန်ဆန်၊ မြန်မာဟန်နှင့်
ဇည့်ခံစမြဲ၊ မင်းပွဲစိုးပွဲ
အပွဲပွဲတွင်၊ အမြဲထည့်သောက်
လက်ဖက်ခြောက်။

ခတ်ပြီးစအခြေ၊ လက်ဦးရည်ကား
သောက်လေမဝ၊ သောက်ချင်စွတည်း
ပယင်းရောင်သွေး၊ မွှေးပျပျ။

ရေနွေးသက်သက်၊ ထပ်ထပ်စွက်သော်
ပေါ့ပြက်၍လာ၊ အသိသာကြီး
ရသာလည်းကင်း၊ ခံတွင်းမတွေ့။

ထိုသောအခါ၊ ငါမှအစ
များစွများစွာ၊ ရွှေပွဲလာတို့
အားနာသော်တည့်၊ လှည့်မကြည့်တော့။

ဩော် . . .
ထိုဥပမာ၊ ဝန်းကျင်မှာလည်း
ရသာရှိခိုက်၊ များလူကြိုက်ရဲ့
မကြိုက်သည့်ခါ၊ ပစ်ဖယ်ခွာကြ
သဘာဝမို့၊ ရသည့်တရား
ဆင်ခြင်ထား၍၊ နေသားကျအောင်
အသိဆောင်ပြီး၊ ရှောင်မငြီးဘဲ
ခရီးဆက်စို့လေး။ ။




# အင်းဝဘဏ်လီမိတက်

INNWA BANK LIMITED




ရုံးချုပ် - အမှတ် (၉/၃) ကျိုင်းတုံလမ်းနှင့် ပဲခူးလမ်းထောင့်၊
ဇဝနသီဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း ၀၆၇-၃၄၃၄၇၅၀ ဖက်စ် ၀၆၇-၃၄၃၄၇၅၂





## သင်ချေးငွေရယူပြီး....လုပ်ငန်းများလုပ်လိုပါသလား?



- ချေးငွေများအပေါ်တွင် ဘဏ်ဝန်ဆောင်ခ (Service Charge) ကောက်ခံခြင်းမပြုပါ။
- ချေးငွေများအပေါ်တွင် ငွေထိန်းသိမ်းခ (Commitment Fees) ကောက်ခံခြင်းမပြုပါ။
- ချေးငွေများထုတ်ပေးရာတွင်အကောင်းဆုံး ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးနေပါသည်၊ သင်ခေတ်မီအောင် အင်းဝဘဏ် (ATM) ကတ် သုံးကြည့်ပါလား. . . ।



- သင်ငွေပိုနေပါသလား. . . ၊ အင်းဝဘဏ်မှာ ငွေစုခြင်းဖြင့် သင့်ရဲ့ငွေတိုးပွားစေနိုင်ပါသည်၊



(၃) လ - (၉. ၃)%
(၆) လ - (၉. ၅)%
(၉) လ - (၉. ၆)%
(၁) နှစ် - (၁၀)%

- ချေးငွေထုတ်ပေးခြင်း (Loans)
- စာရင်းပိုထုတ်ချေးငွေ (Overdrafts)
- လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် (Hire Purchase)


ဆရာထွန်း၏
ထွန်းဖွေဝါ
တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး



အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ထောက်ခံချက်အမှတ် စ၄/၁၄၀၉၁/ ထလ (Sa 4/ 14091/ Hta La)
Instant
SHWE PHE OO
Lemon Tea
Vitamin C
ပါဝင်သော
သဘာဝလက်ဖက်ခြောက်အစစ်
အပူ / အအေးသောက်သုံးနိုင်ပါသည်
Add Hot Water or Cold Water
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ရန်ကုန်မြို့၊ဖုန်း - ၀၉ - ၆၇၁၄၄၃၅၅၅
STARMART NINE MILE Showroom-(၉)မိုင်၊ပြည်လမ်း၊ရန်ကုန်မြို့၊ဖုန်း - ၀၉ - ၃၀၈၆၀၁၈၀




၁၉၈၂ ခုနှစ်မှစတင်ထုတ်လုပ်ခဲ့ပြီး နာမည်ကျော်ကြားလူကြိုက်များခဲ့သော
မူလပထမ
ဂျပန်
日本の耳清液
နားသန့်ဆေးကြီး
အစလ မှတ်ပုံတင်အမှတ် - အစ ၁၂(၁၀၂၉၆)
လင မှတ်ပုံတင်အမှတ် - ၄/၁၄၅၉
အတုအပ
အထူးသတိပြု
ပင်ရင်း - ဖုန်း - ၀၁ - ၃၉၅၆၁၂၊ ၇၀၄၄၀၃၊ ရန်ကုန်မြို့

# ဖျံ-၅-ကောင်

အမှတ်တံဆိပ်




## သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို






ရန်ကုန်မြို့ မန္တလေးမြို့နှင့် တောင်ကြီးမြို့ရှိ

မြန်မာဆေးအရောင်းဆိုင်ကြီးများမှတစ်ဆင့်

တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၂၁၄/၀၆၁ဂ

**ပင်ရင်း - သမားတော် စာရေးဆရာ ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)**

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၉၊ မြေညီထပ်(ယာ)၊ ၄၂လမ်း(ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၈၃၈၀၁၇၅၊ ၃၉၂၅၉၄၊ ၀၉၄၂၁၀၀၇၈၆၉


# ငွေတာရီ
## မဂ္ဂဇင်း

ငွေတာရီမဂ္ဂဇင်းသို့ စာမူများပေးပို့လိုပါက

'တာဝန်ခံစာတည်း၊ ငွေတာရီမဂ္ဂဇင်း၊

အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း– ၀၉၄၀၃၂၅၈၄၅၁'

နှင့်

ngwetaryeemagazine@gmail.com

သို့လည်း ပေးပို့နိုင်ပါသည်။


စာရေးဆရာသေရင်
နာမည်ပြည်ကျော်တယ်ဆိုလို့
စာတွေ နိုင်းရေးနေ
တာတဲ့
ကျွဲပါးစောင်းတီးတာ
အခုခေတ် ကျွဲတွေက
ခံစားတတ်ပါ့ဗျာ...
သာယာလိုက်ပါဘိ ဟဲ
ကိုယ့်နေရာနဲ့ ကိုယ်
နေကြ ပါလားကွယ်







Cartoon


ဆိုင်ထဲမှာ.. ဘာလို့.. မှန်ကြီး.. ထောင်ထားတာလဲ..
မိန်းမတွေက..မှန်ကို တွေ့ရင်.. အလေးကို မကြည့် ကြတော့လို့လေ..


ကဲ.. မင်း နားမလည်တဲ့.. . ကိစ္စကို.. အခုလိုမျိုး.. ငါ.. ရှင်းပြလိုက်တော့.. .. .. နားလည်သွားပြီလား.. .
ဟို.. .. . မျက်စိပါ.. . လည်သွားပြီ




Cartoon


မင်းလေးရဲ့
အချစ်ထီးရိပ်အောက်မှာ
ခဏလောက် နားခိုခွင့်ပြုပါ
နော်... မိန်းမ



# ကိုးကားဖွယ်ရာ ထိုထိုကဗျာ(၂၅)

ဓမောင်ခင်မင်(ဓနုဖြူ)

(၁)

**မမလေးပန်စရာ**

သင်းကြူကြူ ယဉ်စစမွှေးပါဘိ
ဝင်းဖြူဖြူ သွင်လှလှကလေးဟာမို့
(အိုကွယ်) ခင်မမလေးရယ်တဲ့ ပန်ဆင်စရာ။

သြော် ...
ဟိုတစ်ခို့မှာလ
ညိုညို့ပြာမှုန်ရီတဲ့
သာပုံစည် တောင်ပေါ်ရိုးဆီက
လေးခင့်မောင် တံချူကိုးလို့ရယ်
ချိုးဆွတ်လို့လာ။

ပန်တော်မီ တီတာတာညွှတ်ပုံက
စံမော်သီ ကြည်သာသာဆွတ်ရန်လား
ခေါင်ထွတ်စံ ဖြူဝါဝါငယ်
မူပါပါ့ နွဲ့ယိမ်း။

ပန်ဆင်စမ်းပါလား
တော်နန်းသူ ဒါလီခင်ရဲ့
ဝါရီလွင် ယဉ်ယဉ်လဲ့မှာလ
ဆင်တဲ့သူ သာကြည်ရန်ဖို့
ညှာလည်တံ မြရည်လိမ်းလို့ရယ်
(မမလေးရေ) ပန်းနွယ်ကစိမ်း။ ။

**တက္ကသိုလ်ခင်လေးမောင်**

**ဂန္ထလောကမဂ္ဂဇင်း၊ ၁၉၃၈ ခုနှစ်၊ မတ်လ**

ကိုလိုနီခေတ်တွင်ထင်ရှားသော၊ စာပေသြဇာ
ကြီးမားသော ဂန္ထလောကမဂ္ဂဇင်းက ကဗျာတစ်ပုဒ်ဖြစ်

သည်။ ဂန္ထလောကမဂ္ဂဇင်းတွင်ပါဝင်သော ကဗျာဆရာကြီး ၄၅ ဦး၏ ငယ်လက်ရာကဗျာများကို ရာပြည့်စာတည်းအဖွဲ့ကစုစည်း၍ 'ဂန္ထလောက မြန်မာကဗျာလက်ရွေးစင် ၁၅၀(၁၉၃၀–၁၉၄၁)' အမည်ဖြင့် ၂၀၁၄ ခုနှစ်ကထုတ်ဝေခဲ့ရာ ထိုစာအုပ်၏ကျေးဇူးကြောင့် 'ရှားပါးကဗျာ'အများအပြားကို တစ်စုတည်းလေ့လာခွင့်ရခဲ့ပါသည်။ တက္ကသိုလ်ခင်လေးမောင်မှာ တစ်ချိန်က ထင်ရှားသော စာရေးဆရာ၊ ကဗျာဆရာ၊ ဓာတ်ပုံပညာရှင်ဖြစ်ပါသည်။ ဤကဗျာကလေးမှာ ရေးသူအမည်မသိသော 'မမလေးပန်စရာ၊ ပျိုတို့မောင် တောင်ပေါ်ရိုးက ပန်းချိုးလို့လာ၊ အပွင့်ရယ်ဝါ၊ အညှာမှာမြရည်လိမ်းတယ်၊ ပန်းနွယ်ကစိမ်း'ဟူသော လူသိများသည့် လေးချိုးကလေးကို ညဏ်ကွန့်မြူးချဲ့ထွင်ထားသော လေးချိုးဖြစ်ကြောင်းတွေ့နိုင်ပါသည်။ အပွင့်ဝါဝါ၊ အညှာစိမ်းစိမ်း ပန်းနွယ်ကလေးကို မမလေးပန်ဖို့အတွက် တောင်ပေါ်ရိုးက ချိုးယူလာခဲ့သည့် မောင်၏စေတနာကို ရိုးရိုးကလေးဖွဲ့ထားသောကဗျာဖြစ်သည်။ အထူးပြုသည့် ဝိသေသနအဖွဲ့ကလေးများဖြင့် လှလှပပချဲ့ထွင်ထားပုံမှာ နှစ်သက်ဖွယ်ဖြစ်သည်။ 'မမလေးပန်စရာ'ဟူသော မူလစာသားကို '(အိုကွယ်)ခင်မမလေးရယ်တဲ့ပန်စရာ' ဟု ဖွဲ့ထားပုံ၊ 'ပျိုတို့မောင် တောင်ပေါ်ရိုးက၊ ပန်းချိုးလို့လာ'ဟူသော မူလစာသားကို 'သာပုံစည် တောင်ပေါ်ရိုးဆီက၊ လေးခင့်မောင် တံချူကိုးလို့ရယ်၊ ချိုးဆွတ်လို့လာ'ဟူ၍ ဖွဲ့ထားပုံ၊ အဆုံးပိုဒ်ဖြစ်သော 'ပန်းနွယ်ကစိမ်း'ကို 'ဆင်တဲ့သူ သာကြည်ရန်ဖို့၊ ညှာလည်တံ မြရည်လိမ်းလို့ရယ် (မမလေးရေ) ပန်းနွယ်ကစိမ်း' ဟူ၍ ဖွဲ့ထားပုံတို့မှာ လှပပြေပြစ်သည်။ 'ပျိုတို့မောင်' ကို 'လေးခင့်မောင်'ဟူ၍ ကဗျာဆရာ၏ကလောင်နာမည် (ခင်လေးမောင်)နှင့်တူအောင် ပြောင်းဖွဲ့ထားပုံ၊ 'မမလေး'ကို 'ခင်မမလေး'ဟု ဖွဲ့ပုံတို့တွင် စိတ်ဝင်စားစရာ နောက်ခံအကြောင်းများရှိနိုင်ပါသည်။ မူလစာဆိုတစ်ဦးရေးဖွဲ့သည့်ကဗျာကို နောက်စာဆိုက ချဲ့ထွင်ရေးဖွဲ့ခြင်းဖြင့် မူလကဗျာကို ဂုဏ်ပြုရာလည်းရောက်ပါသည်။

## (၂)

## မြို့အုပ်မင်းဆို 'ဘုံရုံ'ကဗျာများ

၁။ ဘောင်းဘီတို အိတ်နိုက်လို့
တောလိုက်တဲ့သူပါ
သူ ပါလိမ့်တုံး။
သူကြီးငဲ့ ခြံအရွေ
ဆယ်အိမ်ခြေ အပိုင်စားတွေနှင့်
ကြွားတဲ့သူဖုန်း။

၂။ ပခုံးမှာ ကြယ်ပွင့်
သားရေနှင့် စလွယ်
ဗိုက်အင့်အင့် ရင်ကျယ်ကျယ်
ဘေးဆွယ်က ခြောက်ပြူး
ရုပ်ကာကီ လက်ကိုပင့်ပါလို့
ဘယ်ညာချီ ကြိမ်နီဝင့်တယ်
မင့် ပုလိပ်ထူး။

၃။ မင်းကပ်မြှောင်၍
အချောင်တွေ့လျှင်
တောင်းလေ့ 'ဘောက်ဆူး'
သောက်ကျင့်ထူးသည်
အရှုးဘုံမြှောက် ချာပရာစီ။

**မောင်ထင်**

**ဂန္ထလောကမဂ္ဂဇင်း၊ ၁၉၃၇ ခုနှစ်၊ နိုဝင်ဘာလ**

ဆရာမောင်ထင်သည် ကဗျာများများမရေးခဲ့သော်လည်း ဤ 'မြို့အုပ်မင်းဆို ဘုံရုံကဗျာများ'မှာမူ ဆရာ၏ထင်ရှားသောလက်ရာဖြစ်သည်။ ယခု ဘုံရုံကဗျာ ၃ ပိုဒ်ကို ဖော်ပြထားခြင်းဖြစ်သည်။ ဆရာမောင်ထင်သည် မြို့အုပ်အဖြစ်အမှုထမ်းစဉ် မြို့အုပ်အတွေ့အကြုံကို 'ဘုံရုံကဗျာများ'ဖြင့် မှတ်တမ်းတင်ရေးဖွဲ့ခြင်းဖြစ်သည်။ မြို့အုပ်၊ ဝန်ထောက်၊ နယ်ပိုင်၊ အရေးပိုင်စသည့် အရာရှိများ အလုပ်တာဝန်ဖြင့်ခရီးထွက်စဉ်တည်းခိုရေးအဆင်ပြေရန်အတွက် မြို့ရွာဒေသများတွင် 'ဗိုလ်ရုံ' ခေါ် အဆောက်အအုံများ ဆောက်လုပ်ထားသည်။ 'ဗိုလ်တဲ'ဟုလည်းခေါ်သည်။ ဆရာမောင်ထင်က 'ဗိုလ်ရုံ'ကို အများသုံးသော 'ဘုံ'အဆောက်အအုံအဖြစ်

အဓိပ္ပာယ်ဖွင့်ကာ 'ဘုံရုံ'ဟူသောစကားလုံးကို တီထွင်ခဲ့ခြင်းဖြစ်သည်။

ဤကဗျာတွင် ဘောင်းဘီတိုအိတ်နှိုက်ပြီး သူကြီးနောက်က ခပ်ကြွားကြွားလိုက်လာသော ဆယ်အိမ်ခေါင်း၏အမူအရာ၊ ပခုံးမှာကြယ်ပွင့်တပ်၍ သားရေစလွယ်ကို လွယ်ပြီး ခြောက်လုံးပြူး ခါးကြားထိုး၍ ကာကီရောင်ရှပ်အင်္ကျီကို လက်ပင့်တင်ထားပြီး ကြိမ်လုံးနီတဝင့်ဝင့်လုပ်နေသော ဗိုက်အင့်အင့် ရင်ကျယ်ကျယ်နှင့် ပုလိပ်အရာရှိ၏အမူအရာ၊ မင်းနားစိုးနားကပ်မြှောင်၍ ရပေါက်ရလမ်းအချောင်တွေ့လျှင် ဘောက်ဆူး (လက်ဖက်ရည်ဖိုး)တောင်းတတ်သော၊ အကျင့်မကောင်းသော၊ အရူးဘုံမြှောက်သလိုမြှောက်ကြွနေသော ချာပရာစီ (မင်းစေ)တို့၏အမူအရာကို သရုပ်ဖော်ထားပါသည်။

(၃)

**သွေမှု**

နှစ်အိုပြုန်း၍
ပင်လုံးရွက်ကျင် ကြွေခဲ့ပြီ။

နှစ်သစ်ဆန်း၍
ပင်နန်းမြရောင် ဝေခဲ့ပြီ။

ချစ်အိုပြုန်းသော်
ချစ်ဆုံး တစ်ဖန်
ချစ်သစ်ပြန်၍
ဆင့်ဟန်မပေါ် သွေခဲ့ပြီ။ ။

**မောင်အာယု**

**ဂန္ထလောကမဂ္ဂဇင်း၊ ၁၉၄၁ ခုနှစ်၊ ဇူလိုင်လ**

မောင်အာယုမှာ ကိုလိုနီခေတ်က ကဗျာ၊ ဆောင်းပါး၊ အက်ဆေး(အစမ်းစာ) စသည့်စာပေများ ရေးသားခဲ့သော စာရေးဆရာဖြစ်သည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်သွားသည်။ ဤကဗျာကလေးတွင် နှစ်အိုနှစ်ဟောင်းမှ နှစ်သစ်သို့ပြောင်းသောအခါ ရွက်ဟောင်းကြွေရာမှ ရွက်သစ်ဝေသည့်ထုံးစံရှိသော်လည်း အချစ်အိုအချစ်ဟောင်းပျက်ပြုန်းပြီး အချစ်သစ်ပြန်မပေါ်သည်မှာ ထုံးစံကိုသွေဖည်ခြင်းဖြစ်ကြောင်း ရေးဖွဲ့ထားသည်။

(၄)

**ကျွန့်မာလာ**

ကျေးဇူးရှင် မိုးရာသီ။

ကျွန်ဥယျာဉ် အသွင်ဆန်းပါဘိ
ခိုင်ပန်းစုံ မာလာရွက်တွေဖြင့်
ခက်လက်ဝေစီ။

နီပြာပြာ သူ့ရောင်ဆင်းရယ်နဲ့
သင်းပျံ့ပျံ့ မွှေးနံ့ရည်ငယ်
ကြည်ပါဘိ ကျွန့်နှလုံး။

ညှိုးလျကာ သည်မာလာဖြင့်
မရဏာ နယ်မကျူးမီပ
ဆွတ်ခူးကာ ယူပန်ဆင်တော့
သူ့နှုတ်တွင် သည်လိုပြောပြီဟု
စာဆိုမှာ ဉာဏ်ပို၍စောမိပေါ့
လောကစံထုံး။ ။

**ဣန္ဒနီ**

**ဂန္ထလောကမဂ္ဂဇင်း၊**

**၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလ**

ဆရာဣန္ဒနီသည် ကိုလိုနီခေတ်တွင်ထင်ရှားသော စာရေးဆရာ၊ ကဗျာဆရာကြီးဖြစ်သည်။ စာပေဆောင်းပါး အများအပြားရေးသားခဲ့သည်။ ဤကဗျာတွင် မိမိဥယျာဉ်မှာပွင့်နေသောပန်းကလေးအကြောင်း အတွေးပွားထားသည်။ မိုးရာသီ၏ကျေးဇူးကြောင့် နီပြာပြာအရောင်အသွေး၊ သင်းပျံ့သောမွှေးရနံ့တို့ဖြင့် လှပစွာပွင့်လာသည့်အတွက် စိတ်ကြည်နူးရပုံ၊ ပန်းကလေးက သူညှိုးလျကြွေကျမသွားမီ ဆွတ်ယူပန်ဆင်ပါတော့ဟူ၍ စာဆိုကိုပြောနေသလို စိတ်ထဲမှာတွေးမိပုံ၊ ဤသည်မှာ လောကဓမ္မတာဖြစ်ပုံတို့ကို ရေးဖွဲ့ထားပါသည်။ ။

**မောင်ခင်မင်(ဓနုဖြူ)**



# စာကျမေနှင်း မြို့တော်ဆိန်းမမှုသည် ...

၁၉၈၀ ပြည့်လွန်နှစ်များကား မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ စာပေဟောပြောပွဲရွှေရတု ကာလဟု ဆိုနိုင်ပါသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီအစိုးရသည် 'ပါတီကောင်စီ၏ဦးဆောင်မှု' ဟူသောစကားရပ်ကို ဖောဖောသီသီသုံးစွဲလျက် စာပေလုပ်သားအဖွဲ့ကြီးအား ကောင်းစွာမောင်းနှင် ခဲ့လေသည်။

မြို့နယ်ပါတီယူနစ်အောက်၌ ရပ်ကွက်ပါတီရုံးများထားရှိပြီး ရုံးဌာနအားလုံးတွင် 'စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ခွဲ'ဆိုသော အစုအဖွဲ့ကို အလုပ်သမားအစည်းအရုံးအောက်၌ စနစ်တကျဖွဲ့စည်းခဲ့၏။ ထိုအခါ ဗဟိုမှ 'လုပ်စေ'ဟု အမိန့်ချလိုက်သော အလုပ်မှန်သမျှ မြို့နယ်၊ ရပ်ကွက်၊ ရုံးအသီးသီး (စာသင်ကျောင်းများအပါအဝင်) တွင် အကောင်အထည်ဖော်ကြရသည်။ ဤသို့ဖြင့် စာဆိုတော်ရာသီတင်မက အခါကြီးရက်ကြီးများရောက်လျှင် (ဥပမာ – အာဇာနည်နေ့၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တောင်သူလယ်သမားနေ့၊ အလုပ်သမားနေ့များ) စာပေဟောပြောပွဲများပြုလုပ်ကြရ၏။ 'နေ့' များပြားသဖြင့် စာရေးဆရာများပင်

မလုံမလောက်ဖြစ်ကြရတော့၏။ အလုအယက် ဖိတ်ကြရ၏။ (သူတို့အခေါ် ငှားကြရတော့၏။)

တစ်ခါမှာ . . .

၁၉၈၀ ပြည့်နှစ်ဟုထင်ပါ၏။

မြို့တော်ခန်းမ၌ ဗဟိုဟောပြောပွဲပြုလုပ်လေသည်။ တကယ်တမ်းမှတ်တမ်းတင်ရလျှင် စာပေလုပ်သားဗဟိုမှ မြို့တော်ခန်းမ၌ စာပေဟောပြောပွဲပြုလုပ်ခြင်းသည် ဤတစ်ကြိမ်သာရှိပေသည်။ ယခင်ကလည်း မလုပ်ဖူးခဲ့။ နောင်လည်း မလုပ်တော့ပါ။

ဗဟိုစာပေလုပ်သားအဖွဲ့သည် နှစ်စဉ် စာပေသက်ကြီးပူဇော်ပွဲကို ပြုလုပ်မြဲဖြစ်၏။ ထိုနှစ်မှာကား ဟောပြောပွဲနှင့်ဆက်ပြီး ညပွဲ၊ မနက်ပွဲပြုလုပ်ခြင်းဖြစ်သည်။ စာဆိုတော်နေ့မတိုင်မီညမှာ ဟောပြောပွဲပြုလုပ်မည်။ နောက်နေ့မနက်မှာ သက်ကြီးပူဇော်ပွဲလုပ်မည်ဟု စီစဉ်ထားသည်။ ဟောပြောပွဲကို အလွတ်ကျင်းပခြင်းမဟုတ်။ ရုံဝင်ခ ၂၅ ကျပ်နှင့် လက်မှတ်ရောင်း၏။

"အမယ် . . . ရွှေကူမေနှင်းကို ၂၅ ကျပ်ပေးပြီး နားမထောင်နိုင်ပါဘူး"

ဤကား ကျွန်မကိုမလိုလားသူများနှုတ်မှ မအောင့်နိုင် မအည်းနိုင် ထွက်ကျလာသော အမနာပစကားများတည်း။ သူတို့မှားသည်ဟုလည်း ပြော၍မဖြစ်။ စင်စစ်ထိုစဉ်က ရွှေကူမေနှင်းဆိုသည်မှာ နာမည်ကျော်စာရေးဆရာမလည်းမဟုတ်၊ သြဇာရှိသည့် ဝါရင့်စာရေးဆရာလည်းမဟုတ်၊ အသက် ၄၀ ပင်မပြည့်သေးသော စာရေးဆရာပေါက်စသာသာမျှသာ။

သည်တုန်းက ဝါရင့်သမ္မာရင့်စာရေးဆရာမကြီးများ အထင်အရှားရှိသည်။ ဥပမာ – ထိပ်ဆုံး၌ လူထုဒေါ်အမာ၊ ဒေါ်ခင်မျိုးချစ်၊ ပြီးလျှင် ဒေါ်စောမုံညင်း၊ ဒေါ်ကြည်ဦး၊ ဒေါ်ခင်စိန်လှိုင်၊ ဒေါ်ခင်နှင်းယု၊ ဒေါ်ခင်ဆွေဦး စသည်တို့အပြင် ယုဝတီဘွဲ့ရစာရေးဆရာမတွေအများအပြားရှိနေပါသည်။

ရွှေကူမေနှင်းက ဒုတိယမျိုးဆက်ပါ။

ဆရာမြသန်းတင့်၏သုံးသပ်ချက်အရ ကျွန်မနှင့် ခေတ်ပြိုင်များမှာ တက္ကသိုလ်ကြူကြူသင်း၊ ခင်လှိုင်ကြူ၊ ခင်သူသူဝင်း စသည်ဖြင့် ငွေတာရီအုပ်စုဖြစ်၏။ မိုးမိုး(အင်းလျား)၊ စမ်းစမ်းနွဲ့(သာယာဝတီ)၊ မစန္ဒာတို့က အနည်းငယ်နောက်ကျသည်။ သူတို့နောက်မှာမှ နုနုရည်(အင်းဝ)၊ ခင်မြဇင် စသူတို့ဝင်လာသည်။ (၁၉၈၅ ခုနှစ်လုံမလေး၊ စပယ်ဖြူ၊ ကလျာမဂ္ဂဇင်းများက အမျိုးသမီးစာရေးဆရာအများအပြားမွေးထုတ်ခဲ့သည်။)

ယခု မြို့တော်ခန်းမတွင်ပြုလုပ်မည့် ဗဟိုပွဲကြီးတွင် အမျိုးသမီးစာရေးဆရာ ဘယ်သူဖြစ်သင့်သနည်း။ မေးစရာပင်မလိုပေ။ ဝါအရင့်ဆုံး၊ အဟောအပြောအတော်ဆုံးထဲမှာ ထိပ်ဆုံး၌ရှိသူကား ဆရာမကြီးစောမုံညင်းပင်။

စာပေဟောပြောပွဲအတွဲနမူနာကလည်း ဆရာသုခ၊ ဆရာဘုန်းနိုင် စသည်ဖြင့် အမျိုးသား ၂ ဦးနှင့် အတွဲအညီဆုံးမှာ စောမုံညင်းပါ။

ယခု မြို့တော်ခန်းမပွဲ၌ ဆရာသုခပါမည်။ ဆရာတက္ကသိုလ်ဘုန်းနိုင်ပါမည်။ အမျိုးသမီးစာရေးသူကိုကား စောမုံညင်းမဟုတ်၊ ရွှေကူမေနှင်းတဲ့။

အားလုံးဆူပွက်ကုန်သည်။

ဘာကြောင့် ရွှေကူမေနှင်းလဲ။

သူက ဘာလို့ မြို့တော်ခန်းမလဲ။

ပရိသတ်က နားမလည်နိုင်ချေ။

ကာယကံရှင် ရွှေကူမေနှင်းကိုယ်တိုင်ပင်လျှင် ဆရာဦးဌေးမောင်(ဗဟို)မှ ဖုန်းနှင့်လှမ်းပြောစဉ် အံ့အားကြီး သင့်နေခဲ့တာပါ။ ဝမ်းလည်းသာပါသည်။ မသာဘဲနေလေမလား။ မဟာအခွင့်အရေးကြီးကိုး။ ထိုညက အိမ်မှာ ခင်ပွန်းဖြစ်သူနှင့်ဆွေးနွေးပြီး အိပ်၍ပင်မပျော်။ သူကဆိုသည်။ ကျွန်မတွင် သူတကာမရနိုင်သော ထူးခြားအခွင့်အရေးများကိုရတတ်သော 'ကံ'ရှိသည်တဲ့။ မှန်တော့လည်း မှန်ပါ၏။ အသံလွှင့်ရုံမှာအလုပ်ရဖို့ တစ်ပြည်လုံး လျှောက်လွှာခေါ်သည်။ လူ ၁၀၀၀ ကျော်ဖြေသည်။ ကျွန်မတစ်ယောက်ပဲရခဲ့၏။ (တခြားနမူနာတွေ ရှိသေးသည်။) အခွင့်အရေးကောင်းတွေရှိသကဲ့သို့ အဆိုးထိုးနက်ချက်တွေလည်းရှိခဲ့၏။ ယခုလည်း အတင်းပြောစပြုနေလေပြီ။

ဆရာဦးဌေးမောင်ကို ကျွန်မမေးပါသည်။ စာရေးဆရာကြီးတွေနှင့်တွဲဟောဖို့ ဘာကြောင့် ကျွန်မကိုရွေးပါသလဲဟု။ ဆရာဖြေတာရှင်း၏။ "ဆရာသုခနဲ့ ဆရာဘုန်းနိုင်ကို အရင်ရွေးတယ်၊ ပြီးတော့ အမျိုးသမီးတစ်ယောက်ထည့်ဖို့စဉ်းစားတဲ့အခါ ဆရာ ၂ ယောက်က လူကြီးတွေဖြစ်နေတော့ လူငယ်ထဲကထည့်ချင်တယ်၊ လူငယ်စာရေးဆရာမလေးတွေရှိတာမှာ မေနှင်းကို ဘာကြောင့်ရွေးလဲဆိုတော့ မေနှင်းက မြန်မာ့အသံမှာ လုပ်နေတာ၊ ဆောင်ရန်ရှောင်ရန်တွေသိတယ်၊ ပြဿနာမဖြစ်နိုင်ဘူး၊ ဒါ့ကြောင့်ပါ"တဲ့။

ဒီကြားထဲ ဒေါ်ကြည်ဦး(ဇာဂနာ့အမေ)ကလည်း ဖောက်သည်ချ၏။

"ဒေါ်စောမုံညင်းကပြောတယ်၊ သူရွေးတာမဟုတ်ဘူး"တဲ့။ (ဒေါ်ကြည်ဦးလည်း အဟောကောင်းစာရင်းမှာ ပါသူပါ။) ဒီတော့ ဒေါ်စောမုံညင်းက ဗဟိုအမှုဆောင်အနေနှင့် ဒေါ်ကြည်ဦးကိုမရွေးခြင်းအတွက် ရှင်းချက်ထုတ်တာလည်းဖြစ်နိုင်သည်။ သူ မပါရတာကို မကျေနပ်တာလည်းဖြစ်နိုင်သည်။

ကျွန်မကား ကြက်ခေါင်းဆိတ်မခံသူ။

ထိုပွဲမတိုင်မီ ကမာရွတ်ဘီစကွတ်စက်ရုံပွဲတွင် ဒေါ်စောမုံညင်းနှင့်အတူဟောရလေရာ စင်ပေါ်၌ ပျဉ်းမနားမောင်နီသင်းဟောနေတုန်း စင်အောက် ရှေ့တန်းဆက်တီခုံမှာအတူထိုင်ရစဉ် ကျွန်မပြောလိုက်သည်။


"ဒီမှာ မမ ... မေနှင်းကိုမကျေနပ်ရင် အစည်းအဝေးမှာကန့်ကွက်ပါလား၊ အပြင်မှာလျှောက်ပြောတာက တရားမဝင်ဘူး"

အတော်ကျေနပ်မိ၏။

ဒေါ်စောမုံညင်း မငြင်းနိုင်ပါ။

သို့နှင့် သူ မနေနိုင်ဘဲ ဒေါ်ကြည်ဦးကိုပြောရောတဲ့။(ဒေါ်ကြည်ဦး ပြန်ပြောတာပါ။)

"မေနှင်းက ကျွန်မကို 'ခွပ်'တယ်တော့"ဆိုပဲ။ ကြက်ခေါင်းဆိတ်ခံရတာ ဘယ်ငြိမ်မလဲ။ ပြန်ခွပ်တာပေါ့။



ဤသို့ဖြင့် ပွဲကြီးနီးလာသည်။

ကျွန်မသည် ပွဲအတွေ့အကြုံအတော်လေးစုံခဲ့ပြီဖြစ်လျက် ဤပွဲကိုကြောက်နေ၏။ နဂိုကမှမကျေနပ်ကြတာဆိုတော့ ဆရာကြီးတွေကြား အိုးနင်းခွက်နင်းဖြစ်လျှင် အတင်းပြောလိုက်ကြမဲ့အမျိုး။

ဒီတော့ ပြောမည့်အကြောင်းကို ခါတိုင်းလို အတိုမှတ်စု အောက်လိုင်းနှင့်မလုံလောက်တော့။ အစမှအဆုံး စဉ်းစားရေးသားရပါသည်။ ဝတ္ထုရှည်တစ်ပုဒ်ထက် ခက်ခဲလှ၏။

ပွဲမတိုင်မီ ၃ ရက်ခန့်အလိုမှာ ဗဟိုဥက္ကဋ္ဌ ဆရာခင်မောင်အေး(မန္တလေး)က ဟောပြောမည့်လူ ၃ ဦးကို ခေါ်ယူတွေ့ဆုံပါသည်။ သူကလည်း တာဝန်ကြီးသမို့ ကြိုတင်အသိပေးရခြင်းဖြစ်လိမ့်မည်။ အကြောင်းအရာကို မချုပ်ချယ်ပါ။ မညွှန်ကြားပါ။ မကန့်သတ်ပါ။ ဘယ်သူ ဘာပြောကြောင်း သိနေတာပဲ။ အရေးကြီးတာက အချိန်။

"အဲဒါပါပဲခင်ဗျ၊ ကျွန်တော်တို့က တစ်ယောက်ကို ၁ နာရီပဲပေးနိုင်ပါတယ်၊ အဲဒါလေးကို..."

ဆရာကြီးနှစ်ဦး လှုပ်ရှားသွားကြသည်။

ကျွန်မက နဂိုအတိုင်းလည်း ၁ နာရီလောက်ပဲ ဟောသူဆိုတော့ ကိစ္စမရှိ။ ဆရာသုခဆိုလျှင် "ကျုပ်က ပွဲတိုင်း ၃ နာရီဟောတာဗျ၊ အခု ၁ နာရီနဲ့ လုံးဝ မလောက်ဘူး"ဟုပြောသည်။ ဆရာဘုန်းနိုင်ကလည်း ဆရာသုခကိုထောက်ခံနေသည်။ ဆရာခင်မောင်အေး (မန္တလေး)ကလည်း မလျှော့။

"အားနာပါတယ်ဆရာတို့၊ ဟိုလေ ဟောပြောပွဲက ညပွဲ၊ ထိုင်ခုံတွေခင်းမှာ၊ နောက်မနက်ကျ တော့ ဒီခန်းမမှာပဲ သက်ကြီးကန်တော့ပွဲအတွက် ကော်ဇော တွေခင်းရမှာဆိုတော့ ပြင်ဆင်ချိန်ရအောင် ညပွဲကို နောက်ကျလို့မဖြစ်လို့ပါ"

ဤတွင် ကျွန်မခေါင်းထဲ လင်းခနဲအသိတစ်ခုရ၏။ ပြုံးရွှင်စွာပြောဖြစ်ပါသည်။

"ဒီလိုလုပ်ပါလားဆရာကြီး၊ မေနှင်းက လူငယ်ပါ၊ ဘာမှအရေးမကြီးပါဘူး၊ မေနှင်း ၁ နာရီပြောတာနဲ့ ဆရာကြီးတို့ ၁ နာရီပြောတာ အလွန်ကွာခြားပါတယ်၊ ဒီတော့ မေနှင်းရတဲ့ ၁ နာရီထဲက ဆရာသုခကို ၁၅ မိနစ်၊ ဆရာဘုန်းနိုင်ကို ၁၅ မိနစ်လှူပါတယ်၊ မေနှင်းက နာရီဝက်ပဲဟောပါမယ်"

ဤနည်းဖြင့် အချိန်ပြဿနာပြေလည်သွားခဲ့ပါသည်။ ကျွန်မလည်း ဟောရမှာကြောက်နေသူမို့ လျှော့ဟောရတာကိုကြိုက်ပါသည်။ အချိန်လှူရတာကိုလည်း ကြည်နူးမိပါသည်။ လူတိုင်း အလှူပြုဖူး၏။ 'အချိန်လှူဖူးတာ ဘယ်သူရှိလဲ'ဆိုပြီးသကာလ ဘုရားရှိခိုးသည်။ "အရှင်ဘုရား ... တပည့်တော်သည် မိမိပိုင်ဆိုင်သော အချိန် ၁ နာရီထဲမှ ၁၅ မိနစ်ကို ဆရာသုခ၊ ၁၅ မိနစ်ကို ဆရာဘုန်းနိုင်တို့အား လှူပါ၏၊ ဤအကျိုးတရားကြောင့် ဟောပြောပွဲများ ကောင်းစွာပြုလုပ်ခွင့်ရပါလို၏ဘုရား"

ကျွန်မ ဆုတောင်းပြည့်ပါသည်။

အလှူက အလွန်သန့်စင်၍ဖြစ်ပါမည်။

ထိုပွဲကစပြီး မြန်မာပြည်တစ်ဝန်း မြေပုံချ၍ ခဲတံနှင့်ထောက်၊ မရောက်သောမြို့မရှိဟုပင် ပြောနိုင်လောက်အောင် 'စွံ'ခဲ့ပါသည်။

အခြားမကြည့်ပါနှင့်။

ယခု ဤစာရေးနေသော ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ အပြင်မှာဟောပြောပွဲမရှိစေကာမူ ရွှေကူမေနှင်းသည် မြန်ပြည်တစ်ဝန်း အိမ်တိုင်ရာရောက်လိုက်ဟောနေဆဲမဟုတ်ပါလား။

TV အစီအစဉ်ပေါင်းများစွာနှင့်လေ။ ။

**ရွှေကူမေနှင်း**

## လန်းထုံဝင့် ပန်းဂုဏ်တင့်အောင်



တင်အောင်(ကုန်းမြင့်)

အစဉ်အမြဲသာပေါ့
ရင်ထဲမှာ အငုံအဆင့်တွေနဲ့
ဂုဏ်တင့်စွာ ရနံ့ပေးပါလို့
ပန်းကလေးတွေ ပွင့်လာမယ်။

အပူအမောတွေနဲ့
ထူပြောကြွယ် လောကခရီးမှာ
သောကမီး တလောင်လောင်နဲ့
မပူအောင် ပယ်ခွာဖျောက်ချင်လို့
ပန်းကလေးတွေ မလာရောက်ပြီဘု
စိုးကြောက်နေတယ်။

မြေဆီမြေဆွေး
ရေကြည်ရေအေးနဲ့
ကျွေးမွေးကာ ကယုကယင်နဲ့
ပြုပြင်ကာ စောင့်ကြပ်ပေးပါလို့
နွေးထွေးစွာ ကြိုလို့ရယ်
လာခဲ့မယ် မဟုတ်လား။

ရင်တံခါးကိုလ
ဖွင့်ထားကာ မေတ္တာတရားတွေနဲ့
သစ္စာထားကာ ကြိုနေချင်ရဲ့
အပူအပင် မြူတစ်မျှင်မကျအောင်
လောဘဒေါသနဲ့
မောဟတွေ ဖယ်ခွာလို့
တကယ်ပါ ငြိမ်းချမ်းပေးချင်ရဲ့
စိမ်းလန်းအေးတဲ့ အရိပ်ကလေးတွေမှာ
စိတ်ဖွေးဖြူဖြူစင်နဲ့
ဇမ္ဗူတစ်ခွင် ပန်းဂုဏ်တင့်အောင်
မျှော်လင့်စောင့်စား။ ။



# မူလွန် မာလ်ဆောမ်တွင် စာပေဟောပြောခြင်း

✔ တင်လင်းဇော်

၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်း တွင်ဖြစ်ပါသည်။ မကွေးပညာရေး ကောလိပ်မှာ DTEd(19) (တက္ကသိုလ်ဝင်တန်းအောင် ဆရာဖြစ်သင်တန်း) တက်သွားပြီး ယခု မူလတန်းပြဖြစ်နေသော ဆရာသိန်းဇော်ဝင်း၊ ဂန့်ဂေါ မြို့နယ်က ဖုန်းဆက်ပါသည်။

သူ့ကျောင်းလေးရဲ့ ကျောင်းစာကြည့်တိုက်ဖွင့်ပွဲမှာ စာပေဟောပြောပွဲလုပ်ချင်ပါသည်။ ဆရာကြီးအားလျှင် လာရောက် ဟောပြောပေးပါတဲ့။ ဂန့်ဂေါ ဘက်ကိုမရောက်ဖူးသေးတာနှင့် ဟောပြောပွဲတော့လာချင်သည်၊ အဖော်ရှိလျှင် ပိုကောင်းမှာဆိုတော့ မကွေးပညာရေးကောလိပ်က ဆရာဦးမိုးကျော်သူလည်း စာအုပ်လှူရင်းလာမှာတဲ့။ ဒါဆို ဆရာမိုးနဲ့ဆက်သွယ်ကြည့် မယ်ဟု စကားပြန်လိုက်သည်။ ဆရာမိုးနှင့်ဆက်သွယ်မေးမြန်း ကြည့်တော့ ဆရာမိုးတို့ 'အလင်းသစ္စာ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းရေးအဖွဲ့' က စာအုပ်သွားလှူကြမည်။ ယခုတစ်ကြိမ်ပါဆိုလျှင် ၃၁ ကြိမ်ရှိပြီ။ ယခင်အလှူတွေတုန်းကတော့ ကားစီစဉ်ပြီး အဖွဲ့ကလိုက်နိုင်သူအချို့နှင့် သွားလှူကြသည်။





ကျွန်တော်လည်း ထိုအဖွဲ့မှာပါဝင်သူဖြစ်၍ သုံးကြိမ်လောက်လိုက်ပါခဲ့ဖူးသည်။ ယခုတစ်ပတ် မောင်သိန်းဇော်ဝင်းကျောင်းကိုတော့ ဆရာမိုးက တစ်ယောက်တည်းသွားရမည်။ ဂန့်ဂေါမဟုတ်။ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ မာလ်ဆောမ်ရွာသို့ သွားရမည်တဲ့။ ဘယ်လိုသွားမှာလဲ။ ဂန့်ဂေါကိုကျော်ပြီးမှ ချင်းပြည်နယ် ရောက်မည်။ ပိုပြီးရောက်ဖူးချင်သည်။ လိုက်မည်ဆိုတော့ မောင်သိန်းဇော်ဝင်းက "စာအုပ်လည်း အလှူခံတယ်၊ ဟောပြောပေးဖို့လည်း မေတ္တာရပ်ခံတယ်၊ အသွားအပြန်စရိတ်လည်း ကိုယ့်အစီအစဉ်နဲ့ ကိုယ်လာခဲ့ပါ"တဲ့။

ဘယ်လိုပဲဖြစ်စေ လိုက်မည်ဟုပြောလိုက်သည်။ မေးကြည့်လိုက်တော့ မကွေး–ဟားခါးက ကားခအသွား သုံးသောင်း၊ အပြန် သုံးသောင်းတဲ့။

သိန်းဇော်ဝင်းက ဖုန်းတွေ ခဏခဏဆက်သည်။ ဆရာမိုးတို့အဖွဲ့လှူသလို ဆရာကလည်း သီးသန့်လှူပါဦးဆိုသဖြင့် ပညာ့ခေတ်မဂ္ဂဇင်း၊ ကျွန်တော်ရေးသော စာအုပ်များအပါအဝင် စာအုပ် ၁၂ အုပ်လှူပါသည်။ သို့ဖြင့် ဆရာမိုးနှင့်အတူ ပစ်တိုင်းထောင်ကားလေးကိုစီး၍ ဟားခါးမြို့နယ်သို့ ထွက်ခဲ့ကြပါတော့သည်။ ဖေဖော်ဝါရီလ ၂၂ ရက် ညကားဖြစ်ပါသည်။ ဆောင်းရာသီဖြစ်သည့်အပြင် ချင်းပြည်နယ်သို့သွားမည်ဖြစ်သဖြင့် ရှိသမျှအနွေးထည်တွေယူသွားခဲ့ပါသည်။

၂၄ ရက် မနက်စောစောမှာ ဂန့်ဂေါသို့ရောက်ပါသည်။ ဟားခါးထွက်မည့်ကားက နေ့လယ် ၁ နာရီမှထွက်မှာဆိုသဖြင့် ဂန့်ဂေါမြို့ထဲလည်ပတ်ကြပါသည်။ နေ့လယ်ပိုင်းမှာ ဟားခါးသို့ဆက်ထွက်ပါသည်။ ညနေ ၄ နာရီလောက်တွင် ဟားခါးမြို့နယ်၊ သီနမ်းရွာထိပ်မှာ မောင်သိန်းဇော်ဝင်းနှင့် အဖော် ၃ ယောက် ဆိုင်ကယ်များဖြင့်လာကြိုနေကြပါသည်။ သီနမ်းမှ မာလ်ဆောမ်သို့ နေမဝင်ခင်ရောက်သွားပါသည်။ အတန်းကျောင်းလေးထဲရောက်သော် ကျေးရွာသူကျေးရွာသားများ၊ ကျောင်းသားလေးများက ကြိုဆိုနေကြပါသည်။ ယောကျ်ားသားနည်းပါသည်။ အဘိုးကြီးတွေနှင့် အမျိုးသမီးတွေသာတွေ့ရပါသည်။ ညစာစားပြီး ကျွန်တော်တို့နှစ်ယောက်ကို ကျေးရွာဧည့်ရိပ်သာ KUNG NAWN VILLA မှာ နေရာချပေးပါသည်။ ရွာလေးက အိမ်ခြေ ၄၀ ပင်မရှိတတ်သော်လည်း ဧည့်ရိပ်သာက အတော်ကောင်းပါသည်။ နိုင်ငံခြားဧည့်သည်တွေလာလျှင်လည်း သည်မှာပင်တည်းကြသည်တဲ့။ မီးက ဟိုဘက်တစ်ရွာအကျော်လောက်မှာရှိသော ရေအားလျှပ်စစ်မှ ၂၄ နာရီရသည်။ ဧည့်ရိပ်သာက အဆင့်မီသည်။ ရေချိုးခန်း၊ ဗိုလ်ထိုင်အိမ်သာစသည်ဖြင့် စုံလင်သည်။ ညအိပ်ကြတော့ ကျွန်တော်တို့လည်း ပါလာသည့်အနွေးထည်တွေ ထပ်ဝတ်သည့်

အပြင် မောင်သိန်းဇော်ဝင်းနှင့် ကျောင်းဆရာလေးတို့က စောင် ၇ ထပ်စီခြုံပေးထားရာ ချင်းပြည်နယ်မှာ ချွေးစို့လာအောင်ပင် နွေးခဲ့ပါသည်။

ဖေဖော်ဝါရီလ ၂၄ ရက်က စတုတ္ထတန်းနှင့် အဋ္ဌမတန်း စာမေးပွဲဖြေရက်ဖြစ်သည်။ စာပေဟောပြောပွဲကို ဘာဖြစ်လို့ စာမေးပွဲရက်မှာလုပ်တာလဲမေးတော့ "ဒီရက်မှ ဆရာ၊ ကျောင်းသား စုံမှာမို့ပါ၊ အခြားရွာနီးချုပ်စပ် ကျောင်းတွေက ဆရာ၊ ဆရာမတွေအားလုံးကို ဖိတ်ထားတယ်၊ ဟားခါးမြို့နယ် လက်ထောက်ပညာရေးမှူးလည်း ဖိတ်ထားတယ်၊ မနက်ဖြန်စာမေးပွဲဖြေပြီးချိန်မှာရောက်လာကြမယ်၊ ဆရာကြီးတို့က နေ့လယ်စာစားပြီး ဟောပေးကြပါ၊ ညနေ ၃ နာရီလောက်ပြီးရင် အဆင်ပြေပါတယ်"တဲ့။ သူပြင်ထားသည့် ဟောပြောပွဲအခန်းကိုလည်း ပြပါသည်။

နောက်တစ်နေ့ ၂၄ ရက်တွင် စာမေးပွဲဖြေပြီးချိန်၌ ကျွန်တော်တို့ ၂ ယောက် ဧည့်ရိပ်သာမှ ဟောပြောမည့်အခန်းသို့သွားကြပါသည်။ ဧည့်သည် ဆရာ၊ ဆရာမအချို့လည်းရောက်နေကြပါပြီ။ လက်ထောက်မြို့နယ်ပညာရေးမှူးလည်းပါပါသည်။ ထိုလက်ထောက်ပညာရေးမှူးအမည်မှာ ဦးသင်မန်းဟုခေါ်ပါသည်။ ထိုဦးသင်မန်းမှာ ၂၀၀၇ ခုနှစ်လောက်က မကွေးပညာရေးကောလိပ်မှာ အလယ်တန်းစာပေးစာယူသင်တန်း (နွေရာသီတစ်လခွဲ) လာတက်ဖူးသူဟု ပြောပါသည်။ ထိုနှစ်နွေကအလွန်ပူသဖြင့် တီးတိန်မှဆရာကြီးတစ်ယောက် သင်တန်းမှာကွယ်လွန်သွားသဖြင့် မှတ်မိနေပါသည်။ သူက "ကျွန်တော်က ဆရာတို့တပည့်ပါ" ဟု ပြောလာပါသည်။ မောင်သိန်းဇော်ဝင်းကိုလည်း ချီးကျူးပါသည်။ အိမ်ခြေ ၄၀ ခန့်ရှိသောရွာကလေးတွင် စာကြည့်တိုက်ဖြစ်အောင် အားစိုက်လုပ်နေတာကို သဘောကျကြောင်းပြောပါသည်။ လက်ထောက်ပညာရေးမှူးရော မူလတန်းပြဆရာလေးပါ မကွေးပညာရေးကောလိပ်ဆင်းတွေဖြစ်ကြပြီး ချင်းပြည်နယ်က ရွာလေးတစ်ရွာမှာ တာဝန်ထမ်းဆောင်နေကြတာကို ကျွန်တော်လည်း ဝမ်းသာပီတိဖြစ်ရပါသည်။

ဆရာဦးသင်မန်းက သူ့ကျောင်းက ဆရာ၊ ဆရာမတွေနှင့် မိတ်ဆက်ပေးပါသည်။ အ.လ.က (သီနမ်း)က ကျောင်းအုပ်ဆရာမကြီးက ဒေါ်ချယ်ရီ၊ အ.လ.က(ခွဲ) ဆန်တလန်၊ မူလွန် လမ်သုတ်၊ မူလွန် မာလ်ဆောမ်၊ မူလွန် ဟရောင်ဝင်းကျောင်း စသည်တို့မှ ဆရာ၊ ဆရာမများ ဖြစ်ကြပါသည်။ ဒေါ်ချယ်ရီကိုတော့ မြန်မာအမည်ဖြစ်၍မှတ်မိသော်လည်း လျှပ်တစ်ပြက်တွေ့ရချိန်မှာ သိကျွမ်းရသည့် ဆရာ၊ ဆရာမတို့ကို မမှတ်မိဖြစ်နေပါသည်။ မောင်သိန်းဇော်ဝင်း၏ ကျောင်းအုပ်ဆရာမကြီးအမည်ကတော့ ဒေါ်ဆိုင်မဲန်းဟုသိရပါသည်။

ဟောပြောပွဲမစမီ ဆရာဦးမိုးကျော်သူ(ကထိက၊ ပန်းချီအနုပညာဌာန၊ မကွေးပညာရေးကောလိပ်)က မကွေးမှထုပ်ပိုးယူလာခဲ့သော စာအုပ်မျိုးစုံ ၂၁၆ အုပ်ကို အလင်းသစ္စာအဖွဲ့ကိုယ်စား လှူပါသည်။ တန်ဖိုးမှာ ၃ သိန်း ၅ သောင်းဖိုးရှိပါသည်။ ကျွန်တော်က ကျွန်တော်ရေးသားထုတ်ဝေခဲ့သည့်စာအုပ်များနှင့် အခြားစာအုပ် ၁၂ အုပ်လှူပါသည်။ ဆရာဦးသင်မန်းက အဖွင့်အမှာစကားပြောပါသည်။ ချင်းပြည်နယ်က ကျေးလက်ကျောင်းမဆိုထားနှင့်၊ မြို့ပေါ်ကျောင်းများကိုပင် အခုလို စာအုပ်ရာချီပြီး ကျပ်သုံးသိန်းခွဲဖိုးထိလှူတာမရှိသေးကြောင်း၊ စာကြည့်တိုက်ဆိုင်ရာ၊ စာဖတ်ခြင်းဆိုင်ရာ စာပေဟောပြောပွဲကလည်း ချင်းပြည်နယ်မှာ ပထမဆုံးဖြစ်မည်ထင်ကြောင်း မြန်မာလိုပြောလိုက်၊ ချင်းလိုပြောလိုက်လုပ်ပါသည်။

ကျောင်းအုပ်စုမှူး ဆရာမကြီးဒေါ်ချယ်ရီ၊ မာလ်ဆောမ်ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆိုင်မဲန်း၊ ဆရာသိန်းဇော်ဝင်းတို့ကလည်း စကားပြောကြပါသည်။ ထို့နောက် ကျွန်တော်က 'စာဖတ်ကြပါ' ခေါင်းစဉ်ဖြင့် ဟောပြောပါသည်။ နားထောင်သူတွေက မြန်မာစကားကို ရေရေလည်လည်နားမလည်ကြသဖြင့် ဆရာဦးသင်မန်းက ဝင်ဝင်ပြီးရှင်းပြရပါသည်။ ကျွန်တော်က မာလ်ဆောမ်ကို ကျွန်တော်နားလည်သလို အဓိပ္ပာယ်ဖွင့်ပါသည်။ မာလ်သည် ပါဠိစကား မာလာနှင့်နီးစပ်

သည်။ မာလာကို မြန်မာလို ပန်းဟုအဓိပ္ပာယ်ရကြောင်း၊ မာလ်နောက်က ဆောမ်ကိုတော့ မြန်မာလို ဆောင်းဟု ခေါ်ချင်ကြောင်း၊ အနှစ်ချုပ်ပြောရလျှင် မာလ်ဆောမ်ကို 'ဆောင်းပန်း'ဟုခေါ်ချင်ကြောင်း၊ အခုချိန်ထိ ကျောင်းဝန်းကျင်တောင်တန်းလေးတွေပေါ်မှာ တောင်ဇလပ်ပန်းနီနီရဲရဲတွေ တွေ့နေရပါကြောင်း၊ တောင်ဇလပ်ပန်းကို သေသေချာချာကြည့်လိုက်တော့ ခေါင်းလောင်းပုံ အပွင့်ငယ်လေးတွေကို အညှာရင်းကစုစည်းထားသလိုတွေ့ရကြောင်း၊ အပွင့်တစ်ရာ အညှာတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ဆောင်းပန်း တောင်ဇလပ်နီနီလို စုစည်းအားတွေနှင့်တည်ဆောက်ထားတဲ့ကျောင်းလေး မာလ်



ဆောမ်ဖြစ်ကြောင်းပြောပါသည်။ ဆရာဦးသင်မန်းက ချင်းဘာသာသို့ပြန်ပေးပါသည်။

ဆရာမိုးကတော့ စာဖတ်ရန်အတွက် စာအုပ်လှူဒါန်းဖြစ်ပုံ၊ လူကြီးတွေကစာမဖတ်ကြတော့ လူငယ်တွေရှိတဲ့နေရာအထိလာပြီး စာအုပ်တွေလှူဒါန်းရခြင်းဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ရက်က မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ဒါန်းဒေါ်ရွာရှိ 'ဒဿနစောင်းတန်း'စာကြည့်တိုက်ကို စာအုပ် ၁၀၀၊ တန်ဖိုး ၁၃၅၅၀ ကျပ်လှူဒါန်းခြင်းမှ အစပြုခဲ့ကြောင်း၊ ယခု ချင်းပြည်နယ်၊ မာလ်ဆောမ်အထိဆိုလျှင် ၃၁ ကြိမ်လှူဒါန်းခြင်းဖြစ်ကြောင်း၊ စုစုပေါင်း ၅၉ သိန်းကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း ရှင်းပြပါသည်။ စာအုပ်စုစုပေါင်း ၅၄၈၉ အုပ်ရှိပြီဖြစ်ကြောင်း ရှင်းပြပါသည်။ အလိမ္မာ စာမှာရှိသဖြင့် စာဖတ်မှ လိမ္မာမှာဖြစ်ကြောင်း၊ ငယ်စဉ်ကစ၍ စာဖတ်ကြစေလိုကြောင်းတွေ ပြောပြသွားပါသည်။

စာအုပ်လှူဒါန်း၊ စာပေဟောပြောပွဲပြီးသောအခါ ပရိသတ်များကို ချင်းဆန်ပြုတ်ဖြင့်ဧည့်ခံပါသည်။ စားပွဲပေါ်တွင် ပန်းကန်ပြားများထဲ၌ ဆန်ပြုတ်ထည့်ပြီး ဇွန်းတပ်ပေးထားပါသည်။ ဆားဘူးတစ်ဘူးလည်း ချပေးထားသည်။ ကိုယ်ကြိုက်သလောက် ဆားဖြူးသောက်ရပါသည်။ ကျွန်တော်ကတော့ ဆာဆာရှိသဖြင့် တဝကြီးသောက်လိုက်ပါသည်။ နေ့လယ်စာ မစားတော့ပါ။ ထိုဆန်ပြုတ်သည် နေ့လယ်စာပင်ဖြစ်ပါသည်။ ရင်ပြည့်သွားသည်ထင်သည်။ ညစာလည်း မဆာတော့ပါ။ ကျွန်တော်တို့ မကွေးအပြန်ခရီး မဆက်မီ ဟားခါးသို့ညအိပ်သွားချင်သဖြင့် မောင်သိန်းဇော်ဝင်းနှင့် ဆရာတစ်ယောက်က ဆိုင်ကယ်တစ်စီးစီဖြင့် လိုက်ပို့ပါသည်။ လမ်းတွေက တောင်ကမ်းပါးယံတွေကို ကပ်ဖောက်ထားရသဖြင့် တစ်ဖက်က ချောက်ကြီး၊ တစ်ဖက်က တောင်တန်းကြီးဖြင့် အကွေ့အကောက်အလိမ် အဆင်းအတက်တွေဖြင့် အသည်းယားဖွယ်ကောင်းလှပါသည်။ ဟားခါးနှင့်မာလ်ဆောမ်က မိုင် ၃၀ ကျော်သာဝေးပါသည်။ ဟားခါးရောက်တော့ ည ၇ နာရီ။ အတော်အေးလာပါသည်။ ဆိုင်ကယ်ဖြင့်လာတော့ လေတိုးလို့လည်း ဖြစ်နိုင်ပါသည်။ ဟားခါးရှိ မြို့မပရိယတ္တိစာသင်တိုက်ဟူသော ဘုန်းတော်ကြီးကျောင်းတွင်လျှောက်ထားပြီး ကျွန်တော်တို့ ၄ ယောက် ညအိပ်ကြပါသည်။ ညပိုင်း မြို့ထဲလျှောက်သွားကြ

ပါသည်။ အိမ်တိုင်းက တံခါးတွေပိတ် တိတ်ဆိတ်နေပါပြီ။ ဟားခါးမြို့၏အလှက တောင်ကုန်းများပတ်ပတ်ရံလျက် ညမီးရောင်ပြိုးပြိုးပြက်ပြက်အောက်တွင် အလွန်ကြည်နူးဖွယ်ကောင်းပါသည်။ ပညာရေးကောလိပ်နေရာကိုတော့ သိန်းဇော်ဝင်းက ညွှန်ပြသဖြင့်သိခဲ့ပါသည်။ မသွားခဲ့နိုင်ပါ။ အခြားနေရာများသို့လည်း လည်ပတ်ချိန်မရခဲ့ပါ။

မနက်လင်းတော့ အပူချိန်ကိုကြည့်လိုက်ပါသည်။ ၇ ဒီဂရီစင်တီဂရိတ်ဟုတွေ့ရပါသည်။ အအေးလျော့လာတာဟုဆိုပါသည်။ ကျွန်တော်တို့ မကွေးမှာ အခုလို ဆောင်းရာသီမှာ ၃၇–၃၈ ဒီဂရီစင်တီဂရိတ်လောက်တော့ပူနေသေးသည်။ မနက်မှာ ဟားခါး–ဂန့်ဂေါကားကို စီးခဲ့ကြပါသည်။ မောင်သိန်းဇော်ဝင်းတို့ကို ဆိုင်ကယ်နှင့် ပြန်လွှတ်လိုက်ပြီး ကျွန်တော်တို့အထုပ်အပိုးများကိုယူကာ သီနမ်းရွာထိပ်ကစောင့်ဖို့မှာလိုက်ပါသည်။ ကျွန်တော်တို့ကား သီနမ်းရောက်တော့ စောင့်နေသူများကို အသင့်တွေ့ရသည်။ ကျွန်တော်တို့အတွက် ဒေသထွက် စားသောက်ဖွယ်တွေကို ပီနံအိတ်များဖြင့်ထည့်ထားပါသည်။ မောင်သိန်းဇော်ဝင်းကို မေးကြည့်တော့ ချင်းတက်တွေ၊ ချေသားခြောက်တွေ၊ ပိန်းဥတွေ၊ သစ်ခွပန်းပင်တွေဖြစ်ကြသည်။ ဆရာဦးသင်မန်းနှင့် ဆရာ၊ ဆရာမများက လက်ဖက်ရည်ဖိုးဆိုပြီး ငွေ ၃ သောင်း ကန်တော့လိုက်ကြပါသေးသည်။ သည်လိုပုံဖြင့် ကျွန်တော်နှင့် ဆရာမိုးတို့နှစ်ယောက်မှာ ဟားခါးမှ ဂန့်ဂေါ၊ ဂန့်ဂေါမှ မကွေးသို့ ပြန်ခဲ့ကြပါတော့သည်။

ချင်းဓလေ့အချို့ကို အမှတ်မထင်တွေ့ခဲ့ရပါသည်။ အများစုက ပညာရေးကိုအားမကျပါ။ လူငယ်အများစုက နိုင်ငံခြားသို့သွားရောက်ငွေရှာနေကြပါသည်။ ရွာတိုင်းလိုလို အမျိုးသားနည်းပါးစွာတွေ့ရပါသည်။ ဘာသာရေးတော့အတော်လုပ်ကြပါသည်။ မာလ်ဆောမ်ရွာကလေး၏အနောက်မြောက်ဘက်ကုန်းပေါ်တွင် အဆင့်မီမီဘုရားကျောင်းကိုတွေ့ပါသည်။ အနီးကရွာတွေကပါ ဘုရားကျောင်းသို့လာကြပါသည်။ ထိုဘုရားကျောင်း၏အရှေ့ဘက်၊ အတန်းကျောင်းလေးမြောက်ဘက်က တောင်ကုန်းပေါ်တွင်လည်း ဘုရားကျောင်းတစ်ဆောင်ရှိပါသည်။ ထိုကျောင်းကိုတော့ လူတစ်ဦးသာလာလေ့ရှိပါသည်။ ထိုနှစ်ကျောင်း၏မြောက်ဘက်ခပ်လှမ်းလှမ်းတွင် ဘုရားကျောင်းတစ်ခုရှိပါသေးသည်။ အိမ်ခြေ ၄၀ လောက်သာရှိသည့် ရွာလေးတွင် ဘုရားကျောင်း ၃ ခုရှိနေပါသည်။

နွား၊ ကျွဲ စသည် မတွေ့ခဲ့ပါ။ တောင်ယာစူးထိုးစိုက်ကြသည်။ ပိန်းဥတူးကြသည်။ အိမ်ဝိုင်းထဲတွင် သီးပင်စားပင်စိုက်ကြသည်။ သည်လောက်ပဲတွေ့ခဲ့ရသည်။ တိရစ္ဆာန်ဟူ၍ ခွေးသာတွေ့ခဲ့ရပါသည်။ ရွာနှင့်မတူ။ စည်းရိုးတွေ ဘာတွေမရှိ။ တောတောင်ထဲက မြို့ပြလေးလိုသာမြင်ခဲ့ရပါသည်။ သွားလာစရာရှိလျှင် ဆိုင်ကယ်နှင့်သွားကြသည်။ မောင်သိန်းဇော်ဝင်းကိုတော့ ချီးကျူးရပါမည်။ သူက အိမ်ထောင်သည်ပါ။ ဂန့်ဂေါဘက်ကဖြစ်သည်။ သို့သော် မြန်မာစာကိုချစ်မြတ်နိုးပြီး တိုင်းရင်းသားကလေးတွေကို တကယ်ချစ်မြတ်နိုးသဖြင့် မြို့ကျောင်းတိုင်းမှာပင်မရှိသည့် ကျောင်းစာကြည့်တိုက်ကလေးကို တစ်နိုင်ထူထောင်ထားပါသည်။ သူနှင့်ရင်းနှီးရာ ကျွန်တော်တို့မကွေးပညာရေးကောလိပ်က သူ့ဆရာတွေကိုအကူအညီတောင်းကာ သူ့စာကြည့်တိုက်ကလေးကို တတ်အားသမျှဖြင့်မွမ်းမံနေတာ အားရစရာပါ။ သူ့ကျောင်းအုပ်ဆရာမကြီးကတော့ ဒီကျောင်းရောက်တာ ၁၂ နှစ်ရှိပြီဆိုလား သိရပါသည်။ မုံရွာ–ကနီဘက်က ဆရာလေးတို့ဇနီးမောင်နှံကလည်း ဒီကျောင်းလေးမှာ နှစ်ယောက်စလုံးတာဝန်ကျကာ မောင်သိန်းဇော်ဝင်းနှင့် စိတ်တူကိုယ်တူလုပ်ဆောင်နေကြတာ တွေ့ခဲ့ရပါသည်။ ဆရာလေးမောင်သိန်းဇော်ဝင်းတို့လို စေတနာ၊ ဝါသနာထက်သန်ပြီး ဖွံ့လုံ့လရှိသော မူလတန်းပြဆရာ၊ အလယ်တန်းပြဆရာ၊ ဆရာမတွေ များစွာပေါ်ထွက်ပါစေကြောင်း ဆုတောင်းလိုက်ရပါသည်။ ။

**တင်လင်းဇော်**

ကျန်စစ်သားမင်းကြီး၏
အရိမဒ္ဒနပူရပုဂံနေပြည်တော်ကြီး
တိုးတက်ပွားများ
စည်ကားနေခဲ့ပြီဆိုသည့်
ဂုဏ်သတင်းသည်
တိုင်းပြည်အလုံး တိုက်နယ်ဒေသ
များသို့တိုင် ပျံ့နှံ့နေခဲ့လေပြီ။
တစ်တိုင်းတစ်ပြည်ထိတိုင်လည်း
ကောင်းသတင်းဂုဏ်ကြီးနေခဲ့ပေမည်။

# သီရိတြိဘုဝနာဒိတျဓမ္မရာဇာ
# ကျန်စစ်သားမင်းကြီး၏
# ရင်တွင်းစကားသံ

✔ ဒေါက်တာစိန်မြင့်

ကျောင်းဖြူဒေသ၊ ထီးလှိုင်ဒေသ၊ လယ်တွင်းဆယ့်တစ်ခရိုင်ဒေသတို့သည်လည်း ကျန်စစ်သားမင်းကြီး၏ အမာခံဒေသဖြစ်ခဲ့သဖြင့် ကျန်စစ်သားမင်းကြီး တည်ဆောက်နေသော အရိမဒ္ဒနပူရ၏ဂုဏ်သတင်းကျော်စောမှုအား ဂုဏ်ယူမဆုံးရှိနေချေမည်။ ကျန်စစ်သားမင်းသည် အနော်ရထာမင်းစော၏ ရာဇဒဏ်ထိရှမှုဖြစ်ခဲ့ရသဖြင့် တိမ်းရှောင်သွားလျက် ခိုအောင်းနေခဲ့ရသည့်ဒေသများတွင် မိမိဘဝအမှန်အားမပြဘဲ ငုပ်လျှိုးစွာဖြင့်နေထိုင်ရင်း အရိမဒ္ဒနပူရပုဂံပြည်၌ အုပ်ချုပ်မင်းလုပ်ရသည့်ကာလရောက်သည့်တိုင် ဖြတ်သန်းခဲ့ရသည့်ဘဝခရီးတစ်လျှောက်တွင် နှလုံးသားမှမေတ္တာတရားများပေါက်ဖွားလျက် ချစ်ခြင်းဖြင့်ရစ်ပတ်နှောင်ဖွဲ့ခဲ့ရသော အချစ်ဇာတ်လမ်းများလည်းရှိခဲ့ပေသည်။

အနော်ရထာမင်းစော၏မျက်မာန်ရှခြင်းကိုခံခဲ့ရသဖြင့် နန်းတော်တွင်းမှ အလွတ်ရုန်း ထွက်ပြေးလွတ်မြောက်ခဲ့လျက် ကျောင်းဖြူဒေသတွင် ခိုအောင်းနေရစဉ်က မထီး၏တူမဖြစ်သော သမ္ဘူလနှင့်ချစ်ကြိုက်ကာတစ်အိုးတစ်အိမ်ပြုနေခဲ့ပေသည်။ အနော်ရထာမင်းစောမရှိတော့သည့်နောက် မင်းစောလူးနန်းဆက်ခံသောအခါ ကျန်စစ်သားအား ပုဂံနန်းတော်သို့ ပြန်လည်ခေါ်ယူခြင်းခံရသဖြင့် ကျောင်းဖြူမှပြန်လည်ထွက်ခွာလာခဲ့ရာတွင် ကျန်စစ်သားသည် မိမိ





ဘဝအဖြစ်မှန်ကို မိမိ၏ဇနီးသည်အား လှစ်ပြခဲ့ပေမည်။ ထိုအချိန်က ကျန်စစ်သား၏ချစ်ရသောဇနီးသည် သမ္ဘုလတွင် ကိုယ်ဝန်သန္ဓေတည်နေပြီဖြစ်ပေသည်။

ထိုအဖြစ်ကို မှန်နန်းရာဇဝင်ရေးဆရာတို့က "ကျန်စစ်သားလည်း မထီးတူမ သမ္ဘုလဝမ်းတွင် ပဋိသန္ဓေရှိသည်ကို ဤသို့မှာခဲ့၏"ဟု ရေးပြထားခဲ့လေသည်။ တစ်ဆက်တည်းမှာပင် ကျန်စစ်သားသည် သူ့ချစ်ဇနီးအား မိမိ၏လက်စွပ်ကိုချွတ်လျက် အရေးအရာဖြစ်ပေါ်ခဲ့လျှင် အသုံးပြုနိုင်ရန် မှာကြားခဲ့ပြန်လေသည်။ ထိုအကြောင်းအား "သင့်တွင်ရှိသော ပဋိသန္ဓေဖွားမြင်သောအခါ မိန်းမဖွားလျှင် သည်လက်စွပ်ကိုရောင်းဝယ်၍ သုံးဆောင်မွေးကျွေးလေ၊ ယောကျ်ားဖွားလျှင် သည်လက်စွပ်နှင့်သားကိုယူ၍လာခဲ့"ဟု မှာကြားခဲ့ကြောင်း ရေးပြထားခဲ့လေသည်။ သားမွေးခဲ့လျှင် နန်းတော်သို့အတူလိုက်လာစေရန်ဖြစ်လေသည်။

ကျန်စစ်သား၏ လုံ့လဝီရိယ အမြော်အမြင်ရှိမှုများကြောင့် အရိမဒ္ဒနပူရပုဂံပြည်သည် တိုးတက်နေခဲ့လေပြီ။ ကျန်စစ်သားသည်လည်း သီရိတြိဘုဝနာဒိတျ ဓမ္မရာဇာဘွဲ့ခံယူပြီးခဲ့သည့်နောက်ပိုင်းတွင် ပိုမိုထင်ရှား ကျော်ကြားလာခဲ့ပေသည်။ ကျန်စစ်သားသည် ကျောင်းဖြူအရပ်မှ ထွက်လာခဲ့ပြီးနောက် ပုဂံနန်းတော်တွင် အမှုထမ်းနေစဉ် တိုင်းပြည်မငြိမ်မသက်ခြင်းနှင့် ငရမန်ကန်း၏ နန်းလုစစ်ဆင်ရေးကိုဖြေရှင်းရပြန်သည်။ မိမိ၏ဇနီးသည်အား သတိရကောင်းရနေမည်။ ထို့အတူ မိမိ၏သွေးသားလေးသည် ယောကျ်ားလေးလော၊ မိန်းကလေးလောဟု တွေးနေခဲ့ပေမည်။ သို့သော် နိုင်ငံတည်ဆောက်ရေးကိုသာရှေးရှုလုပ်ဆောင်နေချိန်ဖြစ်သဖြင့် ကျောင်းဖြူအရပ်သို့ ခြေဦးမလှည့်နိုင်အောင်ရှိခဲ့ပေမည်။ ထီးနန်းရရေးလှုပ်ရှားနေရပြီး အရေးတော်ပုံအောင်မြင်ခဲ့သည့်နောက်



အရိမဒ္ဒနပူရအား သိမ်းပိုက်အုပ်ချုပ်နိုင်ခဲ့ပေသည်။ အစဉ်အလာမှတ်သားထားခဲ့သော ဇာတာတော်ပုံ ရာဇဝင်ဖော်ပြချက်အရ သက္ကရာဇ် ၄၄၆ ခုတွင် ကျန်စစ်သားသည် မင်းအဖြစ် နန်းစံရသည့်နှစ်ဖြစ်လေသည်။ မင်းစောလူးသည် နန်းစံသက်ခုနစ်နှစ်ဖြစ်ကြောင်း ဖော်ပြခဲ့ပေသည်။ မှန်နန်းရာဇဝင်ဖော်ပြချက်တွင် ကျန်စစ်သားနန်းတက်သည့်ခုနှစ်သည် ၄၂၆ ခု ဖြစ်ပေသည်။ နန်းတက်သည့်နှစ်ဖော်ပြချက် ကွာဟမှုရှိနေပေသည်။ သုတေသနပြုရဦးမည့် အချက်အလက်တစ်ခုဖြစ်နေပေသည်။

ယခုဖော်ပြမည်ဖြစ်သော ကွဲလွဲချက်တစ်ချက်ကို တင်ပြရမည်ဆိုလျှင် ကျန်စစ်သားသည် ပုဂံပြည့်ရှင်မင်းကြီးအဖြစ် ထီးနန်းကိုရယူခဲ့ပြီးနောက် နန်းစံနှစ် ၂ နှစ်ရှိလာသောအခါ ကျောင်းဖြူသူ သမ္ဘူလသည် ခုနစ်နှစ်အရွယ်ရှိသားအား "မင်းအဖေမင်းကြီးထံတို့သားအမိသွားကြမည်၊ မင်းရဲ့အဖေသည် သာမန်လူမဟုတ်ပါ၊ ပုဂံပြည်ကြီးအား မင်းလုပ်အုပ်ချုပ်နေသည့် သီရိတြိဘုဝနာဒိတျဓမ္မရာဇာဖြစ်သည်"ဟု ဆိုရင်းဖြင့် သားအား နန်းတော်သို့ခေါ်ယူခဲ့လျက် ကျန်စစ်သားမင်းကြီးနှင့်တွေ့ဆုံပေးရန်ကြိုးစားခဲ့ပေသည်။ "မင်းအဖေက အမှာထားခဲ့သည်၊ သားကို ကောင်းစွာမွေးမြူလျက် ငါ့ဆီကိုအရောက်လာခဲ့ကြဟု အမှာရှိထားခဲ့ပြီ၊ သို့ကြောင့် ငါတို့သားအမိ မင်းအဖေရှိရာ ပုဂံပြည်နန်းတော်ကြီးဆီသို့ အရောက်သွားကြမည်"ဟုဆိုလျက် ပုဂံသို့ သားအမိနှစ်ယောက်လာခဲ့ကြလေသည်။ ဤအကြောင်းအရာအား မှန်နန်းရာဇဝင်ရေးဆရာတို့က သားငယ်လေး၏အသက်အရွယ်၊ ကျန်စစ်သား နန်းတက်ပြီးသည့်ခုနှစ်တို့ကိုဖော်ပြလျက် အဖြစ်အပျက်အကြောင်းစုံကိုလည်း အသေးစိတ်ရေးပြခဲ့ပေသည်။ "မထီးတူမ သမ္ဘူလလည်း ယောကျ်ားဖွားလျှင် သားနှင့်လက်စွပ်ကိုယူ၍လာလှည့်၊ မင်းကြီးမှာတော်မူရင်းရှိသောကြောင့် မင်းကြီး မင်းဖြစ်တော်မူ၍ နှစ်နှစ်ရှိသောအခါ ခုနစ်နှစ်အရွယ်ရှိသောသားကို လက်ကိုင်လာ၏၊ ပုဂါရာမသို့ရောက်လျှင် ထီးလှိုင်ရှင်မင်းကြီးဗိုလ်ရှုသဘင်ခံ၍နေတော်မူစဉ် နန်းတော်သို့မတက်ဝံ့သောကြောင့် နန်းရင်ပြင်က သားကိုလက်ကိုင်၍ တောင်သွားချေ၊ မြောက်သွားချေနေလေ၏၊ မင်းချင်းတို့လည်း "ဟယ်... မိန်းမ၊ ငါတို့သခင်မင်းကြီး ထွက်တော်မူလာမည်၊ သည်တွင်မနေနှင့်၊ ထွက်လေ"ဟူ၍ နှင်ကုန်၏၊ သမ္ဘူလလည်း "မင်းကိုလျှောက်ခန့်ရှိပါသည်၊ လျှောက်ပါရစေ" ဟူ၍ မထွက်ဘဲနေလေ၏"ဟု ရေးပြခဲ့သည်။ ကျန်စစ်သားမင်းကြီးနှင့်တွေ့ရအောင်လာခဲ့ခြင်းဖြစ်ပြီး တွေ့ရမှုဖြစ်မည်ဆိုသည်ကို ဖတ်လိုက်ရပေသည်။

ကျန်စစ်သား ထီးနန်းစိုးစံသည့်နောက် ၂ နှစ်အကြာမှ သားအမိ ၂ ဦး ပုဂံသို့ရောက်လာခဲ့ကြသည်ဟု ရေးပြခဲ့ကြသည်မှာ အချက်အလက်အားဖြင့်မှန်ပေသည်။ သို့သော် သားငယ်၏အရွယ်သည် ၇ နှစ်သားရှိနေခဲ့ပြီဟု မှန်နန်းရာဇဝင်ဆရာတို့ ရေးပြခဲ့ပေသည်။ ထိုသို့ သား၏အသက်အရွယ် ၇ နှစ်သည် ကျန်စစ်သားမင်းထီးနန်းရသည့်ခုနှစ်အရဆိုလျှင် အလွန်ပင်ကွာဟနေပြန်ပေသည်။ ကျန်စစ်သား ကျောင်းဖြူအရပ်မှ ထွက်လာစဉ်အခါက သားဖြစ်လာမည့်ကိုယ်ဝန်မှာ တစ်လသားအတွင်းသာဖြစ်နိုင်ပေမည်။ နန်းတော်သို့ ရောက်လာသောအရွယ်သည် ၇ နှစ်ဟု ရေးပြထားသည်မှာ ကျန်စစ်သားထီးနန်းရယူရန်ကြိုးစားခဲ့ရသည့် ကာလအချိန် အတိုင်းအတာနှင့်ဆိုလျှင် ကွာဟနေပြန်ပေသည်။ ကျန်စစ်သား ထီးနန်းရယူနိုင်ရေးကို လုပ်ဆောင်ရသည့်အချိန်ကာလသည် ၇ နှစ်ကျော်ပေသည်။ ဆယ်စုနှစ်တစ်ခုရှိခဲ့ပေသည်။ သို့ဖြင့် ကျန်စစ်သားထီးနန်းစိုးစံသည့်ခုနှစ်နှင့် သားဖြစ်သူဇေယျခေတ္တရာ အသက် ၇ နှစ်ဟု ဖော်ပြချက်သည်လည်း ကွာဟချက်တစ်ရပ်ဖြစ်နေပြန်ပေသည်။ ဤနေရာတွင် မှန်နန်းရာဇဝင်ရေးဆရာတို့၏ လွဲချော်ချက်တစ်ရပ်အား ပြန်လည်စစ်ဆေးကြရပေဦးမည်။

ကျန်စစ်သားမင်းကြီး၏ နိုင်ငံအတွက်ဆောင်ရွက်ချက်များသည် နန်းစံသက် ၂၇ နှစ်အတွင်းတွင် ထီးနန်းအသစ်တည်ဆောက်ခြင်း၊ ရွှေစည်းခုံစေတီ



တော်ကြီးအား ပြီးစီးအောင်တည်ဆောက်ခဲ့ခြင်းနှင့် ပြည်သူလူထုများအား ထောက်ပံ့စောင့်ရှောက်လျက် တရားသောမင်းကြီးအဖြစ် ရေးသားပြခဲ့လေသည်။ ကျန်စစ်သားမင်းကြီးသည် တိုင်းပြည်တည်ဆောက်ရာတွင် မေတ္တာတရားထားရှိကာ ညီတူညီမျှအုပ်ချုပ်ခဲ့လေသည်။ သူ၏စိတ်နှလုံးသည် ချစ်ခြင်းမေတ္တာတရားထားရှိရာတွင်လည်း နူးညံ့သည့်သဘော၊ ကျေးဇူးတရားကိုလည်း မမေ့တတ်သည်ကို ဖော်ပြရေးပြထားခဲ့လေသည်။ မင်းစောလူးသည် သူ့အား ပုဂံနန်းတော်သို့ ပြန်လည်ခေါ်ယူလျက် နေရာပေးအလေးထားခဲ့သည်ကို ပြန်လည်သိတတ်သည့်သဘောမျိုးကို ပြဆိုသည့်အနေဖြင့် အကျဉ်းကျခံနေရသော မင်းစောလူးအား ငရမန်ကန်းလက်တွင်းမှကယ်တင်ပြီး ပြန်လည်နန်းတင်ရေးဆောင်ရွက်သည်ကို ရေးပြထားခဲ့သေးသည်။

မေတ္တာနှလုံးသားဖြင့် ရှင်သန်ခဲ့သော ကျန်စစ်သားမင်းအဖြစ်သိစေရန်ကိုလည်း ရာဇဝင်ရေးဆရာတို့ဖော်ပြသည်မှာ ဘဝနိမ့်ပါးစဉ်အခါက တွေ့ဆုံချစ်ကြိုက်ခဲ့ကြသော ချစ်ဇနီးသည်များအား မပစ်ပယ်ခဲ့ဘဲ ငယ်ပေါင်းကြီးဖော်အဖြစ် နန်းစံမိဖုရားအရာပေးလျက် ထားရှိခဲ့ပေသည်။ ထို့ပြင်သူ ခင်တန်နှင့်ကျောင်းဖြူသူ သမ္ဘူလတို့အား မိဖုရားအရာပေးလျက် ထားရှိခဲ့ပေသည်။ သမ္ဘူလနှင့်ပြန်လည်တွေ့ဆုံပုံကို ရေးသားဖော်ပြရာတွင် ကျန်စစ်သားမင်းကြီးသည် မေတ္တာနှလုံးသားပိုင်ရှင်စစ်စစ်ဖြစ်ကြောင်းကို ရေးသားထားပေသည်။ သမ္ဘူလသည် သားလက်ကိုဆွဲလျက် ကျန်စစ်သားမင်းကြီးနှင့်တွေ့ရန် လာရောက်ခဲ့သည်ကို ဖော်ပြရာတွင် ကျန်စစ်သားမင်းကြီးကို တွေ့ခွင့်မပေးဘဲ နှင်လွှတ်နေခဲ့လေသည်။ အတင်းဝင်တွေ့ရန်ပြောဆိုလာခဲ့ရာ မှူးမတ်များက ကျန်စစ်သားမင်းကြီးထံသို့ အကျိုးအကြောင်းလျှောက်ထားလိုက်ရာ ကျန်စစ်သားမင်းကြီးလည်း မိမိနိမ့်ပါးစဉ်ဘဝတွင် တွေ့ခဲ့ရပြီး မိမိအား များစွာကူညီခဲ့ဖူးသော ကျေးဇူးရှင်ဇနီးသည်ဖြစ်ကြောင်း မိန့်တော်မူလိုက်ပြီး ဝင်ရောက်တွေ့ခွင့်ပေးခဲ့လေသည်။ ထိုအကြောင်းအရာအဖြစ်အပျက်အား မှန်နန်းရာဇဝင်ဆရာတို့က "မင်းချင်းတို့လည်း ထိုအကြောင်းကို မင်းကြီးအားလျှောက်လေ၏၊ ထိုးလှိုင်ရှင်မင်းကြီးလည်းခေါ်တော်မူ၍ သမ္ဘူလနှင့်သားတော်ကို မြင်လျှင် "ဤမိန်းမကျေးဇူးကား ငါ၌ကြီးစွ" ဟူ၍ မှူးတော်မတ်တော်တို့အလယ်တွင် မိန့်တော်မူပြီးလျှင် သားတော်ကိုခေါ်၍ ရင်ခွင်၌ထားတော်မူ၍ ဤသို့ မိန့်တော်မူ၏။ 'သားကားအရင်း၊ မြေးကားအဖျား' ဟူ၍ လူတို့ဝယ် ဆိုစကုန်သည်၊ ယခု ငါ့မြေးတော်ကို ဘိသိက်သွန်း၍ မင်းမြှောက်ခဲ့ပြီဖြစ်၍ 'မြေးကားအရင်း၊ သားကားအဖျားဖြစ်ပြီ' ဟူ၍ မိန့်တော်မူ၏။ ယင်းသို့ မထီးတူမ သမ္ဘူလကိုလည်း ဦးဆောက်ပန်းဟူသောအမည်နှင့် မိဖုရားမြှောက်တော်မူသည်။ သားတော်ကိုလည်း ဇေယျခေတ္တရာဟူသောအမည်နှင့် ဧညဝတီနှင့်တကွ တောင်စဉ်ခုနစ်ခရိုင်ကိုပေးတော်မူ၍ မင်းပြုရ၏"ဟု ဖော်ပြရေးသားထားခဲ့သည်ကို ဖတ်ရပေသည်။

မည်သို့ဆိုစေ ကျန်စစ်သားမင်းကြီး၏ရင်ထဲဝယ် အလာကောင်းပေမဲ့ အခါနှောင်းခဲ့လေပြီဟု မိမိ၏ သားတော်အတွက် ထုတ်ဖော်ပြော၍မရသောစကားများ ရင်ထဲ၌ပြည့်လျှံနေပေလိမ့်မည်။ ရာဇဝင်ဆရာတို့ ရေးသားပြသည့် မြေးကားအရင်း၊ သားကားအဖျားဖြစ်ပြီဟူသောစကားသည် မင်းကြီးကိုယ်တိုင်က မပြောခဲ့သော်လည်း ရာဇဝင်ရေးဆရာများက ကျန်စစ်သားမင်းကြီး၏နှလုံးသားချစ်ခြင်းကို ဖော်ပြလိုက်ခြင်းသာ ဖြစ်ပေသည်။ ။

**ဒေါက်တာစိန်မြင့်**



"ငှက်အိမ်ကလေးတွေရမယ်နော်၊ ငှက်အိမ်ကလေးတွေ" ဟူသည့်အသံသည် လမ်းမထက်ဆီမှတစ်ဆင့် ကျွန်တော့်အိမ်လေးအတွင်းသို့ရောက်ရှိလာသည်။ အသံလာရာဆီသို့ မျှော်ငေးကြည့်သည့်အခါ ငှက်အိမ်လေးများကို ထမ်းပိုးဖြင့်ချိတ်ထမ်း၍ လှည့်လည်ရောင်းချနေခြင်းဖြစ်သည်။ ငှက်အိမ်ကလေးတွေ။

ကျွန်တော်၏ဖခင်ဖြစ်သူက ပရိဘောဂလုပ်ငန်းလုပ်သူ လက်သမားဆရာ။ ကျွန်တော်ခပ်ငယ်ငယ်က အဖေနှင့်အတူ လက်သမားပညာကိုသင်ရင်းအလုပ်လုပ်ဖူးသည်။ ပရိဘောဂပစ္စည်းများ လုပ်ကိုင်ရာတွင် ဖြတ်တောက်ရာမှ အပိုအဖြစ်ထွက်လာသည့်ပျဉ်ပြားများကိုယူ၍ ငှက်အိမ်ကလေးများကိုလုပ်သည်။ ပြုလုပ်ပြီးသောငှက်အိမ်လေးကို အိမ်ရှေ့တွင်ချိတ်ထားလိုက်သည်။ အောက်ခြေတွင် ပျဉ်ပြားအရှည်လေးခံ၍ပြုလုပ်ထားသောကြောင့် ငှက်ကလေးတို့၏အစာအတွက် ဆန်စေ့များကိုတင်ကျွေးသည်။ ကိုယ်ပြုလုပ်ထားသည့် အိမ်ကလေးထဲမှာ စာကလေးငှက်ငယ်တို့ အသိုက်လုပ်ပြီးနေထိုင်ကြသည်ကိုမြင်တွေ့ရသည့်အခါ ကြည်နူးပီတိဖြစ်မိသည်။ မိုးရွာ၊ နေပူ၊ ချမ်းအေးသည့်သဘာဝ၏ဒဏ်ကို ကျေးငှက်တို့က သဘာဝအလျောက် တုံ့ပြန်နိုင်စွမ်းရှိပါလိမ့်မည်။ သို့သော် မိုးရွာနေသည့်အခိုက်၊ နေပူနေသည့်အခိုက်၊ ချမ်းအေးသည့်အခိုက်အတန့်တို့တွင် ငှက်ကလေးများကို အိမ်လေးအတွင်းမြင်တွေ့ရသည်မှာ မိမိပင်နွေးထွေးလုံခြုံနေသည်ဟု ခံစားမိသည်။ ငှက်ကလေးများအတွက် အိမ်လေးတစ်လုံးပြုလုပ်ပေးလိုက်ရသည်ကိုပင် စိတ်ချမ်းမြေ့ကြည်နူးလှပေသည်။

ငှက်ကလေးများ၏အိမ်။ ထို့နောက် ကျွန်တော့်အိမ်။ ကျွန်တော့်အိမ်ဆိုသော်လည်း ကျွန်တော်နေထိုင်ရာ မိဘအိမ်။ မိဘနှစ်ပါး၏အိမ်ဖြစ်ပါသည်။ ငယ်ဘဝကို ဖြတ်သန်းသည်။ ပညာသင်သည်။ လုပ်ငန်းခွင်ဝင်သည်။ ထိုအချိန်အထိ မိဘ၏နေအိမ်နှင့်မကင်းကွာသေးပေ။ အေးချမ်းခြင်း၊ ပျော်ရွှင်ခြင်း၊ နွေးထွေးခြင်းဓာတ်တို့ပေးစွမ်းရာ နေအိမ်လေးကို



မည်သူက စွန့်ချင်လေမည်နည်း။ သို့သော် အချိန်တန်သည့်အခါ ကိုယ့်အိုးကိုယ့်အိမ်ဟူသည့်စကားနှင့်အညီ အိုးအိမ်တစ်ခုကို တည်ထောင်ကြသည်။ သို့သော် ရုပ်ဝတ္ထုပိုင်းဖြစ်သည့် အိမ်လေးတစ်လုံးကို တည်ဆောက်နိုင်ခြင်းမရှိသေး။ ထို့အတွက်ကြောင့်လည်း မိဘအိမ်သည် ပြန်လည်ခိုလှုံရာဖြစ်ခဲ့ပြန်သည်။ ထိုအိမ်သည်ကား သားသမီးတို့စွန့်ခွာသွားသည်နှင့် တံခါးပိတ်လိုက်သည်မဟုတ်။ မည်သည့်အချိန်တွင်ဖြစ်စေ ဖွင့်ထားသည့် တံခါးတို့ရှိသည့် မေတ္တာအိမ်ပင်ဖြစ်သည်။

အချိန်တန် အတောင်စုံ၍ ပျံသန်းကြသည့်အခါ အိမ်ကလေးများကိုပိုင်ဆိုင်နိုင်ရန် ကိုယ်စီကိုယ်ငကြိုးစားကြရပြန်သည်။ မိဘ၏အသိုက်အမြုံမှတစ်ဆင့် ကိုယ်ပိုင်အသိုက်အမြုံလေးတစ်ခုဖြစ်ရန် ကြိုးစားရတော့သည်။ အိမ်လေးတစ်လုံးပိုင်ဆိုင်နိုင်သည့်ငွေကြေးရှိလာသည့်အခါ အိုးအိမ်တစ်ခုကိုတည်ဆောက်ကြသည်။ နေထိုင်ကြသည်။

ရသစာတမ်း

# ပိုင်ပြည့်အိမ်ကလေးများ

အိမ်ဆိုသည်နှင့် ရုပ်ဝတ္ထု ပစ္စည်းဖြင့် တည်ဆောက်ထားသည့် အဆောက်အအုံကို တွဲ၍မြင်မည်။ သို့သော် အိမ်ဆိုသည်မှာ ထိုရုပ်ဝတ္ထု ပစ္စည်းသက်သက်ဖြင့်သာ တည်တံ့ ခိုင်မြဲအောင် တည်ဆောက်ရသည် မဟုတ်ချေ။ သံယောဇဉ်တရား၊ မေတ္တာတရား၊ ချစ်ခြင်းတရားတို့ဖြင့် ယှက်နွယ်ဖွဲ့စည်းတည်ဆောက် အပ်သည့်အရာပင်ဖြစ်လေသည်။ သို့မှသာလျှင်လည်း အိမ်ကလေး သည် နွေးထွေးမည်၊ အေးချမ်းမည်၊ လုံခြုံမည်၊ ပျော်ရွှင်ကြပါလိမ့်မည်။ ရုပ်ဝတ္ထု၏ သက်တမ်းအရသော် လည်းကောင်း၊ သဘာဝ၏ဘေး ဒဏ်အရသော်လည်းကောင်း အိမ် ကလေး ပျက်စီးသွားနိုင်သော်လည်း နှလုံးသားတို့ဖြင့်တည်ဆောက်ထား သည့် အိမ်ကလေးသည် ထာဝရ မြဲမြဲနေပေမည်။

အိမ်ကလေးကိုတည်ဆောက် ကြသည့် အိမ်ပိုင်ရှင်ဟုခေါ်သည့် မိသားစုဝင်တစ်ဦးဦးသည် မေတ္တာ တရားသော်လည်းကောင်း၊ သစ္စာ တရားသော်လည်းကောင်း ပျက် ယွင်းကြသည့်အခါ အိမ်ကလေး သည် တိတ်ဆိတ်၍ ပျော်ရွှင်ချမ်းမြေ့ ခြင်းတို့ ဆိတ်သုဉ်းသွားတော့ သည်။

အိမ်ကလေးဆိုသည်နှင့် ကဗျာလေးတစ်ပုဒ်က အတွေးထဲ သို့ အလိုလိုရောက်ရှိလာပြန်သည်။ ဆရာဇော်ဂျီ၏ ကဗျာတစ်ပုဒ်ပင် ဖြစ်သည်။

**မင့်အိမ်**

မကောင်း မင့်အိမ်၊ ကောင်း မင့်အိမ်တည့်
မင့်အိမ်ရှဲစို၊ အမိုးယိုသော်
မငြိုသင့်ပါ၊ မင်းတက်ဖာပေါ့
အကာအခင်း၊ ပျက်ပြိုယွင်းသော်
မငြင်းစေချင်၊ မင်းဆက်ပြင်ပေါ့
အခွင်အနဲ့၊ အရွဲ့အစောင်း
မကောင်းမပြေ၊ ဟောင်းထွေထွေကို
အခြေနှင့်မျှ၊ ဉာဏ်ဖြင့်ဆ၍
လုံ့လသက်သွင်း သစ်စေမင်း။ ။

ဆရာဇော်ဂျီ၏ 'မင့်အိမ်' ကဗျာထဲက နောက်ဆုံးပိုဒ်လေးဖြစ်သည်။

မင့်အိမ်။ ကျွန်တော်တည်ဆောက်သည့်အိမ်လေးသည် ကျွန်တော် တစ်ဦးတစ်ယောက်တည်းပိုင်သည့် တစ်သီးပုဂ္ဂလအိမ်လေးပင်ဖြစ်သည်။ ထိုအိမ်လေးကိုလည်း ပျက်လျှင်ပြင်ရ၏။ ဟောင်းလျှင် လဲလှယ်ရ၏။ ဤသို့ ဖြင့် နှစ်ကာလကြာရှည်စွာနေထိုင်နိုင်ရန် ပြုပြင်ရသည်သာဖြစ်သည်။

အိမ်ဆိုသည့်စကားလုံးမှာ အများဆိုင်နာမ်ဖြစ်သည်။ လူတိုင်း အသုံးပြုနိုင်သည့်စကားလုံးဖြစ်သည်။ ထို့အတူ လူတိုင်းနှင့်ဆိုင်သည့် အိမ်လေးတစ်လုံးလည်းရှိနေပါသေးသည်။ ဤအိမ်လေးမှာ အခြားမဟုတ် ပါ။ ကျွန်တော်တို့ချစ်သော အမိမြေ၊ ချစ်သောမြန်မာပြည်သာဖြစ်၏။

အိမ်လေးနှင့်ဝေးနေသူအချို့ရှိသည်။ သူတို့သည်လည်း ကိုယ်ပိုင် အိမ်လေးများပိုင်ဆိုင်နိုင်ရန်အတွက် အများနှင့်ဆိုင်သည့်အိမ်လေးကို စွန့်၍ခွာ၍ ရှာဖွေနေကြရသူများဖြစ်သည်။ သူတို့သည် အိမ်လေးကိုလွမ်း မည်။ မိမိအိမ်ဖြစ်မည်။ အမိမြန်ပြည်အိမ်ဖြစ်မည်။ ထိုအမိမြန်ပြည် အိမ်ကြီးသည်လည်း ကိုယ်ပိုင်အိမ်နည်းတူ ပျက်ယွင်းမှုတို့ရှိနေသည်။ ခြစားမှုတို့ရှိနေသည်။ လေဒဏ်မိုးဒဏ်ကြောင့် မိုးယို၊ လေဝင်၊ အခင်းတို့ လည်း ပျက်ကောင်းပျက်နေပါသည်။ သို့သော် ဆရာဇော်ဂျီ၏ကဗျာလေး လို ဤသည်မှာ မင့်အိမ်ဖြစ်ပါသည်။ မင့်အိမ်၏ယိုယွင်းမှုကိုပြင်ဆင်ရန် အတွက်လည်း မင့်ဟုဆိုသည့် မိမိတို့တွင်လည်းတာဝန်ရှိနေပါသည်။ လျစ်လျူရှု၍မရပါ။ စိတ်ပျက်နေ၍မရပါ။ ကြာရှည်လျှင် ပျက်စီးခြင်း မှတစ်ဆင့် ပျောက်ဆုံးသွားပါလိမ့်မည်။

မိမိအိမ်၊ မိမိနိုင်ငံကိုခွာ၍ တစ်နယ်တစ်ကျေးတွင် သွားရောက် အလုပ်လုပ်ကိုင်နေသည့် လူငယ်လူရွယ်ပေါင်းများစွာရှိသည်။ သူတို့သည် လည်း အိမ်လေးကိုလွမ်းပါလိမ့်မည်။ အိမ်လေးတည်ဆောက်နိုင်ရန်အတွက် ကြိုးစားကြရင်းဖြင့် အိမ်လေးနှင့်ခွဲခွာနေကြရသည်။ ကွဲကွာနေကြရသည်။

သူတို့သည် တစ်ချိန်တွင် ပျော်ရွှင်ချမ်းမြေ့စရာကောင်းသည့် အိမ်လေးတစ်လုံးကို ပိုင်ဆိုင်ကြပါလိမ့်မည်။ အိပ်မက်အိမ်လေးတို့ကို အကောင်အထည်ဖော်ကြပါလိမ့်မည်။ သူတို့အတွက် အိမ်သည် မျှော်စရာရှိနေပါသည်။

မိမိသည်ပင်လျှင် အိမ်ကလေးနှင့် ကင်းကွာနေသည်။ သင့်လျော်ရာအရပ်တွင် စီးပွားရှာရင်းဖြင့် မိမိကိုယ်ပိုင်မိသားစုတည်ရှိရာ မိသားစုအိမ်လေးနှင့်ခွဲနေရသည်။ တစ်လလျှင် တစ်ခေါက်လောက်သာ ပြန်နိုင်သည်။ ပြန်ဖြစ်လျှင်လည်း အိမ်ကလေးတွင် တစ်ရက်၊ နှစ်ရက်သာ နေနိုင်သည်။ အိမ်ကလေးနှင့်နေချိန်သည် နည်းပါးလှသည်။ အိမ်ကလေးမပိုင်ဆိုင်ရခင်က ပိုင်ဆိုင်နိုင်အောင်ကြိုးစားရသည်။ ပိုင်ဆိုင်ရသော်လည်း ဝေးကွာနေရပြန်သည်။ ဤသို့သောအကြောင်းအခြင်းအရာတို့သည် မိမိတစ်ဦးတည်းတွင်ဖြစ်နေသည့်အရာလော။ မဟုတ်ပါ။ များစွာသောအချို့သူတို့လည်းရှိနေပါသည်။

အချို့သောသူများက အိမ်လေးတစ်လုံးအတွက် ကြိုးစားရင်း အိမ်လေးတို့နှင့်ဝေးကွာနေကြသော်လည်း အချို့ကား အိုးပိုင်အိမ်ပိုင်ရှိလျက်နှင့်ပင် ထိုအိုးအိမ်တို့ကို စွန့်ထားခဲ့ကြရပြန်ပါသည်။

မတတ်သာ၍ အိမ်ကလေးတို့ကို စွန့်ခဲ့ကြရသော်လည်း မည်သည့်အခြေအနေတွင်ဖြစ်စေ ကိုယ့်အိမ်ကိုယ့်ရာကိုတော့ ပြန်ချင်သည်။ နေချင်သည်။ မိမိအိမ်လေးတည်ရှိရာအရပ်ဒေသသည် ရေ၊ မီး အစရှိသည့် သဘာဝဘေးဒဏ်ကို အကြိမ်ကြိမ်အလီလီ ခံစားရနိုင်သော်လည်း အကြိမ်ကြိမ်ပြန်လည်ထူထောင်နိုင်ကြသည်။ သို့သော်လည်း လူတို့၏ဒဏ်ကြောင့်မူ အိမ်ကလေးကို အပြီးတိုင်သိမ်းယူခံလိုက်ရခြင်းလည်းရှိသည်။ ပြန်လာ၍မတတ်သာတော့အောင်စွန့်ခဲ့ကြရသည်လည်းရှိသည်။ သဘာဝဘေးဒဏ်တို့လည်း ကင်းလွတ်စေချင်ပါသည်။ လူတို့၏အတ္တအကျိုးစီးပွားဖြင့် သိမ်းယူခံလိုက်ရခြင်းမှလည်း ကင်းဝေးစေချင်ပါသည်။ စစ်၏ဘေးဒဏ်တို့မှလည်းလွတ်မြောက်စေချင်ပါသည်။ အိမ်ကလေးသို့ အေးချမ်းစွာပြန်လည်ရောက်ရှိစေလိုပါသည်။

မွေးဖွားရာအရပ်ကိုချစ်ကြသည်။ ခေါင်းချရာအရပ်သည်လည်း မိမိအိမ်တွင်သာဖြစ်လိုကြသည်။ မိမိဇာတိတွင်သာဖြစ်လိုကြသည်။ ငါးပိရည်နံ့သင်းသင်းလေးကို လွမ်းမည်။ ရွှေတိဂုံစေတီ၊ ကျိုက်ထီးရိုးစေတီတော်တို့၏ ပုံတော်တို့ကိုမြင်သည်နှင့် လွမ်းမည်။ ကိုယ့်ပြည်ကိုယ့်ရွာအတွက်လည်း တစ်တပ်တစ်အားပြုလုပ်ပေးချင်ကြပါလိမ့်မည်။ ကိုယ့်အိမ်လေး၏ အမိုး၊ အကာ၊ အခင်းသာမက ခြံဝင်းလေးထဲအထိ လှပစိမ်းစိုနေအောင်ဆင်ယင်ချင်မည်၊ ဖြည့်ဆည်းချင်ပါလိမ့်မည်။ အိမ်ကလေးကို လွမ်းခွင့်ရှိနေသော်လည်း အိမ်လေးအတွင်းတွင် ပျော်ရွှင်စွာနေထိုင်ခွင့်၊ လွတ်လပ်ခွင့် အစရှိသည့်အရာတို့နှင့် အေးချမ်း၊ ငြိမ်းချမ်းသည့်အနေအထားတို့လည်းလိုအပ်နေပါသည်။ တူညီသောအကြောင်းအရာတို့ဖြင့် ကောင်းမွန်သောအကျိုးတို့ကို ဆောင်ရွက်မှသာလျှင်လည်း အိမ်လေးသည် ပြည့်စုံခိုင်မြဲမည်ဖြစ်သလို မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားတို့နှင့် ပြည့်စုံနေသည့်အိမ်လေးဖြစ်ပါလိမ့်မည်။ အတူတူကြိုးစားတည်ဆောက်ကြရပါမည်။

"အိမ်ရောက်တာမကြာသေးဘူး၊ ရန်ကုန်ကိုပြန်ချင်နေပြီလား"

အမျိုးသမီးဖြစ်သူ၏အသံကြားမှသာ လွင့်မျောနေသောအတွေးတို့ရပ်သွားရသည်။ ပိတ်ရက်ဖြစ်သဖြင့် နယ်မှာရှိသည့် အိမ်လေးသို့ရောက်ရှိနေခြင်းဖြစ်သည်။ လမ်းမထက်ဆီသို့ပြန်ကြည့်မိသည်။

ငှက်အိမ်လေးများရောင်းသည့်ဈေးသည်သည် တစ်ရပ်ကွက်ဝင်၊ တစ်ရပ်ကွက်ထွက် ဆက်လက်ရောင်းချနေသည်လော၊ အရောင်းအဝယ်မကောင်း၍ အိမ်သို့ပင်ပြန်သွားပြီလော ကျွန်တော်မသိ။ သေချာသည်ကညနေတွင်တော့ သူ အိမ်ပြန်ရမည်။ သူ့အိမ်လေးတွင် သူရောင်းချသည့် ငှက်အိမ်လေးများနည်းတူ ငှက်ကလေးတို့အတွက် အိမ်လေးရှိပါသည်လော။ အိမ်လေးတို့ကိုရောင်းချသည့် သူ့တွင်ပင်လျှင် အိမ်ပိုင်ဖြစ်သည့်အိမ်လေးရှိပါ၏လော။ အိမ်ကလေးတွေရှိစေချင်ပါသည်။ နွေးထွေးစေချင်ပါသည်။ လုံခြုံအေးချမ်းစေချင်လှပါဘိတော့သည်။ ။

**ပိုင်ပြည့်**



# ရွှေလရယ်သာ
## အင်းလယ်မှာပွင့်တဲ့ပန်း

✔ ဒေါက်တာအောင်မြင့်ဦး

ကောင်းကင်မှာ လမင်းကြီးက ထိန်ထိန်သာလို့နေပါတယ်။ တိမ်တိုက် ကင်းစင်ပြီး တိမ်လွှာပါးပါးကလေးတွေကသာ ရောင်စုံဇာပဝါကလေးတွေလို လမင်းကြီးကို လွှမ်းခြုံလိုက်၊ ပြန်လှပ်လိုက်နဲ့ လမင်းအပါးမှာ ဆော့ကစားလို့နေပါတယ်။ ပြည့်ဝန်းနေတဲ့ လမင်းကြီးရဲ့အရောင်အဝါတွေဟာ ရေပြင်ကျယ်ပေါ်မှာ ဖြာဆင်းလို့နေပါတယ်။ ဖွေးဖွေးလှုပ်နေတဲ့ကန်ရေပြင်ဟာ လမင်းကြီးရဲ့ အရောင်အဝါတွေကြောင့် ငွေရောင် တလက်လက်တောက်ပနေပါတယ်။ ကန်ရေပြင်ပေါ်မှာ ဟိုတစ်စုသည်တစ်စု ဖူးပွင့်နေကြတဲ့ ကြာပန်းကလေးတွေက ကန်ရေပြင်နဲ့ပနံရလှပါတယ်။ ကန်ရေပြင်ရဲ့အဝေးကို လှမ်းမျှော်ကြည့် လိုက်မယ်ဆိုရင် မှိုင်းညို့ညို့တောင်တန်းတွေက ကန်ရဲ့တစ်ဖက်တစ်ချက်စီမှာ ဆီးကာလို့ နေလေတယ်။ ဒီလိုအင်မတန်သာယာ လှပပြီး လွှမ်းမောဖွယ်ကောင်းလှတဲ့ ကန်ရေပြင်ကျယ်ကတော့



ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်ထဲက အင်းလေးကန်သာပဲဖြစ်ပါတယ်။

ဒီလိုသာယာလှပတဲ့လပြည့်ည အင်းလေးကန် ရေပြင်မှာ ဆီမီးခွက်တလက်လက်နဲ့ လှေငယ်ကလေးတွေ ဟိုတစ်စုသည်တစ်စု စုဖွဲ့လှုပ်ရှားနေကြတာကို လှမ်းမြင်နေရပါတယ်။ အခြားလှေငယ်ကလေးတွေကလည်း အဲဒီလှေအုပ်စုတွေဆီ ဦးတည်သွားနေကြပါတယ်။ တိတ်ဆိတ်နေတဲ့ည ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်ဟာ မကြာခင်မှာပဲ ကြည်လင်ချိုမြတဲ့ အမျိုးသား၊ အမျိုးသမီး အသံတွေနဲ့ တေးသီချင်းသံတွေ အင်းလေးကန်သာရဲ့ အလယ်က လွင့်ပျံ့လို့လာပါတော့တယ်။

**အင်းလယ်က ရွှေကြာပန်း**

မောင် ။ ။ သည်မောင်ကို ရမလားလို့
တစ်ညများ တစ်ခါနှစ်ခါ
လိမ်းတဲ့နံ့သာ။
မောင်မလာ၊ နံ့သာတဲ့အရှုံး။
ပါးပေါ်မှာ နံ့သာစက်ကိုလ
(မကြီးရယ်) ညည်းရှက်ပါအုံး။

မယ် ။ ။ သည်မယ်ကို ရမလားလို့
အကျီများ တစ်ထေနှစ်ထေ
လဲလှယ်လို့နေ။
လဲလို့သာနေ၊ မယ်ကိုလေရဘဲ။
ရွှေအင်းတိမ် ကန်တော်ပွဲမှာ
(မောင်ကြီးရယ်) ကြွေးတွေကဝဲ။

မောင် ။ ။ အင်းလယ်မှာ ရွှေကြာပန်း
ကြာပန်းလေး နှစ်ပွင့်ဆိုင်
ခူးမယ်လို့ကိုင်။
ခူးမယ်ကိုင်၊ မပိုင်တဲ့မောင်က။
အင်းလယ်မှာ ရွှေကြာပန်း
(မကြီးရယ်) လှမ်းလို့မရ။

မယ် ။ ။ ပန်ပါတဲ့ ပန်ပါ။
အရှေ့လေ တောင်ပေါ်ထိပ်
ပန်းရွှေလိပ်ပြာ။
ပန်ကြပါ၊ ရှာသူမို့ရပ်သား။
ပန်းလိပ်ပြာ သည်တောင်ကုန်းမှာ
(မောင်ကြီးရယ်) ဘုန်းစိုက်လို့ထား။

သည်တေးသီချင်းဟာ ရှေးခေတ် အင်းသူ အင်းသား ကျေးလက်မောင်မယ်တွေ သူနိုင်ကိုယ်နိုင် တေးဆိုယှဉ်ပြိုင်ကြတဲ့ တိုက်တေးကဗျာတစ်ပုဒ်ပါပဲ။

တိုက်တေးဆိုတာကတော့ အင်းသူမိန်းမပျိုနဲ့ အင်းသားယောကျ်ားပျိုတို့ မျက်နှာချင်းဆိုင်ပြီး သူနိုင်ကိုယ်နိုင် တေးစပ်ဆိုယှဉ်ပြိုင်ကြတဲ့ တေးတိုက်ပွဲဖြစ်ပါတယ်။ ဒီတေးတိုက်ပွဲမှာ ဉာဏ်ထက်တဲ့ မိန်းမပျို၊ ယောကျ်ားပျိုတွေ လက်တန်းစပ်ဆို၊ သီဆိုကြတာဖြစ်ပါတယ်။

အထက်မှာဖော်ပြခဲ့တဲ့ 'အင်းလယ်ကရွှေကြာပန်း' တိုက်တေးမှာ အင်းသားမောင်က စတင်စိန်ခေါ်လိုက်တာဖြစ်ပါတယ်။ 'ဒီမောင်ကိုများ ရမလားဆိုပြီး



မယ့်မှာ နံ့သာသနပ်ခါးတွေ တစ်ညကို တစ်ခါနှစ်ခါလိမ်း လိုက်ရတာ၊ ဒီမောင်ကတော့ ပေါ်တောင်မလာပါဘူး၊ လိမ်းထားတဲ့နံ့သာပဲအရှုံးပေါ်လို့ မကြီးရယ် ပါးပေါ်က နံ့သာကိုရှက်လိုက်ပါအုံး'ဆိုပြီး မိန်းကလေးကို စိန်ခေါ် စပ်ဆိုလိုက်ပါတယ်။

ဒီအခါမှာ မယ်ကလေးကလည်း ခွန်းတုံ့မခံ 'ဒီမယ်ကိုရမလားဆိုပြီး အင်္ကျီတွေ တစ်ထည်ပြီးတစ်ထည် လဲလိုက်ရတာ၊ ဘယ်လောက်ပဲအင်္ကျီလဲလဲ မယ့်ကိုတော့ ရမှာမဟုတ်ပါဘူး၊ ရွှေအင်းတိမ်ဘုရားပွဲမှာဝတ်ဖို့ဆိုပြီး အင်္ကျီတွေဝယ်လိုက်တာ အကြွေးတွေနဲ့ပဲ တဝဲလည်လည် ဖြစ်တော့မှာပါ'လို့ တုံ့ပြန်သီဆိုလိုက်ပါတယ်။ ဒီအပိုဒ်မှာ အင်းသူမယ်လေးဖွဲ့ဆိုခဲ့တဲ့ 'ရွှေအင်းတိမ်'ဆိုတာ ရှေးက အင်းလေးဒေသရဲ့ အထင်ကရနေရာတစ်ခုဖြစ်ပါတယ်။ ၁၇ ရာစုကျော်လောက်ကတည်ထားတယ်လို့ယူဆရတဲ့ ရွှေအင်းတိမ်ဘုရားဟာ နာမည်ကြီးအင်းလေးကန်ကနေ ၈ ကီလိုမီတာဝေးပါတယ်။ မိုးရာသီဆို လှေနဲ့သွားလို့ အဆင်ပြေပြီး ကားလမ်းလည်းပေါက်ပါတယ်။ ရွှေအင်းတိမ်ဘုရားဟာ နာမည်ကျော်ကက္ကူဘုရားလိုပဲ ရှေးဘုရားအဆူပေါင်း ၁၀၅၄ ဆူ ရှိခဲ့တယ်လို့သိရပါတယ်။ အချို့ဘုရားတွေကို ရှေးဟောင်းလက်ရာမပျက် တွေ့နိုင်ပါသေးတယ်လို့ ဆိုပါတယ်။ ရှေးကတော့ တကယ့်ကို ကျော်ကြားတဲ့နေရာဖြစ်ခဲ့မှာပါ။ အခုအချိန်မှာတော့ လူသိနည်းသေးပြီး ဧည့်သည်အရောက်အပေါက်သိပ်မရှိ သေးပါဘူး။

မယ်ကလေးက ဒီလိုဆိုပြီးတဲ့နောက်မှာတော့ မောင်ကြီးက လေသံပြောင်းသွားပါတယ်။ 'အင်းအလယ်မှာ ကြာပန်းကလေးနှစ်ပွင့်ဆိုင်ပြီး အပြိုင်ပွင့်နေပါတယ်၊ ဒီကြာပန်းကလေးကိုခူးဆွတ်ချင်ပေမဲ့ မောင့်မှာ ခူးဆွတ်ပိုင်ခွင့်မရှိပါဘူး၊ အင်းလယ်ကရွှေကြာပန်းကို မောင်ကြီး ခူးဆွတ်လို့မရနိုင်ပါဘူး'လို့ သူ့ရဲ့မေတ္တာရေးရာကို ကြာပန်းကလေးနဲ့သွယ်ဝိုက်တင်စားဖွင့်ဟပြီး သူ့ရဲ့ အခြေအနေအခက်အခဲကို သနားကရုဏာသက်လာ အောင် ဖွင့်ဟလိုက်ပါတယ်။

ဒီတော့လည်း မယ်ကလေးက သနားကရုဏာ သက်ပြီး 'မယ့်မေတ္တာကိုပန်ဆင်လိုရင် ပန်ဆင်နိုင်ပါတယ်၊ တစ်ရပ်တည်း၊ တစ်ရွာတည်းသားချင်းမို့ မေတ္တာပန်း ပန်ဆင်နိုင်ဖို့ စိုက်ပျိုးထားပါတယ်' လို့ နှစ်သိမ့်ပြောဆိုလိုက်ပါတယ်။

တိုက်တေးကဗျာတွေကို တြိချိုး၊ ဒါမှမဟုတ် လေးချိုးပုံစံနဲ့ရေးဖွဲ့ကြတာဖြစ်ပါတယ်။ တိုက်တေးတွေဟာ အပိုဒ်အကန့်အသတ်နဲ့သီဆိုတာမျိုးမဟုတ်ပါဘူး။ သူနိုင်ကိုယ်နိုင်အပြိုင်ဆိုကြတာမို့ တစ်ဖက်ဘက်က ဆက်မဆိုနိုင်တော့မှသာ ပြီးဆုံးတာဖြစ်ပါတယ်။ တေးတိုက်ပွဲ တစ်ကြိမ်သီဆိုတဲ့အခါမှာ ပိုဒ်ရေများစွာရှိနေတတ်ပါတယ်။ အထက်မှာဖော်ပြခဲ့တဲ့ 'အင်းလယ်ကရွှေကြာပန်း' ကဗျာဟာ သီးခြားစပ်ဆိုထားတဲ့တိုက်တေးတစ်ပုဒ် မဟုတ်ပါဘူး။ တိုက်တေးတွေအများကြီးကိုစုဆောင်း ဖော်ပြထားတဲ့ ဆရာမောင်တင်မြိုင်(အင်းလေး)ရဲ့ 'အင်းလေးတိုက်တေး'စာအုပ်ထဲက လေးပိုဒ်ကို ကောက်နုတ်ဆက်စပ် ဖော်ပြထားတာဖြစ်ပါတယ်။ ဆရာမောင်တင်မြိုင်ရဲ့စာအုပ်ထဲမှာတော့ အပေါ်နှစ်ပိုဒ်က သက်သက်၊ အောက်နှစ်ပိုဒ်က သက်သက်ဖြစ်ပါတယ်။

ဒီတေးတိုက်ပွဲရဲ့မူလအစကတော့ အင်းသူအင်းသား မောင်မယ်တွေ လူငယ်ဘဝ ချစ်ရေးချစ်ရာကို တစ်ယောက်နဲ့တစ်ယောက် ဖွင့်ဟပြောဆိုခဲ့ရာကစခဲ့တာ ဖြစ်ပါတယ်။ ချစ်ရေးချစ်ရာကိုပြောဆိုရာမှာ သာမန်ရိုးရိုး ပြောဆိုတာမျိုးမဟုတ်ဘဲ တေးတိုက်ပွဲ ခေါ် တိုက်တေး ကဗျာရွတ်ဆိုရင်ဖွင့်ရင်း အချင်းချင်း တစ်ဦးရဲ့အတွင်း သဘောကို တစ်ဦးသိလာအောင် ထုတ်ဖော်ခဲ့ကြတာ ဖြစ်ပါတယ်။

အင်းလေးဒေသမှာ တိုက်တေးသီဆိုတဲ့အလေ့နဲ့ ပတ်သက်ပြီး ဒါရိုက်တာမြင့်မောင်က အင်းလေးစာအုပ်မှာ 'ရှေးက အင်းဒေသနေ အင်းသားလူပျိုရွယ်တစ်ယောက်သည် သူမျက်စိကျ ချစ်ခင်စုံမက်နေသော အင်းသူပျိုဖြူတစ်ဦးဦးကို မျက်နှာချင်းဆိုင်၊ အပြုံးချင်းဖလှယ်ရင်း နှလုံးသားချင်းလည်း မမုန်းကြစတမ်း စကားသက်သေ

ထူလိုလျှင် တေးတိုက်ပွဲဟုခေါ်သော 'တိုက်တေး' ကဗျာရွတ်ဆိုပွဲတွင် ရင်ဖွင့်ပြောဆိုတတ်ကြသည်။

ထို့အတူပင် အင်းဒေသနေ အင်းသူအပျိုအရွယ်တစ်ဦးကလည်း သူ့မျက်စိတွင် သူ့ချစ်သူမောင်က ပစ်တိုင်းထောင်ဖြစ်နေလျှင်၊ ကောင်းကင်တမွတ် ငွေကြယ်ငွေလများကိုပင် လှမ်းဆွတ်ယူပေးနိုင်သူဟု ထင်နေလျှင် တိုက်တေးကဗျာရွတ်ဆိုပွဲမှာပင် ကဗျာဖြင့်တုံ့ပြန်ပြောတတ်ကြလေသည်။ (စာ ၆၇)' လို့ဖော်ပြခဲ့ပါတယ်။

တိုက်တေးတွေသီဆိုတဲ့ တေးတိုက်ပွဲရဲ့အနိုင်အရှုံးဟာ တစ်ဖက်ကဆိုလိုက်တဲ့ကဗျာတစ်ပုဒ်ကို ကျန်တစ်ဖက်က အချိန်အနည်းငယ်အတွင်း ပြန်ဖွဲ့ဆို မချေပနိုင်ရင် အရေးနိမ့်တယ်လို့ဆိုပါတယ်။ အရေးနိမ့်တဲ့ဘက်ဟာ နိုင်တဲ့ဘက်က ဘက်တော်သားတွေရဲ့ လှောင်ပြောင်တာ၊ ခနဲ့တာတွေကိုခံကြရပါတယ်။ အဲဒီလိုတေးတိုက်ပွဲတွေမှာ သီဆိုကြတဲ့ကဗျာတွေဟာ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်အချိတ်အဆက်သဘော သီဆိုကြရပါတယ်။ တေးတိုက်ပွဲ၊ ဒါမှမဟုတ် တိုက်တေးလို့ဆိုပေမဲ့ တစ်ဖက်သား ထိခိုက်နစ်နာသွားအောင်တိုက်ခိုက်တာမျိုးမဟုတ်ဘဲ တစ်ဖက်ကသီဆိုလိုက်တဲ့အပေါ်မှာ တိုက်ဆိုင်စစ်ဆေးပြီး ပြန်လှန်ချေပတဲ့သဘောက ပိုပြီးအလေးကဲပါတယ်။

တိုက်တေးသီဆိုရာမှာ မူလအစမှာတော့ တစ်ဦးချင်းပဲ မိန်းကလေးနဲ့ ယောကျ်ားလေး အပြန်အလှန်သီဆိုကြဟန်ရှိပါတယ်။ တဖြည်းဖြည်းနဲ့ ဒီအလေ့အထ ရှင်သန်လာတဲ့အခါ သူ့ဘက်ကိုယ့်ဘက်ပရိသတ်တွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလာခဲ့ပါတယ်။ တိုက်တေးသီဆိုကြပုံကို ဆရာမောင်တင်မြိုင်(အင်းလေး)က 'တိုက်တေးတွေရွတ်ဆိုကြတဲ့သူတွေဟာ များသောအားဖြင့် အပျိုလူပျိုတွေပါ၊ 'တေးတိုက်ပွဲ'ဟာ ပျိုရွယ်တဲ့အမျိုးသားတိုက်တေးဆိုသူကတစ်ဖက်၊ အမျိုးသမီးတိုက်တေးဆိုသူကတစ်ဖက် လက်တန်းကဗျာရွတ်ကြတဲ့ ကဗျာရွတ်ပွဲကြီးပါပဲ။ အဲဒီတိုက်တေးဆိုသူနောက်မှာလည်း အရေးမလှရင် ဖေးမမဲ့ 'တေးထောက်''တေးကူ'စတဲ့ တိုက်တေးဆိုသူတွေကိုလည်း တွေ့ရပါတယ်။ တစ်ခါတစ်ရံ တိုက်တေးဖွဲ့နွဲ့တတ်သူက အသံကြည်လင်ပြတ်သားမှု မရှိတဲ့အတွက် အသံကောင်းသူတစ်ယောက်ကို အဆိုခိုင်းရပါတယ်။ သူဆိုရမဲ့ကဗျာတွေကိုတော့ တိုက်တေးစာဆိုက သူ့ဘေးကနေရွတ်ပေးပါတယ်။

ဒီလိုကဗျာရွတ်ဆိုကြတဲ့အခါ အမျိုးသားတိုက်တေးစာဆိုဘက်မှာလည်း အမျိုးသားပရိသတ်တွေရှိပါတယ်။ အမျိုးသမီးတိုက်တေးဆိုသူဘက်မှာလည်း အမျိုးသမီးပရိသတ်တွေရှိကြပါတယ်။ တေးတိုက်ပွဲတွေမှာ တစ်ဖက်က တိုက်တေးဆိုသူကစပြီး ကဗျာတစ်ပုဒ်ရွတ်ဆိုလိုက်တဲ့အခါ ကျန်တစ်ဖက်က အဲဒီတေးကဗျာနဲ့ အကြောင်းအရာဆီလျော်မဲ့ ကဗျာတစ်ပုဒ်ကိုတုံ့ပြန်ပြီး သီဆိုရပါတယ်။ (စာ ၁၁)'လို့ ဖော်ပြခဲ့ပါတယ်။

တိုက်တေးတွေကို မြိုင်မြိုင်ဆိုင်ဆိုင်သီဆိုလေ့ရှိတဲ့အချိန်ကတော့ ဝါလကင်းလွတ်ပြီး သီတင်းကျွတ်၊ တန်ဆောင်မုန်း လုပ်ငန်းခွင်ပြီးဆုံးတဲ့အချိန်ဖြစ်တတ်ပါတယ်။ မူလကတော့ မောင်နဲ့မယ် တစ်ဦးချင်း အပြန်အလှန်သီဆိုရာကနေ တဖြည်းဖြည်းကျယ်ပြန့်လာပြီး တစ်အုပ်စုနဲ့တစ်အုပ်စု၊ တစ်ရွာနဲ့တစ်ရွာ အချိန်းအချက်လုပ်ပြီး တေးတိုက်ပွဲတွေဆင်နွှဲလာကြပါတယ်။ ဒီအချိန်မှာ ရာသီဥတုကလည်းသာယာ၊ အင်းထဲမှာ ကြာပန်းတွေလည်း ဝေဆာနေပြီး တေးတိုက်ပွဲတွေစည်ကားသိုက်မြိုက်လာပါတယ်။ ဘုရားပွဲတွေမှာ တေးတိုက်ပွဲမပါမပြီးဖြစ်လာပြီး ညလုံးပေါက်ဆင်နွှဲလာကြပါတယ်။ တစ်ခါတစ်ရံမှာ နှစ်ညသုံးညဆက်ပြီး ဆင်နွှဲကြပါတယ်။

ဒီလိုတေးတိုက်ပွဲတွေခေတ်စားလာတာနဲ့အမျှ တိုက်တေးစာဆိုတွေကို သိသူများလာပြီး ရွာတိုင်းမှာလိုလိုပဲ တိုက်တေးစာဆိုတွေပေါ်ထွန်းလာပါတယ်။ အင်းသူအင်းသားတွေဟာ ရက်ကန်းလုပ်ငန်း၊ လယ်ယာလုပ်ငန်း၊ ပန်းပဲပန်းထိမ်၊ ရေခြိလုပ်ငန်း၊ တံငါလုပ်ငန်း စတဲ့ လုပ်ငန်းတွေကို လုပ်ကိုင်နေကြရသူတွေဖြစ်တာကြောင့် အဲဒီခေတ်က ပညာကိုကောင်းစွာသင်ယူခွင့်

မရခဲ့ကြပါဘူး။ ဒါ့ကြောင့် တိုက်တေးစာဆိုတွေမှာ စာတတ်ပေတတ် အင်မတန်မှပဲနည်းပါးခဲ့တယ်လို့ဆိုပါတယ်။ အဲဒီခေတ်အခါက အမျိုးသားတွေသာ ဘုန်းကြီးကျောင်းတွေမှာပညာသင်ခွင့်ရပြီး အမျိုးသမီးတွေကတော့ ဘုန်းကြီးကျောင်းတွေမှာ ပညာသင်ခွင့်မရခဲ့ပါဘူး။ စာပေမတတ်ကြပါဘူး။ ဒါပေမဲ့ အမျိုးသမီးတိုက်တေးစာဆိုတွေဟာ တေးတိုက်ပွဲတွေမှာ အမျိုးသားတွေနဲ့ တန်းတူရည်တူယှဉ်ပြိုင်သီဆိုနိုင်ခဲ့ကြပြီး စာတတ်ပေတတ် အမျိုးသားတိုက်တေးစာဆိုတွေအပေါ် အနိုင်ယူခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ အင်းသူအင်းသားတွေဟာ ဓလေ့ရိုးရာအရ တိုက်တေးတွေကို ကျွမ်းကျင်ပိုင်နိုင်စွာ ဖွဲ့ဆိုနိုင်ခဲ့ကြပါတယ်။

အင်းလေးတေးတိုက်ပွဲတွေကို ပုံစံအမျိုးမျိုးနဲ့ ကျင်းပခဲ့ကြပါတယ်။ ခမ်းနားတဲ့တေးတိုက်ပွဲဆိုရင် ဘယ်နေ့ ဘယ်ရက်မှာ ဘယ်ရွာက တိုက်တေးစာဆိုနဲ့ ဘယ်ရွာက တိုက်တေးစာဆိုဟာဖြင့် တေးတိုက်ကြမယ်ဆိုတဲ့သတင်းဟာ ပျံ့နှံ့သွားပြီး အနီးပတ်ဝန်းကျင်ရွာတွေက နားထောင်မဲ့ပရိသတ်တွေဟာ တိုက်တေးသီဆိုမဲ့နေရာကို စုဝေးရောက်ရှိလာကြပါတယ်။ နားထောင်မဲ့ပရိသတ်တွေကို ရွာခံတွေက ကွမ်း၊ ဆေး၊ လက်ဖက်၊ ရေနွေး စတာတွေနဲ့ ဖွယ်ဖွယ်ရာရာ အစားအစာတွေကို တည်ခင်းဧည့်ခံကြတယ်လို့ဆိုပါတယ်။

တေးတိုက်ပွဲတွေဆင်နွှဲတဲ့ပုံစံကတော့ အမျိုးမျိုးရှိတယ်လို့သိရပါတယ်။ အမျိုးသားတိုက်တေးစာဆိုနဲ့ သူ့ပရိသတ်က ချောင်းတစ်ဖက်မှာနေရာယူပြီး အမျိုးသမီးတိုက်တေးစာဆိုနဲ့ သူ့ပရိသတ်က ချောင်းရဲ့တခြားဘက်မှာ လှေတွေနဲ့နေရာယူကြပါတယ်။ အဲဒီလို အလယ်က ချောင်းခြားထားတဲ့ တေးတိုက်ပွဲမျိုးလည်းရှိပါတယ်။ နောက်တစ်မျိုးကတော့ အမျိုးသားတိုက်တေးစာဆိုနဲ့ သူ့ပရိသတ်က ရေပြင်မှာ လှေတွေနဲ့နေရာယူပြီး အမျိုးသမီးတိုက်တေးစာဆိုနဲ့ သူ့ပရိသတ်က အိမ်ပေါ်က နေရာယူ သီဆိုကြတာမျိုးလည်း ရှိတယ်လို့ဆိုပါတယ်။ တေးတိုက်ပွဲကိုနားဆင်တဲ့ပရိသတ်တွေကတော့ ဇာတ်ပွဲ၊ အငြိမ့်ပွဲတွေကြည့်သလို တကယ့်ကိုခြိမ့်ခြိမ့်သဲပေါ့။

အင်းလေးဒေသမှာ တိုက်တေးတွေသီဆိုတဲ့ အလေ့အထ ဘယ်အချိန်ကစပြီးပေါ်ပေါက်လာတယ်ဆိုတာ ဘယ်သူမှအတိအကျမပြောနိုင်ဘူးလို့ ဆိုပါတယ်။ တေးတိုက်ပွဲတွေ ဘယ်အချိန်ကစတင်ကျင်းပတယ်ဆိုတဲ့ မှတ်တမ်းမှတ်ရာတွေလည်းမတွေ့ရပါဘူး။ ဒါနဲ့ပတ်သက်ပြီးလေ့လာသုတေသနပြုခဲ့တဲ့ ဆရာမောင်တင်မြိုင်(အင်းလေး)က 'တိုက်တေးတွေ ဘယ်အချိန်လောက်က စဆိုခဲ့ကြသလဲဆိုတာတော့ အတိအကျမပြောနိုင်ပါဘူး၊ အင်းလေးဒေသမှာရှိတဲ့ အသက်ရှစ်ဆယ်ကျော် အဘိုးအဘွားတွေကို မေးကြည့်တော့လည်း သူတို့ခပ်ငယ်ငယ်ကပဲ တေးတိုက်ပွဲတွေကျင်းပနေပြီလို့သိရပါတယ်၊ စာနဲ့ပေနဲ့မှတ်တမ်းတင်ခဲ့တာလည်း အတော်နည်းတဲ့အတွက် တေးတိုက်ပွဲ ဘယ်အချိန်က စသလဲဆိုတာကို အတိအကျမပြောနိုင်ပါဘူး။ (စာ ၁၀-၁၁)'လို့ သူ့စာအုပ်မှာ ဖော်ပြခဲ့ပါတယ်။

အင်းလေးတိုက်တေးနဲ့ပတ်သက်ပြီး ဆရာမောင်တင်မြိုင်(အင်းလေး)ရဲ့လေ့လာချက်ထဲမှာ စိတ်ဝင်စားစရာကောင်းတဲ့ အချက်တစ်ချက်ကတော့ အင်းလေးတိုက်တေးတွေဟာ ဗုံကြီးသံတွေ၊ ကောက်စိုက်သမတေးသံတွေနဲ့ဆက်စပ်မှုရှိနိုင်တယ် ဆိုတာပါပဲ။ ဒီအကြောင်းတွေကို 'အင်းလေးတိုက်တေးကဗျာရွတ်ဆိုမှု အလေ့အထဟာ ကုန်းဘောင်ခေတ်ကျေးလက်တောနေဆီက ပြန့်ပွားလာတာများလားလို့ တွေးစရာတွေရှိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အင်းလေးတိုက်တေးကဗျာတွေမှာ ကောက်စိုက်တေးသံ၊ ဗုံကြီးသံတွေရဲ့ အငွေ့အသက်ကို တွေ့နေရလို့ပါပဲ။ (စာ ၉)'

'အင်းလေးတိုက်တေးတွေနဲ့ခပ်ဆင်ဆင်တူတဲ့ တေးကဗျာတွေကို ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ မိုးမိတ်နယ် ကျေးလက်တောရွာတွေမှာ တွေ့ရပါသေးတယ်၊ အဲဒီကျေးရွာမှာသီဆိုကြတဲ့ဗုံကြီးသံတွေဟာ အင်းလေးတိုက်တေးတွေနဲ့ အကြောင်းအရာရော ဖွဲ့နွဲ့ပုံပါ အတော်တူပါတယ်၊ . . . တိုက်တေးတွေမှာ

ဖုံကြီးသံရဲ့အရိပ်အငွေ့တွေကို အများဆုံးတွေ့ရတဲ့ အတွက်လည်း မိုးမိတ်ကျေးလက်ကဖုံကြီးသံတွေနဲ့ ဆက်စပ်လေ့လာဖို့လိုအပ်ပါတယ်။ (စာ ၁၀)'လို့ ဖော်ပြခဲ့ပါတယ်။

ဒါ့အပြင် အင်းလေးတိုက်တေးမှာဖွဲ့ဆိုတဲ့ အကြောင်းအရာတွေဟာ ရွှေဘိုဖုံကြီးသံတို့၊ ကောက်စိုက်သမတေးသံတို့မှာ ရေးဖွဲ့တဲ့အကြောင်းအရာနဲ့ အတော်ဆင်တယ်လို့ ဆရာမောင်တင်မြိုင်က သုံးသပ်ပါတယ်။ အင်းလေးတိုက်တေးစာဆိုတွေဟာ ချစ်မှုကြိုက်မှုကိုအခြေခံဖွဲ့ဆိုကြတယ်ဆိုပေမဲ့ ဒီအကြောင်းအရာတစ်ခုတည်းကိုပဲ စွဲစွဲမြဲမြဲဖွဲ့ဆိုခဲ့သူတွေမဟုတ်ပါဘူး။ သူတို့စိတ်ကူးစိတ်သန်းဟာ သူတို့ပတ်ဝန်းကျင်မှာ တကယ်ထိတွေ့ခဲ့ရတဲ့ သူတို့အကြည့်အမြင်၊ သူတို့အဆင်အခြင်၊ သူတို့အကြားအနာတို့ကို အခြေခံပြီး ကျက်စားဖွဲ့ဆိုခဲ့တာကိုတွေ့ရတယ်လို့ သုံးသပ်ပြပါတယ်။

ဆရာမောင်တင်မြိုင်(အင်းလေး)က တိုက်တေးစာဆိုတွေဟာ သူတို့ပတ်ဝန်းကျင်မှာရှိတဲ့ လုပ်ငန်းကိုင်ငန်းနဲ့ ရေမြေတောတောင်သဘာဝကိုကျော်လွှားပြီး စိတ်ကူးဖွဲ့နွှဲ့ခဲ့တာမဟုတ်ဘူး။ ကောက်စိုက်သမတွေဟာ သူတို့လုပ်ငန်းခွင်ထဲကနေပြီး အချစ်အလွမ်းကဗျာတွေကို ဖွဲ့ဆိုခဲ့သလို အင်းလေးကျေးတောနေသူတို့ဟာလည်း သူတို့လုပ်ငန်းဆောင်တာမှာ တွေ့ရကြုံရတာတွေကို အခြေခံပြီး အချစ်ကဗျာ၊ အလွမ်းကဗျာတွေကို ဖွဲ့ကြတယ်။ ကောက်စိုက်သမတွေက သူတို့ပတ်ဝန်းကျင်မှာရှိတဲ့ သစ်ပင်ချောင်းကန်တွေ၊ သူတို့ခြံယာလယ်မြေတွေကို ချစ်ခင်နှစ်သက်စွာနဲ့ဖွဲ့ဆိုခဲ့သလို အင်းလေးကျေးတောနေသူတို့ဟာလည်း သူတို့ပတ်ဝန်းကျင်မှာရှိတဲ့ ကြာပင်၊ ငါးတောင်ဖီလာ၊ တောက်ခမောက်၊ အင်းတိမ်ချောင်း စတဲ့ သဘာဝတွေကိုအခြေပြုပြီး ကဗျာဖွဲ့ခဲ့ကြတယ်။ ကောက်စိုက်သမတွေက ချစ်မှုရေးရာနဲ့ ပတ်သက်ပြီး ဘုရားကိုတိုင်တည်ကဗျာဖွဲ့ခဲ့ကြသလိုပဲ အင်းလေးကျေးတောနေသူတို့ဟာလည်း ရွှေအင်းတိမ်ဘုရား၊ ဖောင်တော်ဦးဘုရားတို့ကို တိုင်တည်ရင်း ကဗျာဖွဲ့ဆိုခဲ့ကြတယ်။ ရွှေဘိုကောက်စိုက်သမတေးသံ၊ မောင်းထောင်းတေးကဗျာတွေမှာတွေ့ရတဲ့ ကျေးတောသံပီသမှု၊ ရိုးသားပွင့်လင်းမှုတွေကိုလည်း အင်းလေးတိုက်တေးတွေမှာ တွေ့နိုင်တယ်လို့ ဆိုပါတယ်။

အင်းလေးတိုက်တေးတွေဟာ တစ်ခေတ်တစ်ခါက သူ့ဒေသမှာ မရှိမဖြစ်အလွန်ရေပန်းစားခဲ့ပေမဲ့ တဖြည်းဖြည်းတိမ်ကောလာပြီး ယနေ့အချိန်အခါမှာတော့ ဝမ်းနည်းစရာကောင်းလောက်အောင် တိမ်မြုပ်ပျောက်ကွယ်သွားခဲ့ပြီလို့သိရပါတယ်။ တိုက်တေးတွေတဖြည်းဖြည်းတိမ်ကောလာခဲ့ရတဲ့ဖြစ်ရပ်ဖြစ်စဉ်ကလည်း စိတ်ဝင်စားစရာကောင်းပါတယ်။ တိုက်တေးတွေတိမ်ကောလာရတဲ့ အဓိကတရားခံဟာ ဒုတိယကမ္ဘာစစ်မတိုင်မီ ကိုလိုနီခေတ်က အရှိန်အဟုန်နဲ့ပေါ်ထွန်းခဲ့တဲ့ ပြဇာတ်တွေကြောင့်ဖြစ်ပါတယ်။ ကိုလိုနီခေတ်ဦးပိုင်းမှာ စာပုံနှိပ်စက်လုပ်ငန်းတွေပေါ်ပေါက်လာခဲ့ပြီး ပြဇာတ်စာအုပ်တွေ တစ်ဟုန်ထိုးထွက်ပေါ်လာခဲ့ပါတယ်။ ဒီပြဇာတ်စာအုပ်တွေဟာ တောကြိုအုံကြားမကျန် ပျံ့နှံ့ရောက်ရှိခဲ့ပြီး သြဇာကြီးမားခဲ့ပါတယ်။ ပြဇာတ်စာပေရဲ့ လွှမ်းမိုးရိုက်ခတ်မှုဟာ ကျေးလက်တေးကဗျာတွေအပေါ်မှာလည်း လွှမ်းမိုးရိုက်ခတ်ခဲ့ဟန်ရှိပါတယ်။

အင်းလေးဒေသမှာ တိုက်တေးတွေ တိမ်ကောသွားရပုံကို ဆရာမောင်တင်မြိုင်က ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက ပြည်မမှာ ပြဇာတ်စာအုပ်တွေ အတော်ခေတ်စားခဲ့ကြောင်း၊ အဲဒီပြဇာတ်စာအုပ်တွေဟာ အင်းလေးကန်အထိပျံ့နှံ့လာကြောင်း၊ ပြဇာတ်စာအုပ်အပြင် ကဗျာလင်္ကာတွေနဲ့ဖွဲ့ဆိုထားကြတဲ့ အခြားစာအုပ်တွေလည်းရောက်ရှိလာကြောင်း၊ အဲဒါတွေအပြင် ဓာတ်စက် စတဲ့ ဖျော်ဖြေမှုတွေလည်းရောက်ရှိလာကြောင်း၊ ဒီလိုနဲ့ အင်းလေးကျေးတောနေသူတွေဟာ ဓာတ်ပြားသီချင်းတွေကို နားထောင်တတ်လာကြောင်း၊ ပြဇာတ်စာအုပ်ပါ လွမ်းချင်းသီချင်းကဗျာတွေကို ကျက်မှတ် ရွတ်ဆိုလာကြကြောင်း၊ ဒီလိုကျက်မှတ်ရွတ်ဆိုမှုဟာ

စိတ်ကူးစိတ်သန်းတွေလည်းမလို၊ ကဗျာဖွဲ့နွဲ့တတ်ဖို့လည်းမလိုတဲ့အတွက် လွယ်ကူပြီး ကဗျာကျက်မှတ်ရွတ်ဆိုတဲ့အလေ့ဟာ တေးတိုက်ပွဲတွေကို တဖြည်းဖြည်းလွှမ်းလာကြောင်း၊ အရိုးခံသက်သက်ဖြစ်တဲ့ တိုက်တေးကဗျာတွေထက် မန္တလေးခေတ် အယဉ်အနုတွေပါတဲ့ ပြဇာတ်စာအုပ်ပါတေးကဗျာကို အင်းလေးကျေးတောနေသူတို့က စွဲမက်လာကြခြင်းဖြစ်မယ်ထင်ကြောင်း၊ တိုက်တေးတွေမှာ ပြဇာတ်စာအုပ်ပါကဗျာတွေရဲ့လွှမ်းမိုးမှု၊ ဇာတ်သီချင်းတွေရဲ့လွှမ်းမိုးမှုတွေကို တွေ့လာရကြောင်း၊ ဒီလိုနဲ့ အင်းလေးကျေးတောနေတို့ရဲ့အာရုံမှာ တေးတိုက်ပွဲဟာ တဖြည်းဖြည်းပျောက်ကွယ်လာပြီး ဒုတိယကမ္ဘာစစ်မတိုင်မီမှာပဲ အင်းလေးတေးတိုက်ပွဲတွေဟာ အတော်တိမ်ကောလာခဲ့ကြောင်း၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်တဲ့အခါမှာတော့ တေးတိုက်ပွဲတွေဟာ လုံးဝပျောက်ကွယ်သွားကြောင်း ရေးသားခဲ့ပါတယ်။

ဘိုးဘွားအမွေအနှစ် တိုင်းရင်းသားတို့ရဲ့ ဓလေ့ရိုးရာတစ်ခု တိမ်ကောပပျောက်သွားတယ်ဆိုတာ အလွန်ပဲနှမြောစရာကောင်းပြီး သက်ဆိုင်ရာဒေသအတွက်၊ သက်ဆိုင်ရာတိုင်းရင်းသားတွေအတွက်သာမက ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် ဆုံးရှုံးမှုဖြစ်ပါတယ်။ ရခိုင်ရိုးရာ သာချင်း စတဲ့ တေးကဗျာတွေ၊ ထားဝယ်ရိုးရာ ဒိန်းသံ စတဲ့ တေးကဗျာတွေ၊ ဓနုရိုးရာ တာတက်ပွဲတေးကဗျာတွေ၊ တောင်ရိုးရိုးရာ မော်အေးကဗျာတွေ၊ အင်းလေးရိုးရာ တိုက်တေးတွေ စတာတွေနဲ့ တိုင်းရင်းသားအသီးသီးမှာရှိနေကြတဲ့ ရိုးရာယဉ်ကျေးမှုတွေကို မပျောက်ပျက်အောင်ထိန်းသိမ်းတာ၊ ပိုမိုတိုးတက်လာအောင် အားပေးချီးမြှင့်တာ၊ တိမ်ကောပပျောက်သွားတာတွေကို ပြန်လည်ရှာဖွေဖော်ထုတ်တာတွေဟာ အမျိုးသားရေးတာဝန်တစ်ရပ်ပါပဲ။

အင်းလေးဒေသက အင်းသူအင်းသားတွေရဲ့ အင်မတန်လှပပြီး ချစ်စရာကောင်းလှတဲ့ တိုက်တေးကဗျာတွေဟာ အခုအခါမှာတော့ တိမ်ကောပျောက်ကွယ်လို့ နေပါပြီ။ ကံအားလျော်စွာပဲ ဒီတေးတွေလုံးလုံးမပျောက်ကွယ်သေးခင်မှာ ဆရာမောင်တင်မြိုင်(အင်းလေး)က ရှာဖွေစုဆောင်းပြီး ၁၉၇၀ ပြည့်နှစ်မှာ စာအုပ်ထုတ်ဝေခဲ့လို့သာ ဒီတိုက်တေးကဗျာအကြောင်းကို သိခွင့်ရနေသေးတာဖြစ်ပါတယ်။ တိုက်တေးကဗျာသီဆိုမှု တေးသီချင်းကို အင်းသွေးသစ်ကသီကုံးရေးဖွဲ့ပြီး ဟဲယာရွာမ အကအဖွဲ့သားတွေနဲ့အတူ ရိုက်ကူးထားတာကို အင်တာနက်ပေါ်မှာ ရှားရှားပါးပါးကြည့်ရှုနားဆင်ခွင့်ရခဲ့ပါတယ်။ အဲဒီသီချင်းကိုပဲ နေတိုးနဲ့ဝတ်မှုန်ရွှေရည်တို့ ပါဝင်သရုပ်ဆောင်ထားတဲ့ 'လရောင်ဖြာတဲ့ အင်းလေးမှာ' ရုပ်ရှင်ရဲ့ဇာတ်ဝင်ခန်းတစ်ခုအနေနဲ့ ပါရှိခဲ့တယ်လို့ သိရပါတယ်။ ဒီလိုချစ်စရာကောင်းလှတဲ့ အင်းသူအင်းသားတွေရဲ့ဓလေ့ထုံးစံကို ဖော်ထုတ်နိုင်မယ်ဆိုရင် ဒေသရဲ့သွင်ပြင်လက္ခဏာတွေ ပိုမိုပေါ်လွင်လာမှာဖြစ်ပါတယ်။ ဒါ့အပြင် ရိုးရာပွဲတစ်ခုအနေနဲ့ ကမ္ဘာလှည့်ခရီးသွားတွေကို ပိုမိုဆွဲဆောင်လာနိုင်ပြီး အင်းသူအင်းသား လူငယ်မောင်မယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတစ်ခုဖြစ်လာနိုင်မယ်လို့ ယူဆမိပါတယ်။ အင်းလယ်ကန္တြွေကြာပန်း ထာဝစဉ်ပွင့်လန်းနိုင်ပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်။ ။

**ဒေါက်တာအောင်မြင့်ဦး**

စာညွှန်း –


စန်းစန်းမြင့်။ (၁၉၉၈)။ 'အင်းလေးဒေသ စီးပွားရေး' မြန်မာသမိုင်းသုတေသနစာစောင် အမှတ်၂။ ရန်ကုန်၊ တက္ကသိုလ်များ သမိုင်းသုတေသနဌာန။

တင်မြိုင်၊ မောင်(အင်းလေး)။ (၁၉၇၀)။ အင်းလေးတိုက်တေး။ ရန်ကုန်၊ လင်းကြက်စာအုပ်တိုက်။

မြင့်မောင်(ဒါရိုက်တာ)။ (၁၉၈၄)။ အင်းလေး။ ရန်ကုန်၊ စာပေဗိမာန်။

မြင့်မောင်(ဒါရိုက်တာ)။ (၁၉၈၆)။ ဓနုတောင်ရိုး။ ရန်ကုန်၊ စာပေဗိမာန်။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၀၆)။ အင်းလေးဒေသိယစကား။ ရန်ကုန်၊ ရူဝံစာပေ။


အဖုအကျိတ်ဆို ပေါင်ဒါဘူးထဲ ထည့်လို့ရအောင် မှုန့်သွားမယ်
ဒေဝယက္ခ
အကျိတ်ကြေ
အကုမြူမန်းဆေး
မြစ်ပွားနာအကျိတ်၊ အဆုတ်နာအကျိတ်၊
နို့ကျိတ်၊ နို့ကြောင်းပိတ်၊ သွေးမင်၊ လေမင်၊ ဝက်ခြံ၊
ဝဲစို၊ ဝဲခြောက်၊ အပူကြီး၍ထွက်သည့်
အဖုအကျိတ်များမှ စ၍
မန်းဝင်မန်းငုပ် ရောဂါများကို
သက်သာပျောက်ကင်းစေပါသည်။
ဒေဝယက္ခ နှင့် မာဃဒေဝ ဆေးတိုက်မှ ထုတ်လုပ်သော
ဆေးစွမ်းကောင်းများ
ရာဇဗလ သွေးတိုးကျဆေး
မာဃဒေဝ အာရုံကြောဆေး
မာဃဒေဝ အမောလုံ နလုံးအားတိုးဆေး
မာဃဒေဝ ဒဏ်ကြေဆေး
မန်လည်အဖြေကျော် အစာကြေဆေး
အမရာ သကြားရေစင် သွေးဆေး
လုစေချင်ပါသည် ရုပ်လုသွေးသန့်ဆေး
ဝလေးလုံး ရှူဆေး
နဂါးရွှေဝါ ဒဏ်ကြေဆေး
ဘီလူးသရုပ်ဆောင် - လဝန်းအောင်
မော်ဒယ် - ဇေကရီစုစံ
အမှတ် - ၃၇၃၊ သနပ်ပင်လမ်း(အုန်းပင်တန်း)၊ ပဲခူးမြို့
ဖုန်း ဝ၅၂ - ၂၁၄၂၂၊ ဝ၅၂ - ၂၂၂၂၉၊ ဝ၉ - ၅၃ဝဝ၁၄၁၊ ဝ၉ ၈၆၅ဝ ၈၆၇

## ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလထုတ်

# မြဝတီမဂ္ဂဇင်း ကို

## (၆၈)နှစ်မြောက် အထူးထုတ်အဖြစ် ထုတ်ဝေသွားမည်ဖြစ်ပါသည်




**ဖြန့်ချိရေး**
မြဝတီစာပေတိုက်
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉၃၂၄၉၈၇၂၄

**ရန်ကုန်ရုံးခွဲ**
အမှတ်(၁၈၁)၊ ၃၂ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉၃၂၄၉၈၇၁၄

မြဝတီစာပေတိုက်မှ လစဉ်ထုတ်ဝေလျက်ရှိသော ရသစုံမြဝတီမဂ္ဂဇင်းကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် (၆၈)နှစ်မြောက် အထူးထုတ်အဖြစ်ထုတ်ဝေသွားမည် ဖြစ်ရာ နာမည်ကြီး ဝါရင့်သမ္မာရင့် ကဗျာဆရာများ၊ ကာတွန်းဆရာများ၊ စာရေးဆရာများနှင့် ပန်းချီဆရာများ၏လက်ရာများကို ကဏ္ဍစုံလင်စွာ အရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာဖတ်ရှုကြရမည်ဖြစ်ပါသည်။


ထို့ကြောင့် မိမိတို့မြို့နယ်၏စာကြည့်တိုက်များအတွက်လည်းကောင်း၊ မိမိတို့အိမ်၏စာကြည့်စင်အတွက်လည်းကောင်း ထာဝရ အမှတ်တရသိမ်းဆည်းထားကြရန် သတင်းကောင်းပါးအပ်ပါသည်။ ယခင်ရောင်းဈေး တစ်အုပ်နှုန်း ၁၆၀၀ ကျပ်နှင့် ကိုယ်စားလှယ်နှုန်း ၁၅၀၀ကျပ်မှ (၆၈)နှစ်မြောက် အထူးထုတ်လအတွက် ရောင်းဈေး တစ်အုပ်နှုန်း ၁၉၀၀ ကျပ်နှင့် ကိုယ်စားလှယ်နှုန်း ၁၈၀၀ ကျပ်ဖြင့် ပြင်ဆင်သတ်မှတ်ရောင်းချသွားမည်ဖြစ်ပါသဖြင့် ကြိုတင်၍အမှာစာများပေးပို့ကြရန်ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလမှစတင်၍ ယခင်ပုံမှန်ဈေးနှုန်းအတိုင်း ပြန်လည်ဖြန့်ချိပေးသွားမည်ဖြစ်ပါသည်။

ခေတ်ပြိုင်ရိုးရာဟန်

# မြန်မာ့အလှုပန်းချီပြပွဲ

➤ ဝေမွန်လင်း



၂၀၂၀ ပြည့်နှစ် အစပိုင်းက စတင်ပြီး ကမ္ဘာအနှံ့ ကိုဗစ် ၁၉ ရောဂါဆိုးကြီးက ပျံ့နှံ့လျက်ရှိရာ သည်ရောဂါဆိုးကြီးကို ထိန်းချုပ်ကာကွယ် တားဆီးနိုင်ရန်အတွက် ကျန်းမာရေးစီမံချက်များဖြင့် နိုင်ငံအလိုက်ကြိုးပမ်း ကာကွယ်ထိန်းချုပ် နေကြရာ မြန်မာနိုင်ငံ လည်းအပါအဝင် တားဆီး ကာကွယ်ကြရပါတယ်။ Mask တပ်ဆင်ပြီးမှ သွားလာစေခြင်း၊ လက်ဆေး ခြင်း၊ လူစုလူဝေးကို ရှောင်ကြဉ်ခြင်းတို့ဖြင့် ထိန်းချုပ်ထားရာ သည်လမှာတော့ ကိုဗစ်ကာလရဲ့ ပန်းချီပြပွဲအနေနဲ့ ပထမဦးဆုံးခွင့်ပြုချက်ရရှိ ခဲ့တဲ့ ပြပွဲဖြစ်ပါတယ်။ သည်ပြပွဲရဲ့ခေါင်းစဉ်က တစ်မျိုးလေးထူးခြား နေပါတယ်။

ကြည့်ပါဦး....။ ‘ခေတ်ပြိုင်ရိုးရာဟန် မြန်မာ့အလှုပန်းချီပြပွဲ’ ဆိုတဲ့ခေါင်းစဉ်ကိုက တစ်မျိုးတစ်ဘာသာ ဆွဲဆောင်မှု ရှိနေပါတယ်။

ပြပွဲကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၂ ရက်မှ ၁၆ ရက်အထိ မနက် ၉ နာရီကနေ ညနေ ၅ နာရီအထိ ပြသခဲ့ရာ ပန်းချီပညာရှင်ဆရာ၊ ဆရာမ ၉၂၄ ဦးရဲ့ ဆီဆေး၊ ရေဆေး၊ အခရိုင်းလစ်၊ မင်ခြစ် အစရှိသော မီဒီယံများဖြင့် ရေးဆွဲထားတဲ့ ပန်းချီကားပေါင်း ၁၅၀ ခန့်ကို ချိတ်ဆွဲပြသထားပါတယ်။ အရောင်အသွေးစိုစို၊ ကြွကြွရွရွ၊ လှလှပပ အစီအရီချိတ်ဆွဲထားတဲ့ ကြည့်ချင့်စဖွယ်ကားများအနက် ငွေတာရီမဂ္ဂဇင်း ပန်းချီချစ်မြတ်နိုးသူများအတွက် ရွေးချယ်ပြောပြချင်တဲ့ကားလေးတွေထဲက ပထမဆုံးပြောပြချင်တဲ့ ပန်းချီကားကတော့ ဆရာလှိုင်ဝမ်းရဲ့ ကျေးလက်သဘာဝပန်းချီကားလေးအကြောင်းကို ပန်းချီချစ်သူများအား မိတ်ဆက်ပြောပြချင်ပါတယ်။

သုံးစွဲထားတဲ့အရောင်လေးတွေကလဲ ပင်မအရောင်တွေကို ဆင့်ပွားထားတဲ့ ကြားအရောင်ဆန်းဆန်းလေးတွေက တစ်မျိုးလှပြီး ချစ်စရာကောင်းလွန်းလို့ ညွှန်းဆိုရတာပါ။



ကျေးလက်သဘာဝကို အမိအရ ရေးဆွဲရာမှာ နှစ်ချို့သစ်ပင်ကြီးရဲ့ဘေးမှာ ဖွေးဆွတ်နေတဲ့ နွားနှစ်ကောင်ကိုမြင်ရသလို နွားတဲနဲ့ လူနေအိမ်ကလဲ ယှဉ်လျက်၊ သက်ငယ်မိုးလေးတွေကလဲ အမျှင်လိုက်၊ အချောင်းလိုက်တွေ့ရသလို အိမ်ရှေ့နားမှာ စဥ့်ရည်ဝနေတဲ့ အိုးတစ်လုံးတည်ထားပါတယ်။ ထင်းခုတ်ထင်းဖြတ်နေတဲ့ အမယ်အိုနဲ့ သမီးပျိုတို့ကို အိုမင်း






ခြင်းနဲ့ နုပျိုခြင်းကို ယှဉ်ပြီးပြသထားရာ သိပ်ကိုကြည့်လို့ကောင်းပါရဲ့။

တဲအိမ်လေးရဲ့နံဘေးမှာ လေးတိုင်စင်ထောင်ပြီး စိုက်ပျိုးထားတဲ့ ဘူးပင်ကလေးက အရွက်ဖားဖား၊ အသီးများများနဲ့ သဘာဝကျလိုက်တာလွန်ရော။ တစ်နိုင်တစ်ပိုင် အိမ်မွေးဘဲကလေးတွေကလဲ အစာခွက်နားမှာရစ်သီရစ်သီ။

ပန်းချီကားလေးက အတော်လေးစိတ်ကူးကောင်းပြီး ကျေးလက်သဘာဝရဲ့အလှကို ဖော်ကျူးထားတာမို့ ဆရာလှိုင်ဝမ်းကို သည်လိုပန်းချီကားကောင်းမျိုးကြည့်ခွင့်ရတဲ့အတွက် ကျေးဇူးကမ္ဘာပါဆရာရေ။

ပန်းချီချစ်သူတွေအတွက် ကြည့်လို့လဲမဝ၊ ပညာလဲရတဲ့ကားမို့ ပြပွဲခေါင်းစဉ်နဲ့လိုက်ဖက်ညီစွာ မြန်မာ့အလှကိုဖော်ကျူးထားတာကိုက ချီးကျူးစရာဖြစ်လို့ အသေအချာကြည့်စေချင်ပါတယ်။

နောက်ထပ်တစ်ကားကတော့ –


ပန်းချီပြပွဲမှာ လက်စွမ်းပြပြီး နာမည်ကျော်နေတဲ့ ဆရာကိုထွန်းဝင်းရဲ့ပန်းချီကားအကြောင်းကို ပြောပြချင်ပါတယ်။ ဆရာကိုထွန်းဝင်းကို ပန်းချီချစ်ပရိသတ်က မာလကာသီးထွန်းဝင်းရယ်လို့ ချစ်စနိုးဂုဏ်ပြုခေါ်ဝေါ်ကြပါတယ်။

ဆရာဟာ မာလကာသီးပုံရေးဆွဲတဲ့နေရာမှာ အနီးအဝေး၊ အသေးအကြီး၊ အစိမ်းအမှည့် စသည်ဖြင့် စုံလင်စွာ လက်စွမ်းပြ



ရေးဆွဲတတ်သူမို့ မာလကာသီးစပယ်ရှယ်လစ် ဆရာတစ်ဦးပါပေ။ အခုလဲ ဒီပွဲမှာ ဆရာရေးဆွဲထားတာက အရွက်၊ အခက်တွေနဲ့တွဲလျက်





ကြွပ်ကြွပ်ရွရွ ပွပွမွမွ မာလကာသီးအစိမ်းသုံးလုံးကို နံရံမှာချိတ်ဆွဲပြသထားတာ ဓာတ်ပုံရိုက်ထားသလား မှတ်ရတယ်။

ဆရာ့ရဲ့ရေးအားက ဘယ်လောက်များကောင်းလိုက်ပါသလဲဆိုရင် အရွက်ပေါ်က အရိုးလေးတွေကို စိတ်ရှည်လက်ရှည်အသေးစိတ်ရေးပြထားတာ ဒီဆရာ မာလကာသီးနဲ့နာမည်မကြီး ခံနိုင်ရိုးလား။

ဒီလို သဘာဝရဲ့အလှတရားကို ရှာဖွေဖော်ထုတ်ရေးဆွဲထားတဲ့ ပန်းချီကားကို ပန်းချီချစ်သူတွေအနေနဲ့ အထူးဂရုပြုလေ့လာစေချင်ပါတယ်။

နောက်ဆုံးမိတ်ဆက်ပြောပြချင်တဲ့ကားကတော့–

ဆရာရှမ်းလေးရဲ့ ပုဂံအကပန်းချီကားပါ။ ခေတ်ပြိုင်ရိုးရာဟန်နဲ့ရေးဆွဲထားတာမို့ မြန်မာ့အလှကို ဖော်ကျူးရာရောက်ပါတယ်။ နောက်ခံကောင်းကင်အပြာနုနု၊ ပုဂံဘုရားပုထိုးတွေကို အရောင်အနုအရင့် အနီးအဝေးကို Tone ခွဲပြီး ရေးပြထားပါတယ်။

ပုဂံခေတ်အဝတ်အစားနဲ့ နန်းတွင်းသူလေးရဲ့ ပျော့ပျောင်းတဲ့ကဟန်လေးကလဲ ချစ်စဖွယ်၊ ခေါင်းဆောင်းကစပြီး အဆင်တန်ဆာအပြည့်အစုံနဲ့ ပန်းနုရောင်အဝတ်အစားကို ဆင်မြန်းလျက် ကနေပုံက ရင်ခုန်လှုပ်ရှားဖွယ်အတိ...။

ဘာပဲပြောပြော ခေတ်ပြိုင်ရိုးရာဟန်ကိုဖော်ကျူးရာမှာ ဆရာရှမ်းလေးရဲ့ကားကိုလဲ အထူးဂရုပြုလေ့လာစေချင်ပါတယ်။

ဒီခေတ်ပြိုင်ရိုးရာဟန် မြန်မာ့အလုပန်းချီပြပွဲကို ၁၉၉၇ ခုနှစ်ကစပြီး နှစ်စဉ်ပြသတယ်လို့ သိခွင့်ရခဲ့ပါတယ်။ ယခု ဆရာတို့စုပေါင်းပြီး ကြိုးစားတင်ဆက်ပြသသွားတဲ့ပြပွဲက ခါတိုင်းနှစ်တွေထက်ပိုပြီးကောင်းတယ်ဆိုတာကိုတော့ ဘယ်သူမှငြင်းနိုင်မယ်မထင်ပါဘူး။


ဘာပဲပြောပြော –


မြန်မာ့အလှကိုတန်ဖိုးထားပြီး တင်ပြခဲ့တဲ့ ဆရာ၊ ဆရာမများအားလုံးကို ငွေတာရီမဂ္ဂဇင်းပန်းချီချစ်သူများကိုယ်စား ကျေးဇူးစကားဆိုလိုက်ပါရစေနော်...။

လာမဲ့နှစ်မှာလဲ သည်လိုကားကောင်းကားသန့်တွေ၊ လက်ရာကောင်း လက်ရာသန့်တွေကို စုဆောင်းပြသပေးပါအုံးလို့ တောင်းဆိုလိုက်ပါရစေ။ ။

**ဝေမွန်လင်း**









ရသစာတမ်း

# ကုလားထိုင်ပေါ်မှ ဆင့်ကဲအတွေးစများ

## သက်လွင်(ဆင်ပေါင်ဝဲ)

ကျွန်တော် ကုလားထိုင်တစ်လုံး
လိုချင်နေသည်မှာကြာပြီ။
ကျွန်တော့်အိမ်တွင်
ကုလားထိုင်မရှိ၍မဟုတ်၊
တစ်လုံးရှိသည်။ သို့သော်
မလုံလောက်ချေ။ အိမ်တွင်
မိသားစုဝင်ခြောက်ယောက်
ရှိသည့်အနက်
အဖေနှင့် ကျွန်တော်သာ
ယောကျ်ားသားများ
ဖြစ်သည်။
အမေနှင့်ညီမများမှာ
ကုလားထိုင်တွင်
ထိုင်လေ့မရှိ။ ထိုင်သည်က
အဖေနှင့်ကျွန်တော်သာ
ဖြစ်သည်။ ကျောင်းပိတ်
ရက်ပြန်လာသည့်အချိန်နှင့်
နွေရာသီကျောင်းပိတ်ရက်
များမှာ အိမ်အောက်တွင်
ထိုကုလားထိုင်ဖြင့်ထိုင်၍
စာရေး၊ စာဖတ်
လုပ်ဖြစ်သည်။
အဖေက နေ့လယ်နေ့ခင်း
များတွင် တစ်ရေးတစ်မော
အိပ်တတ်သည်။
အဖေ အိပ်ရာကနိုး၍
အိမ်အောက်ဆင်းလာလျှင်
ကျွန်တော်က
ကုလားထိုင်ပေါ်မှ
ဖယ်ပေးရသည်။
သားအဖနှစ်ယောက်
ကုလားထိုင်တစ်လုံးကို

အချိန်ခွဲတမ်းနှင့်ထိုင်နေရသည့် အခြေအနေကြောင့် ကုလားထိုင်တစ်လုံး ထပ်မံလိုချင်နေသည့်ဆန္ဒမှာ အလွန်မဟုတ်ဟု တစ်ကိုယ်စာဘာသာ တွေးမိသေးသည်။

❑

ဒီနေ့ ကျွန်တော် ယာခင်းထဲသို့ရောက်ခဲ့သည်။ ဆိုရလျှင် ကျွန်တော့်မှာ ယာထဲချောင်းထဲသို့ အရောက်အပေါက်နည်းလွန်းသူဖြစ်သည်။ ပညာရေးဝန်ထမ်းဖြစ်သည်ကတစ်ကြောင်း၊ တာဝန်ကျရာဒေသနှင့် ဇာတိရွာမှာ အလှမ်းဝေးနေသည်ကတစ်ကြောင်းမို့ နှစ်ပေါက်၍ တစ်ခေါက်ရောက်ခဲလှသည်။ ဒီနေ့ကျောင်းပိတ်ရက်ဖြစ်၍ မြေပဲခင်းကြည့်ရန်ရောက်ခဲ့ခြင်းဖြစ်သည်။ ယာတစ်ကွင်းလုံးအား လှည့်ပတ်ကြည့်ပြီး ယာခင်းအလယ်ရှိ တစ်ပင်တည်းထီးထီးရှိနေသော ထန်းပင်အောက်သို့ ရောက်ခဲ့သည်။ ထန်းပင်အောက်တွင် ထန်းပလပ်များ ကြွေထားသည်မှာ ပြန့်ကျဲနေသည်။ ပဲပင်တချို့ကိုဖိမိနေသဖြင့် ပဲပင်ကလေးများမှာပြားနေတော့သည်။ ထန်းပလပ်ပြားများကို ကောက်ယူဖယ်ရှား၍ ယာစည်းဘောင်သို့ ပို့ရသည်။ ထိုစဉ် ကျွန်တော့်အတွေးထဲတွင် ကုလားထိုင်ကိစ္စ သတိရလာသည်။ ခါးတွင်ထိုးထားသည့် ဓားဖြင့် သင့်တော်မည့်ထန်းပလပ်ပြားများကို ဖြတ်တောက်ယူသည်။ နီးရာနွယ်တစ်ချောင်းဖြင့် စုစည်း၍ အိမ်သို့ထမ်းယူလာခဲ့သည်။ ထိုထန်းပလပ်ပြားများဖြင့် ကုလားထိုင်တစ်လုံးလုပ်ရပေမည်။

လွန်ခဲ့သည့်နှစ်က ကုလားထိုင်တစ်လုံးလုပ်ဖူးသည်။ သို့သော် ကုလားထိုင်ဘဝသို့မရောက်ခဲ့ပေ။ ထန်းပလပ်ပြားများကို အပေါက်ဖောက်ရသည်မှာ လွန်စွာခဲယဉ်းလှသည်။ အစိုဖြစ်လျှင် အကြောင်းမဟုတ်ပေ။ လွန်သွားဖြင့် ထိုးဖောက်လို့ရသည်။ ဖောက်သည့်အပေါက်များလျှင် ထန်းပလပ်အခြောက်မှာ ထက်ခြမ်းကွဲကုန်တော့သည်။ ထန်းပလပ်တစ်ပြားကွဲ၍ နောက်တစ်ပြားဖြင့် အစားထိုးဖောက်သည်။ ကွဲပြန်သည်။ ကြာလာတော့ ကျွန်တော် စိတ်မရှည်ချင်ချေ။ ကွဲကုန်သည့် ထန်းပလပ်ပြားများနှင့် ကျန်နေသေးသည့် ထန်းပလပ်များကို အမေ့မီးဖိုဆောင်သို့ပို့လိုက်သည်။ ထိုစဉ် ကျွန်တော်၏ ကုလားထိုင်စီမံကိန်းပရောဂျက်မှာ အမေ့မီးဖိုတွင်သာ အဆုံးသတ်ရရှာသည်။

❑

ကျွန်တော် ထန်းပလပ်ပြားများကိုထမ်း၍ဝင်လာသည်ကိုမြင်သော အမေက "မီးမွှေးစာရအုံးတော့မယ်"ဟု ရယ်ကျဲကျဲမျက်နှာပေးဖြင့် ခနဲ့ရှာသည်။ ဒီတစ်ကြိမ်တော့ အဖေ့ကိုစစ်ကူခေါ်ရတော့သည်။ သားအဖနှစ်ယောက်သည် ဆွမ်းစားချိန်ခန့်မှစ၍ ကုလားထိုင်စီမံကိန်းကိုစတင်သည်။ အဖေက မူလရှိသည့် ကုလားထိုင်မှအတိုင်းကိုယူ၍ ခဲတံတစ်ချောင်းဖြင့် ခဲမှတ်ပေးသည်။ အဖေမှတ်ပေးသည့်အတိုင်းများကို ကျွန်တော်က လက်ထိုးလွှဖြင့်ဖြတ်ရသည်။ ထို့နောက် အဖေက အပေါက်ဖောက်ရမည့်နေရာများကို ခဲဖြင့်မှတ်ပြန်သည်။ ထမင်းစားချိန်ရောက်သောအခါ အမေက "လက်သမားသားအဖတို့ ထမင်းမစားကြတော့ဘူးလား" ဟု အငေါ်တူးသည်။ ကျွန်တော်တို့သားအဖနှစ်ယောက်မှာ ကိုယ့်အာရုံနှင့်ကိုယ်မို့ ပြန်မချေပဖြစ်ချေ။ ထိုနေ့က နေ့လယ်စာထမင်းဝိုင်းသည် မိသားစုလက်မဆုံလိုက်ကြပါ။ ထန်းပလပ်ပြားများကိုအပေါက်ဖောက်ရန် လွန်သွားယူလာစဉ် "ရမလားကွ၊ ဒေါင်ဆောက်ကလေးနဲ့ တူယူလာခဲ့"ဟု ဆိုသည်။ ကျွန်တော်က ဆောက်ဖြင့် အပေါက်ဖောက်နေစဉ် ဘေးမှအဖေက "သိပ်ပြီးအားထည့်မရိုက်နဲ့၊ ခဲအမှတ်မကျော်စေနဲ့"စသည်ဖြင့် တတွတ်တွတ်မှာရှာသည်။ ဆောက်ဖြင့်ဖောက်ရသည်မှာ အချိန်ကြာသည်။ စိတ်မရှည်တတ်သည့်ကျွန်တော့်မှာ အဖေဆူမည်စိုး၍ စိတ်ရှည်နေရသည်။

ကျွန်တော့်စိတ်ကူးတွင် ကုလားထိုင်ဘေးလက်တင်ရှေ့နား၌ စာအုပ်တင်၍ရသည့်နေရာလေးထည့်ချင်သည်။ ထိုစိတ်ကူးကို အဖေ့အားပြောပြရာ "ဇာချဲ့ပြန်ပြီကွာ"ဟု ညည်းတွားသည်။ ထို့နောက် တစ်ထွာပတ်လည်ခန့်ရှိသည့်ပျဉ်ပြားလေးအား ရွှေပေါ်ထိုး၊ အချောသပ်ပေးပြီး လွန်သွားနှင့်အပေါက်ဖောက်ပေးသည်။ အဖေသည် ကျွန်တော်လိုချင်သည့်ပုံစံမျိုးရရန်

စိတ်ရှည်ရှာသည်။

ထိုနေ့က နေ့လယ်စာထမင်းကို အမေ၏ ဗျစ်တောက်ဗျစ်တောက်နိုင်မှုကြောင့် နှစ်ချက်တီးခန့်တွင် စားဖြစ်ကြသည်။ စားပြီး ခဏနား၍ ကျွန်တော်တို့ ပရောဂျက်ကိုစတင်ကြပြန်သည်။ ထန်းပလပ်ပြားများ အပေါက်ဖောက်ပြီးသောအခါ တစ်ပေခွဲခန့်စီဖြတ်ထား သော ဝါးကင်းပိတ်ကလေးများကို ဓားဖြင့် ဘေးတစ် ဖက်တစ်ချက်တွင် အချောသပ်ကြရပြန်သည်။ အဖေ နမူနာပြထားသည့်အတိုင်းအတာထိရအောင် အချော သပ်ရသည်။ အချောသပ်ပြီးသောဝါးလုံးကလေးများ ကို ထန်းပလပ်ပြားအပေါက်တွင် အံကိုက်၊ မကိုက် တပ် ကြည့်ရသည်။ မကိုက်လျှင် ထပ်ပြီးအချောသပ်ရသေး သည်။ အသပ်များသွားလျှင် အပေါက်နှင့်ချောင်သွား မည်စိုး၍ လက်မလွန်စေရန်သတိပြုရပြန်သည်။ အလွန် လက်ဝင်သည့် ကုလားထိုင်ပါပေ။

❑

ညနေ နေစောင်းသောအခါ ကုလားထိုင်လေးမှာ ရုပ်လုံးပေါ်လာသည်။ အဖေက လက်တင်ပေါ်တွင် လေးထောင့်ပျဉ်ပြားလေးကို မူလီစွဲ၍ကျပ်ပေးသည်။ အခင်းသာလိုတော့သည်။ အဖေက အိမ်နောက်ဖေးရှိ ဝါးရုံတောမှ ဝါးသန့်သန့်သုံးလုံးကို ခုတ်ယူလာပြီး နီးကြောလေးများခွာပေးသည်။ ထိုနီးကြောလေးများကို ကျွန်တော်က ထပ်မံ၍အချောသပ်ရပြန်သည်။ ထိုနီး ကြောကလေးများကို ထန်းပလပ်ကုလားထိုင်တွင် ထန်း လျှော်ဖြင့်ကွပ်ပြီး ကုလားထိုင်ပရောဂျက်ကိုအဆုံးသတ် လိုက်ကြသည်။ ကျွန်တော်တို့သားအဖနှစ်ယောက်သည် ကုလားထိုင်တစ်လုံးကို အောင်မြင်ပြီးမြောက်အောင် လုပ်ဆောင်နိုင်ခဲ့ကြပေပြီ။ အဖေက ကုလားထိုင်အသစ် ပေါ်သို့တက်ထိုင်ပြီး အမေ့ကိုမြိန့်မြိန့်ကြီးပြုံးပြနေပါ သည်။ ထိုအပြုံးသည် 'ဘယ့်နှယ်လဲရှင်မ မြင်ပြီလား' ဟုပြောနေသည့် အပြုံးမျိုးဖြစ်ပေမည်။

ကျွန်တော် အကျေနပ်ကြီး ကျေနပ်နေပါတော့ သည်။ ထိုကုလားထိုင်ပေါ်တွင်ထိုင်၍ စာရေး၊ စာဖတ် လုပ်နိုင်တော့မည်ဖြစ်သည်။ လသာသည့်ညများတွင် လည်း အိမ်ရှေ့ထွက်၍လည်းကောင်း၊ နေ့လယ်နေ့ခင်း များတွင်လည်းကောင်း ကုလားထိုင်နှစ်လုံးဖြင့် သားအဖ နှစ်ယောက် မျက်နှာချင်းဆိုင်၍ အကြောင်းအရာမျိုးစုံကို ပြောဆိုဆွေးနွေးနိုင်တော့မည်ဖြစ်သည်။ ထိုအကြောင်း အရာများမှာ အိမ်၏စီးပွားရေးလည်းဖြစ်နိုင်ပါသည်။ ယာထဲမှသီးနှံများအကြောင်းလည်း ဖြစ်နိုင်ပါသည်။ ကျွန်တော်ကြုံရသည့် တပည့်များအကြောင်းလည်းဖြစ် နိုင်ပါသည်။ ကျွန်တော်ရေးခဲ့သည့် ဝတ္ထုတိုများအကြောင်း လည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ငြင်းခုံကောင်း ငြင်းခုံ နိုင်ပေမည်။ ဆွေးနွေးညှိနှိုင်း တိုင်ပင်နိုင်ပေမည်။ နောက်ဆုံးတွင်တော့ အဖြေရှာနိုင်ပါလိမ့်မည်။

ထိုကုလားထိုင်အသစ်ကလေးပေါ်တွင်ထိုင်၍ ကျွန်တော် အတွေးနယ်ချဲ့နေမိပါသည်။ အဖေသည် အသက်ခြောက်ဆယ်စွန်းခဲ့ပေပြီ။ လူကြီးပိုင်းသို့ ရောက်နေပြီဖြစ်သည်။ ကျွန်တော့်အသက်သည်လည်း သုံးဆယ်ထဲရောက်စပြုပြီဖြစ်သည်။ အဖေသည် လူကြီး ဖြစ်၍ ကျွန်တော်က လူငယ်ဖြစ်သည်။ ကုလားထိုင် လေးသည် ကျွန်တော်တို့သားအဖအတွက် အဖြေဖြစ် သည်။ ကျွန်တော်တစ်ယောက်တည်းကြိုးစားခဲ့စဉ်က ကုလားထိုင်လေးသည် အမေ့မီးဖိုအတွက် ထင်းသာဖြစ် ခဲ့ရသည်။ ယခုမှာမူ ကုလားထိုင်အစစ်ဖြစ်ခဲ့ရသည်။ ကျွန်တော်၏လုပ်အားကြောင့်ဟုပြောလျှင် မမှန်နိုင် သကဲ့သို့ အဖေ၏စွမ်းဆောင်ရည်ကြောင့်ဟုပြောလျှင် လည်း မှားနေပါဦးမည်။ အဖေ၏အတွေ့အကြုံ၊ လမ်း ညွှန်ပြသတတ်မှု၊ စိတ်ရှည်တတ်မှုတို့နှင့် ကျွန်တော်၏ ခွန်အား၊ လုံ့လ၊ တီထွင်ဖန်တီးလိုသောစိတ်ကူးတို့ ပေါင်းစပ် မှုကြောင့် မူလကုလားထိုင်ထက် သားနားသေသပ်သော ကုလားထိုင်တစ်လုံးရရှိခဲ့သည်ဟု ဆိုချင်ပါသည်။ ထိုမှတစ်ဆင့် ကျွန်တော်တို့တိုင်းပြည်၏သားအဖများ ကိုလည်း ကျွန်တော့်အတွေးထဲသို့ ဆွဲသွင်းလိုက်မိပေ သည်။ လှလှပပ ရုပ်လုံးကြွမည့် ကုလားထိုင်လေးများ ဖန်တီးနိုင်ပါစေကြောင်း အတွေးမှထပ်ဆင့်ဆုတောင်း မိပါသည်။ ။

**သက်လွင်(ဆင်ပေါင်ဝဲ)**



# ဥပ္ပါတသန္တိစေတီတော်ရိပ်ဝယ်

✔ မြင်းမူမောင်နိုင်မိုး

ထိုနေ့က မိုးတွေ သဲသဲမဲမဲရွာနေသည်။ ရန်ကုန်နှင့် နေပြည်တော်သည် မိုင် ၂၀၀ ဝန်းကျင်သာရှိ၏။ မိမိကိုယ်ပိုင်ကားနှင့်ဆိုပါက အများဆုံးမောင်းရလျှင် ၄ နာရီကျော်ကျော် ၅ နာရီနီးပါးမျှသာပင်။ သို့သော် သည်းထန်သောမိုးကြောင့် ကားကိုသတိထားကာ ထိန်းထိန်းသိမ်းသိမ်း မောင်းနေရသဖြင့် ၇ နာရီ နီးပါးခန့်ကြာလေသည်။ အငယ်ဆုံးသားလေး၏ အလုပ်ဝင်ခွင့်ကိစ္စတွင် ရေးဖြေအောင်မြင်ပြီး လူတွေ့စစ်ဆေးခံရန်ရှိ၍ သားအဖနှစ်ယောက် မဖြစ်မနေထွက်ခွာလာကြခြင်းဖြစ်၏။ ဩဂုတ်လလယ်ဆိုသည်မှာ မိုးရွာ၍ ကောင်းတုန်းကာလဖြစ်လေတော့ မိုးကိုအပြစ်မဆိုသာ၍ မရနိုင်။

နေပြည်တော်ရှိ တည်းခိုမည့်နေရာရောက်တော့ မွန်းလွဲ ၁ နာရီကျော်ပြီ။ တော်ပါသေးရဲ့။ ရုံးချိန်အတွင်း သတင်းပို့ရမည်ဆိုတော့ အချိန်မီသေးလို့။

သားငယ်မြတ်သီဟမောင်က နေပြည်တော်ကို ဖြတ်သွားဖြတ်လာမျှသာရောက်ဖူးသည်။ သူသတင်းပို့ ရမည့်ရုံးကို ရှာဖွေမေးမြန်းသွားလာရင်း တွေ့မြင်ရသည့် အဆောက်အအုံများ၊ လူနေအိမ်များ၊ သစ်ပင်ပန်းပင် များကို တအံ့တသြကြည့်ရှုနေ၏။ ဖြူးဖြောင့်၍ ခံ့ညား သားနားလှသော လမ်းမလမ်းကျယ်အသွယ်သွယ်ကို တွေ့မြင်ရ၏။ လမ်းဘေးဝဲယာတွင်သာမက လမ်း အလယ်ကျွန်းမှာပါ သစ်ပင်ပန်းပင်တွေကိုစိုက်ပျိုး ထားလိုက်သည်မှာ စနစ်တကျရှိလှပါဘိ။

"အဖေ့. . .ဒီကလမ်းတွေက ကောင်းလိုက်တာ နော်၊ ကားတွေဆို ရှင်းလင်းနေတာပဲ၊ ယာဉ်ကြောလဲ မပိတ်ဆို့ဘူး၊ လမ်းတွေကကျယ်လဲကျယ်၊ သန့်လဲသန့်၊

ရုံးတွေကလဲ ခုံတယ်နော် အဖေ"

သားငယ်လေးအတွက်တော့ မြင်မြင်သမျှ အကုန်လှ၍နေတော့၏။

ကျွန်တော်ကတော့ နေပြည်တော်စတင်တည်ထောင်ဆောက်လုပ်နေသည့် ၂၀၀၅ ခုနှစ်ဝန်းကျင်က ထင်ပါသည်၊ ဘာမှန်းညာမှန်းမသိဘဲ ဆောက်လုပ်ရေးလုပ်ငန်းခွင်ထဲဖြတ်သန်းမောင်းနှင်ဖူး၏။ အဲဒီတုန်းက ဖုန်တထောင်းထောင်းပါ။ ရန်ကုန်မှတောင်ကြီးသို့အသွား ထိုနေရာရောက်သော် ဘာတွေလုပ်နေကြတာပါလိမ့်ဟု သိချင်စိတ်ဖြင့် သူတစ်ပါးလုပ်ငန်းခွင်ထဲ ဖြတ်သွားမိခြင်းဖြစ်၏။

ထိုစဉ်က ထိုနေရာသည် နေပြည်တော်ကြီးတည်ထောင်ဖို့ အထက်အဆင့်ဆင့်စီမံကွပ်ကဲမှုဖြင့် စီမံကိန်းကြီးဆောင်ရွက်နေသည်ကို ကျွန်တော်မသိရိုးအမှန်ပင်။

သို့ရာတွင် ၂၀၀၆ ခုနှစ်တွင် ထိုနေရာသည် နေပြည်တော်ဟူသည့် မြို့တော်သစ်ကြီးဖြစ်ကြောင်း တရားဝင်သိရှိခဲ့ရ၏။ ၂၀၀၇ ခုနှစ်ကစ၍ တပ်မတော်နေ့ အကြိုစာပေဟောပြောပွဲများ၊ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားများနှင့် သတင်းစာရှင်းလင်းပွဲများကို နေပြည်တော်တွင်ကျင်းပပြုလုပ်သည်။ ထိုပွဲ ထိုအခမ်းအနားများသို့ စာပေပညာရှင်၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်၊ စာရေးဆရာ၊ ကိုယ်စားလှယ် စသည့် တာဝန်အမျိုးမျိုးဖြင့် ကျွန်တော်တက်ရောက်ခဲ့ရသည်။

ထို့ကြောင့် တစ်နှစ်လျှင်သုံးလေးခေါက်တော့ နေပြည်တော်သို့ရောက်ပါသည်။ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၊ စည်ပင်သာယာတည်းခိုဆောင်များ၊ ဟိုတယ်ဇုန်ရှိ ဟိုတယ်အစုံတွင် မကြာခဏတည်းခိုခဲ့ရသည်။

အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စပါးစိုက်ပွဲ၊ စပါးရိတ်ပွဲ၊ တောင်သူလယ်သမားတေးသီချင်းပြိုင်ပွဲများ မကြာခဏကျင်းပသည်ဖြစ်ရာ ထိုပွဲများကျင်းပတိုင်း တက်ရောက်ရသည်ဖြစ်၍ နေပြည်တော်ကို အခေါက်ပေါင်းများစွာရောက်ရှိခဲ့ရသည်။ နေပြည်တော်သည် တစ်ခေါက်နှင့်တစ်ခေါက်မတူတော့ဘဲ ပို၍ပို၍တိုးတက်ဖွံ့ဖြိုးစည်ကားလာသည်ကိုတွေ့ရှိရပါသည်။ ထိုအချိန်က တိုင်းပြည်ကိုဦးဆောင်ဦးရွက်ပြုခဲ့ကြသည့်အကြီးအကဲများ၏ လုပ်ဆောင်နိုင်မှုစွမ်းရည်နှင့် ထကြွလုံ့လဝီရိယရှိမှုကား အံ့သြစရာပင်ကောင်းလှပေသေးသည်။

နေပြည်တော်ဟူသည် မူလထိုနေရာတွင်ရှိပြီးဖြစ်သော မြို့များဖြစ်သည့် တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေး ၃ မြို့နယ်နှင့် အသစ်ထပ်မံတည်ထားသည့် ဇေယျာသီရိ၊ ဇမ္ဗူသီရိ၊ ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိနှင့် ဥတ္တရသီရိဟူသော မြို့ ၈ မြို့ကို ပူးပေါင်းခေါ်ဝေါ်ခြင်းဖြစ်သည်။ ထို ၈ မြို့နယ်ကို နေပြည်တော်ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ခဲ့သည်။ ၂၀၀၆ ခုနှစ်၊ ဇွန်လ ၁ ရက်တွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုနယ်မြေအတွင်း ဥပဒေနှင့်အညီ စီမံခန့်ခွဲခဲ့ကြပေသည်။

နေပြည်တော်စတင်တည်ထောင်ခါစက ရန်ကုန်လို မြို့တော်ကြီးမှပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသောဝန်ထမ်းများမပျော်ပိုက်ကြပေ။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်က ဆောက်လုပ်ခါစလည်းဖြစ်သည့်အပြင် ဆောက်လုပ်သည့်အဆောက်အအုံသစ်များအတွက် သစ်ပင်သစ်တောတွေက ခုတ်ထွင်ရှင်းလင်းရသည်ဖြစ်ရာ ခြောက်သွေ့ပူလောင် ကုန်းခေါင်ခေါင်လိုဖြစ်နေသောကြောင့်ပင်။ နေပြည်တော်တွင် ကြပ်ပြေး၊ ပြန်ကပြေး အစရှိသော ရွာကလေးများရှိသည်။ ထို့ကြောင့် ထိုအချိန်ကာလက ပြည်ပအသံလွှင့်ဌာနအချို့နှင့် ပြည်တွင်းရှိ မလိုတမာစိတ်ထားရှိသူအချို့က 'ကြပ်ပြေးဒေသဟာ... ကြပ်ပြေးဒေသဟာ' စသည်ဖြင့် သရော်သလို နှိမ့်ချသလို ပြောဆိုအသံလွှင့်ခဲ့ကြသေးသည်။

ယခုတော့ဖြင့် အဆိုပါကြပ်ပြေးဒေသသည် ပျော်ရွှင်ခြင်းတိုင်းပြည်ဖြစ်နေပြီဟု ဆိုရမည်ထင်သည်။

နေပြည်တော်မှာ ဥပ္ပါတသန္တိစေတီတော်ကြီးအပါအဝင် ဖူးမြော်ကြည်ညိုစရာဘုရားတွေကများလှ

သည်။ ရွှေလက်လှဘုရား၊ သတ္တဋ္ဌာနဘုရား၊ မဟာသကျရံသီဘုရားကြီးများအပါအဝင် အခြားတန်ခိုးကြီးဘုရားတွေများစွာ စံပယ်နေသည်။ လည်စရာပတ်စရာများက စုံလှသည်။ ဆင်ဖြူတော်ရုံ၊ ရေပန်းဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ အမျိုးသားပြတိုက်၊ တပ်မတော်စစ်သမိုင်းပြတိုက်၊ ကျောက်မျက်ရတနာပြခန်း၊ သူ့ရဲကောင်းဗိမာန် အစရှိသဖြင့် ခံ့ညားသားနားလှသော ပြခန်း၊ ပြတိုက်တွေ၊ ပျော်ရွှင်ဖွယ်နေရာတွေက နေပြည်တော်၏အလှကို ဖြည့်စွမ်းပေးနေကြပေသည်။ ပြီးတော့သွားလာရေး၊ တည်းခိုနေထိုင်ရေးတို့အတွက် နေပြည်တော်ကို လေယာဉ်၊ ရထား၊ ကား ကြိုက်သည့်လမ်းကြောင်းမှ လာရောက်နိုင်သည်။ တည်းခိုဖို့အတွက်လည်း ပူစရာမလို။ သက်သက်သာသာနှင့်တည်းခိုနိုင်သည့် တည်းခိုခန်းတွေအမြောက်အမြားရှိသလို ငွေကြေးတတ်နိုင်သူတွေအတွက် အဆင့်မြင့်ဟိုတယ်ကြီးများအများအပြားရှိပါသည်။

ဝန်ထမ်းများဆိုလျှင် စည်ပင်ရိပ်သာတွင်တည်းခိုနိုင်သည်။ ဈေးဝယ်လိုသူများအတွက် မြို့မဈေး၊ သပြေကုန်းဈေးတို့ကဲ့သို့သော ဈေးကြီးတွေအပြင် ကက်ပီတယ်၊ အိုးရှင်းတို့လို ကုန်တိုက်ကြီးများလည်းရှိသည်။

ပြောရမည်ဆိုလျှင်တော့ နေပြည်တော်သည် အခြေခံလိုအပ်ချက်တွေ အားလုံးပြည့်စုံနေသောနေရာတစ်ခုဖြစ်သည်ဟု ဆိုချင်မိသည်။

လမ်းတွေအမည်ပေးပုံ၊ လမ်းလေးခွဆုံတွင် အဝိုင်းကြီးတွေကို ခံ့ညားစွာတည်ဆောက်ခဲ့ပုံ၊ လွှတ်တော်အဆောက်အအုံ၊ သမ္မတအိမ်တော်၊ ဝန်ထမ်းအကြီးအကဲနေအိမ်၊ ရုံးများ၊ ဟိုတယ်များ၊ ပြခန်းပြတိုက်များ အစရှိသည့် များပြားလှသည့်အဆောက်အအုံများကို ဟာကွက်လိုကွက်မရှိ စနစ်ကျနစွာတည်ဆောက်နိုင်ခဲ့ပုံများမှာ နောင်လာနောက်သားတို့ အထူးပင်အလေးထားမှတ်သားစရာကောင်းလှသည်။ ပြောရမည်ဆိုလျှင်တော့ ထိုစဉ်ထိုအချိန်ကအုပ်ချုပ်ခဲ့သည့်အစိုးရမှာ တပ်မတော်အစိုးရဖြစ်သဖြင့် ဤနေပြည်တော်ကြီးမှာ တပ်မတော်က တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟုသာ ဆိုရပေမည်။ စွမ်းရည်ရှိသောတပ်မတော်ဆိုသည်ကို မည်သူမျှ ငြင်းဆို၍မရနိုင်ပေ။

မိုးရွာသောထိုနေ့ကို ပြန်ကောက်ရပေဦးမည်။

ထိုနေ့က နေပြည်တော်ရောက်တော့ မိုးကဖွဲဖွဲလေးသာရွာတော့၏။ သားငယ် သတင်းပို့ရမည့်ရုံးမှာ တည်းခိုရာနှင့်အတော်ဝေးသည်။ သည်အထဲ လမ်းကလည်းမသိလေတော့ လမ်းညွှန်ဆိုင်းဘုတ်တွေကိုကြည့်လိုက်၊ မိမိအသိအကျွမ်းများဆီ ဖုန်းဆက်မေးလိုက်နှင့် အတော်ကိုရင်မောရလေသည်။ နောက်ဆုံးတော့လည်း ထူထပ်လှသောသစ်ပင်အုပ်တွေအောက်မှာ ငြိမ်းချမ်းစွာလဲလျောင်းနေဟန်ရှိသည့် သားငယ်သတင်းပို့ရမည့်ရုံးကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သဖြင့် တော်ပါသေး၏။

နောက်တစ်နေ့မနက်မှာ ကြွခိုင်ရေးဆန်းစစ်ခံယူရမည့် အားကစားကွင်းကို သွားရောက်သတင်းပို့ရသည့်အခါတွင်လည်း GPS ကိုပင် အားကိုးရပြန်သည်။ သည်အထဲ ဇေယျာသိဒ္ဓိအားကစားကွင်းနှင့် ဇေယျာသီရိကွင်းအကြည့်များသွား၍ တစ်နာရီခန့် အချိန်တွေဆုံးရှုံးရပြန်သည်။ သားငယ်လေး၏ ကိုယ်တိုင်သတင်းပို့ မျက်နှာပြခြင်း၊ လူတွေ့စစ်ဆေးခြင်း၊ ကျန်းမာရေးဆန်းစစ်ခြင်းများ ပြီးစီးသောအခါမှပင် စိတ်ရောလူပါ အေးအေးလူလူ အနားယူရလေသည်။ ကျွန်တော်တို့တည်းခိုသည့်မိုတယ်အမည်က 'မိုးမခ'တဲ့။ နာမည်လေးလှသလိုမိုတယ်လေးကလည်းလှသည်။ သပ်ရပ်သန့်ရှင်းပြီး တည်းခိုချင်စရာကောင်းသည်။ နံနက်စောစောစားစားတော့လည်း ဟိုတယ်ပိုင်ရှင်ဇနီးမောင်နှံနှစ်ဦးစလုံးက တည်းခိုသူဧည့်သည်များကို ကိုယ်တိုင်ဧည့်ခံကျွေးမွေးသည်။ စေတနာကောင်းလှပေစွ။ သူတို့ဇနီးမောင်နှံ၏အမည်မှာ ဦးမြင့်ထွေးနှင့် မမိုးတို့ဖြစ်လေသည်။

နောက်တစ်နေ့တွင် ရန်ကုန်သို့ပြန်ရမည်ဖြစ်လေသည်။ သားငယ်လေးကို ဟိုဟိုဒီဒီလိုက်ပို့ချင်သော်လည်း အချိန်မရတော့ပေ။ ရေမိုးချိုးပြီး ညနေပိုင်းရောက်တော့ မိုတယ်မှလှမ်း၍ဖူးမြင်ရသော ဥပ္ပါတသန္တိစေတီ

တော်ကြီးကို သားအဖနှစ်ယောက်ဖူးမြော်ရတော့သည်။ ဘုရားကြီးကား သပ္ပာယ်လွန်းလှ၏။ ဘုရားကြီး၏ ဘေးမှ အကြိမ်ကြိမ်အခါခါဖြတ်သွားရင်း လက်အုပ်ချီကန်တော့ရသည်။ ယခုလည်း သားအဖနှစ်ယောက် သာယာလှပသော နေပြည်တော်၏ရှုမျှော်ခင်းများကို ကြည့်ရှုရင်း ဘုရားဖူးရသည်မှာ ကြည်နူးစရာကောင်းလှသည်။

"အဖေ့. . .ဒီဘုရားကြီးကိုဖူးရတာ ရွှေတိဂုံစေတီတော်ကြီးကို ဖူးရသလိုပဲနော်"

"အေးပေါ့သားရယ်၊ နေပြည်တော်ကြီးတည်ကတည်းက တိုင်းပြည်အုပ်ချုပ်တဲ့အကြီးအကဲတွေက မြို့တော်ဂုဏ်ရောင်ထွန်းပြောင်စေချင်လို့ ဒီဘုရားကြီးကို ပြည်သူတွေနဲ့အတူ တည်ထားကိုးကွယ်ခဲ့တာ"

သားငယ်က ဘုရားကြီးကိုလှမ်း၍ဖူးမြော်ရင်း တစ်ခါထပ်၍ လက်အုပ်ချီကာ–

"ဘယ်သူတွေတည်ခဲ့တာလဲ အဖေ"

"မင်းနဲ့ပြည်သူ အတူတူတည်ခဲ့တာပေါ့ သားရယ်"

"သြော်. . ."

သားငယ်လေးသည် အသက်နှစ်ဆယ်ပြည့်ပြီးခါစဖြစ်သည်။ ဒီလောက်တော့ သူလည်းနားလည်နိုင်ပေသည်။ အမှန်စင်စစ်တော့ နေပြည်တော်ကြီးကို ရောက်ရှိတိုင်း ဤဘုရားကြီးကိုဖူးမြော်ရသည်မှာ ခွန်အားတွေပြည့်သွားသလို ခံစားရသည်။ တောင်ကုန်းအနိမ့်အမြင့်လေးတွေ အစီအရီဆင့်၍နေသည်။ ရိုးမတောင်တန်းက နောက်ခံပန်းချီကားသဖွယ် နီလာရောင်သန်း၍နေလေသည်။ အထူးသဖြင့် လသာသောညများဆိုလျှင် ဘုရားဖူးရတာ ပို၍ပင်သန္တပီတိဖြစ်မိသည်။

ကျွန်တော်က တပ်မတော်အစိုးရလက်ထက်က မင်းနှင့်ပြည်သူ ကြည်ဖြူခွန်အား စွမ်းပကားဖြင့် တည်ထားခဲ့သော ဘုရားကြီးကိုဦးချရင်း ကျေးဇူးတရားကို ဆင်ခြင်နေမိသည်။ သားငယ်လေးကတော့ ဘုရားကြီးကိုဦးချကန်တော့ရင်း ဘာတွေများဆုတောင်းရွတ်ဆိုနေသည်မသိ။ နှုတ်ခမ်းလေးတရွရွနှင့်။ ပြီးတော့ ဘုရားကြီးဘက်သို့လှည့်ကာ ဦးသုံးကြိမ်ချရှိခိုးကန်တော့လိုက်သည်ကို ရှုမြင်ရသည်။ လဆန်း ၄၊ ၅ ရက်မို့ ဟိုးအဝေးတွင် ကြယ်ကလေးတွေနှင့်အတူ ဆန်းစလကွေးကွေးကလေးကိုသာ ရှုမြင်ရပေ၏။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကား လရောင်ကလေးမှုန်ပျပျအောက်မှာပင် တောက်ပထိန်ညီး ရွှေတောင်ကြီးပေါက်သကဲ့သို့ပင်တည်း။

## ဥပ္ပါတသန္တိစေတီတော်ရိပ်ဝယ်

မိုးနှင့်တိမ်နှင့်၊ စိန်ကြယ်ပွင့်တို့
အသင့်တူမျှ၊ ပွင့်ဖူးကြလျက်
ငွေလမီးအိမ်၊ ထွန်းညှိချိန်ဝယ်
ဦးနှိမ့်ဖူးမြင်၊ မြတ်ရင်ပြင်ဝယ်
ဘဝင်ချမ်းမြ၊ ရွှင်လန်းရသည်
သန္တပီတိနှင့်ပါဘုရား။

ရေနှင့်မြေနှင့်၊ အခြေသင့်သော
အတင့်အတယ်၊ ဤရပ်နယ်တွင်
အံ့ဖွယ်ညီးညီး၊ ရွှေတောင်ကြီးနှယ်
ရတ်ခြည်းရောက်ကာ၊ ပေါ်ပေါက်လာသို့
များစွာလူနတ်၊ ကောင်းချီးထပ်လျက်
မပြတ်ဤတွင်၊ ဖူးအံ့ထင်သည်
ကြည်စင်နှလုံးနှင့်ပါဘုရား။

တောနှင့်တောင်နှင့်၊ လျှိုမြောင်ဆင့်လျက်
နိမ့်မြင့်သစ်ပင်၊ စိုစိမ်းလွင်၏
ကြည်လင်ငြိမ့်ညောင်း၊ စီးဆင်းကောင်းသည့်
မြစ်ချောင်းစံပျော်၊ နေပြည်တော်နှင့်
သင့်လျော်တူမျှ၊ လိုက်ဖက်ရအောင်
မြန်းကြွပေသည်၊ ရွှေစေတီဟု
ရွှင်ကြည်ဆွတ်ဆွတ်၊ ရှိဦးညွှတ်သည်
တုလွတ်သဒ္ဓါနှင့်ပါဘုရား။

ဩော်...
မင်းနှင့်ပြည်သူ၊ ပြည်သူနှင့်မင်း
ညီညွတ်ခြင်း၏၊ ထင်လင်းသရုပ်
အဖြေထုတ်သို့
ဥပ္ပါတသန္တိ၊ ဘွဲ့မည်ရှိသား
အတိကြီးမား၊ ရွှေဘုရား၏
ရွှေသားရိပ်မြုံ၊ ရွှေရိပ်လှုံ၏
ရွှေဘုံနိမ့်မြင့်၊ အဆင့်ဆင့်ကို
ဖူးခွင့်သာစွ၊ မိုးတစ်ညဥ္ဇ
ကောင်းစွသာရ၊ ကြိမ်ကြိမ်ပြုရင်း
ရှုတိုင်းသာယာ၊ ပြည်မြန်မာ၏
ထာဝရအောင်ဟိတ်၊ အောင်နိမိတ်နှင့်
အောင်ရိပ်ဝေဝေ၊ ခိုင်မြဲစေဟု
အောင်မြေမယွင်း၊ ခြေတော်ရင်းဝယ်
ဝပ်စင်းညွတ်ပျောင်း၊ ဆုမွန်တောင်းသည်
ဆုတောင်းပြည့်ပါစေသော်ဘုရား။ ။

**(နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၊ အမှတ် (၉၃)၊**
**၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ)**
**မြင်းမူမောင်နိုင်မိုး**

---



# သုခဘုံ

သီဟဇော်(မေတ္တာအိမ်)

ချမ်းသာကိုရှာ
ဥစ္စာမှာ တွေ့လိမ့်နိုး။
ငါးမျိုးရန် အတင်းခွဲတော့
ဆင်းရဲစိတ်တိုး။

ချမ်းသာကိုရှာ
အာဏာမှာ တွေ့လိမ့်နိုး။
မာနတွေ ခေါင်အခိုက်မှာ
မှောင်မိုက်လို့ဆိုး။

ချမ်းသာကိုရှာ
ဂုဏ်လွှာမှာ တွေ့လိမ့်နိုး။
သိက္ခာကို အရောင်ဖျန်းတော့
လိပ်ပြာညို အတောင်ကျွမ်းတယ်
နွမ်းပေါ့ကိုယ်ကျိုး။

မျှော်လင့်ချက်မထားတဲ့
ကြိုးစားမှု အရင်းခံ။
အနစ်နာ နှလုံးသားမှာ
ချစ်စရာ အပြုံးများကြောင့်
ရိုးသားစိတ်မှန်။
အကောင်းမြင် တွေ့အဆက်မှာတော့
ဖြည့်စွက်လို့ နားလည်ပြန်
အားငယ်ဟန်တို့ နေရာမတွေ့။
အထီးမကျန်ပါ
သည်းခံကာ ရေစင်ဖျန်းမယ်
ချမ်းသာတယ်လေ့။ ။







# နှင်းဆီလေညင်း စာပန်းခင်း

✔ ရဲရင့်မှိုင်း

စာချစ်သူများအားလုံး မင်္ဂလာပါ။ ဘာပဲပြောပြော အခုဆိုရင် ကိုဗစ်ဟာ ကျွန်တော်တို့နိုင်ငံမှာ အားပျော့သွားပြီလို့ မဆိုနိုင်ပေမဲ့ စာနယ်ဇင်း အသီးသီးကတော့ ပြန်လည် အသက်ဝင်လာတာ ဝမ်းသာကြည်နူးစရာ ကောင်းလှပါတယ်။ ဒါ့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လထုတ် လက်လှမ်းမီသမျှ မဂ္ဂဇင်းစာပန်းခင်းဆီက နှင်းဆီလေညင်းရဲ့ သင်းပျံ့တဲ့ရနံ့ကို ခံစားရှုရှိုက်ကြည့်ကြပါစို့။

**ရွှေအမြုတေမဂ္ဂဇင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ**

ပရိသတ်အားကောင်းကောင်း၊ စာရေးဆရာအင်အားကောင်းကောင်းနဲ့ ဩဂုတ်လအတွက်ထွက်ရှိလာတဲ့ ရွှေအမြုတေမဂ္ဂဇင်းဟာ အစဉ်အလာအတိုင်း သုတရသတွေ၊ ဖတ်စရာတွေနဲ့ လှလှပပ ခမ်းခမ်းနားနားရှိပါတယ်။ အထူးသဖြင့်သွန်းချင်တာက ရွှေအမြုတေမဂ္ဂဇင်း နှစ်သုံးဆယ်ပြည့်အခမ်းအနားမှာကျင်းပခဲ့တဲ့ စာပေစကားဝိုင်းပါ။ 'ဝတ္ထုဖန်တီးသူနှင့် ဝတ္ထုဖန်တီးသူတို့၏ စိတ်ကူးဉာဏ်နှင့် အတတ်ပညာ'ဆိုတဲ့ခေါင်းစဉ်နဲ့ စာရေးဆရာမ ရာသက်ပန်(တောင်ငူဆောင်)က ကြားခံဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး ပါဝင်ဆွေးနွေးကြသူတွေကလည်း မျက်မှောက်ခေတ် မြန်မာစာပေလောက ဝတ္ထုဘာသာရပ်မှာ နာမည်ကျော်စာရေးဆရာမကြီးတွေဖြစ်ကြတဲ့ စမ်းစမ်းနွဲ့(သာယာဝတီ)၊ မနှင်းဖွေး၊ မစန္ဒာနဲ့ နုနုရည်(အင်းဝ)တို့ ဖြစ်ကြပါတယ်။


ဝတ္ထုဆိုတာ လောကအမှုအရာနဲ့ လူ့အမှုအရာတွေကို ဖွဲ့စည်းရေးရတာ အားလုံးအသိပါ။ ဒီတော့ ဝတ္ထုကိုဖန်တီးတဲ့အခါ လူတွေကို ဇာတ်ကောင်ဖြစ်သွားအောင်၊ ဇာတ်ဆောင်ဖြစ်သွားအောင်၊ ဇာတ်လမ်းဖြစ်လာအောင် ကြံဆောင်ရတာပါ။ အဲဒီအခါ စာရေးဆရာတွေရဲ့ စိတ်ထဲမှာ ဘယ်လိုစိတ်ကူးစိတ်သန်းတွေရပြီး ဖန်တီးတည်ဆောက်ဖြစ်ပုံတွေကို ဆရာမအသီးသီးက သူတို့ဖန်တီးထုဆစ်ခဲ့တဲ့ဝတ္ထုတွေနဲ့ သာဓကဆောင်ပြီး ရှင်းလင်းပြောပြသွားကြတာ အရောင်တူအဆင်ကွဲတွေမို့ စိတ်ဝင်စားစရာကောင်းလှပါတယ်။ ဒါ့ကြောင့် ဝတ္ထုအနုပညာကို ဖန်တီးရေးသားချင်သူတွေရော ရေးသားနေကြသူတွေပါ လေ့လာဖတ်ရှုပြီး ပညာယူသင့်ကြတာ အမှန်ပါပဲ။

နောက်ထပ်လေ့လာဖတ်ရှုစေချင်တာက ဆရာမောင်ရင့်မာ(ကျောင်းကုန်း) လစဉ်ပင်တိုင်တင်ဆက်နေတဲ့ 'အက်ဆေးအကြောင်းအက်ဆေး'ပါ။ အခုလမှာတော့ အက်ဆေးရေးအားကောင်းတဲ့ လူငယ်စာရေးဆရာမောင်ကြည်ရဲ့ 'တိုင်းပြည်မွေးနေ့'စာအုပ်ပေါ်အခြေခံပြီး အက်ဆေးတစ်ပုဒ်ဖြစ်အောင် ဖန်တီးရေးဖွဲ့ထားတာဖြစ်ပါတယ်။ 'မိမိတို့တိုင်းပြည်ကို ကိတ်မုန့်သဖွယ် စားပွဲပေါ်တင် ဓားနှင့်လှီးပြီး 'Happy Birthday' အော်ကာ လက်ခုပ်တီးပြီး အချင်းချင်းဝေမျှစားသုံးသည်ကိုလည်း ခံခဲ့ရဖူးပါသည်'ဆိုတဲ့အတိုင်း ကိတ်မုန့်

တစ်လုံးနဲ့ တိုင်းပြည်တစ်ပြည်ရဲ့
ဖြစ်ရပ်စုံကို
လက်ဖဝါးပေါ်တင်ပြသလို
ပီပီပြင်ပြင်မြင်နိုင်၊
ခံစားနိုင်တာမို့ အက်ဆေးချစ်သူများအတွက်
ညွှန်းလိုက်ပါရစေ။
ရွှေအမြုတေမဂ္ဂဇင်းက
ရသဝတ္ထုဆိုင်ရာကို
အသားပေးတာနဲ့အညီ
အခုလမှာ ဝတ္ထုတို ၁၄ ပုဒ်
ဖော်ပြထားတာ အားရစရာပါပဲ။
ဒီအထဲမှာ ဆရာမင်းဝေဟင်ရဲ့
'လခြမ်းလှေကို ယီးလေလေ့ခို'ဝတ္ထုတိုက
ဒီကနေ့ လူမှုလောကမှာ
မကြာခဏကြားနေ၊ ဖတ်နေရတဲ့
အဖေအရင်းခေါက်ခေါက်က
သမီးကို မတော်မတရားပြုကျင့်တဲ့
အနိဋ္ဌာရုံနဲ့ နှီးနွှယ်ဆက်စပ်တဲ့ဇာတ်ကို
ဖော်ကျူးထားတာဖြစ်ပါတယ်။
တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့







အသက်သုံးဆယ်စွန်းစွန်းသာရှိသေးတဲ့ တံငါသည်လင်မယားနဲ့ အပျိုဖော်ဝင်စ အသက် ၁၃ နှစ်သမီးတို့က ရွာပြင်အင်းစပ်တဲလေးထဲမှာနေထိုင်ကြတယ်။ တစ်နေ့မှာ အမေဖြစ်သူက အင်းထဲမှာ လှေဝမ်းပေါက်ပြီး ရေနစ်သေဆုံးသွားတယ်။ ဒီတော့ တဲထဲမှာ အဖေနဲ့သမီး နှစ်ဦးတည်းကျန်ရစ်တော့ သေဆုံးသူဇနီးသည်ရဲ့အစ်မနဲ့ သူ့ယောကျ်ားရယ်၊ ရွာဆယ်အိမ်ခေါင်းနှစ်ယောက်ရယ်တို့က မယုံသင်္ကာဖြစ်လို့ လက်ပူးလက်ကြပ်ဖမ်းဖို့ ရောက်လာကြတယ်။ သမီးကလည်း အဖေကို သိပ်မယုံဘူး။ အဖေဖြစ်သူကလည်း ညပိုင်းမှာ မူးမူးရူးရူးနဲ့ သမီးအခန်းထဲဝင်နေတတ်၊ ကြည့်နေတတ်တယ်ဆိုတော့ ခွေးကျင့်ခွေးကြံ ကြံမယ်အထင်နဲ့ လာဖမ်းကြတာ။ တကယ်တော့ ဘာမှမဖြစ်ဘူး၊ ဟုတ်လည်းမဟုတ်ဘူး။ ဆင်းရဲတဲ့လူနေမှုဘဝမှာ ထင်ယောင်ထင်မှားဖြစ်လေ့ဖြစ်ထရှိတဲ့ ဘဝအစိတ်အပိုင်းလေးတစ်ခုကို မီးထိုးပြထားလေရဲ့။ ဆရာမင်းဝေဟင်ရဲ့ အနုပညာအားကောင်းမှုကြောင့် တောက်ပဝင်းလက်နေတဲ့သရုပ်မှန်ဝတ္ထုတိုတစ်ပုဒ်မို့ မြည်းစမ်းကြည့်ကြစေလိုပါတယ်။

ပြီးတော့ ရွက်ပုန်းသီးကလောင်သစ်တွေကို လက်တွဲခေါ်ယူရာမှာ စေတနာအားကြီးမားတဲ့မဂ္ဂဇင်း ပီပီ အခုလမှာ ရွှေအသစ်ဝတ္ထုတိုငါးပုဒ်ကို စင်ပေါ်တင်ပေးခဲ့တာ တွေ့ရပါတယ်။ ဒီအထဲမှာ နေအလင်္ကာတေးရဲ့ 'အိုးမဲ့အိမ်မဲ့'ဝတ္ထုတိုနဲ့ ဟိန်းဇော်မြင့်ရဲ့ 'လှိုက်စားဝေဒနာ' ဝတ္ထုတိုနှစ်ပုဒ်ကို ဖတ်ကြည့်ကြစေလိုပါတယ်။ တကယ့်ဘဝထဲကဇာတ်တွေဖြစ်လို့ သူတို့ရဲ့အနုပညာနဲ့ဖျော်စပ်လိုက်တဲ့အခါ လှပရှန်းကြွလာတာကို စာချစ်သူတို့ တွေ့မြင်ခံစားရမှာမလွဲပါဘူး။

**ငွေတာရီမဂ္ဂဇင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ**

ပန်းချီသရုပ်ဖော်ပုံကောင်းကောင်း၊ စာအုပ်အပြင်အဆင်သားသားနားနားနဲ့ထွက်လာတဲ့ ငွေတာရီမဂ္ဂဇင်းဟာ အပြောင်းအလဲသစ်ဆီ တရွေ့ရွေ့ခွဲထွက်လာတာ ကြိုဆိုစရာပါ။ စာအား၊ ကလောင်အားလည်းကောင်းလာတာ အထူးပြောဖို့လိုမယ်မထင်ပါဘူး။

ကဗျာတွေကိုဖတ်ကြည့်တော့ အတွေးသစ်၊ အရေးသစ်ဘက်ကမ်းကို လှမ်းလာတဲ့ ဆရာသန်းထွန်းဦး (စလေ)ရဲ့ 'တောင်သူရွှေခေတ်'ကဗျာကို အာရုံကျမိပါတယ်။

> စိုက်ဇကေ ခြောက်ဆယ်ခြောက်ဆယ်
> လေးဆယ်ကို နှမ်းကြဲနှမ်းကြဲ။
> ကျန်တဲ့မြေ ရွာတစ်ဝိုက်
> ပဲစိုက်ဖို့ခဲ။

ဒီလိုအချိုးကဗျာကို လုံးထပ်စကားလုံးတွေနဲ့ တွဲစပ်ဖွဲ့ဆိုထားတာမို့ ကဗျာဟာ ပိုပြီးလတ်ဆတ်လာတယ်လို့ ခံစားမိပါတယ်။ 'ခိုင်းနွားက လေးကောင်လေးကောင်၊ တစ်ကောင်ကိုနှစ်လေးနှစ်ငါး၊ ထွန်စက်က နှစ်ရာနှစ်ရာ၊ နောက်တွဲပါတပ်ထားတပ်ထား၊ နှမ်းတင်းက လေးရာလေးရာ၊ ဈေးပေါက်တာ ရှစ်သောင်းရှစ်သောင်း' စသည်ဖြင့် ရွတ်ဆိုလို့ကောင်းအောင် ဖန်တီးရေးဖွဲ့ထားတာမို့ ရွတ်ဆိုလို့ကောင်းလိုက်တာ။ ဒီလိုပဲ လမ်းခွဲစမ်းသပ်ရင်း ဂန္ထဝင်ကဗျာတွေကို စာဖတ်သူ၊ ကဗျာချစ်သူတို့ အာရုံစိုက်လာအောင် ဖန်တီးကြစေချင်ပါတယ်။

ဒါ့အပြင် အခုနောက်ပိုင်း ၂၀၁၀ ပြည့်နှစ်လောက်ကစပြီး ပြန်လည်လူးလွန့်နိုးထလာတဲ့ ရသစာတမ်း ခေါ်အက်ဆေးကို ငွေတာရီမှာလစဉ်ဖော်ပြလာတာ ကြိုဆိုမိပါတယ်။ အခုလမှာ နှစ်ပုဒ်ဖော်ပြထားတဲ့အထဲက ဆရာမျိုးချစ်ရဲ့ 'မျက်နှာဖုံးတွေရဲ့အဝေးမှာ' ကို နှစ်သက်မိပါတယ်။ ငယ်ငယ်တုန်းကစွဲမက်သဘောကျခဲ့ရတဲ့ မျက်နှာဖုံးတွေက ရိုးသားသလောက် ဘဝထဲက လောကလမ်းမှာတွေ့ဆုံရတဲ့ မျက်နှာဖုံးတွေက ဟန်ဆောင်မှုတွေ၊ ခြောက်လှန့်မှုတွေနဲ့ သံသယမျက်နှာဖုံးတွေဖြစ်နေတဲ့အကြောင်း ခြယ်မှုန်းထားပါတယ်။ နောက်ဆုံးမှာ အက်ဆေးဆရာက ဘီလူးဆိုင်းတီးလဲ မင်းသားကကတဲ့၊ မင်းသားဆိုင်းတီးလဲ မင်းသားကကမဲ့ လူအများပြုံးပျော်ကြည်နူးစေတဲ့ မင်းသားမျက်နှာဖုံးတစ်ခုသာလိုချင်ကြောင်း သဘောထားဆန္ဒပေးထားတာနဲ့ နိဂုံးချုပ်ထားတာ လူတိုင်းဆင်ခြင်နိုင်ကြဖို့ အသိပေးထားတယ်လို့ ယူဆမိ

ပါတယ်။ အက်ဆေးအရာမြောက်တဲ့စာတစ်ပုဒ်မို့ ကြိုဆိုရပါတယ်။

ဝတ္ထုတိုတွေထဲကဆိုရင် ယုဇနမင်းရဲ့ 'အနာကချိုချို အပျော်ကခါးခါး'က အရသာရှိတယ်လို့ခံစားမိပါတယ်။ မိဘနှစ်ပါးဆုံးပါးကြပြီးတဲ့နောက်မှာ ဖားရှာငါးရှာတဲ့ အလုပ်နဲ့ ဘဝခရီးဆက်ရတဲ့ အစ်မဖြစ်သူနဲ့ သူ့ရဲ့ ကျောင်းတက်နေတဲ့ ညီမငယ်တို့အကြောင်းပါပဲ။

အစ်မက ညီမလေးကို ဘွဲ့ရပညာတတ်ကြီးဖြစ်စေချင်လို့ ကျောင်းထားပေးတယ်။ သူက ငါးရှာဖားရှာတဲ့ တံငါအလုပ်လုပ်တယ်။ ညီမလေးက ကျောင်းသွားတဲ့လမ်းမှာ ကလေးတွေက လာတဲ့ကားတွေကိုတားပြီး ပိုက်ဆံလှမ်းတောင်းကြတယ်။ ခရီးသည်တချို့ကလဲ သနားကရုဏာစိတ်နဲ့ပေးကြတာကို ညီမလေးက မြင်ထားတယ်။ တစ်နေ့ သူ့အစ်မနေမကောင်းဖြစ်ပြီး အိပ်ရာထဲလဲတော့ ညီမလေးကို မုန့်ဖိုးမပေးသလို ဈေးလည်း ထွက်မရောင်းနိုင်ဘူး။ ဒီတော့ ညီမလေးက ကျောင်းသွားဟန်ဆောင်ပြီး ကျောင်းမသွားဘဲ ကလေးတွေနဲ့အတူ ကားတွေကိုတားပြီး ပိုက်ဆံတောင်းတယ်။ ရလာတဲ့ပိုက်ဆံကို ညနေမှာ အစ်မကိုပေးလိုက်တော့ ပါးရိုက်ခံရတယ်။ အစ်မက ညီမလေးရဲ့ လုပ်ရပ်ကို အကုန်ကြားသိပြီးဖြစ်လို့ ချစ်ခြင်းဒေါသနဲ့ရိုက်မိတာဖြစ်တယ်။ ညီမလေးကို ပညာတတ်တစ်ဦးဖြစ်စေချင်တဲ့ ညီအစ်မနှစ်ဦးရဲ့သံယောဇဉ်ကိုဖွဲ့ထားတာ သပ်ရပ်လှတာမို့ ဝတ္ထုတိုချစ်ပရိသတ်များ ဖတ်ကြည့်ကြဖို့ လက်တို့အပ်ပါတယ်။

ငွေတာရီအသစ်ထဲက ကလောင်ရှင် ပန်းမြတ်သော်(ကမ်းလက်)ရဲ့ 'တိမ်ရောင်မှိုင်းတဲ့ ကောင်းကင်ညို'ဝတ္ထုတိုကလဲ သားသမီးတွေက အဖေ့အပေါ် ခါးကြောတင်းအောင်အလုပ်မလုပ်ဘဲ အမေ့လုပ်စာကိုခိုကပ်စားနေတဲ့ လူညံ့လူပျင်းလို့အထင်မှားတဲ့ဇာတ်ကလေးပါ။ တကယ်တော့ သားသမီးတွေပညာတတ်ဖြစ်စေဖို့ ကျူရှင်ဆရာအိမ်ကို ညပိုင်းမှာ လူသိမခံဘဲ ရေထမ်းပို့ပြီး ကျူရှင်ဖိုးငွေရှာပေးခဲ့တာပါ။ အဖေကျန်းမာရေးမကောင်းလို့ ဆေးရုံတက်ရတဲ့အခါမှ သူတို့အဖေအကြောင်းကို ကောင်းကောင်းသိတဲ့ ကျူရှင်ဆရာရဲ့ညီ ဆရာဝန်ကြီးပြောပြချက်ကြောင့် ဇာတ်ရည်လည်ပြီး အဖေ့ကျေးဇူးကိုဦးခိုက်ရတဲ့အဖြစ်ကို ရေးဖွဲ့ထားတာဖြစ်ပါတယ်။ ကလောင်သစ်ဆိုပေမဲ့ ဝတ္ထုကို သူပေးချင်တဲ့ မက်ဆေ့ချ်ရောက်အောင် ဆွဲဆောင်ခေါ်ယူသွားနိုင်တာ ပန်းမြတ်သော်(ကမ်းလက်)ရဲ့ အနုပညာအားကောင်းမှုလို့ဆိုချင်ပါတယ်။ အလားအလာရှိတဲ့ ရေးလက်ကောင်းတစ်ဦးမို့ လက်ကမ်းကြိုဆိုအပ်ပါတယ်။ ဖတ်ကြည့်ကြပါဦး။

**မဟေသီမဂ္ဂဇင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ**

(၃၆)နှစ်မြောက်အမှတ်တရအထူးထုတ်ဖြစ်တာနဲ့အညီ ကလောင်အားကောင်းကောင်း၊ အကြောင်းအရာစုံစုံ၊ သုတရသအဖုံဖုံနဲ့ ပွဲထွက်လာတဲ့ မဟေသီမှာ ဖတ်စရာတွေအများကြီးပါရှိပါတယ်။ အထူးသတိထားမိတာက ဆရာအောင်ရဲထွန်း(ခတု)ရဲ့ 'လူသားပထမ မြန်မာက'ဆောင်းပါးပါပဲ။ ကျွန်တော်လည်း ဖတ်မှတ်သိရှိထားတာကြာပါပြီ။ ဒီလိုပါ။ အရင်တုန်းကဆိုရင် ပညာရှင်တွေက 'လူသားအစ အာဖရိကက'လို့ လက်ခံထားခဲ့ကြတယ်။ ၁၉၇၈ ခုနှစ်မှာ မန္တလေးတက္ကသိုလ်၊ ဘူမိဗေဒဌာနကထိက ဆရာဦးဘမော်နဲ့အဖွဲ့က ပုံတောင်ပုံညာဒေသ၊ နွယ်ခွေမှာ နှစ်သန်း ၄၀ ရှိ ပရိုင်းမိတ်ရုပ်ကြွင်းကိုရှာဖွေတွေ့ရှိခဲ့လို့ လူသားဖြစ်စဉ်သမိုင်းဟာ မြန်မာပြည်ကစကြောင်း ဖော်ထုတ်နိုင်ခဲ့တယ်။ နိုင်ငံတကာပညာရှင်တွေကလဲ လက်ခံခဲ့တဲ့အတွက် ကင်းဘရစ်ချ်တက္ကသိုလ်က ၁၉၉၉ ခုနှစ်မှာ International Man of the Year အဖြစ် ဆရာဦးဘမော်ကို ရွေးချယ်ခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတကာ အတ္ထုပ္ပတ္တိမှတ်တမ်းမှာလဲ 50 Greatman of 21st Century စာရင်းထဲ ဆရာဦးဘမော် ပါဝင်ခဲ့ပါတယ်။

၁၉၉၅ ခုနှစ်၊ စက်တင်ဘာလထုတ် သင့်ဘဝမဂ္ဂဇင်းပါ ဆရာမောင်သစ်ဆင်းရဲ့ 'အံ့သွားနှစ်ချောင်းရဲ့ အတ္ထုပ္ပတ္တိ'ဆောင်းပါးအရ ကျွန်တော်တို့သိရတာက ရှားပါးတဲ့၊ တန်ဖိုးကြီးမားတဲ့ အဲဒီမေးရိုးရုပ်ကြွင်းအံ့သွားတွေကို အဲဒီတုန်းက အနောက်မြောက်တိုင်းစစ်ဌာနချုပ်

တိုင်းမှူးလက်ထဲ အပ်ခဲ့ရတယ်။ နောက်တော့ အဲဒီအံသွားတွေကို ဘယ်မှာကြည့်ရမလဲဆိုတာ ဆရာဦးဘမော်ကိုယ်တိုင်တောင် မသိတော့ဘူးတဲ့။ တလွဲဆံပင်ကောင်းပြီး ပွင့်လင်းမြင်သာမှုမရှိတဲ့ဖြစ်ရပ်များပြောပါတယ်။

နောက်ထပ်တင်ပြချင်တဲ့ဆောင်းပါးတစ်ပုဒ်ကတော့ ဆရာအေးလွင်(ကသာ)ရဲ့ 'ဆူဆူညံညံဖြစ်ခဲ့ရတဲ့ Sex Education သင်ခန်းစာ'ပါပဲ။ ဒသမတန်းမှာ အသစ်ပြဋ္ဌာန်းမယ်ဆိုတဲ့အသံ ပေါ်ထွက်လာတာနဲ့ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် Facebook ပေါ်မှာ ဆူညံကုန်တာ အားလုံးအသိပါ။ ကန့်ကွက်သူ၊ ထောက်ခံသူတွေ ပလူပျံနေတာပါပဲ။ တကယ်တော့ ဒီကိစ္စဟာ ရှေးတုန်းက မျက်စိကန်းနားကန်းနဲ့ ဘာမှန်းမသိကြတာ။ ဒီကနေ့ အိုင်တီခေတ်မှာတော့ မကြားချင် မသိချင် မမြင်ချင်မှအဆုံး။ ဒါနဲ့ မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြတာတွေရှိတယ်။ အသိပညာသာ ရှိခဲ့ကြမယ်ဆိုရင် လမ်းမှားမရောက်အောင် ရှောင်နိုင်ကြမှာပါ။

ကျွန်တော့်အမြင်ကတော့ လိင်ပညာပေး (Sex Education)ဆိုတဲ့စကားလုံးကြောင့် အလန့်တကြားဖြစ်ကုန်ကြပုံရပါတယ်။ မျိုးဆက်ပွားပညာပြန့်ပွားရေး (Sex Reproduction) လို့သာ သုံးနှုန်းပြောဆိုလိုက်ရင် အခုလောက်ပွက်လောညံလာမှာ မဟုတ်ဘူးလို့ ထင်မြင်ပါတယ်။

အခု ဆရာအေးလွင်(ကသာ)တင်ပြထားတာတွေကလည်း ကောင်းမွန်ပြီး ကျိုးကြောင်းဆီလျော်မှုရှိတယ်လို့ ယူဆပါတယ်။ စာချစ်သူတို့လည်း ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်ကြဖို့ပါ။

ဒါ့အပြင် ထပ်ညွှန်းချင်တာက ဆရာမောင်ကြည်ရဲ့ 'တိတ်ဆိတ်စွာဆံပင်ညှပ်ခြင်း'ရသစာတမ်းပါ။ အစဉ်အလာရသစာတမ်းလမ်းကြောင်းက ခွဲထွက်လာတဲ့ ယနေ့ခေတ်လူငယ်ကြိုက်အက်ဆေးအတွေး၊ အက်ဆေးအမြင်မို့ အက်ဆေးချစ်သူများ သတိပြုလေ့လာဆန်းစစ်ကြည့်နိုင်ကြဖို့ လက်တို့လိုက်ပါတယ်။

**မြဝတီမဂ္ဂဇင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ**

လင်းသော်တာရဲ့ မျက်နှာစာကဗျာကဏ္ဍပါ 'အစေခံ' ကဗျာနဲ့ပဲ မြဝတီကတ္တီပါကန့်လန့်ကာကို စဖွင့်ပါရစေ။ အခိုင်းခံမျက်နှာငယ်ဘဝကို တင်ပြပုံက ထိမိလှပရုံမက ကဗျာအရာမြောက်လို့ပါ။

နေ့စဉ်နေ့တိုင်း၊ မဆိုင်းမတွ
ခိုင်းသမျှလုပ်၊ ယုတ်ယုတ်မာမာ
ဆူဆဲပါစေ၊ နားယဉ်နေပြီ
အမေမှာခဲ့၊ သည်းခံတဲ့လေ။

အဲဒီလိုနဲ့ ကျွေးတာနဲ့စား၊ ထားရာမှာနေ၊ စေရာမှာအိပ်၊ ဝေဒနာအရိပ်ထင်၊ အမေ့ရင်ခွင်နဲ့၊ ဆန့်ကျင်ကွာခြားလွန်းပုံတွေ အမေ့ကို ပြောပြတယ်။ ပြီးတော့ အဖေ ဒုက္ခိတ၊ ညီမကျန်းမာရေး၊ ညီလေး စာအုပ်ဖိုး၊ ကျွန်တော် ကြိုးစား၊ အမေ့နားကို၊ သားပြန်ခဲ့ချင်ပြီ အမေ ... လို့ဆိုတယ်။

နောက်ဆုံးအပိုဒ်မှာတော့ –

ဩော်...
ဘာလိုလိုနဲ့၊ အဲ့ဒီရောက်စ
ခြံထောင့်ကပန်းအိုး၊ ကျွန်တော်ထိုးဆွ
မျိုးစေ့ချပန်းပင်၊ အသက်ရှင်လို့
အပင်လုံးကျွတ်၊ ရန့်လွှတ်ပြီ
လွတ်လပ်စွာနဲ့ ပွင့်ဝေပြီ ... တဲ့။

ဝမ်းစာရေးအတွက် တစ်မြို့တစ်ရွာမှာသွားရောက်အလုပ်လုပ်ရတဲ့ လူငယ်တစ်ဦးရဲ့ ကြေကွဲမှုတွေကို ဖွဲ့ထားတာ ပေါ်လွင်လှပါတယ်။ ရုပ်ရှင်ပိတ်ကားပေါ်မြင်နေရသလိုပါပဲ။ ကဗျာကို လွတ်လပ်စွာဖွဲ့ထားဟန်ကိုလည်း တွေ့ရပါတယ်။ အလုပ်ခွင်ကိုရောက်စကတည်းက မျိုးစေ့ချစိုက်ပျိုးထားတဲ့အပင်တောင် အခုဆို ပင်လုံးကျွတ်လွတ်လပ်စွာအပွင့်တွေဝေနေပြီ။ သူ့ခမျာမှာတော့ 'အစေခံ'ဘဝက မလွတ်သေးတဲ့ခံစားမှုကို ပမာပြုတင်စားထားတာ လှလိုက်တာ။ လင်းသော်တာ ကဗျာနယ်မှာ ရှေ့ဆက် အောင်ပန်းတွေဆင်နိုင်ပါစေ။

ဝတ္ထုတွေထဲကဆိုရင် ခိုင်ငြိမ်းချမ်းရဲ့ 'ငှားရန်ရှိသည်'ဆိုတဲ့ဝတ္ထုတိုက ကျွန်တော့်ရင်ကို လာရောက်

လုပ်ခတ်စေပါတယ်။ ဇာတ်ကရိုးရိုးလေးပါပဲ။ ဒီလိုပါ။ လေးအိမ်စုလို့ခေါ်တဲ့ အိမ်ခြေနှစ်ဆယ်အစိတ်လောက်ရှိတဲ့ ရွာလေးမှာ ကိုကြီးငွေနေတယ်။ မြင်းလှည်းသမားကြီးပါ။ ဒါပေမဲ့ သူ့ရဲ့မြင်းလှည်းတိုင်းကျော်က သူ့အဖေ လက်ထက်ကတည်းက အသုဘတင်တဲ့ယာဉ်အဖြစ် အသုံးပြုခဲ့တာ။ သူ လေးတန်းအောင်တော့ အလယ်တန်းကျောင်းရှိတဲ့ရွာမှာ ကျောင်းသွားတက်ရတယ်။ သူ့အဖေက မြင်းလှည်းနဲ့ နေ့စဉ်ကျောင်းသွားပို့တယ်။

ဒါကို သူငယ်ချင်းကျောင်းသားတွေက အသုဘတင်တဲ့မြင်းလှည်းနဲ့ ကျောင်းလာတက်တာကို ကဲ့ရဲ့ရှုတ်ချလှောင်ပြောင်ကြလို့ သူရှက်ပြီး ကျောင်းဆက်မတက်တော့ဘူး။ မိဘလက်ငုတ်ဖြစ်တဲ့ မြင်းလှည်းသမားပဲဆက်လုပ်နေတယ်။ အခုဆို သူ့သားမောင်ချစ်မွှေးတောင် တက္ကသိုလ်ကျောင်းသားကြီးဖြစ်နေပြီ။ ကျောင်းပိတ်ရက်မှာ မောင်ချစ်မွှေးဟာ သူ့သူငယ်ချင်း စက်မှုအင်ဂျင်နီယာလောင်းသုံးယောက်နဲ့အတူ ရွာကိုပြန်လာမယ်လို့သိရတယ်။

သူက တိုင်းကျော်ဆိုတဲ့ သူ့မြင်းလှည်းနဲ့ပဲ သွားကြိုရမှာမို့ သားမျက်နှာငြိုငြင်မှာစိုးရိမ်နေတယ်။ မြို့ကားဂိတ်ကို သူရောက်ပြီးမကြာခင်မှာ သားတို့လူစုရောက်လာကြတယ်။ သူ့သားမောင်ချစ်မွှေးကို စိုးရိမ်တကြီးနဲ့ကပ်မေးတယ်။ သားလေးသူငယ်ချင်းတွေ ဒီမြင်းလှည်းစီးရဲကြရဲ့လား။ အသုဘတင်မြင်းလှည်းဖြစ်ကြောင်း ပြောပြထားသေးလားပေါ့။ ဒါပေမဲ့ သူထင်ထားတာနဲ့ ပြောင်းပြန်ပဲ။

မောင်ချစ်မွှေးရဲ့ ပညာတတ်လူငယ်တွေက တိုင်းကျော်ကြီးဆိုတဲ့ မြင်းလှည်းအလှကိုကြည့်ပြီး တစ်ယောက်တစ်ပေါက်ချီးမွမ်းနေကြတယ်။ မောင်ချစ်မွှေးကလဲ သူ့အဖေမြင်းလှည်းက အသုဘတင်တာရော အခမဲ့ကူညီနေတာပါ ပြောပြထားတော့ အားလုံးက သဘောကျဂုဏ်ယူနေကြတယ်။ မြို့မှာဆို ဒီလိုအလုပ်တွေကို စေတနာနဲ့လုပ်နေကြသူတွေ ပုံလို့လူတိုင်းက အရေးပေးကြတယ်။ နာရေးကူညီမှုအသင်းဆိုရင် မြို့မှာ အကြီးဆုံးပရဟိတလုပ်ငန်းဖြစ်ပြီး နာမည်ကြီးမင်းသား၊ မင်းသမီးတွေ၊ စာရေးဆရာ၊ ဆရာမကြီးတွေကိုယ်တိုင်ပါဝင်ကြတာကို ပြောပြလိုက်တော့ ကိုကြီးငွေ မျက်ရည်တောင်ဝဲမိတယ်။ သားသူငယ်ချင်းတွေက 'အသုဘရထား ငှားရန်ရှိသည်' ဆိုတဲ့ သားသားနားနားဆိုင်းဘုတ်ကို လက်ဆောင်အဖြစ်ပေးလို့ ပီတိဝေဖြာရပုံကို ဇာတ်လမ်းဖွဲ့ထားတာပါ။

စာရေးဆရာမခိုင်ငြိမ်းချမ်းက ခေတ်ပြောင်းတာနဲ့အတူ အသိအမြင် အတွေးအခေါ် အယူအဆတွေပါပြောင်းပြီး သူငယ်ငယ်တုန်းကနဲ့ မတူကွဲပြားလာပုံကို တင်ပြထားတာ လှပါတယ်။ ဖတ်ကြည့်ကြစေချင်ပါတယ်။

ဒါ့အပြင် မြဝတီပွင့်သစ်ထဲက ကမ္ဘာမီးလောင်သားကောင်ချနင်းရတဲ့အဖြစ်ကို ရေးထားတဲ့ သိန်းဇော်(အညာမြေ)ရဲ့ 'အဖြေမဲ့ပုစ္ဆာ'ဝတ္ထုတိုကိုလည်း ဖတ်ကြည့်ကြပါဦး။

**ကျေးရွှေတမာမဂ္ဂဇင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ**

အခုလ ကျေးရွှေတမာမှာပါတဲ့ ဆရာမိုးထက်လူရဲ့ 'အချိုးကဗျာ၊ ကလေးကဗျာလေ့လာချက်'ဆောင်းပါးဟာ စိတ်ဝင်စားစရာကောင်းပါတယ်။ ဆရာက 'ကလေးကဗျာဆိုသည်မှာ ရေးဖွဲ့သောကဗျာအမျိုးအစားကို အစွဲပြု၍ခေါ်သည်မဟုတ်ဘဲ မည်သည့်အမျိုးအစားဖြင့်ရေးသည်ဖြစ်စေ ကလေးများနှင့်သင့်တော်သောအကြောင်းအရာများကို ရေးဖွဲ့ထားသည့်ကဗျာကို ခေါ်ခြင်းဖြစ်ကြောင်း' လို့ ဖော်ပြထားပါတယ်။ မှန်ပါတယ်။ ကလေးကဗျာကို ဘယ်လိုဖွဲ့နည်းပုံစံနဲ့ဖွဲ့ဖွဲ့ ရပါတယ်။ ကလေးတွေနဲ့ ပတ်သက်တဲ့အကြောင်းအရာ၊ သူ့အိုးနဲ့သူ့ဆန်တန်တဲ့ စကားလုံးတွေဖြစ်ဖို့ပဲလိုပါတယ်။

မြန်မာစာပေလောကမှာ ကလေးကဗျာဆိုပြီး သီးခြားအမည်ပေးထားတာ ပုဂံဝန်ထောက်မင်းဦးတင်ရဲ့ 'ကဗျာဗန္ဓသာရကျမ်း'မှာတောင်မရှိပါဘူး။ ရှေးတုန်းက ကလေးကဗျာနဲ့နီးစပ်တဲ့ ပုခက်လွှဲချင်း၊ ဇချင်းကဗျာလောက်ပဲရှိပါတယ်။ တကယ်တော့ ခေတ်သစ်မြန်မာ့ကလေးကဗျာကို ၁၉၃၁ ခုနှစ်၊ ဇွန်လ ၁၁ ရက်မှာမှ

ဆရာကြီးမင်းသုဝဏ်က 'သပြေသီးကောက်'ကဗျာနဲ့ 'ဥပုသ်စောင့်'ကဗျာနှစ်ပုဒ် စရေးခဲ့တာ။ နောက်တော့ 'ပန်းသည်'နဲ့ 'ဝက်ပါ'စတဲ့ ပုံသဏ္ဌာန်ကွဲကလေးကဗျာ စတဲ့ ကလေးကဗျာရေးနည်းနှစ်မျိုးကို စတင်တီထွင်ဖန်တီးရေးသားခဲ့တာပါ။ ဒီကနေ့အထိ ကလေးကဗျာရေးသူမှန်သမျှ အဲဒီကဗျာပုံသဏ္ဌာန်နှစ်ခုကို အဓိကအခြေခံရေးနေကြတာဖြစ်ပါတယ်။ ဒီဘက်ခေတ်ရောက်တော့ အဆန်းထွင်ရေးလာကြတဲ့ ကလေးကဗျာပုံသဏ္ဌာန်တွေပေါ်လာတာတွေ့မိပါတယ်။

ပြောလက်စနဲ့ တစ်ဆက်တည်းပြောရရင် ကလေးကဗျာဟာ ကလေးကဗျာပါပဲ။ အချိုးကဗျာ၊ အချိုးတွဲကဗျာမဟုတ်ပါဘူး။ ဒီကနေ့ အခြေခံပညာမြန်မာစာကျောင်းသုံးစာအုပ်မှာ ပြဋ္ဌာန်းထားတဲ့ ဆရာတင်မိုးရဲ့ 'အမိတိုင်းပြည်'ကဗျာကို 'အချိုး(ကဗျာ)'၊ ဆရာမုံရွာဝင်းဖေရဲ့ 'ပြည်ထောင်စုရတနာ'ကဗျာကို 'အချိုးတွဲ(ကဗျာ)'လို့ သတ်မှတ်ဖော်ပြထားတာမဟုတ်သေးဘူးလို့ ထင်ပါတယ်။ အဲဒီနှစ်ပုဒ်စလုံးဟာ ဆရာကြီးမင်းသုဝဏ်ဖောက်ခဲ့တဲ့ 'ပန်းသည်'ကဗျာပုံသဏ္ဌာန်လမ်းကြောင်းအတိုင်းဖွဲ့ထားတဲ့ 'ကလေးကဗျာ' တွေသာဖြစ်ပါတယ်။ ပမာဒလေခဲ့ကြတယ်လို့ ယူဆမိပါတယ်။ အချိုးကဗျာဟာ ဒွေးချိုး၊ တြိချိုး၊ လေးချိုးတို့ကိုခေါ်ပြီး သူ့ရေးဖွဲ့စပ်ထုံးနဲ့သူ သီးခြားစီရှိနေပြီးသားပါ။ အချိုးတွဲကဗျာဆိုရင်လဲ ဒွေးချိုး၊ တြိချိုး၊ လေးချိုးအတို ကဗျာတွေကို သင့်သလို တွဲသီပေါင်းစပ်ထားတဲ့ကဗျာတွေကိုခေါ်တာလို့ နားလည်မှတ်သားခဲ့ရပါတယ်။

ဆရာမိုးထက်လူပြောထားတဲ့ 'တေးတွဲ့'ကဗျာဆိုတာ လေးချိုးသုံးခုကိုဆက်ထားသော ကဗျာပုံစံဖြစ်သည်ဆိုတာလဲ ကဗျာဗန္ဓသာရကျမ်းက ဖော်ပြချက်နဲ့ ကွဲလွဲနေပါတယ်။ အမှန်က လေးချိုး(အတို)သုံးပုဒ်ကိုဆက်ထားတဲ့ကဗျာသာ 'အချိုးတွဲကဗျာ'ဖြစ်တယ်လို့ သိမှတ်နားလည်ပါတယ်။ နောက်ဆုံးပြောချင်တာက ဆရာမိုးထက်လူအကြံပြုသလို ကလေးကဗျာကို အမျိုးအစားသတ်မှတ်အမည်ပေးဖို့ကိစ္စက စဉ်းစားစရာပါ။ သတ်မှတ်လို့ရမယ်ဆိုရင် ဆရာကြီးမင်းသုဝဏ်၊ ဆရာကြီးဒေါက်တာမောင်ဖြူးတို့ သတ်မှတ်ခဲ့ကြမယ်လို့ ထင်မိပါတယ်။

နောက်တစ်ပုဒ်အနေနဲ့ ဆရာလင်းထိန်ရဲ့ 'မလင်းပြာသို့ကဗျာဖတ်ရှုကြည့်ခြင်း'ကို ဖတ်ရပါတယ်။ ခေတ်ပေါ်ကဗျာအရဏ်ဦးတုန်းက မောင်သိင်္ဂါကလောင်နဲ့ရေးခဲ့တဲ့ ဆရာမောင်သာနိုးရဲ့ကဗျာပါ။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလထုတ် နှစ်ကာလများစာပေကထုတ်တဲ့ 'မောင်သာနိုးကဗျာများ'မှာလဲ ထည့်သွင်းထားပါတယ်။ ကဗျာကို စတင်ပုံနှိပ်ဖော်ပြခဲ့စဉ်ကတည်းက ပွက်လောရိုက်ခဲ့တဲ့ကဗျာဆိုတာ အများသိကြပါတယ်။

အဲဒီကဗျာနဲ့ပတ်သက်ပြီး 'စာပေကဗျာဝေဖန်ရေးပွဲတင်သံများ'မှာ ဆရာဒေါင်းနွယ်ဆွေက အခုလိုဝေဖန်ရေးသားခဲ့တာ ဖတ်ခဲ့ရဖူးပါတယ်။ 'စကားပြောဟန်ဖြင့် ကလောင်ဦးတည့်ရာ ရေးချင်ရာရေးထားသော ကဗျာမျိုးသာဖြစ်သည်။ ကဗျာပုံစံဖြင့်ရေးထားသောကြောင့် ကဗျာဟုဆိုနိုင်သော်လဲ စင်စစ်တွင်ကား ကဗျာလဲမဟုတ်၊ စာလဲမမည်၊ စကားပြောစာပိုဒ်များသာဖြစ်လေသည်'တဲ့။

ပြီးတော့ 'ရင်ကိုခွဲ၍ အသည်းနှလုံးများကိုထုတ်ကာ မရိန်းတပ်သားများကိုပစ်သဖြင့် မရိန်းတပ်သားများဗုန်းခနဲ ဗုန်းခနဲ လဲသေရမည်ဆိုကတည်းက စိတ္တဇဆေးရုံတွင်းသို့ ခြေတစ်ဖက်လှမ်းထားသော ပေါကြောင်ကြောင်ကဗျာမျိုးဖြစ်နေမှန်းလည်း သိသာနိုင်လေသည်။ ရင်ကိုခွဲ၍ အသည်းနှလုံးများနှင့်ပစ်ပေါက်လေလျှင်ရန်သူမရိန်းတပ်သားတို့က သရုပ်ပျက်သူကောင်းသားကို ဟားတိုက်၍သာရယ်မောပေလိမ့်မည်။ ဦးနှောက်သူငယ်နာရောဂါထခြင်း၏အခြားမဲ့တွင် ဤကဗျာမျိုးပေါ်ထွက်လာသည်ကို သံဝေဂယူဖွယ်ကောင်းတော့သည်'လို့ ရေးထားတာကို ပြန်လည်သတိရမိကြောင်းပါ။

ထပ်မံညွှန်းဆိုချင်တာက ဆရာမောင်ခိုင်လတ်ရဲ့ 'အလီဘာဘာနှင့် ခိုးသားလေးဆယ့်တစ်ဦး' အက်ဆေးနဲ့ ဆရာကြူးနှစ်ရဲ့ 'ထီ'ဝတ္ထုတို၊ ဆရာမောင်ကျော်သာ(ပဲခူး)

ရဲ့ 'ကားလ်မာတ်စ်နဲ့တွေ့တဲ့ည'ဝတ္ထုတိုတို့ပါ။ ဖတ်ကြည့်ကြစေလိုပါတယ်။

**ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း**

**၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ**

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၁ ရက်က ဩစတြေးလျနိုင်ငံမှာ ဦးကိတ္တိသာရအဖြစ် ပျံလွန်တော်မူသွားတဲ့ နိုင်ငံကျော်ရုပ်ရှင်မင်းသားကြီးဦးကျော်ဟိန်းရဲ့မျက်နှာဖုံးနဲ့ထွက်လာတဲ့ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းမှာ တစ်ခေတ်မှာတစ်ယောက်လို့ ဆိုနိုင်လောက်အောင် ထွန်းတောက်ကျော်ကြားခဲ့တဲ့ ဦးကျော်ဟိန်းအကြောင်းကို အားပါးတရ ဖတ်ရှုကြရမှာပါ။ ကျွန်တော်ကတော့ အောင်မြင်တုန်း အချိန်အခါမှာ လောကီအလုပ်တွေကို တီခနဲဖြတ်ရပ်ပြီး ဝိမုတ္တိလမ်းဘက်ကို ခွဲထွက်လျှောက်လှမ်းနိုင်ခဲ့တဲ့ စိတ်သတ္တိနဲ့ခွန်အားကို ဂုဏ်ယူအလေးထားလို့ မဆုံးနိုင်အောင်ပါပဲ။ အဓိပ္ပာယ်ရှိတဲ့လူတစ်ယောက်ရဲ့ အဓိပ္ပာယ်ရှိတဲ့လုပ်ရပ်လို့ မှတ်ယူပါတယ်။ လေးစားချီးကျူးလောက်ပါရဲ့။

၂၀၂၀ ပြည့်နှစ်ဟာ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ နှစ်(၁၀၀)ပြည့်အမှတ်တရနှစ်ဖြစ်တာ အားလုံးအသိပါ။ ရာပြည့်အထိမ်းအမှတ်ပွဲအဖြစ် တစ်နှစ်ပတ်လုံးပြုလုပ်ကျင်းပမဲ့အစီအစဉ်တွေလဲ ကိုဗစ်ထဲလွင့်မျောဆုံးရှုံးရတဲ့အတွက် နှမြောလို့မဆုံးပါဘူး။

တက္ကသိုလ်ဆိုရင် လူတိုင်းနီးပါးရဲ့ရင်ကို လွမ်းငွေ့ဝေစေခဲ့တာမို့ တကယ်တမ်းခြေချဖြတ်သန်းခဲ့ကြသူတွေအဖို့တော့ ပြောဖွယ်ရာဘယ်ရှိတော့မလဲ။ အဲဒီအထဲ ဆရာရွှေဒါးမောင်လေးရည်လဲ ပါပါတယ်။ တက္ကသိုလ်နှစ်ငါးဆယ်ရွှေရတုပွဲကို မီလိုက်သူဆိုတော့ သူ့မှာ ပင့်သက်ဖြာလွမ်းမောစရာမိုးတိမ်တွေက တရွေ့ရွေ့လွင့်ပါးလို့ပေါ့။ ဒီလတေးကဗျာထဲမှာ အက်ဆေးအဖြစ် 'အဓိပတိလမ်းမှာ မိုးတွေရွာ'ဆိုပြီး တက္ကသိုလ်ရာပြည့်အမှတ်တရအဖြစ် အားပါးတရရွာချလိုက်ပါပြီ။

သူတို့ခေတ်တက္ကသိုလ်အနုပညာပျိုးခင်းထဲ အတူဆင်နွှဲခဲ့ကြသူတွေစာရင်းကို တို့ပြထားတော့ လူစုံတက်စုံမို့ လွမ်းစရာကောင်းလှပါတယ်။ အဲဒီပျိုးခင်းထဲက ကလောင်ရှင်အများစုဟာ နောင် မြန်မာစာပေလောကမှာ နာမည်တစ်လုံးစီနဲ့ထင်ရှားကျော်ကြားလာကြသူတွေပါ။

တေးသံရှင် ဆရာ(ဦး)မြသိန်းရဲ့ 'အမျက်အမုန်းရှသမျှ တမင်အဝေးသွေ့ခွာ၊ တစ်သက်လုံး တသသရင်အဆွေးမပြေသာ၊ ပျောက်ဆုံးသွားတဲ့ ကံ့ကော်ပွင့်လေး ဘယ်ဝယ်ဘယ်ဆီမှာ'ကို အောက်မေ့ခြင်းနှင်းပွင့်တွေနဲ့အတူ ဆရာရေးပြထားတော့ ကျွန်တော်တောင် တက္ကသိုလ်မှာဝေတဲ့နှင်းကို သတိရသွားမိတဲ့အထိပါ။ ခံစားဖတ်ရှုကြည့်ကြစေချင်ပါတယ်။

ဝတ္ထုတိုတွေထဲက ညီညီကျော်ရဲ့ 'ဝါးခြမ်းပြားရောဂါ'ကိုညွှန်းချင်ပါတယ်။ ယနေ့ခေတ်က ပုစွန်တုပ်ကြီးခေတ်၊ ဝတုတ်ခေတ်မဟုတ်တော့။ တချို့က ပိန်မှလှတယ်ဆိုပြီး ကိုရီးယား၊ ဂျပန်မင်းသမီးတွေကို သဘောကျရာက သူတို့လိုပိန်အောင်၊ သွယ်သွယ်လျလျနဲ့လှပအောင် အတင်းကြီးဇွတ်လုပ်လာကြတယ်။ Fitness Centre တွေသွား ကိုယ်အလေးချိန်ချကြ၊ ဘာမှန်းမသိတဲ့ ပိန်ဆေးတွေစားကြ၊ တစ်နေ့လုံးမှ ပန်းသီးတစ်ခြမ်းပဲစားပြီး ကျန်တဲ့အချိန် ပီကေဝါးကြ၊ ဝါးခြမ်းပြားဖြစ်ဖို့ ကြိုးစားနေကြရဲ့။

အခုဝတ္ထုမှာတော့ လှချင်လွန်းလို့ ဝါးခြမ်းပြားဖြစ်အောင် ပိန်ဆေးတွေစား၊ အစာမစားဘဲ အငတ်ခံရင်း သတိလစ်ပြီး ဆေးရုံကိုရောက်သွားတဲ့ မိန်းကလေးတစ်ယောက်အကြောင်းကို လိုရင်းတိုရှင်းကျစ်လျစ်အောင် ရေးထားတာမို့ ပိန်ချင်သူများဆင်ခြင်နိုင်ကြဖို့ လက်တို့လိုက်ပါတယ်။

ဆက်လက်ဖတ်ကြည့်ကြဖို့ ညွှန်းလိုက်ချင်တာတွေကတော့ –

မိုးမြင့်လွင်ရဲ့ 'ဦးကိတ္တိသာရ(ကျော်ဟိန်း) လူသားဆန်ဆန် လာရာလမ်းသို့ပြန်လေပြီ'၊ ဆူးဖြူရဲ့ 'စာဖတ်ဖို့ အခွင့်အရေးရကြရဲ့လား'၊ မောင်ရဲလူရဲ့ 'ဆရာကြီးရွှေဥဒေါင်း၏ကျန်းမာရေးအမြင်'။ ။

**ရဲရင့်မှိုင်း**

# ဆာကူရာပန်းရနံ့ကို ရှူရှိုက်ခြင်း

✔ ကိုင်းသစ်အောင်



စာရေးဆရာလူခါး၏ ဒုတိယမြောက်လုံးချင်းလက်ရာဖြစ်သော 'ဆာကူရာထက်လှပါစေ'ကို အညာနေစာပေက ထုတ်ဝေသည်။ ဂျပန်တွင် သွားရောက်အလုပ်လုပ်ရသော ပအိုဝ်မလေးတစ်ယောက်ဖြစ်သည့် 'နန်းခေး' ကိုဇာတ်ဆောင်ပြုကာ ရေးဖွဲ့ထားခြင်းဖြစ်သည်။ သို့သော် ပုံမှန်ရေးရိုးရေးစဉ် ရေးသားခြင်းမျိုးမဟုတ်ပါ။ ညီညီခိုင်မြဲက သူကောက်ရသော မန်မိုရီစတစ်ကလေးတစ်ချောင်းမှတစ်ဆင့် နန်း၏ဘဝကိုသိရှိဟန်ဖြင့် ရေးဖွဲ့ထားသည်။ လုံးချင်းဝတ္ထုတစ်ခုလုံးကို အပြောဟန်ဖြင့် ရေးဖွဲ့ထားသည်။ စာဖတ်သူများအဖို့ မိမိတို့မကြုံဖူးသည့် လောကစိမ်းအကြောင်းကို ရေးဖွဲ့ထားခြင်းဖြစ်သဖြင့် အကြောင်းအရာပိုင်းအားဖြင့် ဆွဲခေါ်နိုင်စွမ်းရှိသည်ကို သတိပြုမိပါသည်။

နန်းသည် သထုံမြို့နယ်၊ နောင်ကုလားအုပ်စုထဲရှိ ရွာလေးတစ်ရွာကဖြစ်သည်။ နန်းတို့မှာ မွေးချင်းညီအစ်မနှစ်ယောက်ရှိသည်။ နန်း၏အဖေက သေနတ်မှန်၍ သေဆုံးသွားခဲ့သည်။ နန်း၏အစ်မက အလယ်တန်းအဆင့်လောက်ပဲ ပညာသင်ဖူးသည်။ နန်း မော်လမြိုင်တက္ကသိုလ်၌ အဝေးသင်တက်နေစဉ်တွင် နန်း၏အစ်မက ထိုင်းသို့သွား၍အလုပ်လုပ်ပြီး မိသားစုကိုကြည့်ရှုစောင့်ရှောက်ခဲ့သည်။ နန်းအစ်မ အိမ်ထောင်ပြုသောအခါ နန်း၏ခဲအိုက နန်းအောက် အသက်ငါးနှစ်လောက်ငယ်သော အရက်သမားတစ်ယောက်ဖြစ်နေသည်။ နန်း၏အမေသည် လုပ်သက်တစ်ဆယ့်ရှစ်နှစ်ရှိပြီဖြစ်သော အလယ်တန်းကျောင်းအုပ်ဆရာမတစ်ယောက်ဖြစ်သည်။ နန်းက အမေနှင့်အစ်မကို တစ်လှည့်ပြန်၍လုပ်ကျွေးမည်ဆိုသော ရည်ရွယ်ချက်ဖြင့် ဂျပန်သို့ထွက်လာခဲ့ခြင်းဖြစ်သည်။

ဂျပန်တွင် နန်းနေရမည့်အိမ်က နှစ်ထပ်အိမ်ဖြစ်သည်။ နန်းက ဝကယမပြည်နယ်တွင်အလုပ်လုပ်ရာ အဆင်မပြေသဖြင့် 'ဂျပန်ရောက် မြန်မာလူမျိုးများဆုံစည်းရာ'ဆိုသည့် အင်တာနက်စာမျက်နှာမှတစ်ဆင့် ထိုအိမ်သို့ရောက်ရှိလာခဲ့ခြင်းပင်ဖြစ်သည်။ အိမ်ရှင်က ကိုဝသုန်နှင့်မရှယ်လီဆင့်တို့လင်မယားဖြစ်သည်။ နန်း

နှင့်အတူနေသူအခန်းဖော်ကတော့ ခမ်းမွန်ဆိုသော ရန်ကုန်က ကောင်မလေးတစ်ယောက်နှင့် မုဆိုးမလေး သက်စုဆိုသူတို့ဖြစ်သည်။ နန်းသည် သူနေရမည့်အခန်း သို့ရောက်ရောက်ချင်း တားဆေးကတ်ကို အမှတ်မထင် တွေ့ရှိခဲ့သည်။

ဤသည်ကပင် စာရေးသူသည် စာဖတ်သူများအား သဲလွန်စတစ်ခုကို စတင်ပေးခဲ့ခြင်းပင်ဖြစ်ပါသည်။

နန်းသည် ပထမတုန်းက အလုပ်သင်ဗီဇာဖြင့် ငါးတွေရေခဲရိုက်သည့်အလုပ်တွင် လုပ်ခဲ့သည်။ သို့သော် လုပ်ငန်းခေါင်းပုံဖြတ်သည်ဟုထင်သဖြင့် ထွက်ပြေးလာခဲ့သည်။ နန်းနေထိုင်ရမည့်ရပ်ကွက်တွင် လိပ်စာပြောင်းရန်အတွက် နန်းကို ကိုဝသုန်က ရပ်ကွက်ရုံးသို့လိုက်ပို့ပေးသည်။ ရပ်ကွက်ရုံးရှိ ဂျပန်အမျိုးသမီးက နန်းကို အရင်နေထိုင်ခဲ့သောနေရာက အထွက်လိပ်စာမယူလာခဲ့သည့်ကိစ္စကို မေးသောအခါ ကိုဝသုန်က ခပ်တည်တည်ဖြင့် ထိုအမျိုးသမီးကိုဟောက်သည်။ "ဂျပန်တွေက ခပ်တည်တည်နဲ့ဟောက်လိုက်ရင် ယုံတယ်၊ သူတို့က မလိမ်တတ်ကြတော့ သူတို့ကိုလိမ်ရင်လဲ လိမ်လို့လိမ်မှန်း မသိကြဘူး"ဟု ကိုဝသုန်က နန်းကိုပြောသောစကားအဖြစ် စာရေးသူသည် လူမျိုးနှစ်ခု၏ ကြီးမားလှသော ကွာခြားချက်တစ်ခုကို ထောက်ပြလိုက်သည်ဟု ခံစားမိသည်။

နန်းသည် သူယခင်လုပ်ခဲ့သောအလုပ် အဆင်မပြေသဖြင့် ထိုနေရာမှထွက်လာခဲ့ပြီး ဒုက္ခသည်အဖြစ် လျှောက်ခဲ့ခြင်းပင်ဖြစ်သည်။ နန်းသည် ဒုက္ခသည်စာရင်းလျှောက်သောအခါ အကူအညီပေးသူကတော့ ကိုဖြိုးကြီးဆိုသူဖြစ်သည်။ နန်း ဒုတိယလုပ်သည့်အလုပ်ကတော့ ဂိမ်းစက်တွေဆင်သည့်အလုပ်ဖြစ်သည်။ အလုပ်အင်တာဗျူးဝင်ဖို့ လိုက်ပို့ပေးသူကတော့ ကိုအောင်သူဝင်းဆိုသူဖြစ်သည်။ နန်းရော၊ ခမ်းမွန်ရော သက်စုပါ ထိုအလုပ်မှာအတူတူလုပ်ကြသည်။ ကိုအောင်သူဝင်းက နန်းအပေါ်တွင် ဖုန်းဝယ်သည့်နေရာမှာရော လုပ်ခများကိုပါ ခေါင်းပုံဖြတ်ခဲ့သူတစ်ယောက်ဖြစ်သည်။

လူခါးသည် ဂျပန်ရောက်မြန်မာများ၏ နောက်ကွယ်မှ လိင်ကိစ္စအရှုပ်အရှင်းများကိုလည်း ရေးသားခဲ့သည်။ သို့သော် ထိုအကြောင်းအရာများကို နန်းက ဇာတ်ကြောင်းပြောပြဟန်ဖြင့် ပြောရာမှ ကျွဲကူးရေပါဆိုသလို ပါလာခဲ့ခြင်းပင်ဖြစ်သည်။ နန်းက ညီမလေးအရင်းလိုချစ်ရပြီး ရိုးသားသည်ဟုထင်ရသော ခမ်းမွန်ကလည်း အိမ်ရှင်ကိုဝသုန်၏ ခြေတော်တင်ခြင်းကိုခံရသည်။ ခမ်းမွန်က နန်းကို ပြောပြသောစကားများကို အမှန်ဟုယူဆရလျှင် အစတုန်းကတော့ မူလရည်ရွယ်ချက်က ကျောင်းသားဗီဇာဖြင့် ဂျပန်သို့လာခဲ့ခြင်းဖြစ်သည်။ နောက်တော့ အပြင်မှာအလုပ်လုပ်လျှင် ပိုက်ဆံပိုရသည်ဟု ကိုဝသုန်က ပြောသဖြင့် ကျောင်းမှထွက်ကာ သည်နေရာသို့ရောက်လာခဲ့ခြင်း ဖြစ်သည်။ နောက်တော့ ကိုဝသုန်နှင့်ငြိစွန်းကာ ကိုယ်ဝန်ရသည့်အခြေအနေသို့ ရောက်တော့သည်။ သူတို့အုပ်စုသည် ထွက်ပြေးမည့်သူများကို အင်တာနက်ကတစ်ဆင့် ဆက်သွယ်သည်။ ထို့နောက် ဈေးတင်ပြီးအိမ်ငှားကာ ခိုးလုပ်ရသည့်အလုပ်မျိုးတွေနှင့် ဆက်သွယ်ပေးသည်။ အခြေအနေပေးပါက လူကိုပါ ယူလိုက်ကြသေးသည်။

မူလရည်ရွယ်ချက်ကသွေဖည်ပြီး လက်ရှိကြုံတွေ့ရသောအခြေအနေများကြောင့် မိန်းကလေးများ၏ဘဝတွေ၊ အချိုးအကွေ့တွေ ကြမ်းတမ်းသွားသည်ကိုလည်း သတိပြုမိပြန်ပါသည်။ သက်စုကတော့ အစကတည်းက ခပ်လည်လည်ဖြစ်ပြီး ငယ်ဂုဏ်ရှိသေးသဖြင့် ရှာလွန်ရှက်တိုက်သည့် ဆတ်ကော့လတ်ကော့မိန်းကလေးပုံစံဖြင့် စာရေးသူကရေးဖွဲ့ခဲ့သည်။ စာရေးသူသည် ကျန်သောမိန်းကလေးများမှာ ဘဝအမောများကြောင့် ပျက်စီးရပုံကို ရေးဖွဲ့ပြသော်လည်း နန်းကိုတော့အထိမခံပါ။ နန်းကိုတော့ စိတ်ဓာတ်ပိုင်းရော အမူအကျင့်ပိုင်းပါ မပျက်စီးသော ပအိုဝ့်မလေးအနေဖြင့်သာ ပုံဖော်ခဲ့ပါသည်။

ဆာကူရာထက်လှပါစေတွင် လူ့သဘာဝအဖွဲ့များကိုလည်း များစွာတွေ့ရပါသေးသည်။ ဂျပန်ရောက်မြန်မာအချင်းချင်း ဓာတ်တူသားစားပုံများ၊ အခြေအနေပေးလျှင် လူကိုပါယူပြီး လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ပုံများကိုလည်း တွေ့ရသေးသည်။ သည်ဝတ္ထုတွင် တခြားသော ဝတ္ထုများနှင့်မတူသည့်အချက်ကတော့ အဓိကဇာတ်ဆောင်ဖြစ်သော 'နန်း'၏ ချစ်ခြင်းမေတ္တာကိစ္စများကို မတွေ့ရခြင်းပင်ဖြစ်ပါသည်။ နန်း၏ပတ်ဝန်းကျင်တွင်လည်း စာရိတ္တကောင်းသော ယောကျ်ားတစ်ဦးတလေမျှကိုလည်း မတွေ့ရပါ။ ကိုဝသုန်၊ ကိုဖြိုးကြီးနှင့် ကိုအောင်သူဝင်းတို့သည်လည်း လူကောင်းစာရင်းသွင်း၍မရပါ။ မရှယ်လီဆင့်သည်လည်း ဂျပန်အဘိုးကြီးတစ်ယောက်နှင့် ဟန်ဆောင်လက်ထပ်ပြီး ဂျပန်တွင် တစ်သက်လုံးနေထိုင်ခွင့်ရထားသူဖြစ်သည်။ ကိုဝသုန်နှင့် အိမ်ထောင်ကျပြီး မရှယ်လီဆင့်က သူ့နာမည်နှင့် အိမ်တွေငှား၊ ကိုဝသုန်က လူရှာပြီး စီးပွားရေးလုပ်နေကြခြင်းပင်ဖြစ်သည်။ ဓာတ်တူသားစားကာ သူများမျက်ခုံးမွေးပေါ် စကြိုလျှောက်နေသော ကိုဝသုန်နှင့် ကိုအောင်သူဝင်းကိုလည်း ဝတ္ထုထဲတွင် တရားစီရင်ခဲ့ပါသေးသည်။ ထို့ပြင် မင်းဘူးသူလေးကို အရက်မူးပြီးနှိပ်စက်သော သဘော်သား ကိုတက်တူးကြီးကိုလည်း တရားစီရင်ရာ၌ ချန်လှပ်မထားခဲ့ပါ။

ထို့ပြင် နန်းသည် ကိုဂျက်လီကိုတော့ လူကောင်းတစ်ယောက်နှယ် ထင်မြင်ခဲ့ပါသေးသည်။ သို့သော် ကိုဂျက်လီကလည်း ဆေးလိပ်ထဲတွင် မူးယစ်ဆေးများ ထည့်သောက်ပြီး အလုပ်ထဲကပိုက်ဆံခိုးသောသူတစ်ယောက်သာဖြစ်ပါသည်။ ကိုဖြိုးကြီးနှင့် မနွယ်၊ ကိုတက်တူးကြီးနှင့် မင်းဘူးသူမိန်းကလေးတို့၏ အလျဉ်းသင့်သလို အတူနေကြသောဘဝများကိုလည်း တွေ့ရပြန်ပါသေးသည်။ နန်းသည်သာ အလုပ်သင်ဘဝမှထွက်ပြေးလာသည်ကလွဲ၍ တခြားအပိုင်းများတွင် အပြစ်ကင်းစင်သူဖြစ်အောင် စာရေးသူကရေးဖွဲ့ခဲ့ပါသည်။ ထို့ကြောင့် ဆရာအောင်သင်းပြောခဲ့ဖူးသော စရိုက်သေ၊ စရိုက်ရှင်သဘောတရားနှင့်ကြည့်လျှင် တခြားသောစရိုက်ရှင်များ၏အလယ်တွင် နန်း၏စရိုက်သည် သေနေသလိုခံစားရပါသည်။ အဖြူကိုပေါ်လွင်ထင်ဟပ်စေရန် စာရေးသူသည် အမည်းရောင်များကို ခပ်များများသုံးသည်ဟုပဲ ပြောရပါမည်။ သို့သော် ထိုအမည်းများသည် လက်ရှိဘဝ၏အမှန်တရားများကို ကိုယ်စားပြုနေပါသည်။

ဤဝတ္ထုတွင် ငြိလုံးများကိုလည်းတွေ့ရပါသည်။ 'ကျားတွေနဲ့ဝေးဝေးနေ၊ မနေချင်ရင် ကိုယ်တိုင် ကျားဖြစ်အောင်လုပ်'၊ 'ကျားစာမဖြစ်ချင်ရင် ခြင်္သေ့တွေနဲ့မိတ်ဆွေဖွဲ့ထားရတယ်'နှင့် 'ဂူကြီးလေ အန္တရာယ်ပေးနိုင်တဲ့ သားရဲပေါ့လေ' ဆိုသော သက်စု၏ဒဿနများကလည်း ဂျပန်ရောက်မြန်မာအသိုင်းအဝိုင်း၏ ဓလေ့ကို ပေါ်လွင်စေပါသည်။ "နန်းကတော့လေ ခုနစ်ရက် တစ်ပတ်လောက်ပဲ အပင်ပေါ်မှာလှနေလေ့ရှိတဲ့ ဆာကူရာပန်းမဖြစ်ချင်ဘူး၊ ပန်ဆင်သူမရှိတဲ့အခါ အပင်ပေါ်မှာပဲအခြောက်ခံလေ့ရှိတယ်ဆိုတဲ့ မြတ်လေးပန်းဘဝနဲ့ပဲ ဆာကူရာထက်ပိုလှတဲ့ ပန်းတစ်ပွင့်ဖြစ်ချင်တယ်"ဆိုသော စကားများက နန်း၏သဘောထားကို ဖော်ပြနေပါသည်။

ဆာကူရာထက်လှပါစေကို ဖတ်ရှုအပြီးတွင်

ပြောစရာတွေတော့ကျန်ခဲ့ပါသည်။ နန်း၏အမေကို စာရေးသူက အလယ်တန်းကျောင်းအုပ်ဆရာမဟုပြော ခဲ့သည်။ နန်း၏အစ်မကတော့ အလယ်တန်းအဆင့်နှင့်ပင် ကျောင်းထွက်ခဲ့သည်။ ကျောင်းအုပ်ဆရာမတစ်ယောက်က သမီးကြီးဖြစ်သူကို အထက်တန်းအဆင့် ပညာရေးသို့ရောက်အောင် အဘယ်ကြောင့်အားမပေးဟု မေးစရာရှိလာပါသည်။ ပညာသင်၍မရလောက်သော ချို့ယွင်းချက်ရှိနေ၍များလား၊ စီးပွားရေးကပဲ လွန်စွာကျဆင်းနေလို့များလား တစ်ခုခုတော့ပြခဲ့ဖို့ကောင်းပါသည်။ နန်းသည် မော်လမြိုင်တက္ကသိုလ်တွင် အဝေးသင်တက်ရင်း ဘွဲ့ရခဲ့သည်ဟုဆိုခဲ့သည်။ ဘာမေဂျာဖြင့်တက်သည်ဟုတော့ ဖော်ပြမထားပါ။ နန်းသည် စာဖတ်ဝါသနာပါသူသဘောမျိုးရေးထားပါသည်။ မိမိ၏အယူအဆကိုပြောရလျှင် စာရေးသူသည် နန်းကို နန်းအတိုင်း လွှတ်ထားလိုက်သည်က ပို၍ကောင်းပါသည်။

သို့သော် စာရေးဆရာမနုနုရည်(အင်းဝ)၏ 'နမ်းမှာလားမောင်ရဲ့ မွှေးတယ်ရှင်' ဝတ္ထုအကြောင်းကို နန်းက သက်စုကိုပြောပြသည့်အခန်း၊ သုမောင်ရေးထားသော ဆောင်းပါးတစ်ပုဒ်ထဲက 'ငါ့ကို သူမေ့သော်လည်း ငါမမေ့၊ သူ အထီးကျန်ဖြစ်မှာကိုသာ ငါစိုးရိမ်သည်' ဆိုသော ဂျပန်အမျိုးသမီးအကုံဒေဗီ၏ မြည်တမ်းသံကို ထည့်သွင်းရေးဖွဲ့ထားသောနေရာများတွင် နန်းကို လူခါး၏ဝိညာဉ်က လာရောက်ပူးကပ်သလိုခံစားရပါသည်။ ထို့ပြင် မုံရွာက အမျိုးသမီးတစ်ယောက်နှင့်တွေ့သောအခါ ထိုအမျိုးသမီးက နန်း၏စာအုပ်များကို သဘောကျကြောင်းပြောရင်း ဆရာမစမ်းစမ်းနွဲ့(သာယာဝတီ)နှင့် ဆရာညီမင်းညိုကို သူအကြိုက်ဆုံးပဲဟု ပြောသောနေရာတွင်လည်း ထိုသဘောကိုတွေ့ရပါသည်။ ထို့ပြင် နန်းရေးသားထားသော 'အို ... ဂျပန်' ဆိုသော ကဗျာသည်လည်း ထိုနည်းနှင်နှင်ပင်ဖြစ်ပါသည်။ 'အကောင်းကိုရှာ၏။ အကောင်းကား မရှိတော့သည့် မေ့ဘဝ' သည်လည်းပါသည်။ သတိထား၍ဖတ်လျှင် စာရေးသူသည် နန်းကို ရံဖန်ရံခါဝင်ရောက်ပူးတတ်သည်ကို သတိပြုမိမည်ဖြစ်ပါသည်။ ပြောချင်သည်မှာ 'နန်း'၏လေအစား 'လူခါး'၏လေဝင်လာခြင်းပင်ဖြစ်သည်။

ဆာကူရာထက်လှပါစေတွင် ပြောစရာတစ်ခုရှိသည်ကတော့ စာလုံးပေါင်းသတ်ပုံများလွဲချော်နေခြင်းပင်ဖြစ်သည်။ မြန်မာလိုရေးသား၍ရသောနေရာများတွင်လည်း စာရေးသူက အင်္ဂလိပ်စကားလုံးများကို ကြားညှပ်ရေးထားပါသည်။ ဒါကလည်း ခေတ်အလိုက်ရေးသားခြင်းမျိုးဖြစ်သောကြောင့် အထူးတလည်ပြောချင်စိတ်တော့မရှိပါ။ စာလုံးပေါင်းသတ်ပုံများလွဲခြင်းသည် အဓိပ္ပာယ်ကိုထိခိုက်စေသောလွဲခြင်းမျိုးအထိ ပါဝင်နေသည်ကို တွေ့ရပါသည်။ မိန်းကလေးချစ်သူကို ဗန်းစကားဖြင့် 'စော်'ဟု ခေါ်ဝေါ်ကြပါသည်။ အရင်တုန်းကတော့ ထိုအသုံးအနှုန်းမှာ ရိုင်းသည်ဟုပြောကြသော်လည်း နောက်ပိုင်းမှာတော့ အသုံးများလာသဖြင့် နားရည်ဝလာသောစကားလုံးတစ်လုံးဖြစ်လာပါသည်။ 'စော်'ကိုလည်း 'ဆော်'ဟုရေးသားထားပါသည်။ ထို့ပြင် 'အိပ်ရာ'ကိုလည်း ဝတ္ထုတစ်အုပ်လုံး 'အိပ်ယာ'ဟု ရေးသားထားပြန်ပါသေးသည်။

'ဆာကူရာထက်လှပါစေ' သည် မြန်မာစာဖတ်ပရိသတ်များနှင့် အကြောင်းအရာအားဖြင့်စိမ်းလှသော ဂျပန်နောက်ခံလုံးချင်းဝတ္ထုရှည်တစ်ပုဒ်ဖြစ်ပါသည်။ ထို့ကြောင့် ဤဝတ္ထုသည် မြန်မာဝတ္ထုရှည်များ၏ လုံးချင်းစာအုပ်များစာရင်းတွင် တစ်နေရာရခဲ့ပြီဟုလည်း ဆိုချင်ပါသည်။ ထို့ပြင် ဂျပန်သို့အလုပ်သွားလုပ်မည့် မိန်းကလေးများအနေနှင့်လည်း သတိပြုစရာ၊ ဆင်ခြင်စရာများကိုပေးစွမ်းနိုင်သော စာအုပ်တစ်အုပ်ဟု ဆိုချင်ပါသေးသည်။ မြန်မာစာဖတ်ပရိသတ်အား လောကစိမ်းတစ်ခုနှင့်မိတ်ဆက်ပေးလိုက်သော စာရေးသူ လူခါးကိုလည်း ကျေးဇူးစကားဆိုလိုက်ရပါသည်။

**ကိုင်းသစ်အောင်**



“လူစိမ်းဧည့်သည်တွေ အတွက် ကယားတိုင်းရင်းသားတွေ ပညတ်ထားတဲ့ တဘူးထုံးစံတွေကတော့ ရွာလုံးကျွတ် အမဲလိုက်၊ ငှက်လိုက် ပွဲတော်ကျင်းပနေတဲ့အခါ ရွာထဲကို လူစိမ်းဧည့်သည်တွေ မဝင်ရပါဘူး၊ ဒီပွဲတော်ကို ဆောင်းအကုန် နွေအကူးကာလမျိုးမှာ ကယန်း(ပဒေါင်)တိုင်းရင်းသားတွေက ကျင်းပပြုလုပ်လေ့ရှိကြတာ ဖြစ်ပါတယ်၊ အဲဒီနေ့မှာ ရွာတံခါးတွေပိတ်ထားလေ့ရှိပြီး ရွာဝင်ပေါက်နားမှာ သစ်စိမ်းခက်တွေ၊ ဆူးခက်တွေချထားလေ့ရှိပါတယ်၊ ကယားတွေရဲ့ မီးနေအိမ်ပေါ်ကို လူစိမ်းဧည့်သည်တွေ တက်ရောက်ခွင့်မရှိပါဘူး။

ဧည့်သည်ဟာ အိမ်တံခါးပေါက်ကို ကျောပေးထိုင်ပြီး စကားမပြောရပါဘူး၊ စပါးသီးနှံစတင်စိုက်ပျိုးတဲ့နေ့မှာ လယ်ပိုင်ရှင်၊ ယာပိုင်ရှင်ရဲ့အိမ်ပေါ်ကို လူစိမ်းဧည့်သည်တွေ တက်ရောက်ခွင့်မရှိ

# ဘဝပုစ္ဆာ အဖြေရှာ(၁၂၄)

မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

ပါဘူး။ တံခွန်တိုင်ကို လူစိမ်းဧည့်သည်တွေ ထိခြင်းကိုင်ခြင်းမပြုကြရပါဘူး။

မိုးဦးကျ အမဲလိုက်ခြင်းနဲ့ ပတ်သက်တဲ့ ပူဇော်ပွဲကျင်းပနေတဲ့ အခါမျိုးမှာ ရွာထဲကို လူစိမ်းဧည့်သည်တွေ မဝင်ကြရပါဘူး။

ကိုယ်ဝန်ဆောင်ဧည့်သည်တွေ အိမ်ပေါ်ကို တက်ရောက်ခွင့်မရှိပါဘူး။

ကောက်သစ်စတင်စားတဲ့နေ့မှာ စားသူရဲ့အိမ်မှာ ဧည့်သည်တွေတည်းခိုခွင့်မရှိပါဘူး။

ကလေးမွေးဖွားတဲ့အိမ်မှာ ချက်ကြွေပွဲပြုလုပ်မပြီးမချင်း အိမ်ပေါ်ကို လူစိမ်းဧည့်သည်မတက်ရပါဘူး၊ အဲဒါကတော့ ဂေခိုမျိုးနွယ်စုတွေက ပညတ်ထားတာပါ။

တောင်ယာမီးရှို့နေချိန်မှာ ရွာထဲကို ဧည့်သည်ရောက်လာရင် မီးမကျမချင်း အဲဒီဧည့်သည်ဟာ ရွာအပြင်ကို ပြန်မထွက်ရပါဘူး၊ ဒါဟာလဲ ဂေခိုမျိုးနွယ်စုတွေက ပညတ်ထားတာဖြစ်ပါတယ်။

စပါးပုတ်တဲ့နေ့နဲ့ ကောက်သစ်စားတဲ့နေ့မှာ လူစိမ်းဧည့်သည်တွေ အိမ်ကိုမလာကြရပါဘူး၊ အဲဒါကတော့ ဂေဘားမျိုးနွယ်စုတွေရဲ့ ပညတ်ချက်ဖြစ်ပါတယ်။

ပျိုးစကြဲတဲ့နေ့မှာ ပျိုးကြဲသူရဲ့အိမ်ကို လူစိမ်းဧည့်သည်များ မလာရဆိုတဲ့ ပညတ်ချက်ကိုတော့ မျိုးနွယ်စု အတော်များများက ပညတ်ထားကြပါတယ်။

လူစိမ်းဧည့်သည်တွေအနေနဲ့ အဲဒီတင်ပြခဲ့တဲ့ တဘူးထုံးစံတွေကို လိုက်နာကြမယ်ဆိုရင် ဒေသခံတိုင်းရင်းသားတွေနဲ့ ပဋိပက္ခဖြစ်စရာ အကြောင်းမရှိတော့ပါဘူး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရရှိနိုင်ပါတယ်။

ဟိုးလွန်ခဲ့တဲ့နှစ်အတော်ကြာကာလတုန်းက နယ်လှည့်ဆရာဝန်ကြီးတစ်ဦးဟာ သူ့တပည့်တစ်ယောက်နဲ့အတူ ကယန်း(ပဒေါင်)တို့ရဲ့ ကျေးရွာကြီးတစ်ရွာကို ရောက်ရှိခဲ့တယ်၊ သူရောက်တဲ့နေ့ဟာ ဒေသခံတိုင်းရင်းသားတွေက ရွာလုံးကျွတ် စုပေါင်းတောလိုက်ပွဲတော်ကျင်းပတဲ့နေ့ဖြစ်လို့ ရွာထဲကို လူစိမ်းဧည့်သည်တွေဝင်ရောက်ခွင့်မရှိပါဘူး၊ ရွာထဲကိုဝင်ခွင့်မပြုကြောင်း ရွာတံခါးတွေပိတ်ထားတယ်၊ ဆူးခက်၊ သစ်စိမ်းခက်တွေကို ရွာတံခါးပေါက်ပတ်ဝန်းကျင်မှာ ချပြီး အဟန့်အတား သင်္ကေတအဖြစ်ပြထားတယ်၊ ဆရာဝန်ကြီးဟာ အဲဒါတွေကိုတွေ့မြင်ပေမဲ့ အဟန့်

အတားသင်္ကေတတွေမှန်း နား မလည်ခဲ့ဘူး၊ ဒါ့ကြောင့် ရွာတံခါးကိုဖွင့်ပြီး ရွာထဲဝင်ခဲ့ကြတယ်၊ အိမ်တစ်အိမ်ပေါ်ကိုတက်ပြီး အိမ်ကပြင်မှာ အနားယူနေတယ်၊ အဲဒီအချိန် တောထဲမှာစုပေါင်းအမဲလိုက်နေကြတဲ့ ရွာသားတွေဟာ သားကောင်တစ်ကောင်မှမရကြတဲ့အပြင် အချင်းချင်း သေနတ်နဲ့မှားပစ်မိကြတယ်။

ကယန်း(ပဒေါင်)တွေဟာ ဒီပွဲတော်နဲ့ပတ်သက်ရင် သိပ်ပြီး အလေးထား၊ သတိထားကြတယ်၊ ရှောင်စရာတွေကို တိတိကျကျ ရှောင်ကြဉ်ကြတယ်၊ စုပေါင်းတောလိုက်ပွဲတော်မှာ ပါဝင်ကြမဲ့လူတွေဟာ ပွဲတော်မကျင်းပခင် ၃ ရက်လောက်အလိုကတည်းက ပဲပုပ်စားခြင်းကို ရှောင်ကြဉ်ကြရတယ်၊ အိမ်ထောင်ရှိသူဟာ ဇနီးသည်နဲ့ အတူမအိပ်စက်ရတော့ဘူး၊ ဒါ့ကြောင့် စုပေါင်းတောလိုက်တဲ့နေ့မှာ ပြဿနာတစ်ခုခုပေါ်ရင် တောလိုက်တဲ့သူတွေကို တစ်ဦးချင်း စစ်ဆေးတယ်၊ ဒီရက်ပိုင်းအတွင်း ရှောင်ဓလေ့တစ်ခုခုကိုချိုးဖောက်ခဲ့ခြင်း ရှိ၊ မရှိဆိုတာကိုပေါ့လေ၊ ချိုးဖောက်ခဲ့တာကိုတွေ့ရင်တော့ အဲဒီလိုကျူးလွန်သူကို ပြစ်ဒဏ်ပေးတယ်။

အဲဒီနေ့ကစစ်ဆေးတဲ့အခါမှာ အပြစ်ကျူးလွန်သူကို မတွေ့ရဘူး၊ ဒါ့ကြောင့် တောလိုက်ပွဲကို ရပ်ဆိုင်းပြီး ရွာကိုပြန်လာခဲ့ကြတယ်၊ ရွာပြန်ရောက်တော့ လူစိမ်းဇည့်သည် နယ်လှည့်ဆရာဝန်ကြီးနဲ့ သူ့တပည့်ကိုတွေ့ကြရတယ်၊ ဒီကနေ့မှာ လူစိမ်းဧည့်သည်တွေ ရွာထဲကိုမဝင်ရတာ ခင်ဗျားတို့မသိကြဘူးလားလို့မေးတယ်၊ ဆရာဝန်ကြီးက သူမသိတဲ့အကြောင်း ဖြေတယ်၊ ရွာတံခါးလဲပိတ်ထားတယ်၊ တံခါးပေါက်နားမှာ သစ်စိမ်းခက်တွေ၊ ဆူးခက်တွေချထားတာကို တွေ့ပေမဲ့ အဟန့်အတားသင်္ကေတတွေမှန်း သူမသိနားမလည်ခဲ့လို့ ဝင်လာမိတာ ခွင့်လွှတ်ပါလို့ ရှင်းပြတောင်းပန်တယ်၊ ဒေသခံတိုင်းရင်းသားတွေက မလွှဲသာလို့ ခွင့်လွှတ်လိုက်ရပေမဲ့ လုံးဝစိတ်ထဲမှာကျေနပ်ကြတာမဟုတ်ဘူး၊ သူ့ကို ရွာထဲမှာလဲ ညဥ့်အိပ်ညဥ့်နေတည်းခိုခွင့် မပြုကြဘဲ ပြန်ထွက်ခွာသွားဖို့ ပြောဆိုကြတယ်၊ နယ်လှည့်ဆရာဝန်ကြီးဟာ ကောင်းမွန်တဲ့ရည်ရွယ်ချက်စေတနာနဲ့လာခဲ့ပေမဲ့ အစမကောင်းတာကြောင့် အနှောင်းမသေချာဖြစ်ခဲ့ရတာပါ။

လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်တုန်းက နာဂတောင်တန်းဒေသမြောက်ပိုင်းက ကျေးရွာကြီးတစ်ရွာမှာ တဘူးထုံးစံနဲ့ပတ်သက်ပြီး ပြဿနာကြီးတစ်ရပ်ပေါ်ပေါက်ခဲ့ဖူးတယ်၊ အဲဒီရွာမှာ ရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပနေတဲ့အချိန်ဖြစ်တယ်၊ မြေပြန့်ဒေသက စိုက်ပျိုးရေးဝန်ထမ်းတစ်ဦးဟာ သူ့မိတ်ဆွေ ရွာခံကျောင်းဆရာလေးတစ်ယောက်ရဲ့ ဖိတ်ကြားချက်အရ တောင်ပေါ်နာဂရွာကိုရောက်ရှိနေတယ်၊ နှစ်သစ်ကူးပွဲတော်ကျင်းပတဲ့နေ့မှာ အဲဒီဧည့်သည် စိုက်ပျိုးရေးဝန်ထမ်းဟာ ရွာထဲလျှောက်လည်ရင်း လူငယ်လေးတွေဆော့ကစားနေတဲ့ ဒူးလေးတစ်လက်ကိုခဏငှားတယ်၊ အဲဒီဒူးလေးကို မောင်းတင်ပြီး သစ်ပင်တစ်ပင်ကို လက်တည့်စမ်းဖို့လုပ်တယ်၊ ဒါပေမဲ့ လက်မငြိမ်တာကြောင့် မြားတံဟာ ရုတ်တရက် ပြုတ်ထွက်သွားပြီး ရွာလယ်က တုံးမောင်းကြီးကို ထိမှန်ပြီး ထိုးစိုက်နေတယ်"

အဲဒီတုံးမောင်းဆိုတာ ကျေးရွာရဲ့အဓိကရပစ္စည်းကြီးဖြစ်တယ်၊ နေကြတ်၊ လကြတ်တဲ့အခါ ရွာသားတွေဟာ ဒီတုံးမောင်းကြီးကိုထုပြီး ဝိုင်းဝန်းအော်ဟစ်ကြတယ်၊ အကြောင်းရှိလို့ လူစုချင်ရင်လဲ ဒီတုံးမောင်းကြီးကိုပဲထုပြီး အချက်ပေးလေ့ရှိကြတယ်၊ ဒီတုံးမောင်းကြီးကို လက်နက်နဲ့ပစ်ခတ်တာမပြောနဲ့၊ ချိန်ရွယ်ခွင့်တောင်မရှိဘူး၊ အဲဒီလိုပြုလုပ်ရင် ရွာကိုစစ်ကြေညာတဲ့သဘောလို့သတ်မှတ်ကြတယ်၊ ကျူးလွန်သူကို ခေါင်းဖြတ်ပြီးယဇ်ပူဇော်မှသာ ရွာနတ်ကကျေနပ်မယ်၊ နို့မို့ဆို ယင်းရွာမှာ ကပ်ရောဂါကျရောက်မယ်၊ စပါးပျက်မယ်၊ ဘေးအန္တရာယ်ဆိုးအမျိုးမျိုးတွေနဲ့ ကြုံတွေ့ရမယ်လို့ စွဲလမ်းယုံကြည်ထားကြတယ်။

အခုလဲ ဒူးလေးပစ်တဲ့ဧည့်သည် စိုက်ပျိုးရေးဝန်ထမ်းကို ဝိုင်းထားလိုက်ကြပြီ၊ ခေါင်းဖြတ်ပြီး

ယဇ်ပူဇော်ဖို့စီစဉ်နေကြပြီ”

“နေပါအုံးဗျ၊ ရွာမှာ ရဲစခန်းတွေဘာတွေမရှိဘူးလား၊ ရှိရင် ရဲတွေက မတားဆီးမကာကွယ်ပေးကြဘူးလား”

ညွှန်ကြားရေးမှူးချုပ်က ကြားဖြတ်၍မေးလိုက်ခြင်းဖြစ်၏။

“ကျေးရွာတော်တော်များများမှာ ရဲစခန်းမရှိကြပါဘူး၊ အခုအခင်းဖြစ်တဲ့ရွာမှာလဲ ရဲစခန်းလုံးဝမရှိဘူး၊ အစိုးရဝန်ထမ်းဆိုလို့ မူလတန်းကျောင်းဆရာလေးတစ်ယောက်ပဲရှိတယ်၊ အဲဒီကျောင်းဆရာလေးက သူ့ရဲ့ဧည့်သည် မတော်တဆ ကျူးလွန်မိတဲ့အမှုအတွက် အရေးမယူကြဖို့ သူကြီးနဲ့ ရွာသားတွေကို အနူးအညွတ်တောင်းပန်တယ်၊ ဒါပေမဲ့ နီးရာဓားဖြစ်တဲ့ ရွာနတ်ကိုပဲကြောက်နေကြရလေတော့ သူကြီးနဲ့ရွာသားတွေဟာ လူသတ်မှုဖြစ်မှာကိုလဲ မကြောက်ကြဘူး၊ နောင်ခါလာ နောင်ခါချေးပဲ သဘောထားကြတယ်၊ ကျောင်းဆရာလေး တောင်းပန်တာကိုလဲ လက်မခံကြဘူး၊ ကျူးလွန်သူကို ခေါင်းဖြတ်မယ်ပဲ တကဲကဲလုပ်နေတယ်။

ကျောင်းဆရာလေးဟာ သူ့အိမ်ကို အမြန်ဆုံးပြေးပြီး သူ့ခြံထဲက ဝက်ကလေးတစ်ကောင်ကိုပွေ့ချီယူလာတယ်၊ ကျူးလွန်မိသူဧည့်သည် စိုက်ပျိုးရေးဝန်ထမ်းရဲ့ ခေါင်းကဆံပင်ကို ကတ်ကြေးနဲ့နည်းနည်း ညှပ်ယူလိုက်တယ်၊ သူယူလာတဲ့ ဝက်ကလေးရဲ့ခေါင်းမှာ အဲဒီဆံပင်ကို ကော်နဲ့ကပ်လိုက်တယ်၊ သဘောကတော့ အပြစ်ကျူးလွန်မိသူရဲ့ကိုယ်စား ဝက်ရဲ့ခေါင်းကိုဖြတ်ပြီး ယဇ်ပူဇော်စေမယ်ပေါ့။

ဒါပေမဲ့ နာဂတွေကလက်မခံကြပါဘူး၊ ကျောင်းဆရာလေးက အခြေအနေကို သေသေချာချာရှင်းပြတယ်၊ လွန်ခဲ့တဲ့သုံးနှစ်လောက်တုန်းက ရွာမှာ ကျွဲတွေ ရောဂါဖြစ်ပြီး သေကုန်လို့ တစ်ကောင်မှမကျန်တော့ဘူး၊ ဒါ့ကြောင့် ခင်ဗျားတို့ဟာ ဝက်တွေရဲ့ကိုယ်မှာ ကျွဲခေါင်းခွံအဟောင်းတွေကို ကြိုးနဲ့ချည်ပြီး ကျွဲအစား ဝက်ကို ကျွဲအမှတ်နဲ့ ခေါင်းဖြတ်ပြီး ယဇ်ပူဇော်ခဲ့ကြတယ်၊ နတ်ကိုလဲတောင်းပန်ခဲ့ကြတယ်၊ ရွာနတ်စိတ်မဆိုးလို့ အဲဒီနှစ်က ရွာမှာ ကပ်ရောဂါမကျရောက်ခဲ့ဘူး၊ ဆန်စပါးလဲ ကောင်းကောင်းထွက်ခဲ့တယ် မဟုတ်လားလို့ မေးတော့ နာဂတွေက ဟုတ်မှန်ကြောင်းဝန်ခံကြတယ်၊ ကျောင်းဆရာလေးက အဲဒါဆိုရင် အခု ကျွန်တော်စီစဉ်တဲ့အတိုင်းလက်ခံကြပါ၊ ဒါဆိုရင် ကျွန်တော့်ရဲ့မိတ်ဆွေလဲ အသက်မသေတော့ဘူး၊ ခင်ဗျားတို့လဲ လူသတ်မှု မဖြစ်တော့ဘူး၊ ရွာနတ်ကလဲ စိတ်ဆိုးမှာမဟုတ်တော့ဘူး၊ တကယ်လို့ ရွာနတ်က ခွင့်မလွှတ်တာကြောင့် နောင်နှစ်မှာ ဆန်စပါးတွေပျက်စီးမယ်၊ ရွာမှာ ကပ်ရောဂါကျရောက်မယ်ဆိုရင် ကျွန်တော်က ဒီရွာမှာရှိနေမှာမို့ ကျွန်တော့်ရဲ့ခေါင်းကိုဖြတ်ပြီး ယဇ်ပူဇော်ကြပါ၊ အဲဒါမှမကျေနပ်သေးဘူးဆိုရင်လဲ ဧည့်သည်အစား ကျွန်တော့်ရဲ့ခေါင်းကို အခုဖြတ်ပြီး ယဇ်ပူဇော်နိုင်ပါတယ်လို့ လည်စင်းခံလိုက်တယ်၊ သူကြီးဟာ အမျိုးမျိုးစဉ်းစားပြီး နောက်ဆုံးမှာတော့ ကျောင်းဆရာလေးရဲ့အစီအစဉ်အတိုင်း လက်ခံလိုက်ပါတယ်”

“ဟာ... ဦးကျော်ဝင်းပြောပြတဲ့အတိုင်းဆိုရင်တော့ တိုင်းရင်းသားတွေရဲ့ တဘူးထုံးစံဆိုတာ သိပ်ကိုအရေးကြီးတာပဲဗျ၊ အခန့်မသင့်ရင် အသက်အန္တရာယ်တောင် ကျရောက်နိုင်တယ်နော်”

“ဟုတ်ပါတယ်ဆရာ”

နောက်တစ်နေ့နံနက်စောစောတွင် လောပိတရေအားလျှပ်စစ်ထုတ်လုပ်ရာပင်မစခန်းသို့ လေ့လာရေးခရီး ထွက်ခွာလာခဲ့ကြ၏။ မထွက်ခွာမီ ဧည့်ရိပ်သာ၌ နံနက်စာဖြင့်ဧည့်ခံရာ တစ်ဦးစီအတွက် ပလာတာတစ်ချပ်နှင့် ကော်ဖီတစ်ခွက်စီ ခွဲတမ်းရ၏။ ညွှန်ကြားရေးမှူးချုပ်က ပလာတာတစ်ဝက်ကိုသာ စားသောက်သည်။

“ဆရာရေ ... တောလမ်းခရီးမှာ ဘာစားသောက်ဆိုင်မှမရှိဘူးလို့ သိရတယ်နော်၊ ဗိုက်ပြည့်အောင်တော့ စားခဲ့သင့်တယ်”ဟု မိမိက တိုက်တွန်းရာ –

“ဟာ ... ဦးကျော်ဝင်းကလဲ စိုးရိမ်ရန်ကောဗျာ၊ လောပိတကို ရောက်ရင် ဟိုမှာဧည့်ခံတာတွေကို

တဝတပြဲစားသောက်ကြရအုံးမှာဗျ"

ဤကား သူ့အထင်။ မိမိက မူ ကိုယ့်ခွဲတမ်းအပြင် သူ မစား၍ ပိုနေသည့် ပလာတာတစ်ဝက်ကိုပါ စားပစ်လိုက်၏။

လမ်းခရီးကဝေးကွာသည်။ ကားဆောင့်သည့်ဒဏ်ကြောင့် အစာကြေပြီး ဗိုက်ဆာလာကြ၏။ လမ်းတစ်လျှောက် ဘာစားသောက်ဆိုင်မျှမရှိ။ ညွန်ကြားရေးမှူးချုပ်ခမျာ ဗိုက်ဆာလွန်းသဖြင့် တညည်းညည်း တညူညူ ဖြစ်နေရှာ၏။ စခန်းရောက်တော့ သက်ဆိုင်ရာ အင်ဂျင်နီယာများက ကြိုဆိုပြီး လေ့လာစရာများကို လိုက်လံပြသသည်။ ထို့နောက် တစ်ဦးကိုဘီစကွတ်မုန့်နှစ်ချပ်နှုန်းဖြင့် ဧည့်ခံသည်။ ရေနွေးကြမ်းတိုက်သည်။ ခေါင်းပါးသော တောကြိုအုံကြား၌ တာဝန်ထမ်းဆောင်နေကြရသူများဖြစ်ရာ အဘယ်မှာလျှင် ပေါပေါများများ ရက်ရက်ရောရောဧည့်ခံနိုင်ကြရှာပါမည်နည်း။

အပြန်ခရီးတွင် ညွှန်ကြားရေးမှူးချုပ်သည် မခံမရပ်နိုင်လောက်အောင် ဗိုက်ဆာသည့်ဝေဒနာကို ခံစားလာရရှာ၏။ ဧည့်ရိပ်သာသို့ ပြန်ရောက်သည့်အခါ နေ့လယ်စာကို တရုတ်ဆိုင်က မှာကျွေးကြသဖြင့် အချိန်အတော်ကြာကြာစောင့်ဆိုင်းပြီးမှသာ စားစရာများရောက်ရှိလာ၏။ ညွှန်ကြားရေးမှူးချုပ်သည်ကား အဆာလွန်သွားပြီဖြစ်၍ မစားနိုင်တော့ပြီ။

"လောပိတစခန်းက အင်ဂျင်နီယာတွေနဲ့ဝန်ထမ်းတွေဟာ အတော့်ကိုချီးကျူးစရာကောင်းတဲ့ ပုဂ္ဂိုလ်တွေပါ၊ မဲဇာတောင်ခြေလိုဒေသမျိုးမှာ အစားဆင်းရဲ၊ အနေဆင်းရဲနဲ့ တိုင်းပြည်တာဝန်ကိုထမ်းဆောင်နေကြတယ်၊ ချီးကျူးဂုဏ်ပြုသင့်တဲ့ တကယ့်ပြည်သူ့ဝန်ထမ်းကောင်းတွေပါဗျာ" ဤကား ညွှန်ကြားရေးမှူးချုပ်၏ မှတ်ချက်ပင်တည်း။

"ကျွန်တော် သိပ်စိတ်ဝင်စားပြီး တန်ဖိုးထားတာက လောပိတရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ခဲ့ပုံကို အစအဆုံး ရိုက်ကူးမှတ်တမ်းတင်ထားတဲ့ သတင်းကားပဲဖြစ်ပါတယ်၊ အခုမော်ကွန်းရုပ်ရှင်လို့ခေါ်နေတဲ့ ဗဟိုရုပ်ရှင်က ရိုက်ကူးမှတ်တမ်းတင်ခဲ့တာပါ၊ ဂျပန်က မြန်မာနိုင်ငံကို စစ်လျော်ကြေးပေးတဲ့လုပ်ငန်းတစ်ရပ်အနေနဲ့ ဒီလောပိတရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ပေးခဲ့တာဖြစ်ပါတယ်၊ လုပ်ငန်းစဉ်အရ ဂျပန်အင်ဂျင်နီယာတွေ မြန်မာပြည်ကိုလာရောက်ပြီး လောပိတစခန်းမှာ ပဏာမလေ့လာတွက်ချက်သုတေသနပြုကြပုံကအစ ဒေသခံတိုင်းရင်းသားတွေရဲ့အကူအညီနဲ့ လမ်းတွေဖောက်ကြပုံ၊ အင်ဂျင်နီယာတွေက စက်တွေတပ်ဆင်ကြပုံ၊ ပြီးမြောက်တဲ့အခါ ဓာတ်အားထုတ်လုပ်ကြပုံ၊ ရပ်ဆိုင်းကြည့်ကြပုံတွေကို အစအဆုံးရိုက်ကူးမှတ်တမ်းတင်ထားတာဖြစ်ပါတယ်၊ သိပ်ပြီးတန်ဖိုးရှိလှတဲ့ မှတ်တမ်းသတင်းကားပါ၊ နောင်မျိုးဆက်သစ်တွေကို ပြသနိုင်ဖို့အတွက် အဲဒီမှတ်တမ်းသတင်းကားကို သေသေချာချာ ထိန်းသိမ်းထားသင့်ပါတယ်" မိမိက ပြောပြခြင်းဖြစ်၏။

လွိုင်ကော်မှ ရန်ကုန်သို့ ပြန်လည်ရောက်ရှိပြီး နောက်တစ်နေ့တွင် မိမိတို့ရုံးသို့ အမျိုးသားထောက်လှမ်းရေးတပ်ဖွဲ့မှ အရာရှိတစ်ဦးနှင့် တပ်ဖွဲ့ဝင် ၇ ဦးရောက်ရှိလာ၏။ သူတို့နှင့်အတူ သံသေတ္တာအမည်းကြီးတစ်လုံးပါရှိလာ၏။

"ဘာများအကြောင်းကိစ္စရှိပါသလဲ"

ညွှန်ကြားရေးမှူးချုပ်က မေးမြန်းလိုက်သည်တွင် ခေါင်းဆောင်အရာရှိက မိတ်ဆက်စကားပြောကြား၏။ ထို့နောက် –

"လွန်ခဲ့တဲ့လ နောက်ဆုံးပတ်မှာ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ ဖိုးသိန်းတန်ကျေးရွာအုပ်စု၊ နွားမယံကြီးကျေးရွာက ရွာသားတချို့ဟာ ညနေခင်းနွားကျောင်းရာလမ်းခရီးမှာ မြွေကြီးတစ်ကောင်ကိုတွေ့လို့ ဟင်းစားအတွက် လိုက်ရိုက်ကြတယ်၊ မြွေကြီးဟာ ချုံတစ်ခုနားက မြေတွင်းပေါက်ထဲကို ဝင်ပြေးသွားတယ်၊ ရွာသားတွေဟာ သူတို့မှာပါလာတဲ့ ပေါက်တူး၊ ပေါက်ချွန်းတွေနဲ့ အဲဒီမြေတွင်းကို ဖြိုကြတဲ့အခါ..."။ ။

**မနုသကျော်ဝင်း**
**(အမျိုးသားစာပေဆုရ)**



# မင်းတုန်းမင်းတရားကြီး ရေးဖွဲ့သည့် တေးကဗျာများ

✔ မောင်သန်းဆွေ (ထားဝယ်)

မင်းတုန်းမင်းတရားကြီးသည်
ခမည်းတော် သာယာဝတီမင်းတရားကြီး
လက်ထက် လှတ်တက်မင်းသားကြီး
ဘဝကပင် ကဗျာ၊ လင်္ကာ စာပေများကို
ဖတ်ရှုလေ့လာခြင်း၊ ဆွေးနွေးခြင်း
စသည်တို့ကိုပြုလုပ်တတ်ပြီး
ကိုယ်တော်တိုင်ပင် ကဗျာ၊ လင်္ကာ
ဖွဲ့နွဲ့စီကုံးတော်မူသည်ဟု
အစ်ကိုကြီးဦးစိန်မောင်ဦးက
ပြောပြပါသည်။ စာရေးသူမှာ
အံ့သြ၍မဆုံးနိုင်ပါ။ ယုံပင်
မယုံနိုင်အောင်ဖြစ်ရသည်။ သို့သော်
အစ်ကိုကြီးဦးစိန်မောင်ဦးက
သက်သေအထောက်အထားများနှင့်
ဂဃနဏပြောပြသဖြင့်သာ
လက်ခံလိုက်ရပါသည်။
မင်းသားကြီးဘဝက ပျို့၊ ကဗျာ၊
လင်္ကာ စာပေဗဟုသုတအရာ၌
တတ်ကျွမ်းသူများနှင့်
ဆွေးနွေးလေ့ရှိသည်။

ကင်းဝန်မင်းကြီးအလောင်းအလျာ
ဦးအာသဘသည် မင်းတုန်းမင်းသားကြီး
အမေးတော်ရှိရာ ပျို့၊ ကဗျာ၊
လင်္ကာများနှင့်ပတ်သက်သည့် ခဲရာခဲဆစ်များ
ကို ရှင်းလင်းဖြေကြားခဲ့ရသူဖြစ်သည်။
အလိုရှိရာအကြောင်းအရာများကို
ချက်ချင်းစပ်ဆိုနိုင်သော အရည်အချင်းများကို
နှစ်သက်တော်မူသောကြောင့် အမိန့်တော်ဖြင့်
လူထွက်ပြီး ဘဏ္ဍာစာရေးအရာအဖြစ်
အမှုထမ်းစေခဲ့သည်။
မင်းတုန်းမင်းတရားကြီးအဖြစ်
အထွတ်အမြတ်ရောက်တော်မူသော
အခါ၌လည်း စာဆိုစလေဦးပုညကို
မင်းပြစ်မင်းဒဏ်မသင့်စေရဟူ၍
ဘေးမဲ့ပေးသနားတော်မူခဲ့သည်။
မင်းလှသင်္ချာဘွဲ့အမည်ဖြင့်
လက်ဖက်ရည်တော်အရာ၌
ထားရှိမြှောက်စား၍ ရွာစည်ရွာကိုလည်း
ပေးသနားတော်မူခဲ့သည်။ နောက်ပိုင်း
မြင်ကွန်းမြင်းခုံတိုင်အရေးကြောင့်
စလေဦးပုညကိုရန်ငြိုးရန်စရှိသူ
ရွှေမြို့တော်ဝန်ဦးသာအိုးက
အဆုံးစီရင်ခဲ့သဖြင့် မင်းတရားကြီးသည်
ဝမ်းနည်းနှမြောခြင်းကြီးစွာဖြင့်
'လူကို ခွေးသတ်လေခြင်း'ဟု

နှုတ်ပြစ်တင်တော်မူသည်ဟုဆိုပါသည်။ ဤကဲ့သို့ ရှေးဟောင်း ပျို့၊ ကဗျာ၊ စာပေ၊ လင်္ကာများကို အမြတ်တနိုးလေ့လာသူ၊ စာဆိုကဝိပညာရှိတို့ကို လေးစားသူ မင်းတုန်းမင်းတရားကြီးသည် ရံဖန်ရံခါ စိတ်ကူးစိတ်သန်းရတော်မူသည့်အခါတွင် ကဗျာ၊ လင်္ကာ အတိုအစလေးများကို ဖွဲ့ဆိုစီကုံးတော်မူပါ၏။

မြန်မာနှစ် ၁၂၁၄ ခု၊ ပြာသိုလ (၁၈၅၂ ခုနှစ်၊ ဒီဇင်ဘာလ)အတွင်း အသက်အန္တရာယ်မြင်သောကြောင့် မင်းတုန်းမင်းသားနှင့် ညီတော် ကနောင်မင်းတို့သည် ရတနာသိင်္ဃမြို့သို့ ရှတ်တရက်ရှောင်တခင်ထွက်တော်မူကြရလေသည်။ ညီတော်ကနောင်မင်းက နောင်တော်နှင့် ကိုယ်လုပ်တော်၊ သားတော်၊ သမီးတော်များအား ဘေးကင်းရာသို့ပို့ဆောင်၍ ရှေ့ဖျားမှ ရတနာသိင်္ဃမြို့သို့ ခရီးပြင်းနှင်စေသည်။ ကနောင်မင်းသည် နောက်တော်မှတိုက်ခိုက်၍ ခုခံကာကွယ်ပေးသည်။

ဤသို့ရှေ့ဖျားမှခရီးပြင်းနှင်လေသော မင်းတုန်းမင်းသားကြီးသည် မည်သို့စိတ်ကူးစိတ်သန်းရသည် မသိ။ အောက်ပါလေးဆစ်ကိုရေးဖွဲ့တော်မူသည် ဆိုပါသည်။

'ခေါင်မဖုံး၊ ဆောင်လုံးတဲ့ယိမ်းယိုင်။
ကြမ်းပြင်မှာ လျှော်မတည်းတယ်
ကြမ်းပေါက်ကမြိုင်။
ဧည့်ကောင်းရယ်ထိုင်၊ အိမ်ခိုင်နှင့်မလဲ။
ကျီးအက်ကြောင်ခိုနှင့်
ညဥ့်ဂေါယာ နေခြည်ပျောက်မှာ
ကွန်းထောက်တဲ့တဲ'။

ညီနောင်နှစ်ပါးအရေးတော်ပုံအောင်၍ နောင်တော်၏ ထီးနန်းအရိုက်အရာကိုဆက်ခံရသောအခါ မင်းတုန်းမင်းသည် ငယ်ချစ် ခင်သဲအား အဂ္ဂမဟေသီအရာ၌ မြှောက်စားထားရှိပါမည်ဟု ရွှေတန်ဆာဘုရား၌ သစ္စာဆိုခဲ့သည်ဆို၏။ ညီတော်ကနောင်မင်းက နောင်တော် ပုဂံမင်းတရားကြီး၏နှမတော်ရင်း စကြာဒေဝီမင်းသမီးကြီးကိုသာ အဂ္ဂမဟေသီအရာ၌ထားရန် လျှောက်ထားသည်။

ယင်းမင်းသမီးကြီးသည် ထက်မြက်ထူးချွန်သော ဝေဒပညာရှင်မင်းသမီးကြီးတစ်ပါးဖြစ်သည့်အားလျော်စွာ ခမည်းတော် သာယာဝတီမင်းတရားကြီးအား တိုင်းရေးပြည်ရာနှင့်ပတ်သက်၍ အကြံကောင်း ဉာဏ်ကောင်းများ ဆက်သနိုင်သောကြောင့် မင်းမိန့်ဖြင့် သေဒဏ်ကျနေသောရာဇဝတ်သားများကိုပင် ကယ်တင်နိုင်သောသူအဖြစ် အသနားခံရသူလည်းဖြစ်ပါ၏။

ဤကဲ့သို့ ဇာတိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံသော မင်းသမီးကြီးကို မင်းတုန်းမင်းနှင့် ညီတော် ကနောင်မင်းတို့သည် ဦးချကန်တော့ခဲ့ရသည်ချည်း ဖြစ်ပါ၏။

ရှင်းရှင်းနှင့်ဘွင်းဘွင်းမိန့်တော်မူတတ်သော ကနောင်မင်းကမူ "ညီလာခံသဘင်ဆိုတာ ရှမ်း ၉ ပြည်ထောင်စော်ဘွားတွေနဲ့ ကျုပ်က ကန်တော့ရတဲ့ အခမ်းအနား၊ ဒီအခမ်းအနားမှာ ကျုပ် နောင်တော်နဲ့ အစ်မတော်သာရှိခိုးနိုင်မယ်၊ မသဲကို ဘယ်ကန်တော့နိုင်မလဲ"ဟု မိန့်တော်မူခဲ့ပါ၏။

အကြောင်းကြောင်းကြောင့် မြောက်နန်းတော်မိဖုရားကြီးအရာနှင့်သာကျေနပ်လိုက်ရသော ခင်သဲကို မင်းတုန်းမင်းတရားကြီးသည် ကရုဏာသက်၍မဆုံးနိုင်အောင် ရှိတော်မူရှာပါ၏။

မင်းတုန်းမင်းတရားကြီး သီကုံးတော်မူခဲ့သော မြောက်နန်းတော်မိဖုရားကြီးခင်သဲဘွဲ့တေးထပ်မှာ အောက်ပါအတိုင်းဖြစ်ပါ၏။

'ရွှေမေတ္တာ ပိုမိုလှချေငဲ့၊ ဘဏ္ဍာက ပုံလို
မြင်တိုင်းပါ့ ရသာချိုတယ်၊
အမယ်အို သည့်အလား။
ပါးရေကျို့ ဆံတော်ကေမှာ၊
ဖြူလေလေ တိုး၍သနား။
ခါးတော်က ညွတ်ခွေခွေ၊ ကြင်ဖျာပွေထပ်ပွား၊
မှဲ့နက်နီပုံများနှင့်၊ ချစ်အားကထပ်မံ။
သူငယ်ပြန် အရွယ်ရောက်၊
ဘယ်ကလောက် တွေးလို့မမှန်။
မိုးဣန္ဒ သက်နံ့ငယ်၊ လိုက်စေရန် စကြာမျိုးနှင့်

ရှိခိုးလို့ အမယ်အို၊ လဲချင်လို့ငို။

ကြင်ဦးမို့ စေတနာပိုတယ်၊ မလဲလို မြဲပါငဲ့လေး’။

အထက်ပါတေးထပ်ကိုရေးဖွဲ့သောအချိန်တွင် မြောက်နန်းတော်မိဖုရားကြီး ခင်သဲသည် သက်တော်ခြောက်ဆယ်ကျော်လွန်လာပြီဖြစ်သောကြောင့် ဆံဖြူနားထိုင်း၊ ခါးကိုင်း၊ ပါးရေတွန့်နေသော အဘွားအိုတစ်ဦးဖြစ်နေလေပြီ။ မင်းတုန်းမင်းတရားအဖို့မှာမူ အမှည့်လွန် အခွံတွန့်နေသော ဘဏ္ဍာကသရက်သီးသည် ရသာချိုမြက် လေးနက်ဆဲပင်ဖြစ်သကဲ့သို့ ငယ်ချစ်ခင်သဲအပေါ်၌ထားရှိသောမေတ္တာသည်လည်း ခန်းခြောက်ယုတ်လျော့သွားသည်မရှိ၊ ထာဝစဉ်လန်းဆန်းခိုင်မြဲလျက်ရှိပါ၏။

သိကြားမင်းသည် စကြာရတနာနှင့် လာရောက်လျက် ခင်သဲကို နတ်ဒေဝီအလှပဂေးတို့နှင့် အလဲအလှယ်ပြုလုပ်ရန် ရှိခိုးဦးတင် ငိုယိုတောင်းပန်လာသော်လည်း ငယ်ချစ်ခင်သဲနှင့် အလဲအလှယ်မလုပ်နိုင်ကြောင်း ရေးဖွဲ့ထားသည်ကို လေ့လာတွေ့ရှိရပါ၏။

မင်းတုန်းမင်းတရားကြီး၏ တတိယမြောက်လက်ရာမှာ အလယ်နန်းမတော် ဆင်ဖြူမရှင်မိဖုရားကြီးဘွဲ့ တေးထပ်ဖြစ်ပါ၏။ အများသိရှိပြီးဖြစ်သည့်အတိုင်း အလယ်နန်းမတော် ဆင်ဖြူမရှင်မိဖုရားကြီးကို မြန်မာနှစ် ၁၁၈၃ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့ (၁၈၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)တွင် စစ်ကိုင်းမင်းတရားကြီး၏ အရှင်နန်းမတော်မိဖုရားခေါင်ကြီးအဆောင်တော်တွင် မနော်ဟာရီထီးဖြူတော်အုပ်မိုးလျက် ဖွားသန့်စင်တော်မူပါ၏။

အလယ်နန်းမတော် ဆင်ဖြူမရှင်မိဖုရားကြီးသည် ရုပ်ဆင်းရူပါအနေဖြင့် အပြစ်ဆိုဖွယ်ရာမရှိ၊ လှပချောမွေ့သူဖြစ်ပါ၏။ သို့သော် ထီးဖြူတော်ဖွားမင်းသမီးတစ်ပါးဖြစ်သည့်အားလျော်စွာ အရာရာ၌ စိတ်အလိုတော်မကျသည်ကများလျက် နွဲ့ချင်ဆိုးချင်သောအမူအကျင့်လည်း ရှိတော်မူပါ၏။ အလယ်နန်းမတော်မိဖုရားကြီးသည် တစ်နာရီမျှသာအချိန်အတွင်း စာမဖွဲ့လောက်၊ မမူလောက်သော အမူအခင်းငယ်များအား အကျယ်ချဲ့လျက် အလိုတော်မကျဖြစ်နေသည်ကို မကြာခဏချော့မော့နေရသောကြောင့် သိကြားမင်းအား အကူအညီခေါ်ရဦးမည့်အကြောင်း မင်းတုန်းမင်းတရားကြီး ရေးဖွဲ့တော်မူခဲ့သောတေးထပ်မှာ အောက်ပါအတိုင်းဖြစ်ပါ၏။

ရာပြည်ပြည်ရှိပန်သ၊ တိုင်းပူရဦးသျှောင်
ညာနန်းမအခေါင်၊ ဘက်အရောင်မပြား။
စန်းငွေလတိမ်စင်လို၊
နှိုင်းမမြင် ထီးဖြူအောက်ဖွား။
တော်လေးဝနတ်မူနီလို၊ မှတ်တူညီမခြား။
သို့ပါသော် စိတ်ထားမှာ၊
မျက်အားတော်လွန်ကြွယ်။
တစ်နာရီအချိန်လောက်၊
အကောက်က များလှပါတယ်။
မဖြစ်သင့်မူငယ်ကို၊ ဋီကာကျယ်ညဏ်ချဲ့လို့
ပူရှာဖွဲ့မကြည်လင်၊ ငြိုးမာန်ဖွဲ့ဆင်။
ရွှေစိတ်တော် သူကြည်လင်အောင်၊
သိကြားပင် လာစမ်းတော့လေး။

ဖော်ပြခဲ့သော မင်းတုန်းမင်းတရားကြီး တေးကဗျာများရေးရခြင်းအကြောင်းအရင်းတို့ကို သက်သေအထောက်အထားနှင့် အစ်ကိုကြီးဦးစိန်မောင်ဦးက ပြောပြ၍သာ ယုံခဲ့ရခြင်းဖြစ်ပါသည်။ မင်းတုန်းမင်းတရားကြီးကဲ့သို့သောသူက ဤသို့ တေးကဗျာများစပ်ဆိုလိမ့်မည်ဟု လုံးဝစိတ်မကူးမိပါ။

ယခုအခါ အစ်ကိုကြီးဦးစိန်မောင်ဦးက ကွယ်လွန်သွားပြီဖြစ်သည်။ သို့ဖြစ်၍ သူကဲ့သို့ ဂဃနဏပြောပြနိုင်မည့်သူလည်း မရှိတော့ပါ။ လူထုဒေါ်အမာက အစ်ကိုကြီးဦးစိန်မောင်ဦးကို “ကျွန်မက သမိုင်းနှင့်ပတ်သက်ရင် စာအုပ်လှန်ကြည့်မနေတော့ဘူး၊ သူ့ကိုပဲမေးလိုက်တာပဲ၊ သူက ကျွန်မအတွက်တော့ သမိုင်းအင်ဆိုက်ကလိုပီးဒီးယားကြီးလေ”ဟု ပြောပြဖူးသည်ကိုမှတ်မိနေပါသည်။ ယခုတော့ ဒေါ်အမာ၏ သမိုင်းအင်ဆိုက်ကလိုပီးဒီးယားကြီး ပျောက်သွားလေပြီ။ ။

**မောင်သန်းဆွေ(ထားဝယ်)**

စကားပြောနေသောဓာတ်ပုံ တစ်ပုံဖြစ်ပေါ်လာခြင်းသည် ရိုက်ကူးသူ၏ရင်ထဲတွင် ကဗျာအသိ၊ စာအသိ ဝမ်းစာရှိနေသည့်အခါ အမှတ်မထင်တွေ့မြင်လိုက်ရသော မြင်ကွင်းတစ်ခု၏ရသကို ခံစားမိပြီး သရုပ်ဖော်ပြနိုင်ခြင်းပင်ဖြစ်သည်။ အကြောင်းအရာတူသော်လည်း မြင်ကွင်းမတူသည့်အခါ


# ဓာတ်ပုံကပြောသော ဒဿနများ(၂)

✔ စစ်ငြိမ်းပန်း


တွေးခေါ်ခံစားရပုံချင်းမတူသောဓာတ်ပုံတစ်ပုံကို ဦးချစ်ဝိန်က ထပ်မံရိုက်ကူးခဲ့သည်။

❑

တစ်ခုသောနေ့လယ်ခင်းဖြစ်သည်။ ဦးချစ်ဝိန်သည် နေအိမ်တွင်ရှိစဉ် အသစ်ရရှိထားသော ဒစ်ဂျစ်တယ်ကင်မရာအသစ်တစ်လုံးကို စမ်းသပ်ရိုက်ကူးချင်စိတ်ဖြစ်ပေါ်နေသည်။ မန္တလေးမြို့၏ ပူပြင်းသောနေအပူဒဏ်ကိုမခံနိုင်သဖြင့် အိမ်အပြင်မထွက်ဘဲ အိမ်တွင်း၌ ကင်နွန်ဒစ်ဂျစ်တယ်ကင်မရာလေးကို စမ်းသပ်ရိုက်ကူးရန် လိုက်လံချိန်တွယ်ကြည့်ရှုနေသည်။ နေ့လယ်ခင်းဖြစ်၍ အိမ်သားအားလုံး အိမ်အပေါ်ထပ်ရှိ အအေးခန်းတွင်စုဝေးပြီး တီဗီကြည့်နေသည်။ ထိုစဉ် အိမ်အပေါ်ထပ်တက်သည့် လှေကားထစ်များပေါ်တွင် ဖိနပ်လေးတွေအစီအရီခင်းထားသည်ကို တွေ့လိုက်ရသည်။ လှေကားခြေရင်းတွင် လူကြီးခြေညှပ်တစ်ရန်၊ အပေါ်အထစ်တွင် လူလတ်စီးဖိနပ်သုံးလေးရန်၊ အထက်အဆင့်ဆင့်တွင် လူငယ်ကလေးစီးဖိနပ်လေး



လှေကားထစ်ပေါ်က အရွယ်စုံဖိနပ်များ



မှောက်လျက်အစီအရီချထားသော ရေအိုးများ



ဧရာဝတီမြစ်ကမ်းနံဘေး တာရိုးပေါ်ကနေ၍မြင်ရသည့် မြစ်အလှနှင့် စစ်ကိုင်းတောင်

များစီထားသည်ကို တွေ့လိုက်ရသည်။ မြင်လိုက်ရသည့် မြင်ကွင်းသည် လှေကားထစ်ပေါ်တွင် ဖိနပ်အရွယ်စုံ ခင်းကျင်းထားခြင်းပင်ဖြစ်သည်။

ဦးချစ်ဝိန်၏ရင်တွင် လှိုင်းတစ်ခုထသွားသည်။ လက်ထဲရှိကင်မရာဖြင့် လှေကားထစ်နှင့် ဖိနပ်လေးများကို ဓာတ်ပုံရိုက်လိုက်သည်။

"သာမန်ကြည့်ရင်တော့ လှေကားထစ်ပေါ်မှာ ဖိနပ်လေးတွေစီပြီးခင်းထားတယ်ပေါ့၊ အကြီးအရွယ် အလတ်အငယ်သုံးပါးစလုံးပါတဲ့ ဖိနပ်ဆိုက်စုံလေးတွေ၊ အမျိုးအစားလည်းစုံ၊ ရှူးဖိနပ်လေးတောင်ပါရဲ့၊ ဖိနပ်လေးတွေခင်းထားတဲ့ လှေကားထစ်ပုံမှာ ဒဿနဆိုတာပါနေတယ်၊ ငယ်ရွယ်သူ လန်းဆန်းတက်ကြွတဲ့သူတွေက ဘဝကို တစ်ထစ်ချင်း၊ တစ်ဆင့်ချင်း တက်သွားလို့ ရှေ့ကိုရောက်သွားကြပြီ၊ တဖြည်းဖြည်း အထက်ကိုတက်လှမ်းသွားကြပြီ၊ အသက်အရွယ်ရလာတဲ့သူတွေက ကျတဲ့အရွယ်မို့ လူရွယ်တွေကို မီအောင်မလိုက်နိုင်ကြတော့လို့ အောက်မှာ၊ နောက်မှာ တဖြည်းဖြည်းကျန်ခဲ့ကြရပြီ၊ ဘဝရဲ့နောက်ဆုံးတတိယအရွယ်မှာ ရှေ့ကိုတက်လှမ်းသွားကြတဲ့သူတွေကို မျှော်ကြည့်ငေးမောပြီး ကျန်ရစ်ခဲ့ကြရတယ်ဆိုတဲ့အသိ၊ ဓာတ်ပုံရဲ့ဒဿနကိုဖော်ပြနေတယ်လေ"

ကျွန်တော်နှင့် ဦးချစ်ဝိန်ဆုံတွေ့စဉ် သူထုတ်ပြသောဓာတ်ပုံနှစ်ပုံကိုကြည့်ရှုမိပြီး ဓာတ်ပုံ၏ဒဿနတွေကို ပြောဆိုနေပါသည်။ ဖိနပ်ပါသောဓာတ်ပုံနှစ်ပုံဖြစ်သော်လည်း တစ်ခါက ပြင်ဦးလွင်မြို့၊ လွတ်လပ်ရေးအောင်စေတီစောင်းတန်းအခြေတွင် မြင်တွေ့ခဲ့ရသော ဖိနပ်လေးနှစ်ရန်နှင့် ယခုနေအိမ်တွင် ဖိနပ်လေးများကို မြင်တွေ့ရိုက်ကူးမိသော ဓာတ်ပုံများ၏အတွေးနှင့်ခံစားချက် မတူကွဲပြားနေသည်ကို မြင်ကြလိမ့်မည်ထင်ပါသည်။

❑

စကားပြောသောဓာတ်ပုံဖြစ်သကဲ့သို့ တရားသဘောထင်ဟပ်နေသောဓာတ်ပုံဆိုလျှင် သင် မည်သို့ခံစားမိမည်နည်း။ လောကဓံတရား၊ သင်္ခါရတရား၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားများကို ဓာတ်ပုံများက ပြောနေပါသည်။

ကျွန်တော် မန္တလေးတွင် ၁၉၈၁ ခုနှစ်မှ ၁၉၈၅ ခုနှစ်အတွင်း တာဝန်ကျစဉ် အားလပ်ရက်များ၌ မန္တလေးမြို့ဝန်းကျင်သို့ ဓာတ်ပုံရိုက်ထွက်လေ့ရှိသည်။ ထိုခေတ်အခါက မန္တလေးနှင့်စက်ဘီး ခွဲခြားမရသော အချိန်လည်းဖြစ်သည်။

ကျွန်တော်သည် တစ်ခုသောတနင်္ဂနွေနေ့ နံနက်စောစော နေမထွက်မီတွင် နန်းတွင်းမှစက်ဘီးစီးပြီး ချိန်းဆိုထားသော ဦးချစ်ဝိန်ရှိရာ ၂၆ လမ်းနေအိမ်သို့ သွားရောက်ခဲ့သည်။ ကင်မရာအိတ်လွယ်ပြီး စက်ဘီးတစ်စီးဖြင့် ဦးချစ်ဝိန်က အသင့်စောင့်နေသည်။ သူက စတင် ပြောလိုက်သည်။

"ဒီနေ့တော့ ဧရာဝတီမြစ်ကမ်းနံဘေးတာဘောင်တွေဘက် ထွက်ကြတာပေါ့"

ကျွန်တော်တို့နှစ်ဦး စက်ဘီးကိုယ်စီနှင့် ဂေါဝိန်ဆိပ်ကမ်းမှတစ်ဆင့် ဧရာဝတီမြစ်ကမ်းနံဘေး တာဘောင်အတိုင်းထွက်လာခဲ့သည်။ နံနက်ခင်းနေအထွက် မြစ်ကမ်းတစ်လျှောက် သဲသောင်ပြင်တွင် ထွန်ယက်နေသော ကိုင်းသမားများကိုမြင်သဖြင့် ရပ်ပြီး ဓာတ်ပုံရိုက်ကြသည်။ ဓာတ်ပုံရိုက်အပြီး ပြန်ကြရန် တာရိုးအတိုင်း စက်ဘီးစီးလာစဉ် တစ်နေရာအရောက် တာရိုးပေါ်တွင် သောက်ရေအိုးများအစီအရီမှောက်ထားသည်ကိုတွေ့လိုက်ရသည်။ ရာသီကုန်ဖြစ်သော သောက်ရေအိုးများကို အဆင့်ဆင့်မှောက်ထား၊ စီထားသည်ကို တွေ့ရသည်။ အိုးများ၏နောက်ဘက်တွင် သစ်ပင်ခြောက်တစ်ပင်ပါမြင်ရသည်။

အိုးများစီထားပုံမှာ ဟန်ချက်ညီညီရှိလှသည်။ စက်ဘီးရပ်ပြီး ဓာတ်ပုံရိုက်ကြသည်။ ကျွန်တော်က အိုးများမှောက်ထားသည့် အခင်းအကျင်း(Pattern) ကို အမိအရဖမ်းယူရိုက်ခဲ့သည်။

နောက်ရက် ညဦးပိုင်းတွင် ဦးချစ်ဝိန်နှင့်ပြန်ဆုံကြသည်။ ဦးချစ်ဝိန်က တစ်နေ့ကရိုက်ခဲ့သောဓာတ်ပုံများအနက် ကူးပြီးသောအဖြူအမည်းဓာတ်ပုံတစ်ပုံကို ထုတ်ပြသည်။ သူ့ဓာတ်ပုံသည် မှောက်ထားသော အိုးများနှင့် နောက်တွင် သစ်ပင်ခြောက်ပါ မြင်တွေ့လိုက်ရသည်။ သူက ဓာတ်ပုံနှင့်ပတ်သက်၍ ခံစားမှုကိုပြောပြသည်။

အိုးများစီရီထားပုံမှာ ဟန်ချက်ညီညီရှိနေသည်။ Orchestra သံစုံတီးဝိုင်းတစ်ခုတွင် ဂီတသမားများနေရာယူထားသလို မြင်လိုက်သည်။ သံစုံတီးဝိုင်းက Symphony တေးသံများကိုပင်ကြားယောင်လာသည်။ နောက်ခံသစ်ပင်ခြောက်ကြီးသည် တီးဝိုင်းကြီးအားကွပ်ကဲနေသော ဂီတမှူးကြီးတစ်ယောက်လို မြင်ပြီး လက်ကိုမြှောက်ချည်ယမ်းချည်နှင့် ဂီတတေးသွားအလိုက်ယိမ်းနွဲ့နေဟန် ခံစားလိုက်ရသည်။

မှောက်ထားသောအိုးများကိုသာ လက်ဖြင့်လိုက်လံတီးခေါက်ကြည့်မည်ဆိုလျှင် တုန်တုန်တင်တင် တိန်တိန်မြည်လျက် အသံမျိုးစုံထွက်ပေါ်မည်မှာ အမှန်ပင်။

"ဓာတ်ပုံကတော့ အခုပြောသလို Symphony တီးခတ်နေတဲ့ Orchestra တီးဝိုင်းကြီးတစ်ခုလို မြင်ရပေမဲ့ သူ့နောက်မှာ ရှေ့ဆက်ပြီးအတွေးကရှိနေတယ်"

ဓာတ်ပုံတစ်ပုံသည် စကားပြောသည်သာမက အတွေးများကို ဆက်နေပါသည်။

"အင်း... အခုတော့ အိုးတွေကတစုတဝေးနဲ့ပေါ့၊ မကြာခင် ရိုင်ပတ်ထားတဲ့နွားလှည်းပေါ်မှာ ဖရိုဖရဲနဲ့ ဝယ်သူနောက်ပါသွားတော့မယ်၊ ဥမကွဲသိုက်မပျက်ဆိုတာ ယာယီအခိုက်အတန့်ကလေးပဲ၊ တကယ်တော့ ကံဇာတ်ဆရာအလိုကျ ခွဲခွာထွက်သွားကြရမှာပဲ၊ ထွက်ခွာသွားတဲ့အိုးတွေက တချို့ဟိုတစ်အိမ်ဒီတစ်အိမ်ရောက်ကြ၊ တင့်တင့်တယ်တယ် အိမ်ဦးခန်းနဲ့ ကျက်သရေခန်းမှာနေရာယူကြပေါ့၊ အိမ်မှာထားရင်း ကြာလာတော့ အက်ကွဲတာတို့၊ နှုတ်ခမ်းပဲ့တာတို့ဖြစ်ရော၊ အဲဒီတော့ ပိုင်ရှင်က သောက်ရေအိုးဘဝကစွန့်ပစ်ကြပေါ့၊ လူတွေက လွယ်လွယ်ကူကူမစွန့်ပစ်နိုင်တော့ ရေအိုးကို အပေါက်ပိတ်ပြီး ပန်းပင်စိုက်သူကစိုက်၊ ပန်းစိုက်တော့ ပန်းအိုးဘဝရောက်ရော၊ ပန်းအိုးဘဝရောက်တဲ့ သောက်ရေအိုးက ကံကောင်းသေးတယ်၊ တချို့က ရေအိုးခြမ်းပဲ့ထဲကို သဲနှင့်ဆားထည့်ပြီး မီးပြင်းတိုက်လို့ မြေပဲလှော်၊ ပေါက်ပေါက်လှော်ကြတယ်လေ၊ အေးချမ်းတဲ့ သောက်ရေအိုးဘဝက မီးပြင်းတိုက်ခံရတဲ့ရေအိုးဘဝရောက်တော့ ကံဆိုးပါတယ်။ တချို့ကတော့ ရေအိုးအကွဲကို ရွာထိပ်လမ်းထိပ်က ညောင်ပင်ရှိရာနတ်စင်မှာ သွားထားတယ်၊ နတ်စင်မှာထားတဲ့ရေအိုးက မီးမတိုက်ကောင်းဘူးဆိုလို့ မီးတိုက်မခံရပေမဲ့ နတ်အိုးကွဲပါကွာ၊ ဘာမှသုံးစားမရဘူးလို့ အပြောခံရပြန်ရော၊ အေးချမ်းတဲ့ရေအိုးလေးဟာ အဆင့်ဆင့်ဘဝကူးပြောင်းသွားတယ်။

နောက်ရှိသေးတယ်၊ အိုးပိုင်ရှင်သေဆုံးသွားတဲ့အခါ အိမ်မှာသုံးတဲ့သောက်ရေအိုးဟာ ပိုင်ရှင် အိမ်ကဆင်းသွားတာနဲ့ အိမ်အထွက်မှာချခွဲခြင်းခံလိုက်

ရတယ်၊ အိုးကောင်းဟာ ချက်ချင်းအိုးစားကွဲပြီး လမ်းမပေါ်မှာပြန့်ကျဲကုန်ရော”

ဦးချစ်ဝိန်၏ဓာတ်ပုံကနေ အတွေးဆက်ပုံဖြစ်ပါသည်။

ဓာတ်ပုံမှာ အိုးတွေမှောက်ထားသည်ကိုထောက်ပြရင်း “မှောက်ထားတဲ့အိုးတွေဟာ မိုးဘယ်လောက်ပင်ရွာသွန်းပါစေ တစ်ပေါက်တလေမှ ရမှာမဟုတ်ဘူး၊ အဲဒီလိုပဲ အတွေးဆက်လာတာက တရားစကား ဘယ်လောက်ကြားကြား၊ ဘုရားစကား ဘယ်လောက်နာထား၊ ပညာဗဟုသုတတရားတွေ ဘယ်လောက်သင်ကြားကြား အသိဉာဏ်တံခါးဖွင့်မထားလျှင် လူဖြစ်ရှုံးတတ်တယ်၊ မှောက်ထားတဲ့အိုးလိုမနေကြနဲ့၊ မျက်စိကိုဖွင့်၊ နားကိုစွင့်၊ နှလုံးသားမှာသိမ်းထားပါ၊ အိုးစားမကွဲခင် အခိုက်အတန့်အချိန်လေးမှာ ... ”

ကျွန်တော်သည် ဤသို့ခံစားမိရင်း အောက်ပါကဗျာကို ဖွဲ့သီခဲ့ပါသည်။

**ရေအိုးလေး**

သဲရေအိုးလေး
လှသွေးကကြွယ်
နငယ်စဉ်မှာ
ရေဖြည့်ရာဝယ်
ရသာထူးကဲ
မလဲနိုင်ပါ
ကိုကာကိုလာ
ဘီယာအေးအေး၊ သဲရေအေးနှင့်။

သဲရေအိုးလေး၊ ရေအေးအေးကြောင့်
လှသွေးတင့်တယ်၊ အိမ်ဦးလယ်မှာ
စံပယ်နေစဉ်၊ သွင်ပြင်မလှ
ကွဲအက်ပြ၍၊ မြေချသဲထည့်
အိုးခြမ်းပဲ့၍၊ မင့်မညာ
ဘယ်ညာလူးပြန်၊ မြေပဲဆန်ကို
မှောက်လှန်လှော်လိုက်၊ မီးပြင်းတိုက်သော်
သည်းခိုက်ပူဒဏ်၊ ကျောကော့ခံရ

အေးမြသဲအိုး၊ အဖြစ်ဆိုးမှာ
ကံဆိုးမသွားရာ မိုးလိုက်ရွာ။

တချို့သဲအိုး၊ ကံကဆိုးတော့
အကျိုးအကြောင်း၊ ပြန်ပြောင်းပြောမည်
တစ်ရံဆီက၊ ရေကြည်ကြည်အိုး
ကြမ္မာမျိုးက၊ သဲအိုးအရှင်
တိမ်းပါးစဉ်မို့၊ မကြင်ရက်စက်
ခွဲအက်ခြေမွ၊ ထွက်လမ်းမဝယ်
တစ်စပြန့်ကျဲ၊ အိုးစားကွဲပေါ့
မမြဲအနိစ္စ၊ အိုးဘဝ။

သဲရေအိုးလေး၊ အလှသွေးကို
မထွေးလိုစဉ်၊ အပိုရန်ထား
မှောက်ကာထားတော့၊ မှောက်သွားသည့်အိုး
ဘယ်လိုမိုးလည်း၊ အငြိုးရွာစေ
တစ်ပေါက်လေမျှ၊ မိုးရေမဝင်
ပြည့်မထင်ပြီ၊ ကုန်စင်စဉ်းစား
ဘုရားစကား၊ မည်မျှကြားထား
တရားစကား၊ မည်မျှကြားကြား
အများသုတ၊ မည်မျှရရ
အသိတံခါး၊ ဖွင့်မသွားလျှင်
မှောက်ထားအိုးလို၊ လူပိုဖြစ်ရှုံး
ဘဝဆုံးမည်၊ နှလုံးသားမှာ
အိုးစားမကွဲခင်၊ သတိယှဉ်လော့
ရှုမြင်လောက အိုးဘဝ။ ။

**(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ငွေတာရီမဂ္ဂဇင်း)**

အိုးကပြောသော တရားသဘောအတွေးပင်ဖြစ်ပါသည်။ နောက်ခံသစ်ပင်ခြောက်ကြီးသည် ဘဝဓာတ်ဆရာပင်ဖြစ်ပါသည်။ မြင်တတ်သူတိုင်း တွေးကြည့်ခံစားနိုင်ပါသည်။ ။

**စစ်ငြိမ်းပန်း**



# အရှေ့မိုးကုပ်စက်ဝိုင်းက အရောင်မစုံတဲ့သက်တံလေးတွေ

ဆွန်း ( စက်မှုတက္ကသိုလ် )



ထိုညနေက ဒေါ်မြနွယ်သည် မှုန်ပြာရီမှိုင်းနေသည့် အရှေ့မိုးကုပ်စက်ဝိုင်းက အရောင်မစုံတဲ့ သက်တံလေးတွေကို ဝိုးချဲပေါ်မှငေးကြည့်နေသည်။ ထိုစဉ် သက်သက်ရဲ့ဖုန်း ဝင်လာသည်။ တော်ရုံတန်ရုံအကြောင်း ကိစ္စနှင့်ဆို ဒေါ်မြနွယ်၏ ချွေးမအငယ် သက်သက်က ဒေါ်မြနွယ်ထံသို့ ဖုန်းခေါ်လေ့မရှိ။ အထူးအရေးပေါ် ကိစ္စရှိမှသာ ဖုန်းခေါ်တတ်သည်။ ထို့ကြောင့် သက်သက်ဆီက ဖုန်းဝင်လာလျှင် ဒေါ်မြနွယ်က စိုးထိတ် ပူပန်ချင်သည်။

“ဟဲလို ... သက်သက်၊ နေကောင်းကြလား၊

နင်တို့ဟာယ် ငြိမ်ချက်သားကောင်း နေလိုက်ကြတာ ဖုန်းတောင်မဆက်ကြဘူး"

ဒေါ်မြနွယ်ရဲ့ အမေးစကားကို သက်သက်က ချက်ချင်း အဖြေမပေး၊ ဖုန်းကိုင်ရင်းရှိုက်နေသည်။ သည်လောက်ဆို ဒေါ်မြနွယ်သိပြီ။ သက်သက်တို့လင်မယား ရန်ဖြစ်ကြပြန်ပြီ။ သက်ပြင်းကိုမှုဥ်းချရင်း မကြည်မသာစိတ်နှင့်မေးမြန်းရ၏။

"ဘာလို့ငိုနေတာလဲ သက်သက်ရယ်၊ နင်တို့လင်မယားရန်ဖြစ်ကြပြန်ပြီလား"

သက်သက်ထံမှ အဖြေစကားထွက်ပေါ်မလာ။ ရှိုက်သံများသာ ပိုမိုကျယ်လောင်လာသည်။ ဒေါ်မြနွယ်က အသက်ဝဝရှူလိုက်သည်။ ဘာစကားကို ဘယ်ကစပြီး ဘယ်လိုပြောရမည်လဲ စဉ်းစားသည်။

'လင်မယားချစ်တော့ ရန်ဖြစ်' ဟူသည့် ဆိုရိုးစကားက သက်သက်တို့လင်မယားအတွက် ရည်ရွယ်ဖြစ်တည်နေသလိုပင်။ သူတို့လင်မယားနှင့် အင်မတန်လိုက်ဖက်ကိုက်ညီသည်။ သူတို့သည် တစ်ယောက်ကိုတစ်ယောက် အသက်တမျှချစ်ကြသည့် လင်မယားနှစ်ယောက်။ တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်ကအပျောက်မခံနိုင်အောင်ချစ်ကြသည့် လင်မယားနှစ်ယောက်။ ဖြစ်နိုင်လျှင် ရွှေကြုတ်ထဲထည့်ကာ အာခံတွင်းမှာငုံထားလိုသည်အထိ ချစ်ကြသည့် လင်မယားနှစ်ယောက်။ သည်မျှ အချစ်ကြီးချစ်သည့် လင်မယားက ယခုလိုရန်ပွဲများကို တအုန်းအုန်းတခြိမ်းခြိမ်းနှင့် တစ်ရံမလပ်ဆင်နွှဲနေတာ မယုံနိုင်စရာ။

လင်နှင့်မယား လျှာနှင့်သွားမို့ ရံဖန်ရံခါထိမိကိုက်မိသည့် သဘောသဘာဝကို ဒေါ်မြနွယ်နားလည်သဘောပေါက်၏။ သို့သော် သူတို့လင်မယားက လိုသည်ထက်ပို၏။ ဘာမဟုတ်တာလေးနှင့်လည်း ရန်ဖြစ်ချင်ဖြစ်တတ်ကြ၏။ စိတ်ညစ်စရာ။ ဖြစ်လိုက်ပြန်လျှင်လည်း ခွန်းကြီးခွန်းငယ်နှင့် နင်ပဲငဆ။ ဘေးလူတွေမှာ နားမခံသာ။ သားနှင့်ချွေးမဆိုတော့လည်း မကြည့်ချင်မြင်လျက်သား၊ နားမထောင်မီ ကြားပြီးသား။ မြင်တိုင်းကြားတိုင်း စိတ်ဆင်းရဲရသည်။ တစ်မြို့တစ်နယ်စီ တသီးတခြားအနေဝေးသည့်တိုင်အောင် သက်သက်တို့လင်မယားရဲ့ အပူမီးက နယ်ကျော်တိုင်းခြားပြီး ဒေါ်မြနွယ်ကို လာဟပ်သည်။

"သူ့ကို သက်သက် ဆက်မပေါင်းနိုင်တော့ဘူး၊ သူ့ဒဏ်ကိုမခံနိုင်တော့ဘူး၊ သမီးတွေကြောင့်သာ သူ့သည်းညည်းအမျိုးမျိုးကို ကြိတ်မှိတ်အောင့်အည်းပြီး သည်းခံပေါင်းသင်းနေခဲ့ရတာ၊ တစ်နေ့နေ့မှာ ကောင်းလာလိမ့်နိုးနိုး၊ တစ်ချိန်ချိန်မှာ ပြင်ဆင်လာလိမ့်နိုးနိုးနဲ့ မျှော်ကိုးခဲ့ပေမဲ့ ကောင်းမလာဘူး၊ ဆိုးသည်ထက်သာ ပိုပိုဆိုးလာတယ်၊ ကိုယ်ထဲ အရက်ရောက်သွားရင် ထိန်းမနိုင်သိမ်းမရနဲ့ ကြမ်းကြုတ်ရမ်းကားချင်တယ်၊ အရက်က လူကိုနိုင်သွားပြီ၊ ဘယ်လိုမှအဖတ်ဆယ်လို့ မရတော့ဘူး"

သက်သက်က ပြောပြောငိုငိုလုပ်နေသည်။ ဒေါ်မြနွယ်က ထိတ်ထိတ်ပျာပျာနှင့် ကသောကမျောမေးမိသည်။

"ဟင်...ဒီကောင် အရက်ပြန်သောက်နေတယ်လား"

'ဒီကောင်'ဆိုသည်က သက်သက်၏ခင်ပွန်း၊ ဒေါ်မြနွယ်၏သားငယ် 'ကိုလင်း'။ အရက်ကို အလွန်အကျွံသောက်စားပေတေနေသောကြောင့် အသည်းရောဂါရ၍ ဒေါ်မြနွယ်က ရန်ကုန်သို့ခေါ်ပြီး ဆေးကုသပေးခဲ့ရသူ။ ပြန်သွားသည်မှာ ဘာမှမကြာလှသေး။ ကိုလင်းကို ဆေးကုသပေးခဲ့သော အသည်းအထူးကုသမားတော်ကြီးက အရက်ဆက်မသောက်ရန် သေသေချာချာ ညွှန်ကြားခဲ့သည်။ အရက်ထပ်သောက်လျှင် အသက်အန္တရာယ်ရှိသည်တဲ့။ လုံးဝယတိပြတ် အရက်ဖြတ်မှ အသက်ရှည်မည်တဲ့။

"ရန်ကုန်က ဆေးကုပြန်လာပြီး သိပ်မကြာခင်မှာပဲ အရက်ပြန်သောက်တယ်၊ အန်တီသိရင် စိတ်ဆင်းရဲမှာစိုးလို့ မပြောဘဲ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုလင်းကို အရက်ဖြတ်ဖို့၊ မဖြတ်နိုင်ရင်လဲ လျှော့သောက်ဖို့ နည်းမျိုးစုံသုံးပြီး ချော့မော့ဖျောင်းဖျတယ်၊ မရဘူး၊ သက်သက်ကို မသနားရင်တောင်

သမီးတွေရဲ့မျက်နှာကိုထောက်ထား ညှာတာဖို့ အနူးအညွတ်တောင်းပန်တယ်၊ မရဘူး၊ နေ့တိုင်းသောက်တယ်၊ မနက်ရေညပါ တစွတ်စွတ်သောက်တယ်၊ မျက်နှာဖောသွပ်ပြီး အရက်သမားရုပ်ပေါက်နေပြီ"

"ဟင်"

ကျယ်လောင်သော အာမေဍိတ်သံက ဒေါ်မြနွယ်နှုတ်ဖျားမှ ဆောင့်အောင့်ထွက်သွားသည်။

"အရက်အလွန်အကျွံသောက်နေတာကိုပြောတိုင်း ရန်ဖြစ်ရတယ်၊ ခုနောက်ပိုင်းရန်ဖြစ်ရင် ကိုလင်းက လက်ပါတယ်၊ သက်သက်ကို ခဏခဏရိုက်တယ်၊ ဒီတစ်ခါ ရိုက်ရုံမကဘူး၊ ထိုင်ခုံနဲ့ကောက်ပေါက်တယ်၊ တစ်သက်နဲ့တစ်ကိုယ် သက်သက်ရဲ့အသားကိုနာကျင်အောင် ဘယ်သူမှ မလုပ်ဖူးဘူး၊ မိဘတွေတောင်မှ ရိုက်နှက်ဆုံးမခဲ့တာမဟုတ်ဘူး၊ အခုမှ အရိုက်ခံနေရတာ ရင်နာတယ်၊ ရှက်တယ်၊ ကလေးတွေဆို အဖေနဲ့အမေ ရန်ဖြစ်ရင် ငိုလိုက်ကြတာ တက်မတတ်ချက်မတတ်ပဲ၊ သူ့ကို သက်သက် စိတ်ကုန်သွားပြီ၊ မနက်ဖြန် အမေတို့အိမ်ကို ပြန်တော့မယ်၊ လေယာဉ်လက်မှတ်ဝယ်ပြီးပြီ၊ အဲဒါ အန်တီသိအောင်ပြောပြတာ"

ဒေါ်မြနွယ် ရင်တုန်မောပန်းကာ ဒယိမ်းဒယိုင်ဖြစ်လာသည်။ ဗိုးချဲကို တင်းကျပ်စွာဆုပ်ကိုင်လိုက်ရသည်။ ဦးခေါင်းကတရိပ်ရိပ်မူးဝေလာ၏။ စိတ်နှလုံးက ညစ်ညူးနောက်ကျိလာ၏။ နားထင်ကို လက်မနှင့်ဖိရင်း သက်သက်ကိုပြောလိုက်သည်။

"မနက်ဖြန် ရန်ကုန်ရောက်ရင် အန်တီ့ဆီအရင်ဝင်လာခဲ့၊ လေဆိပ်မှာကြိုဖို့ ကားလွှတ်ထားမယ်၊ ဘယ်အချိန်ရောက်မလဲ"

❑

နောက်နေ့ နေ့လယ်တွင် ဒေါ်မြနွယ်အိမ်သို့ သက်သက်နှင့် သမီးနှစ်ယောက် ရောက်လာသည်။ ကလေးတွေက ငယ်လှသေးသည်။ အကြီးမလေးက သုံးနှစ်၊ အငယ်မလေးက တစ်နှစ်။ သိနားလည်စ အကြီးမက မတွေ့တာကြာသော ဘွားအေကိုမြင်တော့ ပျော်ရှာ၏။ စကားတတွတ်တွတ်ပြောကာ ပွတ်သီးပွတ်သပ်လုပ်၏။ သိပ်ပြီး သိနားမလည်တတ်သေးသော အငယ်မလေးပင်လျှင် ဗိုးချဲပေါ်မှ အဘွားရင်ခွင်မှာတက်ထိုင်ရင်း ပြုံးရယ်ရွှင်မြူးလန်းဆန်းနေသည်။ တတ်သမျှမှတ်သမျှ စကားတစ်ခွန်းစနှစ်ခွန်းစကို မပီကလာ ပီကလာဖြင့် ပြောနေရှာသည်။ သြော်... သွေးက စကားပြောသည်လေ။ ဒေါ်မြနွယ် မျက်ရည်ဝဲသည်။

ချစ်စဖွယ်မြေးလေးများကို မြင်တော့ ဒေါ်မြနွယ်က ကိုလင်းကို စိတ်ဆိုးသည်။ မျက်နှာညှိုးညှိုးငယ်ငယ်ဖြစ်နေရှာသော သက်သက်ကိုမြင်တော့ ဒေါ်မြနွယ်က မိန်းမသားချင်း ကိုယ်ချင်းစာစိတ်နှင့် ကိုလင်းကို ဒေါသထွက်ပြန်သည်။ မိုက်လိုက်တဲ့သား။ သည်မျှ ချစ်မြတ်နိုးစရာကောင်းသောမိသားစုကို စိတ်ဆင်းရဲအောင်ပြုနိုင်ရက်သည့် 'မိုက်တွင်းနက်'သား။ ကိုယ့်အသက်ကိုပင် အန္တရာယ်ဖြစ်စေသည်အထိ သေသောက်ကြူးချင်သည့် ဆင်ခြင်တုံတရားမဲ့သော 'လူ့အန္ဓ'သား။ ပညာတတ်ဖြစ်ပါလျက် ဉာဏ်မျက်စိကန်းကာ အရက်နံ့မှာကျွံနစ်ခံနေသော မွေးရကျိုးမနပ်သည့် 'ဝမ်းရေစပ်' သား။

ဒေါ်မြနွယ်က စိတ်ပေါက်ပေါက်နှင့် ကိုလင်းကို အသံမဲ့အပြစ်တင်မောင်းမဲနေမိသည်။ နောက်မှ-

"သက်သက်ပြန်လာမယ်ဆိုတော့ သက်သက်တို့အိမ်က ဘာပြောလဲ"

"သက်သက်ကို ဥက္ကံမှာပဲ ဆေးခန်းဖွင့်ချင်ရင် ဆေးခန်းလုပ်ပေးမယ်တဲ့၊ ရန်ကုန်ကဆေးရုံတွေမှာ အလုပ်သွားလုပ်ချင်ရင်လဲ ကလေးတွေကို သူတို့ကြည့်ထားပေးမယ်တဲ့"

ယခုတော့ ထိုဂုဏ်ရည်တူ၊ အဆင့်အတန်းတူ၊ ပညာအရည်အချင်းတူနေခြင်းကပင် လင်မယားနှစ်ယောက်ကြားမှာ မာနကိုယ်စီဖြစ်တည်စေကာ အိမ်ထောင်ရေးအတွက် အနှောင့်အယှက်ဖြစ်နေစေပြီလား။

သက်သက်က ဆရာဝန်မဖြစ်၏။ အလုပ်သင်ပြီးစမှာပဲ ဆည်မြောင်းအင်ဂျင်နီယာ ကိုလင်းနှင့် လက်ထပ်ခဲ့၏။ ကလေးမရမီအထိတော့ ပြင်ပပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများမှာ လှည့်ပတ်ထိုင်ရင်း ရနိုင်သမျှ ဘွဲ့လွန်ဒီပလိုမာများကို စုဆောင်းပိုင်ဆိုင်ထားသူ။ ခင်ပွန်းကိုမှီခိုအားကိုးရန် အလျှင်းမလိုအပ်ဘဲ ကိုယ့်ခြေထောက်ပေါ်မှာကိုယ်ရပ်က ကိုယ့်ဘဝကိုယ်ကောင်းမွန်တင့်တယ်အောင် ထူထောင်တည်ဆောက် လျှောက်လှမ်းနိုင်သူ။ အလုပ်မရှားဘဲ ဝင်ငွေများစွာဖွေရှာနိုင်သော အရည်အချင်းပြည့်ဝ ထက်မြက်လှသည့် ခေတ်ပညာတတ် ဆရာဝန်မ။

ကိုလင်းက သက်သက်ကို လက်ထပ်မည်ဆိုတော့ ဒေါ်မြနွယ် လိုလားကြည်ဖြူ ကျေနပ်သဘောတူခဲ့သည်။ ဂုဏ်ရည်တူ၊ အဆင့်အတန်းတူ၊ ပညာအရည်အချင်းတူသူများမို့ 'နတ်ဖက်သည့်စုံတွဲ'ဟု အထင်ရောက်ခဲ့သည်။ 'နေနှင့်လ၊ ရွှေနှင့်မြ'ပမာ လိုက်ဖက်တင့်တယ်သည်ဟု ယူဆခဲ့သည်။ ယခုတော့ ထိုဂုဏ်ရည်တူ၊ အဆင့်အတန်းတူ၊ ပညာအရည်အချင်းတူနေခြင်းကပင် လင်မယားနှစ်ယောက်ကြားမှာ မာနကိုယ်စီဖြစ်တည်စေကာ အိမ်ထောင်ရေးအတွက် အနှောင့်အယှက်ဖြစ်နေစေပြီလား။ ထစ်ခနဲရှိ ရန်ဖြစ်တိုင်း ပညာအားကိုး၊ ဓနဥစ္စာအားကိုး၊ မိဘဆွေမျိုးအသိုင်းအဝိုင်းအားကိုးနှင့် မာနမီးများ တဟုန်းဟုန်းတောက်လောင်စေခဲ့သည်လား။ တစ်ဆိတ်စာလေး သည်းခံစိတ်မမွေးမြူနိုင်ကြဘဲ တစ်ခုခုဖြစ်လျှင် အိမ်ပေါ်မှဆင်းချင်၊ ကွဲချင်သည်အထိ မာနထန်သည်းကာ ဒေါသကြီးနေကြသည်လား။

ဘာပဲဖြစ်ဖြစ် အိမ်ထောင်တစ်ခု ကွဲပြိုပျက်စီးရမည့်အဖြစ်မျိုးကိုတော့ ဒေါ်မြနွယ်က လုံးဝမနှစ်သက်၊ မလိုလား။ ဗီးချဲပေါ်ထိုင်နေရသည့် ဂီလာနဘဝရောက်နေသည့်တိုင် ဖြစ်သည့်နည်းနှင့် အစွမ်းကုန်ကာကွယ်တားဆီးမည်ဟု ဆုံးဖြတ်သည်။

ကာကွယ်တားဆီးရာမှာ ခမည်းခမက်နှစ်ဦးနှစ်ဖက်စလုံးမှ တက်ညီလက်ညီဝိုင်းဝန်းပူးပေါင်းစေလိုသည်။ သို့မှ ပိုမိုထိရောက်ကာ အကျိုးများမည်။ သက်သက်ကို သက်သက်မိဘများက 'အိမ်ပေါ်မှဆင်းမလာရန်' ပြောဆိုဖျောင်းဖျဆုံးမတားမြစ်မည်ထင်ကာ မေးမြန်းမိသည်။ သူတို့က သမီးရှင်များမဟုတ်လား။ ပိုသာနစ်နာကြမည့် ဆူးအောက်ကဖက်များ မဟုတ်လား။

သက်သက်၏အဖြေစကားကိုကြားရတော့ ဒေါ်မြနွယ် ရင်ကွဲပက်လက်ဖြစ်ရသည်။ လဲပြိုကျလုနီးနီးဖြစ်ရသည်။ သက်သက်မိဘများက မကာကွယ်၊ မတားဆီးသည့်အပြင် အားပေးသလိုပင်ပြောခဲ့သေးသည်။ မျှော်လင့်ထားသည်နှင့်တခြားစီ။

အိမ်ထောင်တစ်ခုပြိုပျက်ပြီဆိုလျှင် ကာယကံရှင်နှစ်ဦးနှစ်ယောက်သာ ထိခိုက်နစ်နာတာမဟုတ်။ နှီးနွယ်ပတ်သက်သူအားလုံး ထိခိုက်နစ်နာ၏။ ဒုက္ခသောကတို့ကို မျှဝေခံစားရ၏။ အပူမီးစီးကူးကာ ကျွမ်းပူလောင်မြိုက်၏။ အခုပဲကြည့်လေ။ သားတို့အိမ်ထောင်ရေး အဆင်မပြေ၍ မိခင်ဒေါ်မြနွယ်၏ နှလုံးစိတ်ဝမ်းညှိုးချုံးခြောက်နွမ်းရပြီ။ အကြီးအကျယ်စိတ်ဆင်းရဲရပြီ။ ဒါတောင် သူတို့အိမ်ထောင်က အပြီးအပိုင်လဲပြိုပျက်စီးသေးတာမဟုတ်။ ကံအားလျော်စွာ ကုစား၍ ရကောင်းရနိုင်သေးသည်။

တကယ်လဲပြိုပျက်စီးခဲ့ပါက အဓိကဆိုးဆိုးရွားရွားထိခိုက်နစ်နာရမည့်သူများမှာ ရင်သွေးငယ်လေးများ။ ခများလေးများမှာ ငယ်လှသေးသည်။ ပီဘိ ဥမည်စာမမြောက်လေးတွေ။ ဘုရား...



ဘုရား... ဘုရား...။ ကလေးတွေ ဒုက္ခရောက်ရမည့် အရေးကိစ္စကို သက်သက်မိဘများက ဘာကြောင့်များ မကန့်ကွက်မတားဆီးခဲ့ကြပါလိမ့်။ ဒေါ်မြနွယ် နားမလည်။

ဒေါ်မြနွယ်၏ဦးခေါင်းထဲမှာ အသိတစ်ချက် လင်းပြက်သွားသည်။ အေးလေ ... သူတို့မှာလည်း လုံ လောက်တဲ့အကြောင်းပြချက်ရှိကောင်းရှိမှာပေါ့။ သက်သက်က ဆက်လက်သည်းခံပြီးမပေါင်းသင်းချင်အောင် ကိုလင်းက ဘယ်လောက်တောင်မှ လွန်ကြူးဆိုးသွမ်းနေသလဲမှမသိတာ။ ဖုန်းအဆက်အသွယ်ရမှ သေသေချာချာစုံစမ်းမေးမြန်းရဦးမည်။ အခုတော့ ကိုလင်းဖုန်းက ခေါ်လိုက်တိုင်း 'ဆက်သွယ်မှုဧရိယာပြင်ပမှာ'ချည်းဖြစ်နေသည်။

"တို့အိမ်မှာ လေးငါးဆယ်ရက်တော့ နေပါအုံးကွယ်၊ မြေးတွေနဲ့ အလွမ်းပြေ အတူနေချင်လို့ပါ၊ ခွဲနေရတာကြာပြီလေ"

ရေနစ်သူလို ဒေါ်မြနွယ်က 'ကောက်ရိုးတစ်မျှင်၊ မြက်တစ်ပင်'ကို လှမ်းကိုင်ဖမ်းဆုပ်၏။ ခင်ပွန်းထံမှ ဆင်းလာပြီး ယောက္ခမထံတွင် ခိုဝင်သည်ဆိုလျှင် အခြေအနေက ပြင်မရဆင်မရအောင် အလွန်အမင်းမဆိုးရွား၊ မပြင်းထန်သေး။ အချိန်မီ ပြင်ဆင်က ရနိုင်သေးသည်။ ပြင်ဆင်ရမည်။ မြန်မြန်ထက်ထက် ပြင်ဆင်ရမည်။ 'အချိန်မီချုပ် အစုတ်သက်သာ' မဟုတ်လား။

သို့သော် သက်သက်က တင်းမာခက်ထန်သည်။ ဒေါ်မြနွယ်၏အဆိုကို ယတိပြတ်ငြင်းဆန်သည်။

"မနေတော့ဘူးအန်တီ၊ ဥက္ကံကိုပဲဆက်သွားမယ်၊ အခုဟာက အန်တီ့ကို အကျိုးအကြောင်းပြောပြရုံလေး ဝင်လာတာ"

❑

သက်သက်တို့ ဥက္ကံပြန်သွားပြီး သုံးရက်ကြာမှ ဒေါ်မြနွယ်က ကိုလင်းနှင့်ဖုန်းအဆက်အသွယ်ရသည်။ 'ဟဲလို'သံကြားကြားချင်း ဒေါ်မြနွယ်က နေ့ပေါင်းများစွာ အောင့်အည်းသိမ်းဆည်းထားခဲ့ရသော ရင်ထဲမှစကားများကို 'တာကျိုးရေလွှတ်'သလို အရှိန်အဟုန်နှင့် တရမန်းကြမ်း မရပ်မနားပြောသည်။

"ဟဲ့...ကိုလင်း၊ နင် အရက်ပြန်သောက်နေတယ်ဆို၊ နင့်ကိုယ်နင် သေအောင်သတ်နေသလား၊ ငါ့ကိုလဲ သေအောင်သတ်နေသလား၊ နင့်မိန်းမကို မုဆိုးမဖြစ်အောင်လုပ်နေသလား၊ နင့်သမီးတွေကို ဖတဆိုးဖြစ်အောင် လုပ်နေသလား"

ဒေါ်မြနွယ်က မိခင်ပီပီ သားရဲ့အသက်အတွက် ရတက်မအေးနိုင်ဘဲ သတိလက်လွတ်လုနီးနီးဖြစ်နေသည်။

"အရက်ပြန်သောက်ရင် အသက်အန္တရာယ်ရှိမှန်းသိလျက်နဲ့ ပြန်သောက်ရသလားဟဲ့...လူမိုက်ရဲ့၊ နင့်ကို ငါ ပညာသင်ပေးခဲ့တာ အခုလို အဆင်ခြင်မဲ့ပြီး မိုက်လုံးကြီးဖို့လား၊ နင်လေ ငါ့လက်လှမ်းမီရာ အနီးအနားမှာသာရှိနေတယ်ဆိုရင် ထုနှက်ကုတ်ဖဲ့ လိမ်ဆွဲပစ်လိုက်ချင်တယ်၊ နင့်ကို ငါ အဲဒီလောက် စိတ်ဆိုးဒေါသထွက်တယ်...သိလား"

ဒေါ်မြနွယ်က အသက်ရှုရန် မေ့လျော့ကာ စကားများကိုသာ မောပန်းတကြီးပြောနေသည်။

"အေးဆေးသက်သာပြောပါ မေမေရယ်၊ အမောဖောက်ပြီး သတိလစ်သွားပါ့မယ်၊ ကျွန်တော် အရက်ပြန်သောက်နေတယ်ဆိုပြီး သက်သက်က မေမေ့ကိုတိုင်လိုက်ပြီထင်တယ်၊ မေမေထင်သလောက် ကျွန်တော် မမိုက်ပါဘူးဗျာ၊ သက်သက် တိုင်သလောက်လဲ ကျွန်တော် မဆိုးသွမ်းပါဘူး၊ သူပြောသမျှ မယုံနဲ့မေမေ၊ သူပြောတာကို အနည်းဆုံး 'နှစ်နဲ့စား'ပြီးမှ ယုံပေးပါ၊ အထူးသဖြင့် ကျွန်တော့်မကောင်းကြောင်း၊ သူ့ကောင်းကြောင်းတွေ

အိမ်ထောင်တစ်ခုပြိုပျက်ပြီဆိုလျှင် ကာယကံရှင်နှစ်ဦးနှစ်ယောက်သာ ထိခိုက်နစ်နာတာ မဟုတ်။
နီးနွယ်ပတ်သက်သူအားလုံး ထိခိုက်နစ်နာ၏။

ကို ပြောဆိုလာတဲ့ အချိန်အခါမျိုး မှာပေါ့"

ကိုလင်းက လေပျော့လေအေးနှင့် ဖြည်းဆေးညင်သာ ဖျောင်းဖျလျှောက်လဲသည်။ သားရဲ့ဆိုလိုရင်းကို ရိပ်စားလိုက်မိ၍ ဒေါ်မြနွယ် အနည်းငယ်တွေဝေသွား၏။ သို့သော် ရင်တွင်းမှာဖြစ်တည်နေသည့် သံသယများကတော့ လုံးလုံးလျားလျား ပျောက်ပျက်မသွားသေးပါ။ ကြွင်းကျန်ရစ်ဆဲ မယုံသင်္ကာစိတ်တချို့တစ်ဝက်နှင့် သိလိုရာကို မေးမြန်းလိုက်သည်။ လေသံကတော့ သိသိသာသာပျော့ပျောင်းသွားပြီ။

"အရက်ပြန်မသောက်ပါဘူးလို့ မင်းပြောချင်တာလား"

ကိုလင်းက တိတ်ဆိတ်ငြိမ်သက်နေသည်။ အတန်ကြာမှ သက်ပြင်းမှုဲ့ချပြီး မဝံ့မရဲပြောသည်။

"အရက်မသောက်ဘူးလို့ မေမေ့ကိုမလိမ်ညာချင်ပါဘူး၊ ကျွန်တော်တို့ဌာနမှာ တစ်ခါတလေ လုပ်ငန်းသဘောအရ မလွှဲသာမရှောင်သာ အရက်လိုက်သောက်ပေးရတယ်၊ ကျန်းမာရေးမထိခိုက်အောင်တော့ ဆင်ခြင်တိုင်းထွာသောက်ပါတယ်"

ဒေါ်မြနွယ်က မျက်နှာကို မဲ့လိုက်သည်။ ဒေါသခိုးများပြန်လည် နိုးထလာသည်။ ကိုလင်းကို ဆောင့်ကြီးအောင့်ကြီးမေးသည်။

"တစ်ခါတလေဆိုတာ ဘယ်လောက်လဲ၊ တစ်ပတ် ရှစ်ရက်လား၊ တစ်ရက် နှစ်ဆယ့်ငါးနာရီလား၊ တိုင်းထွာတယ်ဆိုတာ ဘာနဲ့လဲ၊ ရာဝင်အိုးကို လက်ကိုင်ရိုးတပ်ပြီးတော့လား"

ကိုလင်းထံမှ စကားပြန်မရတော့။ ကိုလင်းပြောပြဖူး၍ လက်အောက်အရာရှိများကို နိုင်ထက်စီးနင်းပြုမူနှိပ်စက်တတ်သော သူ့ဌာန၏လူကြီးအချို့အကြောင်း ဒေါ်မြနွယ် ကြားဖူးသည်။ သူတို့မကောင်းမှု၌ မွေ့လျော်ပျော်ပါးလိုလျှင် အောက်လက်ငယ်သားများက သူတို့နှင့်အတူ လိုက်လံအဖော်ပြုပေးရသည်။ ကုန်ကျငွေအားလုံး ဒိုင်ခံရှင်း။

သူပြန်လျှင် သူ့ဘဏ်စာရင်းသို့ သတ်မှတ်ငွေကြေးထည့်သွင်းပေးပြီး ဂါဝရပြု။ သို့မှသာ လုပ်ငန်းကိုင်ငန်း စန်းပွင့်ကာ လာဘ်သပ်ပကာသဆုဖြိုး ဖြောင့်ဖြူးချောမွေ့အဆင်ပြေမည်။ သို့မဟုတ်ပါမူ...။

"အဲဒါတွေကို ကျွန်တော်တို့က အမြဲတမ်းစိတ်ပါလက်ပါနဲ့ ပျော်ပျော်ပါးပါးလုပ်နေကြတာမဟုတ်ပါဘူး မေမေရာ၊ အလုပ်တာဝန်တစ်ခုလို မလွှဲသာမရှောင်သာလုပ်နေရတဲ့အခါလဲရှိပါတယ်၊ ဒါတွေကို သက်သက်က နားမလည်ဘူး၊ မသိဘူး၊ ကျွန်တော့်ကိုပဲ အပြစ်မြင်တယ်"

"ဩော် ... ငါ့သားကိုယ်တိုင်က အဲဒါတွေကို ဝါသနာမပါရှာဘဲကိုး၊ မစွမ်းရင်းရှိလို့ ကန်စွန်းခင်းငြိတာပါကွာ"

ကိုလင်းရဲ့ 'ဇ'ကိုသိနေသော ဒေါ်မြနွယ်က ခနဲ့တဲ့တဲ့ပြောခဲ့ဖူးသည်။ အခုပြောလျှင်လည်း သည်အဖြေကို တစ်ဖန်ကြားရလိမ့်ဦးမည်။ ထို့ကြောင့် ဒေါ်မြနွယ်က အကြောင်းအရာသစ်ဆီဦးတည်သည်။

"မင်းက ရန်ဖြစ်ရင် လက်ပါတယ်ဆို၊ ဘယ်လိုလဲကိုလင်း၊ 'အဖယုတ် လက်ကြမ်း'လို့ အပြောခံချင်လို့လား"

"ရန်ဖြစ်ရင် လက်ပါတာ သက်သက်ပါဗျာ၊ ဒေါသတကြီးနဲ့ သူကချည်းပဲထုရိုက်ကုတ်ဖဲ့တတ်တာပါ၊ ကျွန်တော်က 'မင်း လက်မပါနဲ့၊ ငါနာတယ်'လို့ပြောရင်း ဟိုကာဒီကာလုပ်ရတာ၊ လူချင်းက ပူးကပ်နေတော့ နည်းနည်းပါးပါးတွန်းမိတိုက်မိတာလဲရှိတာပေါ့၊ အဲဒါကိုပဲ သက်သက်က 'သူ့ကိုလုပ်ပါတယ်'ဆိုပြီး အကြီးအကျယ်ပြဿနာရှာတတ်တာ"

ဒါတော့ ဖြစ်နိုင်သည်။ ဒေါ်မြနွယ်က ကိုလင်းအကြောင်းကောင်းကောင်းသိသည်။ ကိုလင်းက အရက်ကိုသာ ခံမင်နှစ်ခြိုက်စွာသောက်စားတတ်သည်။ မူးယစ်ရမ်းကားတတ်သူမဟုတ်။ လူတစ်ဖက်သားကို ထိခိုက်နာကျင်အောင်လုပ်တတ်သူမဟုတ်။ အလွန်အကျွံဒေါသထွက် ပေါက်ကွဲလျှင် နံရံကိုလက်သီးနှင့်ထိုးသည်။ ဦးခေါင်းနှင့်ပြေးဆောင့်သည်။ ဒီထက်မပို။ သက်သက်ကတော့ တစ်ဆိတ်ရှိ

လက်ပါ၏။ တစ်ဖက်လူနာကျင်အောင် ကိုယ်ထိလက်ရောက်လုပ်လိုက်ရမှ ကျေနပ်၏။

"သက်သက်ကပြောတယ်၊ ရန်ဖြစ်တုန်းက မင်း ထိုင်ခုံနဲ့ ကောက်ပေါက်တယ်ဆို"

"ဟုတ်တယ်လေ၊ ပေါက်တယ်လေ၊ ဒါပေမဲ့ သူ့ကိုပေါက်တာမှမဟုတ်တာ၊ မဟုတ်တမ်းတရားတွေစွပ်စွဲနေလို့ စိတ်မထိန်းနိုင်ဖြစ်ပြီး နံရံကို ထိုင်ခုံနဲ့ကောက်ပေါက်တာပါ၊ သူ့ကိုမထိပါဘူး၊ အဝေးကြီးပါ၊ မထိအောင် တမင်ချိန်ပြီးပေါက်တာ"

ကိုလင်းစကားအဆုံးမှာ ဒေါ်မြနွယ်က နှစ်သက်သဘောကျစွာ ဟက်ဟက်ပက်ပက်ရယ်မောသည်။ လက်စသတ်တော့ ဒီလိုကိုး။ ပုဏ္ဏားတိုင်က တစ်ဖက်သတ်စကားယုံစားကာ လွဲမှားတဲ့ကောက်ချက်ကို ချလိုက်မိတော့မလို့။ ဒါပေမဲ့ ကိုလင်းရဲ့စကားကိုလည်း အကြွင်းမဲ့ ယုံကြည်၍မဖြစ်။ သူပြောသလိုပဲ 'နှစ်နဲ့စားပြီး'မှ ယုံရမည်။ အခုတော့ နိုင်ကွက်ကိုင်ပြီး ဆုံးမဦးမည်။

"အဲဒီလိုဖြစ်တဲ့အချိန်မှာ မင်းက အရက်မူးနေတယ်မဟုတ်လား၊ ဘာပဲဖြစ်ဖြစ် အရက်မူးနေသူရဲ့အမှားပဲ"

ဒေါ်မြနွယ်၏ ကောက်ပင်ရိတ်လှီးစီရင်ချက်ကို ကိုလင်းက စောဒကမတက်သာဖြစ်ကာ နှုတ်ဆိတ်သွားသည်။

"မင်း... အရက်ဖြတ်ပါ၊ သက်သက်တို့မိသားစုကို ချက်ချင်းလာပြန်ခေါ်ပါ"

ဒေါ်မြနွယ်က ရာဇသံပေးသည်။ တဒင်္ဂမျှငြိမ်သက်နေပြီးမှ ကိုလင်းက ခပ်တိုးတိုးပြောသည်။

"ချက်ချင်းလာခေါ်ဖို့တော့ အဆင်မပြေသေးဘူး မေမေ၊ work site တွေကိုစစ်ဆေးဖို့ အင်ဂျင်နီယာမှူးကြီးရောက်နေတယ်၊ သူ့ရဲ့နောက်က တကောက်ကောက်လိုက်ပေးနေရတယ်၊ မေမေ့ဖုန်းကိုတောင်ပြန်ဖြေဖို့ အချိန်မရခဲ့ဘူး၊ ဒီကအလုပ်တွေ နည်းနည်းပါးသွားတာနဲ့ သူတို့ကို ဥက္ကံကနေကျွန်တော် လာပြန်ခေါ်မယ်လို့ သက်သက်ကိုပြောပြီးပါပြီ"

"ဘယ်လို...ဘယ်လို၊ သက်သက်ကို ပြောပြီးပြီ ဟုတ်လား၊ မင်း ဖုန်းဆက်ပြီးပြောလိုက်တာလား၊ ဘယ်တုံးကလဲ"

"ညက သက်သက်ဖုန်းဆက်တော့ ပြောလိုက်တာပါ"

"အလိုတော် ... သက်သက်က မင်းဆီကိုဖုန်းဆက်သတဲ့လား၊ ဟုတ်ရဲ့လားဟယ်၊ ကျားသားမိုးကြိုး"

"ဟုတ်ပါတယ်မေမေရဲ့၊ သက်သက်က ဖုန်းလှမ်းဆက်တာပါ၊ သတိရလို့တဲ့၊ လွမ်းလို့တဲ့၊ ဟား... ဟား...ဟား"

ကိုလင်းက စိတ်ချမ်းသာစွာ အူလိုက်သည်းလိုက်ရယ်နေသည်။

ဒေါ်မြနွယ်ကမူ ရယ်ရမလိုလို ငိုရမလိုလို။

❑

ကိုလင်းနှင့်ဖုန်းပြောပြီးနောက် ဒေါ်မြနွယ်က သက်သက်ကို ဖုန်းခေါ်သည်။ ပြန်လည်သင့်မြတ်သည့် မင်္ဂလာသတင်းစကားကြောင့် စိတ်ချမ်းသာဝမ်းသာနေသော ဒေါ်မြနွယ်က သက်သက်ကို စကားတစ်ခွန်းအလေးအနက်မှာချင်သည်။

"မိဘတွေရန်ပွဲကြောင့် ရင်သွေးငယ်တို့ရဲ့ နုနယ်တဲ့နှလုံးသားမှာ စိတ်ဒဏ်ရာဒဏ်ချက်မရစေနဲ့၊ အဲဒါထက်ပိုအရေးကြီးတာက မိဘတွေရန်ပွဲကို ရင်သွေးငယ်တွေ ရိုးအီသွားပြီး သမားရိုးကျဖြစ်စဉ်အဖြစ်နဲ့ ခံစားချက်ကင်းမဲ့မသွားစေနဲ့"

သို့သော် ဒေါ်မြနွယ်က သက်သက်နှင့် ဖုန်းအဆက်အသွယ်မရ။ ခေါ်လိုက်တိုင်း 'ဆက်သွယ်မှုဧရိယာပြင်ပ'။ သုံးရက်ကြာမှ သက်သက်က ဖုန်းကိုင်သည်။ သတင်းထူးကို ပြောပြသည်။ 'သူတို့မိသားစု ကိုလင်းဆီပြန်ရောက်နေကြပြီ'တဲ့။

"အို...ဟုတ်လား၊ ကောင်းတယ်...ကောင်းတယ်၊ ကိုလင်းက လာပြန်ခေါ်တယ်လား"

"မဟုတ်ဘူး၊ သူ အလုပ်တွေရှုပ်နေလို့ လာမခေါ်နိုင်ဘူး၊ သက်သက်တို့ဘာသာ သူ့ဆီကိုပြန်သွားကြတာ၊ ဟီး..."။ ။

**ဆွန်း(စက်မှုတက္ကသိုလ်)**




ပြန်လည်တည်ဆောက်ထားသော
နာလန္ဒာတက္ကသိုလ်ကျောင်းတော်ကြီး

# ရောဝတီမှ နေရဉ္ဇရာသို့(၃၀)

✔ မောင်မိုးယံ

### ခမ်းနားထည်ဝါ နာလန္ဒာ

ကျွန်တော်တို့ နာလန္ဒာတက္ကသိုလ်ကြီး၏ ခမ်းနားထည်ဝါသော အုတ်ဖောင်ဒေးရှင်းကြီးများနှင့် ကျန်သောပျက်စီးနေသည့် အဆောက်အအုံများကိုကြည့်ပြီး ရှေးက ဘယ်လောက်ခမ်းနားလိုက်မလဲဟု တွေးမိသည်။ လက်ရှိကျောင်းအကျယ်အဝန်းမှာ ဧက ၃၀ သာရှိသော်လည်း ရှေးက ဧက ၅၀၀ ရှိပြီးပညာသင်သံဃာတော် ၃ သောင်းကျော်နှင့် စာပို့ချသူသံဃာတော် ၅၀၀၀ ခန့်ရှိသည်ဟုဆိုသည်။ ဗုဒ္ဓဘာသာသမိုင်းတွင် အေဒီ ၅ ရာစုမှ ယနေ့အထိ အကြီးဆုံးပင်ဖြစ်ပေလိမ့်မည်။

ကျွန်တော်တို့ ကျောင်းဆောင်ပျက်များကိုကြည့်ရင်း အနောက်ဘက်ထောင့်တစ်နေရာတွင် ကြီးမားထည်ဝါသော အဆောက်အအုံကြီးကို တွေ့လိုက်ရသည်။ လမ်းပြရှေ့ဆောင်ဦးပဥ္စင်းက အဲဒါ ရှင်သာရိပုတ္တရာကျောင်းတော်ရာဟုဆိုသည်။

ဦးပဥ္စင်းက ရှင်သာရိပုတ္တရာဆိုတာ ဂေါတမဘုရားရဲ့ လက်ယာတော်ရံအဂ္ဂသာဝကမထေရ်ဖြစ်ကြောင်း၊ ပညာအရာမှာ ဧတဒဂ်ဘွဲ့ရတော်မူသောရဟန္တာဖြစ်ကြောင်း၊ နာလန္ဒာဟာ ဘုရားလက်ထက်တော်အခါက ပုဏ္ဏားရွာဖြစ်ပြီး နာဠကရွာဟုခေါ်ဆိုခဲ့ကြောင်း၊ မြတ်စွာဘုရား၏ လက်ယာတော်ရံနှင့် လက်ဝဲတော်ရံ ရဟန္တာ ၂ ပါးစလုံးသည် နာလန္ဒာဇာတိရွာသားများဖြစ်ကြောင်း ရှင်းပြသည်။ ထို့ပြင် မြတ်စွာဘုရားသည် ရာဇဂြိုဟ်မှ ပါဋလိပုတ်နှင့် ဝေသာလီသို့ကြွရောက်သည့်အခါတိုင်း နာလန္ဒာဥ္ယခေတ္တနားခိုခဲ့ပြီး ဝေဠုဝန်တွင် ၁၇ ဝါမြောက် သီတင်းသုံးစဉ် တရားဟောကြားတော်မူသောအရပ်လည်းဖြစ်သည်။ နာလန္ဒာဆိုသည်မှာ အချို့က အလှူရက်ရောစွာ မရပ်တန့်ဘဲလှူခြင်းဟု အဓိပ္ပာယ်ဖွင့်ကြသည်။ အချို့က နာလဒါဟုခေါ်ပြီး ကြာပန်းနှင့်တူသောပညာကိုပေးရာအရပ်၊ ပညာတက္ကသိုလ်ရှိရာအရပ်ဖြစ်၍ နာလန္ဒာဟုခေါ်ဆိုကြသည်။ အချို့ကလည်း နာလက အမည်ရသော နဂါးမင်းနေထိုင်ရာအရပ်ဟုဆိုကြပြီး မိုးအကုန်တန်ဆောင်မုန်းလပြည့်ကျော်ကာလတွင် ချာတ်ပူဇာရေချိုးပွဲတော်ကျင်းပသော နဂါးရေချိုးရာအရပ်ဟုဆိုကြသည်။ မည်သို့ဆိုစေ နာလန္ဒာသည် ပညာရှင်များစွာ၊ ဘုရားသားတော်များစွာကို မွေးထုတ်ပေး

နေဆဲဖြစ်သည်။

ထိုသို့ထူးခြားသောပညာရှင်များ ပေါ်ထွန်းခဲ့သည့်အနက် ရှင်သာရိပုတ္တရာတွင် မွေးချင်းမောင်နှမ ၇ ဦး ရှိပြီး ၇ ဦးစလုံး မြတ်ဗုဒ္ဓ၏အဆုံးအမဖြင့် ရဟန္တာများဖြစ်သွားသည်ဟုဆိုသည်။ သူတို့၏မယ်တော်ပုဏ္ဏေးမကြီးသည် ဘာသာအယူဝါဒမရှိ၊ ဗုဒ္ဓဘာသာကိုမယုံကြည်သူဖြစ်ပြီး သားတော်ရဟန္တာပုဂ္ဂိုလ်ထူး၏ ထူးခြားသောလက္ခဏာများ၊ ပညာအရာတွင်ဉာဏ်ကြီးမားပုံများ၊ နတ်သိကြားတို့ထက်မြတ်သော ရဟန္တာဖြစ်သည်ဆိုသည်များကို ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ပြုခါနီးမှ သိခဲ့ရသည်။ သားတော်က မိခင်ကို နောက်ဆုံးကျေးဇူးဆပ်သောတရားကို နာကြားရသည့်အချိန်တွင် ဗုဒ္ဓဘုရားကိုကြည်ညိုပြီး သောတာပတ္တိဖိုလ်ဆိုက်ရောက်သွားပါသည်။ ရှင်သာရိပုတ္တရာမထေရ်သည် မယ်တော်ကိုတရားနှင့်ကျေးဇူးဆပ်ပြီး ပရိနိဗ္ဗာန်ပြုသွားသည်ဟုဆိုပါသည်။

ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ပရိနိဗ္ဗာန်စံလွန်ပြီးသည့်အခါ၌ သူ၏ညီအငယ်ဆုံးဖြစ်သော စုန္ဒမထေရ်က သူတို့မိသားစုနေခဲ့သောအိမ်ကိုငုံပြီး စေတီတစ်ဆူတည်ခဲ့ပါသည်။ ရှင်သာရိပုတ္တရာ၏ဓာတ်တော်ကို ဌာပနာပြီးတည်ခဲ့သဖြင့် ရှင်သာရိပုတ္တရာစေတီဟုကမ္ပည်းတွင်ခဲ့ပါသည်။ သီရိဓမ္မာသောကမင်းကြီးသာသနာပြုသောအခါ ရှင်သာရိပုတ္တရာ၏မူလစေတီကိုငုံပြီး ကြီးကျယ်ခမ်းနားသောစေတီကြီးတစ်ဆူအဖြစ် ကိုးကွယ်ခဲ့သည်ဟုဆိုသည်။ ထို့ကြောင့် အေဒီ ၆ ရာစုရောက်သည့်အချိန်တွင် ရှင်သာရိပုတ္တရာ၏စေတီကြီးတည်ရှိရာနေရာကို ပညာတစ်ဖက်ကမ်းခတ်တတ်သူကို ဂုဏ်ပြုသောအားဖြင့် ဗုဒ္ဓစာပေကျမ်းဂန်များသင်ကြားရာ နာလန္ဒာတက္ကသိုလ်အဖြစ် တည်ဆောက်ခဲ့ပါသည်။

ကျွန်တော်တို့ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ဓာတ်တော်စေတီကြီးကို တကယ်ရောက်ကြည့်ရှုလိုသော်လည်း အဆောက်အအုံများကိုရေရှည်ထိန်းသိမ်းနိုင်ရန် အလို့ငှာ ပြိုပျက်မသွားစေရန်အတွက် တက်ရောက်ကြည့်ရှုခွင့်ပိတ်ထားကြောင်းသိရပါသည်။ ကျွန်တော်တို့နိုင်ငံ ပုဂံ၌လည်း ယခင်က ဇေရာဝတီနှင့် တန့်ကြည့်တောင် နေဝင်ဆည်းဆာအလှကို တက်ရောက်ကြည့်ရှုခဲ့သော သဗ္ဗညုပုထိုးတော်နှင့် ရှေးဟောင်းစေတီများပေါ်သို့ တက်ရောက်ခွင့်ကိုလည်း ယခုအခါ ပိတ်ထားလိုက်ပြီဖြစ်ပါသည်။ ရှေးဟောင်းအမွေအနှစ်ကိုထိန်းသိမ်းခြင်းဖြစ်ပါသည်။ ကြီးမားသောလှေကားနှင့် ခန်းမဆောင်များ၊ အခန်းကြီးများဖွဲ့စည်းတည်ဆောက်ထားပုံမှာ လက်ရာမြောက်လှပါသည်။ အေဒီ ၁၂ ရာစုက ဘာသာခြားတို့နာလန္ဒာတက္ကသိုလ်ကို ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးပြီး ရှင်သာရိပုတ္တရာကျောင်းဆောင်တွင် စော်ဘွားများတက်ရောက်နေထိုင်ခဲ့သည်ဟုဆိုပါသည်။



နာလန္ဒာတက္ကသိုလ်ကျောင်းဆောင်သစ်
သံဃာတော်အိပ်ဆောင်



နာလန္ဒာတက္ကသိုလ်ကျောင်းဟောင်းမှ
စာကြည့်တိုက်အဆောင်

နာလန္ဒာတက္ကသိုလ်ကြီး၌ ကြီးမားသော ရှင်သာရိပုတ္တရာစေတီကြီးနှင့် ခြံစည်းရိုးအုတ်တံတိုင်းအတွင်း ပြိုကျပျက်စီးနေသောအုတ်ပုံစုများ၊ အုတ်ခုံငုတ်တိုများ၊ မြေပုံကျောက်စာများ၏ သမိုင်းခြေရာများကိုကြည့်ပြီး အံ့သြနေမိသည်။ တစ်ချိန်က စာပေရွတ်ဆိုသံများ၊ စာချသံများ၊ ပရိတ်ရွတ်သံတညံညံဖြင့် သံဃာတော်ပေါင်း ၃ သောင်းကျော်၏ ဗုဒ္ဓသာသနာရောင်ဝါသည် အာရှကိုလွှမ်းမိုးခဲ့သည်မှာ အမှန်ပင်ဖြစ်ပေလိမ့်မည်။ ရှေးက တက္ကသိုလ်အတွင်း စာကြည့်တိုက် ၄ ဆောင်ရှိပြီး တစ်ဆောင်လျှင် အထပ် ၉ ထပ်ရှိသည်ဟုဆိုသည်။ အေဒီ ၁၂ ရာစုတွင် အစ္စလာမ်ဘာသာကိုကိုးကွယ်သူ မဂိုဘုရင်နှင့် တူရကီစစ်သည်များ အိန္ဒိယတစ်နိုင်ငံလုံးကို သိမ်းပိုက်ခဲ့သည်။ ထို့အတူ နာလန္ဒာတက္ကသိုလ်ကြီးကို တူရကီစစ်သည်ခေါင်းဆောင် မိုဟာမက်ဘတီးယာစိတ်ဂျီးနှင့် စစ်သည်တစ်သောင်းတို့က တိုက်ခိုက်ခဲ့ကြသည်။ ကျောင်းထိုင်ဆရာတော်အဓိပတိက မြတ်စွာဘုရား၏ ဟောကြားဆုံးမမှုအရ ရန်ကိုရန်ချင်းမတုံ့နှင်းရဟု မိန့်ဆိုတားမြစ်ခဲ့ရာ သံဃာတော်တစ်သောင်းကျော်နှင့် စာပေပို့ချသူ သံဃာတော် ၂၀၀၀ တို့သည် မီးလောင်တိုက်သွင်းကာ သတ်ဖြတ်ခြင်းခံလိုက်ကြရသည်။ အချို့သော သံဃာတော်တို့မှာ လက်တုံ့ပြန်ခြင်းမပြုဘဲ ထွက်ပြေးတိမ်းရှောင်ကြရာ နီပေါ၊ အာဖဂန်နစ္စတန်၊ တိဗက်ဒေသတောင်ကုန်းများသို့ရောက်ရှိသွားခဲ့သည်။ ထိုအချိန်မှစ၍ နာလန္ဒာတက္ကသိုလ်ကြီး ပျက်စီးပျောက်ကွယ်ခဲ့သလို အိန္ဒိယနယ်မြေဒေသတွင် ဗုဒ္ဓဘာသာကိုးကွယ်မှု ပျောက်ကွယ်သွားခဲ့သည်ဟုဆိုပါသည်။ တရုတ်ဘုန်းတော်ကြီးဟူအင်ဆန်၏ ခရီးသွားမှတ်တမ်းအရ နာလန္ဒာတက္ကသိုလ်ကြီးကို ယခုကဲ့သို့ ပြန်လည်တူးဖော်ထားသည်ကိုတွေ့ရှိရသည်မှာ မှတ်တမ်းမှတ်ရာရေးသားခြင်း၏ ကျေးဇူးပင်ဖြစ်ပါသည်။

ပန်းအလှများဖြင့်ပြုပြင်ထားသော နာလန္ဒာတက္ကသိုလ်ကျောင်းဟောင်းဝင်းအတွင်း ကျွန်တော်တို့အဖွဲ့ အမှတ်တရဓာတ်ပုံများရိုက်ကြပြီး နံနက် ၉ နာရီတွင် ပြန်လည်ထွက်ခွာခဲ့ကြပါသည်။ နာလန္ဒာတက္ကသိုလ်

ရှင်သာရိပုတ္တရာစေတီကျောင်းဆောင်



နာလန္ဒာတက္ကသိုလ်ကျောင်းတော်ရာကြီးပျက်စီးနေပုံ



ဟောင်း၏ ဥယျာဉ်အပြင်ဘက်ရှိ ဈေးတန်းများ၌ ပစ္စည်းဝယ်ယူသူ၊ ကြည့်ရှုသူများ စည်ကားနေပါသည်။ ဤဒေသတွင်အပေါဆုံးက တလည်းသီးဟုဆိုပါသည်။ တလည်းသီးကြီးများသည် အလွန်ကြီးပြီး ၁ လုံးလျှင် အသေး ရူပီး ၂၀၊ ကြီးလျှင် ရူပီး ၃၀ ဟုဆိုရာ ကျွန်တော်တို့အဖွဲ့သားများ ၁၀ လုံးပါခြင်းများအား ဝယ်ကြပါသည်။ သယ်ရန်၊ သိမ်းရန် ဒုက္ခမခံလို၍ ကျွန်တော် တလည်းသီး ၃ လုံးသာ အမှတ်တရဝယ်ခဲ့ပါသည်။

ဈေးတန်း၌ကြည့်ရှုပြီး နာလန္ဒာတက္ကသိုလ်ဟောင်းမှ ကားများဖြင့်ပြန်လည်ထွက်ခွာခဲ့ကြပါသည်။ ကျောင်းဟောင်းမှ တောင်ဘက်တစ်ကီလိုမီတာအကွာ ဝေသာလီ–ရာဇဂြိုဟ်ကားလမ်းမကြီး၏ ညာဘက်ခြမ်း အတွင်းဘက်ကားလမ်းလေးအတိုင်း ၅ မိနစ်ခရီးတွင် နာလန္ဒာတက္ကသိုလ်ကျောင်းသစ်ကြီးသို့ ရောက်ရှိကြပါသည်။ ဤကျောင်းကို ဆရာတော်ဇာဂတိသကဿပက ပြန်လည်ထူထောင်ခဲ့ပြီး ၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်တွင် အိန္ဒိယအစိုးရကတည်ဆောက်ပေးခဲ့သည်ဟု ဆိုပါသည်။ အိန္ဒိယနိုင်ငံ၏ပထမဆုံးသမ္မတ ဒေါက်တာရာဂျာဒရာပရာဆတ်က အုတ်မြစ်ချပေးခဲ့ရာ ယခုအခါ အိန္ဒိယ၊ သီရိလင်္ကာ၊ မြန်မာ၊ ထိုင်း၊ ထိုင်ဝမ်၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ တရုတ်တို့မှ ရဟန်းနှင့် လူပုဂ္ဂိုလ်များ၊ သီလရှင်များ တက်ရောက်ပညာသင်ကြားလျက်ရှိကြရာ B.A, M.A, Ph.D ဘွဲ့များအထိ သင်ကြားပေးလျက်ရှိသည်။

ကျွန်တော်တို့အဖွဲ့ နာလန္ဒာတက္ကသိုလ်ကျောင်းသား သံဃာတော်များနေထိုင်ရာအဆောင်ကို ဝင်ရောက်ကြည့်ရှုကြပါသည်။ မြန်မာဘုန်းကြီးစာသင်သားများကို ပညာဒါန ဝတ္ထုငွေကပ်လှူလိုကြောင်းလျှောက်ထားရာ မြန်မာနိုင်ငံမှ သံဃာ ၁၀၇ ပါးရှိကြောင်းသိရပြီး ရှမ်းပြည်၊ စစ်ကိုင်း၊ မန္တလေး ဒေသအစုံမှ မြန်မာဘုန်းတော်ကြီးများကျောင်းတက်နေကြောင်း တွေ့ရှိခဲ့ရပါသည်။ မြန်မာဘုန်းတော်ကြီး ၁၀၇ ပါးကိုယ်စား

သံဃာအပါး ၃၀ က ဓမ္မာရုံကြီး၌ အလှူငွေလက်ခံကာ တရားပြန်လည်ဟောကြားပေးပါသည်။ မိဝေးဖဝေး၊ ဇာတိမြေမှဝေးရာဒေသတွင် ဗုဒ္ဓစာပေကို အင်္ဂလိပ်လို၊ အိန္ဒိယဘာသာလို၊ ပါဠိလိုတတ်မြောက်အောင်ကြိုးစား သင်ကြား ပညာရှာဖွေနေသော သံဃာတော်များကို အလွန်လေးစားမိပါသည်။ B.A တန်း ၃ နှစ်၊ M.A တန်း ၂ နှစ်၊ Ph.D တန်း ၃ နှစ်တက်ရပြီး စာမေးပွဲ မကျပါက ၈ နှစ်သင်ယူရသည်။ ကျပါက ၁၀ နှစ်မက ကြာမှ Ph.D ရသည်ဟုဆိုသည်။ သို့သော် ထောက်ပံ့သူ ဒကာများ၏ မျက်နှာကိုထောက်ထားပြီး စာကြိုးစား နေကြကြောင်းလည်း သိရှိရသည်။


ကျွန်တော်တို့ခရီးသွားအဖွဲ့က ရန်ကုန်မှ အသင့် ယူလာသော ငါးပိကြော်၊ ပုစွန်ခြောက်ကြော်၊ သရက်သီး သနပ်နှင့် စားစရာများကပ်လှူကြသည်။ ကျောင်းတက် သံဃာတော်တို့က မိမိအစီအစဉ်ဖြင့်ဆွမ်းချက်ကာ ဆွမ်း ဘုဉ်းပေးကြရပြီး သင်တန်းရှိရာကျောင်းသို့တက်ကြ ရသည်။ အနီးအနား၌ ရွာမရှိသဖြင့် ဆွမ်းခံရန်ခက်ခဲ ကြသည်။ ရွာရှိသော်လည်း ဟိန္ဒူနှင့် မွတ်စလင် လူမျိုးများသာ နေထိုင်ကြသည်။ တစ်ဆောင် လျှင် ၂ ပါးစီနေရသည်။ နိုင်ငံပေါင်းစုံမှ သံဃာတော်တို့ တက္ကသိုလ်ကျောင်းသား ဘဝကိုဖြတ်သန်းရာ၌ လူသာမန်တို့ တက္ကသိုလ်တက်သကဲ့သို့ပင် ကိုယ့်သင်္ကန်း ကိုယ်လျှော်၊ ကိုယ့်ဘာသာချက်ပြုတ်စား သောက်နေထိုင်ရသောဘဝဖြင့် ဗုဒ္ဓဘာသာ အဆင့်မြင့်ပညာကို လေ့လာသင်ယူနေကြ သည်မှာ ချီးကျူးစရာဖြစ်ပါသည်။ မြန်မာ နိုင်ငံတွင် ယနေ့ကာလ၌ထင်ရှားနေသော ဆရာတော်ကြီးအချို့မှာ နာလန္ဒာတက္ကသိုလ်


နာလန္ဒာတက္ကသိုလ်ကျောင်းတော်ရာရှေ့မှ စာရေးသူ


ပန်းအလှများဖြင့် ပြုပြင်ထားသည့် နာလန္ဒာတက္ကသိုလ်ကျောင်းဟောင်းမြင်ကွင်း



နာလန္ဒာတက္ကသိုလ်ရှိသံဃာတော်များထံ အလှူငွေများလှူဒါန်းနေပုံ



နာလန္ဒာတက္ကသိုလ်ကျောင်းတော်ရာအဝင်

မှ ဒေါက်တာဘွဲ့ရကြသူများဖြစ်ပါသည်။

ကျွန်တော်၏မိခင်ကြီးအား အမှူးထား၍ ကျောင်းရှိသံဃာတော်များအတွက် ပညာဒါနအဖြစ် အမေရိကန်ဒေါ်လာ ၁၀၀ နှင့် အိန္ဒိယရူပီး ၂၀၀၀ ဆက်ကပ်လှူဒါန်းခဲ့သည်။ ကိုမျိုးမြင့်သန်းနှင့် ကိုအောင်ကျော်ဦးတို့ကလည်း အမေရိကန်ဒေါ်လာ ၂၀၀ စီ လှူဒါန်းကြပါသည်။ တက်ရောက်သူအားလုံး သာဓုခေါ်ဆိုကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု ၃ ကြိမ် ရွတ်ဆိုပြီး နာလန္ဒာတက္ကသိုလ် ကျောင်းဆောင်သစ်မှ နံနက် ၁၀ နာရီခွဲတွင် ပြန်လည်ထွက်ခွာခဲ့ကြပါသည်။


ကျွန်တော်၏စိတ်ရေလျဉ်တွင် ဗုဒ္ဓဘာသာကိုပြုစုပျိုးထောင်ခဲ့သော တက္ကသိုလ်ကြီးသည် အေဒီ ၆ ရာစုမှ ၁၂ ရာစုအထိ နှစ်ပေါင်း ၇၀၀ ကာလမှ ယနေ့တိုင် အခွန့်ရှည်တည်တံ့ခဲ့ပါက ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာဝင်အင်အားအကြီးမားဆုံးဖြစ်ပြီး သာသနာရောင်ဝါထွန်းကားမှုသည် အာရှမှသည် ကမ္ဘာအနှံ့ပျံ့နှံ့ပေလိမ့်မည်ဟု တွေးမိပါသည်။ ရှေးအခါကပင် ဘာသာရေးအယူဝါဒကွဲပြားမှုသည် လူမျိုးရေးမုန်းတီးမှုကိုပါဖြစ်စေခဲ့သော သမိုင်းရှိခဲ့ကြောင်းနှင့် ဗုဒ္ဓသည်သာ အမြတ်ဆုံးတရားကိုဟောကြားခဲ့သည်ဟု သတိဝင်မိပါသည်။

နာလန္ဒာတက္ကသိုလ်ကြီးသည် ကမ္ဘာ့ရှေးအကျဆုံးတက္ကသိုလ်ကြီး ၇ ခုတွင်ပါဝင်ပြီး နှစ်ပေါင်း ၇၀၀ သက်တမ်းရှည်ကြာအောင် တည်တံ့ခဲ့ခြင်းကြောင့် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် အဆောက်အအုံအဖြစ် ယူနက်စကိုက ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်က သတ်မှတ်ခဲ့ခြင်းကိုလည်း ကျေနပ်ဂုဏ်ယူမိပါသည်။ ကမ္ဘာတည်သရွေ့ ဗုဒ္ဓဘာသာအခွန့်ရှည်ပါစေဟု ဆုတောင်းမိသလို ကမ္ဘာကြီးတစ်ခုလုံးငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်သောလူသားများဖြစ်ကြပါစေဟုလည်း ဆန္ဒပြုမိပါသည်။ ။

**မောင်မိုးယံ**

# စာရေးဆရာမိန်းမ

လင်းအိမ်



"ရှင့်အနုပညာနဲ့
ကြက်သား
ဝယ်လို့လဲမရဘူး၊
အိမ်လခကို
ရှင့်စာအုပ်တွေ
သွားပေးလို့မရဘူး၊
ငွေရှိမှ ဝယ်လို့၊
ပေးလို့ရတာ
မြဲမြဲသဘောပေါက်...
သိလား"



“ဟဲ့… ဒီကလေးတော့
ငါရိုက်မိတော့မယ်၊ အိပ်ဆိုတာ
မအိပ်ဘူး၊ မီးဖိုချောင်ထဲမှာ
ဆေးရကြောရဦးမှာကို
မအေပဲကပ်နေတယ်၊
ကဲဟယ်… ကဲဟယ်၊
ငို… ငို…ဝအောင်ငို…သိလား၊
ဖအေကတစ်မျိုး၊ သားကတစ်မျိုး၊
ဒုက္ခတွေပေးနေလိုက်ကြတာများ၊
မိဘစကားကိုနားမထောင်ခဲ့တာကိုက
ငါမှားတာပါ၊ မိဘစကား နားမထောင်
သားတစ်ကောင်နဲ့ တိုးလိုးတွဲလဲဆိုတာ
ငါမှငါအစစ်။ ကဲ…ငိုမနေနဲ့ဟေ့၊
လူကြီးသူမတွေများ အံ့သြပါ့တော်၊
ဘယ်လိုအဓိပ္ပာယ်နဲ့များ
ဒီစကားပုံထွင်ခဲ့ကြလဲမသိဘူး”
‘ကျွန်နှင့်တူသောမယား တဲ့’။
အမယ်လေးနော်၊ ခုနေချိန်များ
အဲဒီစကားလုံးထွင်ခဲ့တဲ့
လူကြီး သက်ရှိထင်ရှားရှိကြည့်ပါ
လား၊ လူ့အခွင့်အရေးချိုးဖောက်
မှုနဲ့ တရားကိုစွဲပစ်ဦးမှာ။
ဘယ့်နှယ်…သင်းတို့ယောကျ်ား
တွေက ဒါမျိုးကျ ရှေးထုံးမပယ်
စတမ်း ကျင့်သုံးချင်တယ်ထင်ပ။
မိန်းမရလိုက်တာနဲ့
ကျွန်တစ်ယောက်ရသလိုမျိုး
အကုန်ခိုင်းချင်နေတော့တာ။
လူပျိုဘဝတုန်းက သူ့ဟာသူ
လျှော်ဖွပ်ဝတ်နေတဲ့သူက
ခုမှ ကုဋေရှစ်ဆယ်သူဌေးသားပုံ
ဖမ်းပြီး မလုပ်တတ်မကိုင်တတ်တော့
ပြန်ဘူး။ လျှော်ပြီးသားအဝတ်တွေ
ကိုခေါက်ပြီး ခေါင်းအုံးအောက်မှာ



ဖိထားတတ်တဲ့သူက ခုကျတော့ မိန်းမမီးပူတိုက်ပေးမှ ကော့နေအောင် ဝတ်ချင်နေသေး။ တစ်ခါတလေများ မအားလပ်လို့ မီးပူမတိုက်မိဘူးဆိုရင် တွန့်ကြေနေသလေးဘာလေးနဲ့ တောက်တခေါက်ခေါက်ကို ဖြစ်လို့။

လူပျိုဘဝမှာ အဆောင်နေ၊ ထမင်းဆိုင် လပေးစားနေတဲ့သင်းက ဒီဟင်းတွေနဲ့ချည်း နှစ်ပါးသွားနေခဲ့ရတာကို မိန်းမရမှ ကြိုက်လိုက်ပါတဲ့ အကောင်းချည်းသက်သက်။ ကိုယ်လက်မအီမသာဖြစ်လို့ ဟင်းမချက်ဖြစ်တဲ့နေ့များဆို ဆိုင်က ဟင်းဝယ်ပေးမိပါတယ်။ မျက်နှာရှုံ့တည်တည်နဲ့ ထမင်းကို တို့ကနန်းဆိတ်ကနန်းစားပြီး ဆန္ဒပြနေရော။

ညားခါစတုန်းကဆို ကိုယ်တွေများ အကြောင်းမသိသေးတော့ ကြည်နူးမိပါ့။

သြော်...ငါ့ယောကျ်ားက ငါ့လက်ရာလေးကိုပဲ ကြိုက်နေရှာတယ်ဆိုပြီး ကြံဖန်ပြီးသနားလိုက်ရတာ။ နောက်ကျတော့မှသိရတယ်။ ခိုင်းကောင်းလို့ ခိုင်းစားနေတဲ့အပေါက်မျိုး။ ဗိုက်ကြီးတကားကားနဲ့လည်း မနေရ၊ ထချက်ပေးရတာနဲ့၊ ခူးခပ်ပေးရတာနဲ့ ။ စားပြီးတော့များ အိုးခွက်ပန်းကန်လေးဆေးပေးမလား မှတ်ပါတယ်၊ သူစားထားတဲ့ပန်းကန်တောင် ဒီအတိုင်းထားပစ်ခဲ့တာ။

ကြာလာတော့လည်း ဘယ်ခံနိုင်မှာလဲ၊ ပြောမိဆိုမိရော။ အလိုလေးလေး... အံ့သြစရာကောင်းချက်တော်။ အခုလည်း ဖုန်းတစ်လုံးကိုကိုင်ပြီး အပြင်ထွက်သွားတယ်လေ။ လက်ဖက်ရည်ဆိုင်မှာ သွားထိုင်နေသတဲ့။

"လင်မယားချင်းစကားများတော့မယ်ဆိုရင် တစ်ယောက်က ရှောင်ထွက်သွားတာက စကားနည်း ရန်စဲသဘောသက်ရောက်တယ် မိန်းမရဲ့"

> စာရေးဆရာကတော်ထက် နတ်ကတော်သွားလုပ်တာကမှ ကြက်ပေါင်လေးဘာလေး ကိုက်ရဦးမယ်။ သင်း စာရေးတာများ ဘာစားခဲ့ရလို့တုံး။

ညမိုးချုပ် အိပ်ခါနီးမှပြန်လာပြီး အဲဒီလိုလေပြေလာထိုးရောပဲ။ အစကတော့ ဟုတ်နိုးနိုးပေါ့လေ။ နောက်တော့မှ စာရေးဆရာပီပီ ဒိုင်ယာလော့ခ်တွေ ကောင်းကောင်းထွက်လာတတ်တာကို ကလေးတစ်ယောက်ရမှသိတော့တယ်။

❑

"ညည်းလူက ရုံးမှာ ရိုးရိုးစာရေးအဆင့်ရယ်၊ စာရေးဆရာယောင်ယောင် ဘာယောင်ယောင်နဲ့ ဘာမှဖြစ်မြောက်လာမဲ့လူစားမျိုးမဟုတ်ဘူးနော်၊ နယ်မှာရှိတဲ့မိဘတွေကိုလဲ သူကပဲထောက်ပံ့နေရတာတဲ့၊ အဲဒီကောင်လေးကိုသာ ယူလို့ကတော့ ညည်း ခုလို မိဘအိမ်မှာနေရသလိုမျိုး တင့်တင့်တယ်တယ်နေရမယ် မထင်နဲ့"

အမေတို့များ ဗေဒင်ဆရာမလုပ်စားဖို့တောင်ကောင်းပါ့။ မှန်ချက်က သွေးထွက်နေရော။ ကိုယ့်ရပ်ကွက်ထဲက အဆောင်မှာလာငှားနေ၊ ကိုယ့်သမီးနဲ့ကြိုက်နေသံလည်းကြားရော အမေ့မှာ အလွတ်တန်းစုံထောက်လုပ်ပြီး တားတော့တာပဲ။

အမေ့ကိုကြောက်ပြီး ခဏလေး သူ့ကိုရှောင်ဖယ်မိပါတယ်၊ မန်ကျည်းကိုးပင်ကို သဲကိုးဖျာပေါ်မှာတောင်မဆံ့ဘူး၊ အွန်လိုင်းပေါ်ထိကို တက်စိုက်တာပါဆို။ ကိုယ့်ရုံးကအစ်မတွေဆီမှာ သွားသွားငိုပြရတာနဲ့။ မက်ဆင်ဂျာမှာ လာလာငိုပြရတာနဲ့။ သူ့အကောင့်ကနေ 'ကဗျာမှာ မျက်ရည်စတွေနဲ့'တင်လိုတင်၊ သူရေးတဲ့ဝတ္ထုတွေမှာ ကြေကွဲပြလိုပြ။ နောက်ဆုံး စွယ်တော်ရွက်မှာ ကဗျာလေးစပ်ပြီး လွမ်းချင်းလာလုပ်တော့ အဝတ်ထုပ်ကိုပိုက်ရင်း သူ့နောက်ကောက်ကောက်ပါအောင်လိုက်လာရပြီလေ။

သူနေဖူးတဲ့ယောကျ်ားလေးအဆောင်မှာ ဘယ်နေလို့ရမှာလဲ။ အနီးအနားမှာနေဖို့ကလည်း မဖြစ်

ပြန်။ ကိုယ့်အိမ်ကလိုက်ခဲ့ကြမှာလည်း စိုးရသေး။ သူ့ရုံး၊ ကိုယ့်ရုံးနဲ့လည်း မနီးမဝေး၊ အိမ်ကလည်း တော်တန်ရုံလိုက်ရှာရင်မတွေ့နိုင်မဲ့ ရပ်ကွက်သေးသေးမှာ ငှားလိုက်ရရော။

စတွေ့ကတည်းက ယဉ်သကိုဆိုတာမျိုး။ သူ့မှာဖြင့် ပါလာတာဆိုလို့ အဝတ်အစား သုံးလေးစုံနဲ့ ကွန်ပျူတာတစ်လုံး၊ ဖုန်းတစ်လုံး။ အဲ... သူ့ရတနာသိုက် စာအုပ်တွေတော့ ပါပါ့တော်။ အမယ်လေး။

ချစ်သူရည်းစားဖြစ်ခဲ့တဲ့ တစ်နှစ်ကျော်အတွင်း ငါးထောင်တန်လက်ဆောင်တောင်မဝယ်ပေးဖူးခဲ့တဲ့ သင်းက သူ့စာအုပ်တွေကျတော့ သောင်းကျော်ပေးပြီးဝယ်သတဲ့။

ရန်ကုန်မြို့မှာအိမ်ငှားနေတာ ဒီအတိုင်း ဖျတ်ခနဲသွားတက်နေလို့မှမရတာ။ စပေါ်တွေ၊ စရန်တွေက လိုသေးရဲ့။ မောင့်မှာ ပိုက်ဆံပါလားလို့ မေးမထွက်ရက်လောက်အောင် သင်းမျက်နှာလေးက ငယ်ထားတာများ မင်းသားလုပ်လို့တောင်ရတယ်။ အဲဒီမျက်နှာငယ်လေးက နောက်ပိုင်းမှာ ဒီလိုအကြောတင်းလာမယ်မှန်းသိရင် လည်ပင်းကဆွဲကြိုးကို ဘယ်ချွတ်ပေးခဲ့မလဲ။

ညားခါစကများ မိုးမမြင်လေမမြင်။ အနီးအနားရပ်ကွက်ဈေးလေးသွားတာတောင် မခွဲနိုင်မခွာရက် လိုက်လာတာများ ပတ်ဝန်းကျင်က ဝိုင်းစကြတဲ့အထိပဲ။ ဒီလို ချစ်ကြကြင်ကြတာ အိမ်ကကြားသိသွားတော့လည်း သဘောတူပြီပေ့လို့ မပြောရုံတစ်မည်၊ ခွဲလည်းမခွဲတော့ဘူးပေါ့။ အိမ်ကိုတော့ ဝင်ထွက်သွားလာပေါ့လေ။ လုံးလုံးမကြည်ဖြူသေးတာကို သင်းက သိနေတော့ ယောက္ခမအိမ်ဆို ရန်သူ့နယ်မြေမှတ်ပြီး ခြေတစ်လှမ်းတောင် မချဘူး။

ဘာတဲ့။ စာရေးဆရာမာနဆိုပဲ။

❑

"စာရေးဆရာကတော်"

အဲဒီလိုများလာခေါ်ရင် အသည်းနာလွန်လွန်းလို့။ ရပ်ကွက်လေးက သေးသေးစုတ်စုတ်ဆိုတော့ စာရေးတတ်တဲ့သင်းကို ဆရာကြီးသဖွယ် အထင်ကြီးနေကြတာများ ကြည့်လို့တောင်မရဘူး။

ကိုယ့်မိဘအိမ်ကို အဝင်အထွက်လုပ်နေတော့ လည်ပင်းမှာ ဆွဲကြိုးမမြင်တဲ့အခါ အမေက မနေနိုင်ဘဲ ကျိတ်ပြီးထုတ်ပေးပြီပေါ့။ ဒါကို ပတ်ဝန်းကျင်ကမှမသိတာ။ သင်း စာရေးလို့ဝင်ငွေကောင်းတယ်ထင်ကြရော။ ကိုယ့်ပေါင်ကိုယ်လှန်မထောင်းချင်တော့လည်း ပြုံးပြုံးလေးနေခဲ့တာပေါ့။ ဘယ်အချိန်ကြည့်ကြည့် စာရေးဆရာကတော်တို့များ ကြော့လို့မော့လို့ ဆိုတာက ပါလိုက်သေးတယ်။

စာရေးဆရာကတော်ထက် နတ်ကတော်သွားလုပ်တာကမှ ကြက်ပေါင်လေးဘာလေး ကိုက်ရဦးမယ်။ သင်း စာရေးတာများ ဘာစားခဲ့ရလို့တုံး။

လူပျိုဘဝကတည်းကရေးနေတဲ့စာ၊ ကလေးတစ်ယောက်အဖေပဲဖြစ်လာပြီ၊ သူ့စာမူခနဲ့ ကလေးအတွက် အင်္ကျီတစ်ထည်စာဖိုးတောင် မရဖူးသေးဘူး။

"ယောက်ျားရေ ... ပြိုင်ပွဲမှာ ပထမဆုရတယ်ဆို"

အွန်လိုင်းပေါ်မှာ စာပေပြိုင်ပွဲတစ်ခုမှာ ပထမဆုံးအကြိမ်ဆုရခဲ့တော့ မနေနိုင်တဲ့ပါးစပ်က မေးမိပါတယ်။

"အင်းလေ... ဖုန်းဘေလ်တစ်သောင်းရတယ်၊ ပြန်လှူထားခဲ့တယ်"

ပြတ်ရော။ ဘယ်မဂ္ဂဇင်းမှာ ပါတယ်ဆိုပြီး ဝမ်းသာအားရများ သွားမမေးလိုက်နဲ့။ စာမူခမရဘူးလို့ပဲလာမယ်။ ဂျာနယ်တွေမှာ တစ်ပုဒ်စ၊ နှစ်ပုဒ်စပါလာတယ်။ စာမူခကို မျှော်တော်ယောင်ပတ်ပျိုးနဲ့ စောင့်မနေနဲ့၊ ရီဝေဝေဘီယာအငွေ့မျက်လုံးနဲ့ အိမ်ပြန်လာတာ။ စာပေရောင်းရင်းတွေကို ဂုဏ်ပြုဧည့်ခံခဲ့သတဲ့။

ရေးဖော်ရေးဖက်တွေစုစည်းပြီး စာအုပ်ထုတ်မတဲ့ဆိုတော့ ရင်တခုန်ခုန်ပေါ့။ စာအုပ်ထုတ်မယ်ဆိုတော့ စာမူခလေးတော့ရမယ်ပေါ့။ သင်းက စာအရေးအသား နည်းနည်းကောင်းတော့ သူများထက် ပိုက်ဆံလေးတော့ပိုရတန်

ကောင်းရဲ့ဟဲ့လို့ တွေးလို့မှမဆုံးသေးဘူး။

"မိန်းမ ... ပိုက်ဆံ လေးသောင်းလောက်ပေးအုံး"

အဲဒီလို လက်ဝါးလာဖြန့်တာ။ မေးလိုက်တော့ စာအုပ်ထုတ်ခ ပေးရမတဲ့။ အစုစပ်စုပေါင်းထုတ်ကြမတဲ့။ နို့... သိမှမသိတာလေ။ ဟိုကထုတ်ပေးမယ် ထင်တာကိုး။ စာအုပ်ထွက်တဲ့အခါ ခွဲတမ်းကြေးပြန်ရမယ်မိန်းမရဲ့လို့ ပတ်ကာနပ်ကာချွဲတော့ သူ့လစာ၊ ကိုယ့်လစာပေါင်းမှ တစ်လနဲ့တစ်လ မနည်းအလျဉ်မီအောင် လုပ်နေရတဲ့အထဲက ထုတ်ပေးလိုက်ပါတယ်။ ဘဝသံသရာရထားထဲ တဝဲလည်လည်ပါသွားရော။

"နောက်တစ်အုပ် ဆက်ထုတ်မလို့လေ မိန်းမရဲ့"

ကဲ...ခုတော့ဘာပြောမလဲ။ ဘိုဖြူ့သီချင်း ထိုင်ဆိုရုံပဲရှိတော့တယ်။ သွားပြီးများ ဗျစ်တောက်ဗျစ်တောက် မပြည့်လိုက်နဲ့၊ စာရေးဆရာမာနဆိုတာနဲ့ ကိုင်ပေါက်တာချည်းပဲ။

"အနုပညာကို ငွေနဲ့တန်ဖိုးလာမဖြတ်နဲ့"

"ရှင့်အနုပညာနဲ့ ကြက်သား ဝယ်လို့လဲမရဘူး၊ အိမ်လခကို ရှင့်စာအုပ်တွေသွားပေးလို့မရဘူး၊ ငွေရှိမှ ဝယ်လို့၊ ပေးလို့ရတာမြဲမြဲသဘောပေါက်... သိလား"

တောက်တစ်ချက်ခေါက်ပြီး အပြင်ထွက်သွားရော။ စိတ်တိုလိုက်တာလေ။ သင်းရဲ့ ရတနာသိုက်ဆိုတဲ့ စာအုပ်ပုံကြီးကို မီးရှို့ပစ်ချင်တာ။ တကယ်။

❑

"အရိပ်လိုချင် နေပူကစောင့်"

လာလာချေသေး။ ကိုယ်တွေများ စာမတတ်တာကျလို့ ဆရာကြီးလာလုပ်နေတာ။ အဲဒီလိုပါဆို။ သူ လူပျိုဘဝကတည်းက စောင့်နေတဲ့အရိပ်က ကလေးအဖေတောင်ဖြစ်နေပြီ ခုချိန်ထိ မကျနိုင်သေးဘူးထင်ပ့ါ။

ညဘက်ဆို တော်ရုံနဲ့မအိပ်ဘူး။ လိုင်းပေါ်တက်နေတာ။ မက်ဆင်ဂျာမှာ စာပေစကားဝိုင်းလုပ်နေတာတဲ့။ တစ်ခါများ သူ့မက်ဆင်ဂျာကိုဝင်ကြည့်မိပါတယ်။ တန်းကိုပြေးထွက်လာရတယ်။

အလိုလေး ... ယောကျ်ားလေး စာရေးဆရာတွေတဲ့တော်။ သူတို့စာပေစကားဝိုင်းက အွန်လိုင်းပေါ်မှာပြန့်ကျဲနေတဲ့ သတင်းအဖျင်းတွေကို ရစရာမရှိအောင် နောက်ပြောင်နေကြတာရယ်။ ကြည့်လိုက်တော့လည်း တစ်ယောက်မှ လူပျိုလူလွတ်မပါဘူး။ အိမ်ထောင်သည် စာရေးဆရာတွေ သက်သက်ရွှပိုးထိုးနေကြတာ။ ပြောတော့နာတယ်လေ။

"အပျော်အပြက်လေးစနောက်နေတာကို" ဆိုတာက လာလိုက်သေးတယ်။ ပြောလို့ပြောတာမဟုတ်ဘူး။ အွန်လိုင်းပေါ်က စာဖတ်သူတွေကို တစ်ခါတလေ သနားမိပါရဲ့။ ဘယ့်နှယ် သူတို့ခမျာ စာရေးဆရာအကောင့်ဟော့ဆိုတာနဲ့ ပြေးအပ်ကြ၊ အပ်မရတော့ ဖောလိုးလေးလုပ်ထားကြ။ စာများဖတ်ရမလား ဆတ်တင့်ငံ့နဲ့။ တင်လိုက်ကြတဲ့ စာရေးဆရာများ၊ ဟိုမင်းသမီးပုံ၊ ဒီမင်းသမီးပုံ၊ ရိုးကိုမရိုးစေရဘူး။ အမယ်... စာရေးဆရာတွေချည်း ဟုတ်လို့လား။ စာရေးဆရာမတွေရောပါပ့ါတော်။ စာဖတ်ဖို့စောင့်မျှော်နေကြတဲ့ စာချစ်သူကိုမှမငဲ့ညှာ၊ သူတို့ပုံဆိုးဆိုးတွေကိုပဲ ရောက်လေရာမှာရိုက်ပြီးတင်နေတာ။

စာဖတ်ချင်လို့ အကောင့်အပ်ထားကြတဲ့ စာချစ်သူတွေခမျာ ဘုမသိဘမသိနဲ့ ဓာတ်ပုံချစ်သူဘဝကို ရောက်လိုရောက်။ အဲဒါတွေကိုပြောမိတော့ သူ့စာပေမောင်နှမဘက်ကနေ ဆတ်ဆတ်ခါ နာတတ်သေးရဲ့။

"စာရေးသူတစ်ယောက်က ကုန်ပစ္စည်းထုတ်သလိုမျိုး ရော့အင့်နဲ့ ပုံသေနည်းချပြီး ထွက်လာတာမဟုတ်ဘူးကွ၊ ရင်ဘတ်ကနေ စီးမျောပြီးထွက်ပေါ်လာတာ၊ အဲဒါကိုမှ စာဖတ်သူတွေအတွက် စေတနာကိုထည့်ပြီး အကောင်းဆုံး မွမ်းမံကြရတာ၊ စာတစ်ပုဒ်ဖြစ်မြောက်ဖို့ စာရေးသူရဲ့စိတ်နှလုံး အေးချမ်းတည်ငြိမ်နေဖို့လိုတယ်၊ ဒါ့ကြောင့် နာမည်ကြီး စာရေးဆရာတွေဆို ခရီးထွက်ပြီး

နားနားနေနေ သွားရေးတာမျိုး၊ တချို့ဆရာတွေ ဟိုတယ်မှာသွားပြီး ရေးတာတဲ့၊ သိပြီလား"

လာလိုက်သေးတယ်။ လူကို ငတုံးများမှတ်နေရော့လား မပြောတတ်ဘူး။ ဟိုကဆရာတွေက ဟိုတယ်မှာပဲရေးရေး၊ ခရီးထွက်လို့ပဲရေးရေး ပိုက်ဆံရတယ်လေ။ သင်းရေးနေတာ ဘာရလို့လဲ။ ရတဲ့ တစ်ပဲခြောက်ပြားကော အိမ်ကိုပါလာဖူးလို့လား။ ပိုက်ဆံရတဲ့မဂ္ဂဇင်းတွေမှာရေးပါဆိုတော့လည်း တစ်ပုဒ်ပါဖို့အရေး နှစ်နဲ့ချီအောင်စောင့်ရသတဲ့။ ဒါဆိုမရေးနဲ့ပေါ့လို့ပြောတော့ စားမတတ် ဝါးမတတ်လာကြည့်နေတယ်။

သူ့ကိုယ်သူတော့ အွန်လိုင်းပေါ်မှာနာမည်ရနေတယ်ဆိုပဲ။ ပိုက်ဆံတော့မရဘူး။ ဘယ်ကဘယ်ကမှန်းမသိ မိတ်ဆွေတွေပဲ ရရလာတာ။ နယ်က ခဏလာလည်တဲ့သူလည်း အိမ်မှာလာတည်းလိုတည်း။ ဘယ်နေ့အထိမ်းအမှတ်ဆိုပြီး အိမ်မှာခေါ်ပြီး စားကြသောက်ကြ။

လည်ပင်းပေါ်ကဆွဲကြိုး ငြိမ်ငြိမ်နေရတယ်မရှိဘူး။ ဒါလည်း သူ့အနုပညာဆိုတာက လာလိုက်သေးတယ်။

ညညကျ ညဥ့်နက်အောင် စာတွေရေးပြီ။ မနက်ကျတော့ အိပ်ရာကမထချင်ပြန်ဘူး။ နှိုးရပြုရ ရန်ဖြစ်ရနဲ့။ ကိုယ်က အလုပ်တစ်ဖက်၊ ကလေးတစ်ဖက်။ အလုပ်သွားတော့ ကလေးကို အမေ့အိမ်မှာ ပြေးပို့ရပြန်သေး။ ရုံးကဆင်းတော့ ပြန်ခေါ်လာရ။ ကားစီးရခက်ခဲပါဘိသနဲ့။ အိမ်ပြန်ရောက်တော့ မောနေပြီ။ မသကာ မာနလေးကို ခဝါချပြီး အမေတို့အိမ်မှာ ကလေးကို သွားခေါ်ပေးထားပါလား။ အဲဒီလိုမျိုးလည်းမဟုတ်။ ဟော ... အိမ်ရောက်ပြန်တော့ ဝိုင်းဝန်းကူမလားမှတ်တယ်။ ဝေးသေး။ ကလေးထိန်းခိုင်းတာတောင် ပုခက်ထဲ လွယ်လင့်တကူသွားထည့်ထားပြီး သင်းက ဖုန်းတစ်လုံးနဲ့ စာရေးနေတော့တာ။

ကလေးက ထိုင်တတ်နေပြီဆိုတော့ ပုခက်ထဲ ဘယ်ငြိမ်နေတော့မှာတုံး။ ထထိုင်တော့ ဗုန်းခနဲ အောက်ပြုတ်ကျလာရော။ ကလေးငိုတော့ သင်းကို အောင့်အည်းထားသမျှ တရစပ်ဆူပစ်လိုက်တာ။

အမယ် ... အဆူခံထိလို့ စိတ်သာကောက်နေတာ ဟင်းကောင်းစားဖို့ကျ မမေ့ဘူးတော့။ ဝက်သားကို ခရမ်းချဉ်သီးနဲ့ စပ်စပ်ကလေးနှပ်ပြီး ချက်ပေးတဲ့။ သူအိပ်ရေးပျက်ထားလို့ဆိုပဲ။ တွေ့မယ်...သင်းတော့လား။

❑

ခေါင်းအုံးကို လာယူကတည်းက ဧည့်ခန်းမှာ သင်းသွားအိပ်တော့မယ်ဆိုတာ သိသားပဲ။ မသိသလိုကို နေလိုက်တာ။ အဟုတ်။ ယောကျ်ားတွေများ တော်တော်အံ့ဩစရာလည်းကောင်းတယ်။ လူပျိုတုန်းက တည်တည်ငြိမ်ငြိမ်၊ အေးအေးဆေးဆေးနေတတ်သလောက် မိန်းမရတော့ ကောက်တတ် ချိတ်တတ်လာတယ်။ ကလေးအဖေလည်းဖြစ်ရော သူတို့ပါ ကလေးနဲ့အပြိုင် ကလေးဆန်ချင်လာကြရောပဲ။

စာရေးဖို့ဆိုရင် တဒေါက်ဒေါက်နဲ့လှုပ်ရှားနေတတ်တဲ့လက်က မာမားရယ်ဒီမိတ်ခေါက်ဆွဲတစ်ထုပ်ပြုတ်သောက်ဖို့တောင် လက်ကြောမတင်းတော့ဘူး။ အံ့ဩပါ့။ ကောက်နေတာလည်း ပါမှာပေါ့။ ဗိုက်ကတဂွီဂွီအမြည်ခံပြီးကို ကောက်ပြနေတာ။

ဝက်သားခရမ်းချဉ်သီးနှပ်လေးနဲ့ အမုန်းစားပစ်မယ်ဆိုပြီး တွေးထားတာနေမှာပေါ့။ အုပ်ဆောင်းလည်းဖွင့်ရော ထမင်းပန်းကန်ထဲမှာ သူ့ဝတ္ထုစာအုပ်တွေ ထည့်ထားတာမြင်မှာမလွဲဘူး။ သူချစ်တဲ့ သူ့အနုပညာကိုပဲစားပါလေ့စေ။ လုံးဝကိုချက်မကျွေးဘူး။ မကျွေးဘူးဆို မကျွေးဘူး။

❑

အရေးထဲ ဒီကလေးကလည်း အိပ်ကိုမအိပ်နိုင်တာ။ ဟင်းချက်ပါ့မယ်ဆိုမှ နို့စို့နေတာ လွှတ်ကို မလွှတ်တော့ဘူး။ အပြင်ဘက်မှာ အိပ်ပျော်နေတဲ့ ကိုကောက်စိန်တစ်ယောက် ဗိုက်ဆာနေတော့မှာပဲ။ ။

**လင်းအိမ်**



ရွှေသူရဇ္ဇ (ထားဝယ်)

# အရိပ်တစ်ခုဌှားနီးခြင်း

အထက်ဝန်းကျင်တစ်ခွင်လုံးဟာ အုံ့မှိုင်းညို့ဆိုင်းနေတာ နေရောင်ပျပျလေးကိုတောင်မမြင်ရဘူး။ မိုးနဲ့လေဟာ နှစ်ဖြာဂဟေဆက်လို့ ပတ်ဝန်းကျင်ကိုကြီးစိုးနေတယ်။ လေတစ်ချက်ဝှေ့တိုင်း မိုးရေစက်တွေ မနည်းမနောပါလာပြီး သူတို့ကိုလာရောက်ထိစဉ်တယ်။ အချိုးကျနေတဲ့ မိုးနဲ့လေရဲ့ စည်းဝါးကိုက် တိုးတိုက်မှုအောက်မှာ သစ်ပင်ကြီးငယ်တွေဟာယိမ်းကနေသလိုပဲ။ ရွက်ဝါအချို့ဟာ လေနဲ့လွင့်ပါပြီး သစ်ရွက်စိမ်းအချို့ကတော့ မိုးရဲ့ပယောဂကြောင့်ကြွေကျနေတယ်။ မိုးက တဖြည်းဖြည်းသည်းလာတာ ကြောက်ဖို့တောင်ကောင်းသေးတော့။

သူတို့မောင်နှမတွေဟာ ရာသီမိုးရဲ့လွန်ကဲမှုဒဏ်ကြောင့် ရွှဲရွှဲစိုခဲ့ရပြီ။ အသိုက်လေးဟာ လေတစ်ချက် ဝှေ့လိုက်တိုင်း လွင့်ပါချင်သလိုလိုဖြစ်နေရတယ်။ မိုးဒဏ်လေဒဏ်ရဲ့ နှိပ်စက်မှုအောက်မှာ သူတို့ရဲ့အသိုက်လေးက သိပ်မခိုင်တော့သလို ထင်မိတယ်။ မိုးက အငြိုးကြီးကြီးနဲ့ရွာနေလိုက်တာလေ။ တိတ်ဦးမဲ့ပုံမပေါ်ဘဲ အချိန်ကြာလာတော့ စိုးရိမ်စိတ်ကဖြစ်တည်လာတယ်။ အို … မိခင် အမြန်ပြန်လာပါတော့။

> သူတို့ဟာ
> အသိုက်ငယ်လေးထဲမှာ
> တိုးတိုးဝှေ့ဝှေ့။
> အအေးဒဏ်ကို
> ခံစားရတော့မှ
> မိခင်ရဲ့ရင်ငွေ့နွေးနွေးဟာ
> ဘယ်လောက်တန်ဖိုး
> ရှိသလဲဆိုတာ
> သိရတော့တယ်။

မိခင်ဟာ ဘယ်အရပ်ဆီများ ခရီးလွန်နေပါလိမ့်။ သူတို့အတွက် အစာဖွေရှာရင်း မိုးကြီးလေကြီးထဲမှာ အသိုက်ကိုပြန်လာဖို့ခက်နေလေသလား။ သူတို့မောင်နှမတွေကို မေ့လျော့နေတာတော့ မဟုတ်တန်ရာ။ သားနဲ့သမီး ချမ်းအေးလှပါပြီ မိခင်။ အမြန်ရောက်လာပါတော့။

သူတို့ဟာ အသိုက်ငယ်လေးထဲမှာ တိုးတိုးဝှေ့ဝှေ့။ အအေးဒဏ်ကို ခံစားရတော့မှ မိခင်ရဲ့ရင်ငွေ့နွေးနွေးဟာ ဘယ်လောက်တန်ဖိုးရှိသလဲဆိုတာ သိရတော့တယ်။ အမြန်ပြန်လာပါမိခင်။ ဒီမိုးနဲ့ဒီလေအောက်မှာ ကလေးငယ်တို့ကြောက်



လှပါပြီ။ လေတစ်ချက်ပြင်းပြင်း ဝှေ့ရင် ယိမ်းထိုးနေတဲ့ သစ်ပင်ပေါ်က အသိုက်မြုံဟာ မတည်ငြိမ်လှဘူး။ ပြုတ်ကျမှာကိုကြောက်တဲ့စိတ်နဲ့ အသားကုန်ကုပ်တွယ်ထားရတာ ခြေထောက်နုနုလေးတွေလည်း နာကျင်လှပါပြီ။ မိခင်ကော ဘေးမှကင်းပါရဲ့လား။

အဲဒီလိုအတွေးဝင်မိလိုက်တဲ့အခိုက်အတန့်မှာပဲ လေပွေတစ်ချက် သုတ်ခနဲ သူ့ကိုတိုးတိုက်ဝှေ့ယမ်းသွားတယ်။ ကုပ်တွယ်ထားတဲ့ သူ့ခြေအစုံဟာ အသိုက်ဆီက လွတ်ထွက်သွားပြီး မာန်ဟုန်ပြင်းတဲ့ လေရဲ့ခေါ်ဆောင်ရာကိုပါသွားတယ်။ ကြောက်လန့်တကြားနဲ့ အတောင်ပံကိုဖြန့်ပြီး ပျံသန်းဖို့ အားယူလိုက်ပေမဲ့ သူဟာ အပျံမသင်ရသေးတဲ့ သိုက်မြုံငှက်ငယ်လေးတစ်ကောင်သာဖြစ်ပါတယ်။

"ချမ်းနေပြီလား ကလေးလေး၊ သနားပါတယ်၊ ခဏလေးနော်၊ အိမ်ကိုရောက်တော့မှာ"

လူဟာ သူ့ကိုလက်ထဲထည့်လာတော့ သူဟာ လူနဲ့အတူပါလာတယ်။ လူဟာ သူ့ကို ဘာတွေပြောနေမှန်း သူမသိပါဘူး။ သူသိတာက အရမ်းချမ်းနေမိတာပါပဲ။ တစ်ကိုယ်လုံး မိုးရေတွေရွှဲစိုနေခဲ့တာ အတောင်တွေကိုဖြန့်ကားလို့တောင်မရဘူး။ တဆတ်ဆတ်တုန်နေမိတယ်။ မိုးကတော့ စဲလုပါပြီ။ အစက အရမ်းကြောက်နေခဲ့ရတာ။ လူရဲ့လက်ထဲကိုရောက်တော့မှ ကြောက်စိတ်တွေလျော့ပါးသွားခဲ့ရတယ်။ မိုးထဲလေထဲမှာ မျက်စိသူငယ်နားသူငယ်၊ မပျံနိုင်မသန်းနိုင်နဲ့ဒုက္ခရောက်နေတဲ့အချိန်မှာ သူဟာ လူကို အားကိုးယုံကြည်မိတယ်။ သူဟာ လူရဲ့လက်ထဲမှာ အငြိမ့်သားပါလာတယ်။ လူရဲ့လက်ဟာ နွေးနွေးလေးမို့ ခိုက်ခိုက်တုန်နေတဲ့သူ့ကို သက်သာရာရစေတယ်။

"ကဲ…ရောက်ပြီ…ဟူး… မောလိုက်တာ၊ တစ်နေ့တစ်နေ့ ဒီရှစ်လွှာကြီးကို အတက်အဆင်းလုပ်ရတာလဲ မလွယ်ဘူး"

လူဟာ တစ်ကိုယ်တည်း တီးတိုးညည်းတာလား၊ သူ့ကိုတိုင်တည်ပြီးပြောနေတာလား သူမသိ။ လူဟာ အခန်းတံခါးကိုဖွင့်တယ်။ အခန်းထဲဝင်လိုက်တော့ အနွေးဓာတ်လေးက သူတို့ကို ဆီးကြိုတယ်။ လူဟာ သူ့ကို အိမ်ခေါ်လာတာ။

"ကဲ…ဒီမှာခဏနေလိုက်အုံးနော်၊ ဘယ်မှလျှောက်မသွားနဲ့၊ ငါပစ္စည်းလေးတွေနေရာချလိုက်အုံးမယ်၊ ပြီးရင် မင်းနေဖို့ အိမ်လေးဆောက်ပေးမယ်၊ ဟုတ်ပြီလား"

လူဟာ သူ့ကို တစ်နေရာမှာချထားခဲ့တယ်။ သူဟာ လူထားခဲ့တဲ့နေရာမှာ ငြိမ်သက်နေမိတယ်။ တစ်ချက်ကလေးမှ နေရာမရွှေ့ရဲဘူး။ ခဏနေတော့ လူဟာ သူ့ဆီကိုပြန်ရောက်လာတယ်။

"ချမ်းနေတုန်းပဲလား ကလေးလေး၊ မင်းကိုနွေးသွားအောင် လုပ်ပေးမယ်"

လူဟာ သူ့ကို လေငွေ့နွေးနွေးတွေနဲ့ အချမ်းပြေအောင်လုပ်ပေးတယ်။ အပူငွေ့တွေထွက်တဲ့ အရာဝတ္ထုတစ်ခုနဲ့ သူ့ကိုယ်ဆီက စိုစွတ်မှုတွေကို သွေ့ခြောက်အောင်လုပ်ပေးတယ်။ သူ နွေးထွေးသွားပြီးတော့ လူဟာ သူ့ရှေ့မှာ အလုပ်တွေရှုပ်နေပြန်တယ်။ သူဟာ လူထားတဲ့အတိုင်းပဲ နေရာမှာငြိမ်သက်နေမိတယ်။ လူက သူ့ကို ခဏခဏစောင်းငဲ့ကြည့်တယ်။ သူက လူဘာလုပ်နေလဲဆိုပြီး လူရဲ့လှုပ်ရှားမှုတွေကို မလွှဲဖယ်စတမ်းကြည့်နေမိတယ်။

"ကဲ… ဒီမှာ မင်းနေဖို့အိမ်လေး ပြီးသွားပြီ၊ လောလောဆယ်တော့ ဒီစက္ကူအိမ်လေးထဲမှာပဲနေပေါ့၊ ငါဖန်တီးပေးနိုင်တာလဲ ဒါပဲရှိတယ်၊ နွေးအောင်လို့ ဂွမ်းစလေးတွေထည့်ပေးထားမယ်၊ လာ … ဝင်နေကြည့်"

လူဟာ သူ့ကိုညင်သာစွာကိုင်ပြီး အိမ်လေးထဲကိုထည့်တယ်။ သူနေခဲ့ဖူးတဲ့အသိုက်လိုမဟုတ်ပေမဲ့ လူပြုလုပ်ပေးတဲ့အိမ်လေးက သူ့အတွက် နေဖို့သင့်တော်တယ်။ လူဟာ သူ့ကိုထည့်ထားတဲ့စက္ကူအိမ်လေးကို တန်းတစ်ခုမှာချိတ်ဆွဲထားလိုက်တယ်။ ပြီးတော့ အပေါက်လေးကနေ အထဲမှာရှိနေတဲ့သူ့ကို ချောင်းကြည့်ပြီး–

"ဘယ်လိုလဲ…နေလို့ကောင်းရဲ့လား၊ အဆင်ပြေရဲ့လား၊ သနား

စရာမြင်ရင် မမာကျောနိုင်တဲ့ငါ့နှလုံးသားက မင်းကိုမြင်နေရက်နဲ့ မျက်နှာလွှဲပြီး မထားခဲ့ရက်နိုင်ပါဘူး၊ အသက်တစ်ချောင်းကိုကယ်တင်ခဲ့တာဆိုပေမဲ့ ငါ့ရဲ့အရိပ်က မင်းအမေရဲ့ရင်ခွင်လောက် နွေးထွေးမှာမဟုတ်ဘူးဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ ငါမကယ်ခဲ့ရင် မိုးရေတွေထဲမှာ မင်းဒီထက်ပိုပြီးဒုက္ခရောက်သွားမှာစိုးလို့ပါ၊ ဒီတော့ မင်း ငါ့ဆီမှာနေပါ၊ မင်းအတောင်စုံတဲ့ တစ်နေ့ကျရင် လိုရာကိုပျံသန်းသွားပေါ့၊ ဟုတ်ပြီလား"

လူဟာ စကားတွေအများကြီး ပြောပြီးတော့ သူ့အနားကဖဲခွာသွားတယ်။ သူမချမ်းတော့ဘူး။ အိမ်ကလေးထဲမှာ သူတော်တော်လေး နွေးထွေးနေခဲ့ပြီ။ ထောင့်လေးမှာကပ်ပြီး သူ့မျက်လုံးတွေကိုမှေးစင်းထားလိုက်မိတယ်။ သူ့မိခင်ကို သတိရလိုက်တယ်။ အခုလောက်ဆိုရင် မိခင်ဘယ်လိုနေရှာမလဲ။ စိုးရိမ်ပူပန်တဲ့စိတ်နဲ့ သူ့ကိုလိုက်ရှာနေလေမလား။ အရှိန်ပြင်းထန်တဲ့ မိုးသက်လေပြင်းတစ်ချက်က သူပေါက်ဖွားရှင်သန်နေထိုင်ခဲ့ရာ အသိုက်ငယ်ဆီကနေ လွင့်စဉ်ကျသွားအောင် ကျီစယ်ခဲ့တယ်။ သူ ပျံသန်းဖို့ကြိုးစားပေမဲ့ အလေ့အကျင့်မရှိဘဲ နုနယ်တဲ့အတောင်အလက်တွေက ပျံသန်းခြင်းငှာမစွမ်းသာခဲ့ဘူး။ ဒါပေမဲ့ လေအဟုန့်ကြောင့် သူဟာ မြေပြင်ကိုအကျတော်ခဲ့တယ်လို့ဆိုရမယ်။ မိုးစက်တွေကြောင့် ရေတွေအိုင်ထွန်းနေတဲ့မြေပြင်မှာ သူ တော်တော်ကြောက်နေတာ။ လူသူလေးပါးရှုပ်ယှက်ခတ်နေလေတော့ ပိုဆိုးတာပေါ့။ မိုးရေစက်တွေ လွတ်ကင်းတဲ့နေရာမှာ ခိုဝင်ရင်း အသိုက်ငယ်ရှိတဲ့အပင်ထက်ကို မျှော်ကြည့်နေမိတယ်။ ကြောက်ရွံ့စိတ်ကြောင့် သူ့နှုတ်က တစာစာနဲ့အော်ဟစ်လို့နေမိလေရဲ့။

မိုးနဲ့လေအရှိန်လျော့ပါးသွားတဲ့အချိန်မှာ မိခင်ဟာ အသိုက်ဆီပြန်ရောက်လာတာကိုတွေ့ရတယ်။ သူ့ကိုမတွေ့ရတော့ မိခင်ပူပန်သွားတယ် ထင်ပါရဲ့။ ပျာယာခတ်ပြီး ဘေးဘီကိုလိုက်ကြည့်နေတာတွေ့တော့ သူ အသံစာစာကို ကျယ်ကျယ်အော်ဟစ်မိတယ်။ မိခင်ဟာ သူရှိရာကိုထိုးဆင်းလာတယ်။ အနားကိုမိခင်ရောက်လာတော့ ဝမ်းသာသွားတယ်။ မိခင်ဟာ သူ့အနားမှာ ခုန်ဆွခုန်ဆွနဲ့ ပျာယာခတ်လို့နေတယ်။ သူ့ကိုပွတ်သီးပွတ်သပ်လုပ်ရင်း အသိုက်ဆီကိုပျံတက်သွားတယ်။ ပြီးတော့ ပြန်ဆင်းလာတယ်။ မိခင်ဟာ အသိုက်ဆီကိုပျံတက်သွားလိုက်၊ ပြန်ဆင်းလာလိုက်နဲ့ လေးငါးခါလုပ်ပြတယ်။ သူ မိခင်လို ပျံသန်းဖို့ ကြိုးစားပေမဲ့ မရဘူး။ အသိုက်ဆီကိုပြန်ရောက်ဖို့ မိခင်လည်း ကူညီနိုင်ဟန်မတူဘူး။ အချိန်တွေလင့်လာတော့ မိခင်ဟာ ဆင်းမလာတော့ဘူး။ မိုးရေတွေစိုစွတ်နေတဲ့သူဟာလည်း ချမ်းလာပြီ။ တစာစာအော်ဟစ်နေမိတာ အသံတောင်ဝင်နေပါပေါ့။ စိတ်အားငယ်နေတဲ့အချိန်မှာပဲ အရိပ်တစ်ခု သူ့ဆီကိုရောက်လာတယ်။

"ဟာ...ငှက်ကလေး"

ထူးထူးဆန်းဆန်းပဲ သူ့စိတ်က အဲဒီအရိပ်ပိုင်ရှင်လူကို အားကိုးအားထားပြုမိတယ်။ ကမ်းလင့်လာတဲ့လက်ပေါ်ကို အလျင်အမြန်ပဲခုန်တက်လိုက်ပြီး လူနဲ့အတူလိုက်ပါလာတော့တယ်။ အကာအကွယ်မဲ့တဲ့အနေအထားမှာ အအေးဒဏ်ကို သူမခံစားနိုင်တော့ဘူးလေ။ အဲဒီလိုနဲ့ သူဟာ သိုက်မြုံနဲ့ဝေးရာကို ရောက်ခဲ့ရတော့တယ်။

❑

"ဟော့ကောင် ... အထဲမှာ အော်နေတယ်၊ ဘာကောင်လေးလဲ"

"ငှက်ကလေးပါကွာ၊ ငါ အလုပ်ကပြန်လာတော့ မိုးထဲလေထဲမှာ ရွှဲစိုနေတာတွေ့လို့ ခေါ်လာတာ၊ ဒီနေ့ မိုးတွေလေတွေ အရမ်းပြင်းတော့ အပင်ပေါ်ကပြုတ်ကျ

> အမှန်အတိုင်းပြောရရင် လူဖန်တီးပေးထားတဲ့ စက္ကူအိမ်ကလေးဟာ သူနေခဲ့တဲ့သိုက်မြုံလေးထက် လုံခြုံတယ်။ ပိုပြီးစိတ်ချရပါတယ်။ ဒါပေမဲ့ တူတော့မတူဘူး။

တာနေမှာ၊ မပျံနိုင်သေးဘူးကွ"

"မင်းကတော့ သက်သက် အလုပ်ရှုပ်အောင်"

"မရှုပ်ပါဘူးကွာ...မင်း ကလဲ၊ အသက်တစ်ချောင်းဆိုတာ ကယ်ကောင်းပါတယ်ကွ၊ မျက်စိရှေ့မှာ ဒါမျိုးတွေ့နေရဲ့သားနဲ့တော့ မျက်နှာလွှဲပြီး မထားခဲ့နိုင်ပါဘူးကွာ"

"ဟုတ်ပါပြီ သူတော်ကောင်းကြီးရယ်၊ အဲဒါဆိုရင်လဲ မင်းကောင်ကို အစာလေးဘာလေးတွေကျွေးအုံး၊ ဟိုမှာ အော်နေပြီ"



လူဟာ စက္ကူအိမ်လေးနားကိုရောက်လာတယ်။ သူက ထောင့်လေးမှာကပ်လို့ပေါ့။

"ကလေးငယ်ရေ...ဘာလို့အော်နေတာလဲ၊ ဗိုက်ဆာလို့လား၊ လာခဲ့...အစာကျွေးမယ်"

မိခင်နဲ့ မွေးချင်းတွေကို သတိရလို့ အော်နေမိတာ။ လူပြောမှပဲ ဆာလောင်နေမှန်းသိတော့တယ်။ ဟုတ်ပါရဲ့။ မနက်ကတည်းက မိခင်ရှာဖွေကျွေးမွေးတဲ့အစာကို သူ မစားရသေးပါလား။ လူဟာ သူ့ကို အိမ်လေးထဲကနေနှိုက်ယူတယ်။ သူဟာ လူရဲ့လက်ထဲအလိုက်သင့် ပါသွားတယ်။ ဒီလူသားကို သူ မကြောက်ရွံ့မိပါဘူး။ ဒီလူသားက သူ့ကို အန္တရာယ်ပေးမဲ့သူမဟုတ်ဘူးဆိုတာ သူ့ရဲ့စိတ်က အလိုလိုသိရှိလို့နေတယ်လေ။

"မင်းအမေက မင်းကို ဘာကျွေးလဲတော့ ငါမသိဘူး၊ ငါ့ဆီမှာတော့ ဆန်ပဲရှိတယ်"

လူဟာ သူ့ကိုလက်ပေါ်တင်ထားရင်း အစေ့ဖြူဖြူလေးတွေကို ချပေးတယ်။ သူ အစေ့လေးတွေကို ကြည့်နေမိတယ်။ သူ ဘာလုပ်ရမှာလဲ။ အစေ့တွေက မိခင်ရှာဖွေယူလာကျွေးတာတွေနဲ့မတူဘူး။ သူ ငြိမ်သက်နေမိတယ်။

"ကလေးလေး...စားလေကွာ၊ ဩော် ... သိပြီ၊ မင်းက ကောက်မစားတတ်သေးဘူးဘဲ၊ ဟုတ်ပြီ၊ အဲဒါဆိုရင် မင်းအမေကျွေးသလိုမျိုး ခွံ့ကျွေးမယ်၊ ကဲ... ပါးစပ်လေးဟ"

လူရဲ့လက်ကလေး သူ့ပါးစပ်နားရောက်လာတော့ အလိုက်သင့်ဟပေးမိတယ်။ ဆာလောင်နေလို့လား မသိဘူး၊ အရသာရှိလိုက်တာ။ စားလို့လည်းကောင်းတယ်။ လူဟာ သူ့ကို အစေ့လေးတွေခွံ့ကျွေးတယ်။ တချို့အစေ့တွေက ကြီးတော့ သူမစားနိုင်ဘဲ ပြန်ထွေးထုတ်မိတယ်။

"ကြီးလို့လား၊ ဒါဆို နှစ်ပိုင်းချိုးပြီးကျွေးမယ်"

လူက သူ့ကို အစေ့လေးတွေ ခွံ့ကျွေးလိုက်၊ သောက်ဖို့အတွက် ရေစက်လေးတွေ တစ်စက်ချင်းချပေးလိုက်နဲ့ ဂရုစိုက်တယ်။ သူက ဗိုက်ဝသွားတော့ ပါးစပ်ကို မဟတော့ဘူး။

"ဘာလဲ...ဝသွားပြီလား၊ အများကြီးရှိသေးတယ်လေကွာ၊ ခုနကတော့ ပါးစပ်ကိုဟထားတာပြဲနေတာပဲ၊ ခုတော့ သူမဟုတ်သလိုနဲ့"

အစာကျွေးပြီးတော့ လူက သူ့ကို အိမ်လေးထဲပြန်ထည့်ထားတယ်။ သူငြိမ်နေမှန်းသိရင် လူက လုပ်စရာရှိတာတွေကိုလုပ်နေတယ်။ သူ့မှာတော့ ဘာအလုပ်ရှိမှာလဲ။ လူကျွေးတဲ့အစာကိုစားပြီးရင် မှိန်းနေရုံပဲလေ။ သာယာတာပေါ့။ ဗိုက်ဆာလာပြန်ရင် တကျီကျီနဲ့ အော်လိုက်ရုံပဲ။ လူဟာ ချက်ချင်းအနားကိုရောက်လာတယ်။ ပြီးတော့ အစာကျွေးတယ်။ ရေတိုက်

တယ်။ လူဟာ သူ့ကိုတော်တော် ဂရုစိုက်တယ်လို့ဆိုရမယ်။ တစ်ခါ တစ်ခါ လက်ပေါ်တင်ပြီး စကား တွေ ပြောနေတတ်သေးတာ။ လူရဲ့ မျက်ဝန်းထဲမှာ ရိုးသားမှုတွေကို သူ မြင်ရတယ်။ နူးညံ့ကြင်နာမှုတွေ ကို သူအလိုလိုခံစားမိတယ်။ ထုတ် မပြောတတ်ပေမဲ့ လူကိုကျေးဇူးတွေ တင်နေမိတာ အခါခါပါပဲ။

အမှန်အတိုင်းပြောရရင် လူဖန်တီးပေးထားတဲ့ စက္ကူအိမ် ကလေးဟာ သူနေခဲ့တဲ့သိုက်မြို့ လေးထက် လုံခြုံတယ်။ ပိုပြီးစိတ်ချ ရပါတယ်။ ဒါပေမဲ့ တူတော့မတူ ဘူး။ ဘာမတူတာလဲတော့ သူ လည်း မသိဘူး။ တစ်ခါတလေမှာ မိခင်နဲ့မွေးချင်းတွေကိုသတိရတာ ကလွဲလို့ လောလောဆယ်မှာ လူရဲ့ အရိပ်က သူ့အတွက် ခိုနားဖို့ အသင့်တော်ဆုံးပါပဲ။ ဒီလိုနဲ့ပဲ သူ ဟာ လူရဲ့အရိပ်အောက်မှာ နေဝင် မိုးချုပ်လို့ ရောင်နီမိုးသောက်တာ တွေကို ဖြတ်သန်းခဲ့တာပေါ့။

❑

“ငှက်ကို သား...သားနဲ့ နား ကြားပြင်းကတ်တယ်ကွာ”

“မကြားချင်ရင် နားပိတ် ထားလေကွာ”

“နေပါအုံး၊ မင်းက သား... သားနဲ့ ခေါ်နေရအောင် အဲဒီငှက် ပေါက်က အထီးလား၊ အမလား မင်းသိလို့လား”

“မသိဘူး၊ ငါလဲ ခေါ်မယ် စိတ်မကူးဘဲနဲ့ နှုတ်က သူ့အလိုလို ထွက်သွားတာ”

လူဟာ ထုံးစံအတိုင်း သူ့ကို အစာကျွေးနေတယ်။ သူကတော့ လူရဲ့လက်ကလေးပေါ်မှာပေါ့၊ သူ နဲ့လူ မစိမ်းတော့ဘူး။

“စား...သားလေး၊ စားပြီးရင် ဖေကြီးက အလုပ်သွားရတော့မှာ၊ ညနေစောင်းမှပြန်ရောက်တော့မှာ၊ အခန်းကိုတော့ တံခါးတွေပိတ်ထား ခဲ့မယ်၊ အထဲမှာလွတ်လွတ်လပ်လပ် နေ၊ အစာနဲ့ရေလဲ ထားပေးခဲ့မယ်၊ ဖေကြီးမရှိတော့ ခွံ့မကျွေးနိုင်ဘူး ပေါ့၊ ကိုယ့်ဟာကိုယ်ကောက်စား တတ်အောင် လေ့ကျင့်ထား၊ ဟုတ် တယ်ကွ၊ အဟိတ်တိရစ္ဆာန်ဆိုပြီး အထင်မသေးနဲ့၊ သူတို့လဲ သက်ရှိပဲ၊ သူတို့ခံစားချက်နဲ့ သူတို့ရှိတယ်၊ အဲဒါ မင်းမှတ်ထား”

“အေးပါကွာ...မေတ္တာရှင် ကြီးရာ၊ ဟုတ်ပါပြီ၊ မှတ်ထား လိုက်ပါ့မယ်၊ ဟောဒီရင်ဘတ်ကြီး နဲ့ကို မှတ်ထားလိုက်တာပါနော်၊ ကဲ...ငါသွားပြီ...တော့တာ၊ မင်းလဲ အလုပ်နောက်ကျနေအုံးမယ်နော်”

အခန်းထဲမှာ သူနဲ့လူပဲကျန်ခဲ့ တယ်။ သူဟာ အစာဝနေတော့ ငြိမ် သက်နေမိတယ်။ ခဏနေတော့ လူ ဟာ အခန်းထဲကထွက်သွားတယ်။

> “ဒီမှာဟေ့ကောင်. . . မင်း ကြားဖူးလား၊ မေတ္တာဆိုတာ အရောင်အဆင်း၊ အနံ့အရသာ၊ ပုံပန်းသဏ္ဍာန်နဲ့ အလျားအနံတွေမရှိပေမဲ့ အသွားအပြန်တော့ရှိတယ်၊ ထားတဲ့သူချင်း အလိုလိုသိနားလည်တယ်ကွ . . . ”

ပြီလား”

“ငါရယ်ချင်လိုက်တာ ဟ ကောင်ရာ၊ သူ့ကိုယ်သူများ ဖေကြီး တဲ့၊ ဟား...ဟား...ရူးများနေလား မသိဘူး၊ နေပါအုံး၊ မင်းကသာ ပြောနေတာ၊ သူက ဘယ်လိုလုပ် နားလည်မှာလဲ”

“လည်လည် မလည်လည် ပေါ့ကွာ၊ ဒီမှာဟေ့ကောင်...မင်း ကြားဖူးလား၊ မေတ္တာဆိုတာ အရောင်အဆင်း၊ အနံ့အရသာ၊ ပုံပန်းသဏ္ဍာန်နဲ့ အလျားအနံတွေ မရှိပေမဲ့ အသွားအပြန်တော့ရှိတယ်၊ ထားတဲ့သူချင်း အလိုလိုသိနားလည်

အခန်းထဲမှာ သူတစ်ကိုယ်တည်း တိတ်ဆိတ်ငြိမ်သက်လို့ကျန်နေခဲ့ တယ်။ လူဟာ သူ့ကို စားသောက် စရာ ဆန်စေ့တွေထားပေးခဲ့သလို သောက်စရာရေကိုလည်း ခွက် ကလေးနဲ့ ထည့်ထားပေးခဲ့တယ်။ ဘယ်သူမှမရှိတော့ သူတစ်ကိုယ် တည်း အခန်းထဲမှာ ပျင်းရိခြောက် ကပ်လို့နေလေတယ်။ အခန်းက အလုံပိတ်ထားပေမဲ့ အပြင်ဘက် က အသံမျိုးစုံကို သူကြားရတယ်။ ခေါင်မိုးဆီက တချွတ်ချွတ်အသံ ကိုလည်း ကြားရတယ်။ လူက သူ့ ကို အောက်မှာချထားခဲ့တော့ သူ့ရဲ့

စက္ကူအိမ်ကလေးဆီကို ပျံသန်းကြည့်ဖို့ကြိုးစားမိတယ်၊ မရဘူး။ ခုန်ဆွခုန်ဆွလောက်ပဲ တတ်နိုင်သေးပြီး ပျံသန်းဖို့အတွက် သူ့ရဲ့အတောင်ပံတွေက မသန်မာသေးဘူး။ အကြိမ်ကြိမ်ကြိုးစားပေမဲ့ အချည်းနှီးဖြစ်ပြီး မောပန်းတာပဲ အဖတ်တင်တယ်။

မိခင်ကိုသတိရမိတော့ သူ တစာစာအော်ဟစ်မိတယ်။ အော်ရင်းနဲ့မောလာတော့ ဗိုက်ကဟာလာတယ်။ ဆန်စေ့တွေကို ကောက်စားနိုင်ဖို့ကြိုးစားမိတယ်။ တဖြည်းဖြည်းနဲ့ သူ ဆန်စေ့တွေကိုကောက်စားနိုင်လာတယ်။ ဆာလောင်မှုက တတ်မြောက်မှုကိုဖြစ်စေတယ်ထင်ပါရဲ့။ ဗိုက်ဝသွားတော့ သူ အခန်းလေးထဲမှာ ခုန်ဆွခုန်ဆွနဲ့ လျှောက်သွားနေမိတယ်။ လူတို့နေတဲ့အခန်းက သန့်ရှင်းသပ်ရပ်နေတာကို သူမြင်ရတယ်။ လူတို့ ဘယ်ကိုထွက်သွားကြသလဲတော့ သူမသိဘူး။ ခဏနေတော့ မှေးစက်ချင်လာတယ်။ စက္ကူအိမ်လေးထဲကို မပျံသန်းနိုင်တော့ သူဟာ ချောင်တစ်ချောင်မှာကပ်မှီပြီး မှေးနေလိုက်တယ်။

အချိန်ဘယ်လောက်ကြာသွားလဲမသိဘူး။ ထိခတ်သံ၊ လှုပ်ရှားသံနဲ့ လူသံအချို့ကိုကြားလိုက်ရတော့ သူ့မျက်လုံးတွေ ဖျတ်ခနဲပွင့်သွားတယ်။ လူပြန်လာမှန်းသိလိုက်တော့ သူတကြော်ကြော်အော်ဟစ်လိုက်တယ်။

"ဟူး…မောလိုက်တာကွာ၊ လာပါအုံးသားလေးရယ်၊ ဖေကြီးကို မျှော်နေတာလား"

လူက ရောက်ရောက်ချင်းပဲ သူ့ကို လက်ပေါ်တင်တယ်။ ပြီးတော့ စကားတွေတတွတ်တွတ်ပြောတော့တာပဲ။

"သားလေးကို ထားသွားထားခဲ့ရတာ စိတ်ကမဖြောင့်ပါဘူးကွာ၊ နေရတာအဆင်ပြေပါ့မလား၊ ပျံများထွက်ပြေးသွားမလားဆိုပြီး စိတ်ပူနေရတာ၊ လူကသာ အလုပ်မှာ၊ စိတ်က သားဆီကိုပဲရောက်နေတာ၊ ဘယ်လိုလဲ သားလေး၊ နေခဲ့ရတာအဆင်ပြေရဲ့လား၊ အစာကောစားရဲ့လား"

အချိန်အကြာကြီးပျင်းနေခဲ့ရတာ လူရောက်လာတော့ သူပျော်သွားတယ်လေ။ လူရဲ့ပခုံးပေါ်ခုန်တက်လိုက်ပြီး အသံတစာစာနဲ့အော်ဟစ်နေမိပြန်တယ်။

"အဲဒီလိုကြီး မအော်ပါနဲ့ကွာ၊ မင်း အဲဒီလိုအော်ရင် ငါ့ရင်ထဲမှာ မကောင်းဘူးကွ၊ ဘယ်လိုကြီးမှန်းမသိဘူး၊ မင်းအမေကိုသတိရနေတာလား"

လူဟာ သူ့ခေါင်းလေးကိုလက်ကလေးနဲ့ပွတ်နေတတ်တယ်။ လူမရှိတဲ့အချိန်တွေဆို သူ အင်မတန်မှပျင်းရိတယ်။ လူရှိရင်တော့ မပျင်းရဘူး။ လူက အနားမှာတတွတ်တွတ်နဲ့လေ။ စက္ကူအိမ်လေးထဲက သူ့အသံကိုကြားရင် လူက ချက်ချင်းအနားကို ရောက်လာတော့တာ။

လူက ထွက်သွားပြီဆိုရင် အစာနဲ့ရေကို အသင့်ထားပေးခဲ့တယ်။ ပြီးရင် တမေ့တမြောကြီးထွက်သွားလိုက်တာ ညမိုးချုပ်ခါနီးမှပြန်လာတော့တယ်လေ။ အချို့သောနေ့တွေမှာ လူဟာ ဘယ်မှမသွားဘူး။ အဲဒီနေ့တွေမှာဆိုရင် လူက 'မင်းကိုအပျံသင်ပေးမယ်'လို့ပြောတယ်။ ပြီးတော့ အခန်းတံခါးတွေကိုပိတ်ပြီး သူ့ကို အပေါ်မြှောက်တင်တယ်။ သူ အတောင်ပံတွေကို တဖျပ်ဖျပ်ခါပြီး ပျံသန်းတယ်။ လူရဲ့လေ့ကျင့်ပေးမှုတွေနဲ့အတူ သူ့အတောင်အလက်တွေသန်မာလာတယ်။ အရင်လိုမနာတော့ပေမဲ့ အကြာကြီးတော့မပျံသန်းနိုင်သေးဘူးပေါ့။ အခန်းထဲမှာပဲလှည့်ပတ်ပျံဝဲရင်း အတောင်ညောင်းသွားရင် ခဏနားတယ်။

သူပျံသန်းနေတဲ့အခါ လူဟာ သူ့ကိုကြည့်ရင်း ငြိမ်သက်နေတတ်တယ်။ တစ်ခါတစ်ခါ သူက ဟထားတဲ့မှန်ပြတင်းကနေပျံထွက်ပြီး အပြင်အစွန်းလေးမှာ သွားရပ်နားမိတယ်။ အိမ်ခေါင်မိုးတွေအများကြီးကိုမြင်ရတယ်။ သစ်ပင်တွေကိုလည်း အပေါ်စီးကနေမြင်ရတယ်။ ကြီးမားကျယ်ပြန့်တဲ့ ကောင်းကင်ကြီးနဲ့ တရွေ့ရွေ့မျောလွင့်နေတဲ့ တိမ်စိုင်အစုအဝေးတွေကိုမြင်ရတော့ သူကြည်နူးမိတယ်။ ပျံသန်းထွက်သွားဖို့အတွက်တော့ သူမဝံ့ရဲသေးပါ။ အောက်ကိုကြည့်မိရင်တော့ မိုးလေထန်တဲ့

တစ်ညနေကိုသတိရပြီး ကြောက်စိတ်နဲ့ တုန်ယင်မိတယ်။

"အမယ်လေး... သားရယ်၊ ဘာဖြစ်လို့အဲဒီမှာသွားရပ်နေရတာလဲ၊ မတော်လို့ပြုတ်ကျသွားမှဖြင့်...၊ မင်း အဲဒီလောက်အဝေးကြီးမပျံနိုင်သေးဘူးဆိုတာ ငါသိတယ်၊ လာခဲ့ ... အထဲကို"

လူက သူ့ကို အစိုးရိမ်ပိုတယ်။ အဲဒီလိုနဲ့ သူဟာ လူရဲ့ အရိပ်အာဝါသအောက်မှာ နေ့ရက်တွေကို ကုန်ဆုံးလွန်မြောက်ခဲ့တယ်။ လူရဲ့မေတ္တာရိပ်မှာ သူ့ရဲ့အတောင်အလက်တွေဟာ တဖြည်းဖြည်းနဲ့ စုံလင်သန်မာလာခဲ့တယ်။ လူရဲ့ နိစ္စဓူဝဖြတ်သန်းမှုတွေနဲ့အတူ သူဟာလည်း အရွယ်ရောက်လို့လာတယ်။ သူဟာ လူနဲ့အတော်လေးကိုရင်းနှီးပြီး ယဉ်ပါးနေခဲ့ပြီ။ လူပြန်ရောက်လာပြီဆိုရင် အချိန်အကြာကြီးပျင်းနေရတဲ့သူ့မှာ ပျော်မဆုံးဘူး။ လူက လက်ကလေးဆန့်တန်းပေးရင် သူက လူရဲ့လက်ပေါ်ကို ပျံတက်ခိုနားတတ်စမြဲ။ ပွတ်သီးပွတ်သပ်လုပ်တတ်စမြဲ။ သူဟာ အခန်းထဲမှာနေရင်းက ကောင်းကောင်းပျံတတ်နေခဲ့ပြီလည်းဖြစ်ပါတယ်။ လူရဲ့လေ့ကျင့်ပေးမှုတွေနဲ့ပေါ့လေ။

❑

အဆုံးအစမဲ့တဲ့ မိုးကောင်းကင်ကြီးကို ငေးကြည့်နေမိတယ်။ ရွေ့လျားနေတဲ့တိမ်တွေကလှလိုက်တာနော်။ ဝေးဝေးမှာ သူနဲ့မျိုးနွယ်တူတွေ အုပ်စုဖွဲ့ပျံသန်းနေကြတာကို သူမြင်ရတယ်။ အချို့တွေဟာ ခေါက်တုံ့ခေါက်ပြန်လူးလာပျံသန်းလို့နေကြလေရဲ့။ သူတို့ကိုကြည့်ပြီး သူ အားကျလိုက်တာလေ။ အပေါ်စီးကနေမြင်တွေ့ရတဲ့သစ်ပင်ကြီးတွေဟာ လေအသော့မှာ ယိမ်းနွဲ့လှုပ်ရှားနေကြတယ်။ အောက်ကိုငုံ့ကြည့်လိုက်တော့ လူတွေသွားလာလှုပ်ရှားနေကြတယ်။ လေအပင့်မှာ အောက်ဘက်ဆီက အသံမျိုးစုံက အပေါ်ကိုရောက်လို့လာတယ်။ သူဟာ မျက်စိတစ်ဆုံးမြင်ကွင်းတွေကိုကြည့်ပြီး မရိုးမရွဖြစ်လာတယ်။ ဝေဟင်ထဲကိုပျံထွက်လိုက်ချင်ပေမဲ့ သူ့စိတ်က မဝံ့ရဲဘူး။ ပျံသင့် မပျံသင့်ကို ချီတုံချတုံဖြစ်နေမိတယ်။ မကွယ်မဝှက်တမ်းဆိုရရင် သူ အခန်းထဲမှာပဲနေရတာ ငြီးငွေ့နေပြီ။ ဘာရယ်မဟုတ်ဘဲ မိုးသည်းတဲ့ညနေခင်းကို သတိရလိုက်တော့ ဝမ်းနည်းသွားမိတယ်။ အခုတော့ဖြင့် ပတ်ဝန်းကျင်ဟာ နေခြည်နွေးနွေးအောက်မှာ သာယာလို့၊ လှပလို့။

အခုနောက်ပိုင်း လူဟာ သူ့ကို အရင်လိုမျိုး အခန်းထဲမှာ အလုံပိတ်ပြီး မထားခဲ့တော့ဘူး။ လူထွက်သွားရင် ထုံးစံအတိုင်း အစာရေစာတွေထားပြီး ပြတင်းတံခါးတွေကိုဖွင့်ထားပေးခဲ့တယ်။

"သားလေးက ကောင်းကောင်းပျံတတ်နေပြီဆိုတော့ အရင်လိုစိတ်မပူတော့ပါဘူး"

အခန်းပြင်က တန်းလေးမှာ အချိန်ကြာမြင့်စွာရပ်ပြီး ချီတုံချတုံဖြစ်နေရင်း သူ ဆုံးဖြတ်ချက်တစ်ခုကိုချလိုက်တယ်။ အဲဒီနောက် ချက်ချင်းပဲ အတောင်ပံအစုံကိုဆန့်တန်းပြီး လေဟာနယ်ထဲကို ပျံသန်းဝင်ရောက်လိုက်တယ်။ ပျော်စရာကောင်းလိုက်တာ၊ ကြည်နူးစရာကောင်းလိုက်တာ။ အပြောကျယ်တဲ့ ကောင်းကင်ပြင်ကြီးရဲ့ လွတ်လပ်ခြင်း အရသာကိုခံမင်သွားမိတယ်။ ဘဝမှာ ပထမဦးဆုံးပျံသန်းနိုင်ခြင်းအတွက် သူ့ကိုယ်သူဂုဏ်ယူနေမိတာပေါ့။ အခန်းရဲ့အနီးအနားမှာပဲ ဝေ့ဝဲပျံသန်းရင်း အတောင်တွေက မညောင်းသလို မောပန်းရကောင်းမှန်းလည်း သူမသိဘူး။ ငှက်တစ်ကောင်ဖြစ်ရတဲ့ဘဝမှာ ပျံသန်းခြင်းရဲ့အနှစ်သာရကို သူနားလည်သွားခဲ့ပြီ။

မက်မက်မောမောနဲ့ အားရအောင် ပျံသန်းပြီးတော့ အခန်းဆီကို ပြန်လည်ခိုဝင်နားလိုက်တယ်။ သူ့

အပြောကျယ်တဲ့ ကောင်းကင်ပြင်ကြီးရဲ့ လွတ်လပ်ခြင်း အရသာကိုခံမင်သွားမိတယ်။ ဘဝမှာ ပထမဦးဆုံး ပျံသန်းနိုင်ခြင်းအတွက် သူ့ကိုယ်သူ ဂုဏ်ယူနေမိတာပေါ့။

အနေနဲ့ အဝေးကိုထွက်မသွားချင်သေးဘူး။ လူနဲ့တွေ့ချင်သေးတယ်။ လူပြန်လာတာကိုစောင့်ရဦးမယ်။ သူ လူကိုနှုတ်ဆက်ရဦးမယ်လေ။ ပြီးရင်တော့ အဖြစ်ချင်ဆုံးဆန္ဒတစ်ခုအတွက် ဒီအရိပ်လေးဆီကနေ မဖြစ်မနေထွက်ခွာသွားရမှာပါ။ ဧည့်သည်ဆိုတာ အချိန်တန်ရင် အိမ်ပြန်ရတာ ထုံးစံပဲလေ။

လူပြန်အလာကိုစောင့်ဆိုင်းရင်းနဲ့ လူထားပေးခဲ့တဲ့အစာတွေကို စားနေမိတယ်။ ခဏနေတော့ အခန်းအပြင်ကလှုပ်ရှားသံတွေကို သူကြားလိုက်ရတယ်။ လူပြန်လာပြီ။ သူ ဝမ်းသာအားရနဲ့ တကျီကျီ အသံပေးလိုက်တယ်။ အထဲကို လူရောက်လာတာနဲ့ သူဟာ လူရဲ့ ပခုံးပေါ်ကိုပျံတက်နားလိုက်တယ်။ သူ့ခေါင်းလေးနဲ့ လူကို ဘယ်ညာ ပွတ်သပ်လိုက်တယ်။ သူ့နှုတ်က အသံကို အဆက်မပြတ်ပေးနေမိတယ်။

"ရောက်လာတာနဲ့ ချွဲတော့တာပဲနော်၊ ဘာတွေဖြစ်နေတာလဲ … ပြော"

တကျီကျီအသံပေးရင်း အခန်းပြင်ကိုပျံထွက်ပြီး တန်းလေးမှာ ရပ်နားလိုက်တယ်။ လူက အနားကိုရောက်လာတယ်။ သူ အပြင်ကိုကြည့်ပြီး အော်လိုက်၊ လူကိုပြန်လှည့်ကြည့်ပြီး အော်လိုက်နဲ့လုပ်ပြတော့ လူရဲ့မျက်နှာညှိုးသွားတယ်။ သူ အပြင်ကို တစ်ချက်ပျံဝဲပြလိုက်တယ်။ ပြီးတော့ တန်းလေးမှာပြန်နားပြီး လူကိုကြည့်တယ်။ လူက သူ့ရဲ့အပြုအမူတွေကို နားလည်ဟန်တူရဲ့။

"ဒီကထွက်သွားတော့မယ်ပေါ့၊ အေးလေ.... ငါ မင်းကိုခေါ်လာကတည်းက အမြဲတမ်းခေါ်ထားဖို့ မရည်ရွယ်ပါဘူး၊ မင်း အတောင်အလက်စုံတဲ့တစ်နေ့ ပျံထွက်သွားမယ်ဆိုတာ ငါသိပြီးသားပါ၊ သဘာဝတရားကို ငါနားလည်ပါတယ်၊ ငါ့အတွက်ကတော့ မင်းကို အခုလိုလေး ကယ်တင်စောင့်ရှောက်ခွင့်ရတာကိုပဲ ဝမ်းသာလှပါပြီ၊ သတ္တဝါတိုင်းက လွတ်လပ်မှုကိုခုံမင်ကြတာပါလေ၊ ဒီတော့ မင်းသွားလိုရာကို သွားနိုင်ပါတယ်"

လူရဲ့အသံဟာ အရင်နေ့တွေနဲ့မတူဘူး။ သူဟာ လူရဲ့အရိပ်မှာ အေးချမ်းခဲ့တယ်။ အပူအပင်ကင်းမဲ့ခဲ့တယ်။ လူနဲ့အတူ နေ့ရက်တွေကို ဖြတ်သန်းခဲ့တယ်။ ဒါပေမဲ့ သဘာဝဆိုတာ လွန်ဆန်လို့မှမရနိုင်တာ။ ပြီးတော့ သူ့မှာ တာဝန်တွေကရှိသေးတော့ ဒီအရိပ်ကနေ မဖြစ်မနေခွာရမှာပါ။ လူရဲ့ကျေးဇူးတွေကိုတော့ သူအသက်ရှင်နေသမျှကာလပတ်လုံး ဘယ်သောအခါမှ မေ့တော့မှာမဟုတ်ဘူး။ လူက လက်ဖဝါးလေးကိုဖြန့်ပေးတယ်။ သူ နောက်ဆုံးအနေနဲ့ လူရဲ့လက်ပေါ်ကိုရပ်နားလိုက်တယ်။ လူက သူ့ကိုစေ့စေ့ကြည့်နေတယ်။

"မင်းက အတောင်အလက်စုံနေပြီပဲ၊ ကောင်းကင်မှာကျင်လည်ရမဲ့အရွယ်ကိုရောက်နေပါပြီ၊ မင်း လွတ်လပ်စွာပျံသန်းလိုက်ပါ"

သူ့ကိုပြောနေတဲ့ လူရဲ့အသံဟာ တုန်နေသလို လူရဲ့မျက်ဝန်းတွေဟာလည်း စိုလက်နေတာကို သူမြင်ရတယ်။ လူဟာ သူ့လက်ကိုဆန့်တန်းလိုက်ပါတယ်။

"မင်း ကံကောင်းပါစေ ငှက်ကလေးရေ၊ မင်းရဲ့မိသားစုနဲ့လဲ ပြန်တွေ့ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်"

နောက်ဆုံးအနေနဲ့ လူရဲ့လက်ကို ပွတ်သပ်နှုတ်ဆက်လိုက်ပြီး ပျံထွက်လိုက်တယ်။ အခန်းရဲ့ရှေ့မှာ နှစ်ခါသုံးခါလောက် ဝေ့ဝဲပျံနေမိတယ်။ လူဟာ သူ့အတွက် ဖန်တီးပေးခဲ့တဲ့စက္ကူအိမ်လေးကို အပြင်တစ်နေရာမှာ ချိတ်ဆွဲလိုက်ပြီး နေရာကမခွာဘဲ သူ့ကိုကြည့်နေလေတယ်။ သူလည်း လူကို နောက်ဆုံးအနေနဲ့ ဝအောင်ကြည့်ပြီးတဲ့နောက် ရက်အတော်ကြာခိုနားခဲ့တဲ့ လူရဲ့အခန်းရှိရာနဲ့ ဆန့်ကျင်ဘက်အရပ်ကို ပျံသန်းထွက်ခွာခဲ့တယ်။ ပင့်ကာပင့်ကာအမြင့်ကို ပျံသန်းရင်း သူ့ရဲ့အတောင်ပံတွေဟာ လွတ်လပ်ပေ့ါပါးလို့နေတယ်။

လတ်ဆတ်တဲ့လေနုအေးတွေကိုရှူရှိုက်ရင်း မြင်ကွင်းတစ်ခုလုံးကို အပေါ်စီးကကြည့်ရတာ သိပ်လှတာပဲ။ အရာရာဟာ သူ့အတွက် အသစ်အဆန်းတွေချည်းဖြစ်လို့နေပါတယ်။ တိမ်စိုင်တွေနဲ့လှပလွန်းတဲ့ ကောင်းကင်ကြီးဟာ လိုက်လေ ဝေး

လေပဲဆိုတာ သူသိလာခဲ့တယ်။ ပျံသန်းရင်းနဲ့မောလာတဲ့အခါ လေအဟုန်မှာအလိုက်သင့်မျောပါတဲ့ အတတ်ကိုလည်း သူတတ်နေပြီ။ လေဟုန်စီးရတာကိုလည်း သူကြိုက်တယ်။ တချို့တွေဟာ အစုအဖွဲ့လိုက်၊ သူကတော့ တစ်ကောင်တည်း။

လွတ်လပ်တဲ့ဟင်းလင်းပြင်ကြီးထဲမှာ အားရပါးရပျံသန်းရင်း မိခင်နဲ့မွေးချင်းတွေကို သတိရလိုက်မိတယ်။ သူ မိခင်နဲ့မွေးချင်းတွေကို ရှာရဦးမယ်။ မိခင်ဟာ သူ့ကို သတိမှရပါဦးမလား။ သူ့ကိုတွေ့ရင် မှတ်မိပါ့မလား။ သူက ကောမိခင်နဲ့မွေးချင်းတွေကို တွေ့ရင် မှတ်မိနိုင်ပါ့မလားလို့ အမျိုးမျိုးတွေးတောနေမိတယ်။

ခိုနားခဲ့တဲ့အရိပ်လေးတစ်ခုကနေစွန့်ခွာခဲ့ပြီးနောက် သူ့အတွက် အဖြစ်ချင်ဆုံးဆန္ဒကတော့ မိခင်နဲ့မွေးချင်းတွေကို ပြန်လည်ရှာဖွေတွေ့ရှိဖို့ပါပဲ။ ဒါပေမဲ့ အခုလောလောဆယ်မှာတော့ မိုးကောင်းကင်ရဲ့လွတ်လပ်တဲ့အနှစ်သာရကို အပြည့်အဝခံစားရဦးမယ်။ လှပတဲ့တိမ်ရောင်စုံတွေရှိတဲ့ ဟိုးအမြင့်ကိုရောက်နိုင်သမျှရောက်အောင် ပျံသန်းလိုက်ဦးမယ်လေ။ ဆည်းဆာအိုချိန်မှာ ကောင်းကင်ဟာ ပုစွန်ဆီရောင်တောက်ပလို့နေလေရဲ့။ ။

**ရွှေသူရစ္ဆ(ထားဝယ်)**

---

## အနှိုင်းမဲ့မာတာ

မေမြတ်နိုင်(ပုသိမ်)



မြင်းမိုရ်ထက်မြင့်၊ ဂုဏ်တင့်ဝေဖြာ
ဘုရားနှင့်နှိုင်း၊ တစ်ဂိုဏ်းတည်းမာတာ
ဖွင့်ဆိုသစ္စာ၊ မေတ္တာအနတ္တ
ကမ္ဘာတစ်ခွင်၊ မြတ်ဂုဏ်တင်
ကြည်လင်စိမ့်စမ်း ချမ်းမြသည်နှင့်လေး။

ရည်ကြည်ကလလ၊ တည်စချိန်ပင်
ပူ ငန် စပ် ခါး၊ ရှောင်ရှားသတိယှဉ်
ထိန်းလို့အစဉ်၊ ဝမ်းတွင်လွယ်ပိုး
သားတို့ရုပ်ရည်၊ သီတာပေ
မွေးမေအချစ် တိုးသည်နှင့်လေး။

နေ့စဉ်ရိုက်ကျိုး၊ တန်ခိုးရှင်ထံမှာ
လက်ကြာငုံဖူး၊ ဆုထူးပန်ဆင်ကာ
ခြေလက်စုံစွာ၊ ခန္ဓာရကြောင်း
စိန္တေမြတ်တွင်၊ နေ့ညလျှင်
မြဲပင်ဆုမွန် တောင်းသည်နှင့်လေး။

မေတ္တာရေလောင်း၊ ထပ်ပေါင်းကရုဏာ
သားမောင်လူထွား၊ မွေးဖွားသည့်ချိန်ခါ
နှလုံးသားမှာ၊ စိမ့်ဖြာဂီတ
ပန်းလျှမထင်၊ အမေ့ရင်
ချစ်ခင်မဝ တသသကယ်နှင့်လေး။

နှိုင်းတုမရ၊ ကြီးစွမေတ္တာ
အာကာပြင်ထု၊ မေယုမယှဉ်သာ
ရေးမကုန်ရာ၊ ကဗျာစီကုံး
မွေးမေဂုဏ်အင် ထွတ်ထိပ်တင်
ဂန္ထဝင်ပန်းချီ ရှုံးသည်တည့်လေး။
မဆုံးပေစာ အမေသာဖြစ်တော့သည်။
အပြုံးဖွေရှာ ချမ်းသာစစ်တော့သည်။ ။

# နေသားကျပြဿနာ


သော်ရှင် ၊လှိုင်ကော်၊


(၁)

အမှောင်ကိုခွင်းပြီး မျက်စိရှေ့ တစ်စတစ်စသဲကွဲလာတဲ့မြင်ကွင်း ကြောင့် စိတ်ထဲမှာ တစ်ချက်ဟာ သွားတယ်။ မဖြစ်နိုင်ဘူးလို့ထင်တာ ကြောင့်လည်း ဘေးဘီဝဲယာကို ဟိုကြည့်ဒီကြည့် ကြည့်လိုက်ပါသေး တယ်။ ခါတိုင်း နေရာရွှေ့ရင်တောင် နီးနီးနားနားမှာမြင်ရတတ်တာကြောင့်

ဒီအိမ်ကုပ်ကုပ်လေးထဲ
တစ်ကိုယ်တည်း
နေရတဲ့ဘဝမှာ
တစ်နေ့တစ်နေ့ စားဖို့
ပူနေရတာနဲ့တင် ခုတလော
ရာသီဥတုပူတာကို
သတိတောင်
မထားဖြစ်ခဲ့ပါလား။

လည်း ရှိလိမ့်နိုးနဲ့လိုက်ရှာပေမဲ့ မတွေ့ပြန်ဘူး။ ဘယ်ရောက်သွားပါ လိမ့်ဆိုတဲ့ အသိနဲ့အတူ ကျုပ် အတွက် ဒီကနေ့ဆိုတာကြီးကို ဘယ် လိုဖြတ်သန်းရပါတော့မလဲဆိုတဲ့ အတွေးကလည်း ချက်ချင်းဆိုသလို ဖိစီးလာတယ်။ အမှောင်မပြယ်ခင်နဲ့ နေမထွက်ခင်အချိန်မှာ ခုရောက် နေတဲ့နေရာကနေ ကျုပ်ခွာနိုင်မှရ





မယ်။ ကျုပ်မျက်စိထဲမှာတော့ ဟောဒီ ရပ်ကွက်ထိပ် ဟောဒီနေရာမှာ လစ်လပ်သွားတဲ့ အမှိုက်ပုံးစိမ်းစိမ်းကြီးနှစ်ပုံးကိုပဲ မြင်ယောင်နေမိတယ်။ စိတ်ထဲမှာတော့ –

"အမှိုက်ပုံးတွေ ဘယ်ရောက်သွားပါလိမ့်"လို့။

(၂)

မိုးမလင်းသေးတော့ လမ်းကရှင်းနေတယ်။ ခါတိုင်းလည်း မနက်ဆို လူရှင်းတတ်ပေမဲ့ ခုရက်ပိုင်းတွေ ပိုရှင်းလာတာက အကြောင်းရှိတယ်။ ကြားတာတော့ ရောဂါဆန်းဖြစ်နေတယ်တဲ့။ ကိုဗစ်ဆိုလား၊ ကိုးဗစ်ဆိုလား မခေါ်တတ်ပါဘူး။ အိမ်ထဲက မထွက်ကြပါနဲ့တဲ့။ အသက်ရှူလမ်းကြောင်းထိခိုက်တဲ့ ရောဂါဆိုလား ဘာဆိုလား ကြားနေရတာပါပဲ။ နဂိုက ချောင်းလေး တဟွပ်ဟွပ်နဲ့ လည်ချောင်းခြောက်လို့ ဆိုးတဲ့ချောင်းတောင် အဲဒီရောဂါဆန်းရဲ့လက္ခဏာနဲ့တူနေလို့ ကျုပ်မှာ ခပ်အုပ်အုပ်ဆိုးရတယ်။ ချောင်းဆိုးပုံကလည်း တစ်ယောက်တည်းဆို မဆိုးဘူး။ လူကြားထဲဆိုဆိုးပြီ။ တဟွပ်ဟွပ်နဲ့ မနည်းအောင့်အည်းရတယ်။ ဒါလည်း တစ်ဒုက္ခ။ ထားပါ ... ။ အတွေးကတောင်ရောက်မြောက်ရောက်နဲ့ဆိုပေမဲ့ ခြေလှမ်းတွေကတော့ အလိုလိုနေရင်း သွားရမဲ့ဦးတည်ရာကိုသိတယ်ထင်ပါရဲ့၊ ရပ်ကွက်ထိပ်ကို ရောက်လာတယ်။ အကြည့်တွေကလည်း တောင်မြောက် ဟိုဟိုဒီဒီကြည့်ရသေးတယ်။ ဘယ်သူမှမြင်လို့မဖြစ်ဘူး။ မျက်လုံးတွေကလည်း စိတ်အားထက်သန်စွာနဲ့ မျှော်လင့်ထားသလိုများ ဖြစ်နေမလားဆိုတဲ့ စိတ်နဲ့ မျှော်ကြည့်ပေမဲ့ မသဲကွဲ။ မသဲကွဲဆို မျက်လုံးကမွဲနေပြီ မဟုတ်လား။ အသက်ကငယ်တော့ တာမှမဟုတ်ဘဲ။ လက်ကိုကြည့်တော့လည်း တုန်ချည့်ပြီး တွဲရရွဲ၊ ခြေထောက်ကိုကြည့်တော့လည်း တွန့်လို့ဆိုတော့ အိုပြီပေါ့။ ဟုတ်တယ် ... အိုပြီ။ ဒီနှစ်ထဲမှာ ၇၀ ပဲ ပြည့်တော့မယ်မဟုတ်လား။ ဟော ... တွေးရင်းတောရင်းနဲ့ ရပ်ကွက်ထိပ်ကိုရောက်လာပြီ။

"ဟင် ... အမှိုက်ပုံးတွေက ဒီနေ့လဲမရှိနေပါလား"

(၃)

အိမ်ကိုပြန်ရောက်တော့ ညမိုးကြီးချုပ်လို့။ ဘယ်နနာရီရှိပြီလဲ မသိ။ နာရီလည်းမရှိတော့ အချိန်လည်း တကယ်ဆို မသိချင်တော့ပါဘူး။ ခေါင်းပေါ်ကဆန်ထုပ်ကလေးချ၊ ဘေးအိမ်ကပေးထားတဲ့မီးတစ်ပွင့်က အားပျော့နေတော့ ခပ်မှိန်မှိန်ကလေး လင်းပေးနေတာကိုပဲ တော်သေးတယ်ဆိုရမယ်။ မနက်ကရလာတဲ့ ငှက်ပျောဖီး ၃ ဖီးကိုထုတ်ပြီး အိမ်ရှေ့ရေကပြင်မှာ ရေဆေးလိုက်တယ်။ ပြီးတော့ ဆန်နို့ဆီဘူးဝက်လောက် ရေဆေးပြီး မီးမွှေးတည်ရပြန်တယ်။ ထမင်းကျက်ရင် ဒီနေ့ပုလင်းဝယ်၊ ဒန်ဝယ်ဒိုင်က ထည့်ပေးလိုက်တဲ့ ငါးပိရည်နဲ့တို့စရာလေးထည့်စားရုံ။ အဲဒီဒိုင်က သဘောလေးနည်းနည်းကောင်းတော့ ကျုပ်ကိုကြည့်ပြီး သနားလို့ထင်တယ်၊ ညနေ သွန်ပစ်ရတော့မဲ့ ငါးပိရည်နဲ့တို့စရာလေးယူမလားအဘွားဆိုတာနဲ့ ယူပါ့မယ်သမီးရယ်ဆိုပြီး ထည့်လာခဲ့ရတယ်။ ပြီးတော့ပြောသေးတယ် –

"အဘွားရေ ... နောက်နေ့ဆိုင်ပိတ်တော့မယ်နော်"တဲ့။

အဲဒီလိုကြားတော့ စိတ်ထဲက ဘုရားတမိတာပေါ့။

"ဘာဖြစ်လို့လဲသမီး"လို့မေးတော့ –

"ခု ကိုဗစ်ရောဂါဖြစ်နေတော့ ဆိုင်တွေပိတ်ရမယ်လေ၊ မနေ့ကပဲ လိုက်ကြေညာနေသေးတာ၊ အဘွားမကြားဘူးလား"

"မကြားမိပါဘူး သမီးရယ်"

"ဟောတော် ... ညည အသံချဲ့စက်နဲ့ လိုက်ကြေညာနေတာလေ"

"ကြားတော့ ကြားတယ်၊ ဒါပေမဲ့ မကြားတစ်ချက် ကြားတစ်ချက်ပါသမီးရယ်၊ သူတို့က တစ်နေရာတည်းရပ်ပြီး ကြေညာတာမှ မဟုတ်တာ၊ တစ်နေရာမှမရပ်ဘဲ ကြေညာတော့ အစပဲကြားရတာ သမီးရဲ့"

"အဲဒါ သမီးတို့ဆိုင်လဲပိတ်ထားအုံးမယ်၊ ရောဂါက ကြောက်စရာကောင်းတယ် အဘွားရဲ့၊ ခုဆို တစ်ကမ္ဘာလုံးဖြစ်နေတာ၊ အဘွားလဲ အပြင်မထွက်နဲ့နော်၊ ထွက်လို့မရဘူး၊ အိမ်မှာပဲနေ၊ လူစုလူဝေးနဲ့ဆို

ရောဂါက ကူးစက်တတ်တယ်တဲ့၊ ကိုယ်ခံအားလဲနည်းရင် ကူးနိုင်တယ်တဲ့၊ ပုလင်းခွံတွေ၊ ဘူးခွံတွေလဲ မစုနဲ့၊ မကောက်နဲ့အုံး၊ တကယ်လို့ အဘွား အပြင်ထွက်ရင် နှာခေါင်းစည်းတပ်နော်၊ လက်ကို ဟမ်းဂျယ်လ်နဲ့ ဆေး"

"ဟမ်းဂျယ်လ်"

"ဟုတ်တယ်၊ ဟမ်းဂျယ်လ်နဲ့ဆေး၊ အဲ ... အဘွား ဟမ်းဂျယ်လ်ကို သိလား၊ လက်ဆေးတဲ့အရည်လေ၊ အဲဒါနဲ့လက်ကိုပွတ်လိုက်ရင် ရေလဲမလိုဘူး၊ ဆပ်ပြာလဲမလိုဘူး၊ လက်ကို ခဏခဏဆေးရင် ရောဂါပိုးမကူးဘူးတဲ့၊ အပြင်ကနေပြန်လာတိုင်း လက်ဆေးနော်၊ မဖြစ်မနေအပြင်ထွက်ရရင် လက်ကို ဆပ်ပြာနဲ့ စက္ကန့် ၂၀ လောက် ဆေးရတယ်တဲ့နော် အဘွား"

"အေး...အေး...ပါ"

ပြောသာပြောရ အဲဒီသမီးပြောတဲ့ ဟမ်းဂျယ်လ်ဆိုတာလည်း မသိဘူး။ လက်ကို ရေဆေးဖို့တော့ ရွှေဝါဆပ်ပြာပြားချပ်ချပ်လေးပဲ ရှိတယ်။ ခက်တာက အပြင်မထွက်ရဘူးတဲ့။ ဆိုင်လည်းပိတ်ထားမယ်ဆိုတော့ နောက်နေ့တွေ ဘယ်လိုရှင်သန်ရမလဲ။ ဒီကနေ့ရလာတဲ့ ဆန် ၄ ဘူးက ၃ ရက်ဆိုကုန်မယ်။ ငှက်ပျောသီးကကော ဘယ်နှရက်ခံမှာလဲ စဉ်းစားစရာ။ အဲဒီလိုနဲ့ လာမဲ့ရက်တွေအတွက် တွေးပူနေရတာ ဘယ်တော့များမှလွတ်ပါ့မလဲရယ်လို့တွေးမိတာနဲ့ ထမင်းတောင်မစားချင်တော့ဘူး။ ဒီအိမ်ကုပ်ကုပ်လေးထဲ တစ်ကိုယ်တည်းနေရတဲ့ဘဝမှာ တစ်နေ့တစ်နေ့ စားဖို့ပူနေရတာနဲ့ တင် ခုတလော ရာသီဥတုပူတာကို သတိတောင်မထားဖြစ်ခဲ့ပါလား။ တစ်နယ်တစ်ကျေးက သားတွေ သမီးတွေကော ဘယ်လိုနေကြပါလိမ့်။ သူတို့ကကော ကျုပ်ကိုသတိတရရှိပါ့မလား မသေချာပါဘူး။ သူတို့လည်း ကျုပ်လိုပဲနေမယ်ထင်ပါရဲ့။

(၄)

ဒီကနေ့ရလာတဲ့ ဆန် ၄ ဘူးက ၃ ရက်ဆိုကုန်မယ်။
ငှက်ပျောသီးကကော ဘယ်နှရက်ခံမှာလဲ စဉ်းစားစရာ။
အဲဒီလိုနဲ့ လာမဲ့ရက်တွေအတွက် တွေးပူနေရတာ
ဘယ်တော့များမှ လွတ်ပါ့မလဲရယ်လို့တွေးမိတာနဲ့
ထမင်းတောင်မစားချင်တော့ဘူး။

ကြွပ်ကြွပ်အိတ်အမည်းနဲ့ထုပ်ထားတဲ့အထုပ်ကို လက်နဲ့ဆွဲဖယ်လိုက်တော့ အနံ့ဆိုးက ထောင်းခနဲ နှာခေါင်းဝကိုလာဆောင့်တယ်။ အနံ့အသက်က တော်တော်ဆိုးပေမဲ့ ခဏပါပဲ။ နှာခေါင်းက အနံ့ပေါင်းစုံကို ယဉ်ပါးနေတော့ တစ်အောင့်လောက်ကြာတော့ အနံ့ကမရတော့ဘူး။ စောစောကအိတ်မည်းထဲမှာ ဘာများပါမလဲဆိုတဲ့အတွေးနဲ့ ဖြဲရှာတော့ အချိုရည်ဘူးခွံလေး သုံးလေးလုံးနဲ့ ရေသန့်ဘူးခွံလေး နှစ်ဘူးတွေ့တယ်။ ကျန်တာက သုံးပြီးသားစက္ကူလိပ်တွေနဲ့ အစားအသောက်အကြွင်းအကျန်တွေ ရောပြွမ်းနေတာပဲ။ ပါလာတဲ့ဆာလာအိတ်ခွံဟောင်းလေးထဲ တွေ့တဲ့ဘူးခွံတွေထည့်။ နောက်ထပ် ဘာတွေ့မလဲဆိုပြီး လူတကာလာပစ်ထားတဲ့ အမှိုက်ပုံး စိမ်းစိမ်းကြီးထဲ ပြန်ငုံ့ရှာရပြန်တယ်။ ဟော ... ငှက်ပျောသီး ၃ ဖီး။ ဘုရားပွဲကျလား၊ နတ်ပွဲကျလားမသိ။ ဘုန်းကြီးပါစေတော်၊ ဒီလိုအမှိုက်ပုံးထဲလာပစ်ပေးတာ။ ဝမ်းသာအားရနဲ့ ငှက်ပျောသီး ၃ ဖီးကို ဆာလာအိတ်ထဲ ထည့်ရပြန်တယ်။ နောက်ထပ် ဘူးခွံတွေတွေ့ဦးမလားဆိုတဲ့စိတ်နဲ့ ထပ်ရှာတော့ ဘီယာပုလင်းခွံလေး သုံးလေးလုံးနဲ့ ရေသန့်ဘူးခွံလေး နှစ်ဘူးလားပဲ တွေ့ရတော့တယ်။ ကျန်တာကတော့ ထပ်မရှာနိုင်တော့ဘူး။ မရှာနိုင်တော့ဆို မိုးလည်းလင်းလုပြီမဟုတ်လား။

ဒီလို အမှိုက်ပုံးကြီးထဲ ခေါင်းနှစ်ပြီး ရှာဖွေရေးလုပ်နေတဲ့ကျုပ်ကို ဘယ်သူမှမြင်လို့မဖြစ်ဘူးလေ။ ဒီအမှိုက်ပုံးကြီးနှစ်ပုံးတောင် ခါတိုင်းလိုမပြည့်တော့ဘူး။ ခါတိုင်းဆို ပြည့်ရုံမက အပြင်ကိုလျှံနေလို့ မနက်မိုးမလင်းခင်လာရင် ခွေးလေခွေးလွင့်တွေနဲ့တောင် တချို့စားကြွင်းစားကျန်အထုပ်တွေကိုလုရသေးတယ်။

ခုတော့ ဟိုရောဂါဆန်းကြောင့် အမှိုက်ပုံးအနီးနားက စားသောက်ဆိုင်တွေရော၊ ကုန်စုံဆိုင်တွေရော ပိတ်တာနဲ့ အမှိုက်တောင် နည်းသွားရတယ်။ နို့မို့ တစ်ရက်ကို အချိုရည်ဘူးခွံတွေရော တိုလီမိုလီပုလင်းခွံတွေနဲ့ ဘီယာဘူးတွေ၊ ဘီယာပုလင်းတွေဆိုတာ တစ်နေ့ ဆန်နို့ဆီဘူး ၄ ဘူး ဝယ်ဖို့လောက်တော့ အသာလေးရတယ်။ ဒါတောင် စားသောက်ဆိုင်က ပုလင်းခွံတွေ၊ ဘူးခွံတွေဆို လာမပစ်လို့။ လာပစ်လို့ကတော့ ဝမ်းသာစရာ။ တစ်ခါတစ်ခါ စားသောက်ဆိုင်ကပိုတဲ့ ခေါက်ဆွဲကြော်ဖတ်တွေ၊ အသားမပါတဲ့အရိုးတွေဆိုတာ တစ်ထုပ်ကြီးရတတ်သေးတာ။ အဲဒီလိုတွေ့ရင် ပျော်ရတာအမြဲ။ ဒါတောင် ရာသီဥတု မပူမှ။ ပူရင် သိုးသွားတာဆိုတော့ မြင်သာမြင်ရ မကြင်လိုက်ရတာလည်း ရှိသေးတာ။ ခုတော့ ဆိုင်လည်းပိတ်၊ အမှိုက်ပုံးလည်း သိမ်းသလိုပါပဲ။

(၅)

ဒီနှစ် သင်္ကြန်ကတော့ အရပ်ထဲမှာခြောက်ကပ်လို့။ ခုဆို လူတွေ အိမ်ထဲမှာပဲနေနေရတာ တစ်ပတ်ကျော်လာပြီ။ သွားနေကျအမှိုက်ပုံကို မနက်တိုင်းသွားကြည့်ပေမဲ့ ခါတိုင်းလို ပေါပေါလောလော ဘာမှရမလာဘူး။ အရင်အပတ်ကဝယ်ထားတဲ့ ဆန်လည်းကုန်။ ဆီဘူးကလည်း ဖင်ကပ်။ စားစရာလည်းသိပ်မရှိတော့ အိမ်လည်းမကပ်နိုင်။ ခါတိုင်းနှစ် သင်္ကြန်ဆို ဒီအချိန် ပူစရာမလိုဘူး။ တွေ့တဲ့ ဘုန်းကြီးကျောင်းသွားပြီး အလှူရှင်တွေကျွေးတဲ့ စတုဒိသာနဲ့ ဝမ်းအပြင် အိတ်နဲ့ပါအပြည့်ထုပ်ပြန်နိုင်သေးတယ်။ ခုတော့ ဘယ်ဘုန်းကြီးကျောင်းမှလည်း လူတွေ သီလမယူ၊ ဥပုသ်မစောင့်ကြတော့ ဒီနှစ်က ဘုန်းကြီးလည်း လှူဖွယ်ဝတ္ထုနဲ့ ဆွမ်းငတ်၊ ကျုပ်မှာလဲ ထမင်းငတ်ရတယ်။

ရောဂါကလည်း ဘာတဲ့ ... လူစုလူဝေးလုပ်လို့မရဘူးတဲ့။ လူထူရင် ရောဂါကကူးသတဲ့။ ဆန်းကြယ်ပုံ။ ကျုပ်တို့ကြုံခဲ့ဖူးတဲ့ ပလိပ်ရောဂါကပ်ဆိုးကြီးတောင် အမှတ်ရရဲ့။ ခုလည်း ကပ်ရောဂါလို့ အမည်တပ်ထားသတဲ့။ ပြောကြတာ ... ပြောကြတာ။ ပြီးတော့ ခုဆို ညည အပြင်မထွက်ရအမိန့်လည်းရှိသတဲ့။ လူတွေကလည်း ကြောက်လို့ထင်ပါရဲ့။ နေ့ရောညပါ အိမ်ထဲနေကြပုံပဲ။ ဆိုင်တွေလည်းပိတ်၊ လမ်းသွားလမ်းလာကလည်းကျဲတော့ တိတ်ဆိတ်သွားပုံများ ကျုပ်ဖြင့် အသက်သာ ၇၀ ပြည့်လာတယ်၊ ရပ်ထဲရွာထဲ ဒီလိုအဖြစ်မျိုး ကြုံကိုမကြုံဖူးသေးဘူး။ ကျုပ်ဖြင့် မကြောက်အားပါဘူး။ ခုတလော နေကလည်း မကောင်းချင်။ ချောင်းကလည်း တဟွပ်ဟွပ်နဲ့ဆိုးလိုက်တာဆိုတာ ညညအိပ်လို့တောင်မရဘူး။ ရှိတဲ့ ကွမ်းရွက်ပုံလေး ရေနွေးနဲ့ထဖျော်သောက်နေတာ။ ဟော ... ဒီနေ့ ကွမ်းရွက်ပုံဆေးတောင် ပလတ်စတစ်ခွံပဲကျန်တယ်။ မနေသာတဲ့အဆုံး အိမ်ကထွက်တော့ တိုဟူးသည် မရင်မြလေးကတောင် လှမ်းမေးသေး –

"ဘယ်တုံး အဘွားကြီးရဲ့၊ တော့်မှာလဲ အိမ်ထဲမှာအေးအေး သက်သာနေပါလား၊ အပြင်မထွက်ရဘူး၊ အိမ်မှာပဲနေပါလို့ ဒီလောက်ကြေညာနေတာ၊ ကျွန်မတောင် တိုဟူးမကျိုတာသာကြည့်"

"ဟဲ့ ... မထွက်လို့မဖြစ်ဘူး၊ ရပ်ကွက်ထိပ်ကအမှိုက်ပုံး ရှိ၊ မရှိ သွားကြည့်မလို့"လို့ စိတ်ထဲကပြောချင်ပေမဲ့ ပါးစပ်ကထွက်သွားတာက တခြားဖြစ်နေတယ်။

"ဟဲ့ ... ဘာလို့ တိုဟူးမကျိုတာတုံး"

"မကျိုဆို ဈေးမှမဖွင့်တာ အဘွားရယ်၊ ဘယ့်နှယ် ဈေးတွေပါ ပိတ်ထားတာ တစ်ရက်ဖွင့် တစ်ရက်



နားတဲ့၊ မကြံဖူးပေါင်၊ ရောင်းခွင့်ရတဲ့ရက်ကျတော့လဲ နှာခေါင်းစည်းကြီးတပ်ပြီးရောင်းရတာ ကျုပ်ဖြင့်အသက်ရှူမဝပေါင်၊ အဲဒါကြီးတပ်ထားရင် အသက်ရှူကမဝ၊ ကိုယ့်သွားချေးစော်ကနံနဲ့ ကိုယ့်ကိုယ်ကိုယ်တောင် မသတီတော့ဘူး၊ ပြီးတော့နှာခေါင်းစည်းက ဈေးကြီးသတော်၊ တစ်ခါသုံးဆိုတော့ ကျွန်မတို့ မမွဲလား၊ တိုဟူးလေးရောင်းရတာအမြတ်က တစ်ထောင်နှစ်ထောင်တည်း၊ အဲဒီ ဆိုင်ရာလူကြီးမင်းများက တစ်ရက်ဈေးပိတ်ရင် ပိုးသတ်ဆေးတွေဖျန်းတာတော် တစ်ဈေးလုံးခုံပေါ်ခုံအောက်တောင်မကျန်ဘူး၊ ရွှဲရွဲကိုစိုလို့တဲ့၊ ကျွန်မဖြင့် တစ်သက်နဲ့တစ်ကိုယ် တိုဟူးကျိုမရောင်းရတဲ့ရက် ရှိပ့ါမလားရယ်လို့ ယောင်လို့တောင် မတွေးဖူးဘူး၊ တော်လဲနေ့တိုင်းအပြင်ထွက်တယ်နော်၊ ကြည့်လဲလုပ်အုံး၊ ဟိုရောဂါကူးလာမှဟုတ်ပေ့ဖြစ်နေအုံးမယ်"

"အေးပါဟယ် ... ညည်းကတိုဟူးမရောင်းရလို့ ဘာမှမဖြစ်ဘူး၊ ငါက တစ်နေ့စာ မရှာလို့မရဘူးဟဲ့"

"ခက်ပါလား အဘွားရယ်၊ တော့်တစ်ဝမ်းတစ်ခါးတော့ ကျွန်မကျွေးနိုင်ပါတယ်၊ စားဖို့သောက်ဖို့တော့ အိမ်ဘက်သာ ဖုတ်ဖတ်ခါထခဲ့ပါ၊ ကျွန်မ မရှိလဲ ဘယ်အိုးလုပ်လုပ် စားလို့ရပါတယ်၊ ရှိထမင်းရှိဟင်းပေါ့၊ ဒီတိုင်းကြီး တစ်ရက်တစ်ရက် ထွက်ထွက်ပြီးသွားနေတာဘယ်တွေသွားမှန်းလဲမသိ၊ ငယ်တော့တာလဲမဟုတ်၊ ခုနစ်အိုရှစ်အိုအရွယ်ဟာ တုန်တုန်ချည့်ချည့်နဲ့ မတော်လို့လမ်းမှာတစ်ခုခုဖြစ်နေရင် ဘယ့်နှယ်လုပ်မတုံး အဘွားရဲ့၊ အဘွားမှာလဲတစ်ဒုက္ခ"

"အေးပါအေ..."

"မအေပါနဲ့အဘွားရဲ့၊ အမယ် ... ခုဆို ဒီရောဂါကလေ ရောဂါပိုးကူးစက်ခံရသူနဲ့ ထိခဲ့တွေ့ခဲ့လို့ကတော့ ဆေးရုံက ဟိုတဝီဝီမြည်တဲ့ကားတွေနဲ့ တန်းပြီးလာခေါ်တာတဲ့တော်၊ ပြီးတော့ ၁၄ ရက်တောင်ခေါ်ထားတာတဲ့၊ ဘယ်မှလဲမသွားရဘူးတဲ့၊ ဘယ်သူနဲ့မှလဲမတွေ့ရဘူးတဲ့၊ အိုတော် ... အိမ်သူအိမ်သားတောင် လာတွေ့လို့မရဘူးပြောတာပဲ"

"ဟဲ့ ... ၁၄ ရက်တောင်ခေါ်ထားတာလား၊ အိမ်မပြန်ရဘူး၊ အိမ်သားတွေ မတွေ့ရဘူးဆိုတော့အဲဒီလူတွေကို ဘယ်သူက ထမင်းပို့ ကျွေးသတုံး"

"အို ... ဘွားစိန်ကလဲ ဆေးရုံက ကျွေးတယ်လို့ပြောတာပဲ၊ မနက်စာ၊ နေ့လယ်စာ၊ ညစာရောတဲ့တော်၊ နေစရာလဲပေး၊ ဘာမှမပူရဘူးပြောတာပဲ၊ ချောင်းဆိုး၊ အသက်ရှူကျပ်တာတွေက ရောဂါလက္ခဏာတဲ့တော်ရေ"

'မနက်စာ၊ နေ့လယ်စာ၊ ညစာ' ဆိုတဲ့စကားကို စိတ်ထဲကလိုက်ရေရွတ်နေမိတယ်။ အဲဒီလိုတွေးနေပေမဲ့ ခြေလှမ်းတွေက ရှေ့ကိုအလျှော့က်မပျက်ဘူး။ သူတကာအိမ်လည်း တစ်ဝမ်းတစ်ခါးပဲပြောပြော ခဏခဏတက်မစားချင်ပါဘူး။ မရင်မြကကြည်ဖြူဦးတော့ ကျန်တဲ့သူတွေမျက်နှာ ဘယ့်နှယ်နေမလဲကြည့်ဖို့လိုသေးတယ် မဟုတ်လား။ သူ့ခမျာလည်း တိုဟူးသည်၊ ကျုပ်ထက်ရှိလည်း တစ်ပြားနှစ်ပြားပေါ့။ စားစရာဝေငှကျွေးနိုင်ဦးတော့ ကုစရာဆေးတော့ ဝေမျှပြီးကုပေးနိုင်တဲ့အနေအထားလည်းမဟုတ်တော့ ကျုပ်အခက်အခဲ အိတ်သွန်ဖာမှောက်ညည်းမပြချင်ပါဘူး။ သူနဲ့ကိုယ်နဲ့ ပိန်မသာလိမ်မသာဆိုတာ ကြေညာစရာမှမလိုတာ။ အတွေးကကောင်း နေတုန်း ဖြုန်းဆို ရပ်ကွက်ထိပ်က အမှိုက်ပုံးနားအရောက် မြင်ရတဲ့မြင်ကွင်းက ကျုပ်ကိုအံ့သြစေတယ်။ တုန်လှုပ်စေတယ်။

"ဘယ့်နှယ် ခုချိန်ထိ အမှိုက်ပုံးတွေ ပြန်မထားသေးပါလား"

သူတကာအိမ်လည်း တစ်ဝမ်းတစ်ခါးပဲပြောပြော
ခဏခဏတက်မစားချင်ပါဘူး။ မရင်မြကကြည်ဖြူဦးတော့
ကျန်တဲ့သူတွေမျက်နှာ ဘယ့်နှယ်နေမလဲ
ကြည့်ဖို့လိုသေးတယ် မဟုတ်လား။

(၆)

အိပ်ရာကထတော့ အမှောင်က မပြယ်သေး။ အအိပ်အနေနည်းတတ်လာပြီမို့ မနက်သုံးနာရီလောက်ကတည်းက နိုးနေပေမဲ့ မထဖြစ်။ တစ်ကိုယ်တည်းဆိုတော့ စားဖို့လည်း ထွေထွေထူးထူးချက်စရာမလို။ သောက်ဖို့လည်း ရေနွေးတည်စရာမလိုတော့ အိပ်ရာထဲလှဲနေရုံကိုး။ ပြီးတော့ ဒီမနက် ထူးထွေပြီးချက်ဖို့လည်း ဆန်မရှိဘူး။ ပြီးတော့ သွားနေကျနေရာကိုလည်း သွားစရာမလို။ မနေ့ကတစ်နေ့လုံး ဝင်ငွေကလည်း ဘယ်နေရာကမှမဝင်ခဲ့။ ဒါနဲ့ပဲ သက်ပြင်းရှည်ကြီးချပြီး အိပ်ရာထဲ တုံးလုံးလှဲနေမိတာရယ်။ ဒီနေ့ နေကုန် ထမင်းစားရမဲ့ကိန်းကမမြင်။ လူကလည်း အားမရှိတော့တာလား မသိ။ ခါတိုင်းထက် လက်တွေပိုတုန်ပြီး ကိုယ်တွေလည်းပူနေတယ်။ ဒီကနေ့တော့ အမှိုက်ပုံးနားလည်း မသွားနိုင်။ သွားလည်း အမှိုက်ပုံးတွေမရှိတော့။ ဘယ်ရောက်သွားပါလိမ့်လို့ စိတ်ထဲတွေးမိနေတယ်။ ဒါနဲ့ပဲ အိမ်မှာရှိတဲ့ကိုယ်ပူကျဆေးလေး ပုလင်းနဲ့လိမ့်ကြိတ်ပြီး သောက်ထားရတယ်။ အိပ်ရာထဲလှဲချင်နေပေမဲ့ မလှဲရဲသေးဘူး။ စိတ်ထဲက ဒီကနေ့ရောက်လာကြမလားလို့ မျှော်နေတဲ့သူတွေရှိတယ်။ တခြားသူတော့မဟုတ်ဘူး။ ရပ်ကွက်လူကြီးတွေ။ မနေ့က ရပ်ကွက်လူကြီးတွေ ကျုပ်အိမ်ဘက်ရောက်တယ်။ အိမ်ထဲ မဝင်သာတော့ အပြင်ကနေ –

"ဗျို့… ဘွားစိန်၊ ဗျို့ … ဘွားစိန်"

"ဟေ…ရှိတယ်ဟဲ့…လာ…လာ"

"မဝင်တော့ဘူး ဘွားစိန်ရဲ့၊ ဘွားစိန်ရဲ့အိမ်က ကျွန်တော်တို့အဖွဲ့ တက်လာရင် အဆင်မပြေဘူး"

"အေးပါ…လာပြီ…လာပြီ"

အိမ်ရှေ့ရောက်တော့ ရပ်ကွက်လူကြီး သုံးလေးယောက်နဲ့ တချို့လူငယ်လေးတွေ။

"ဘာများလဲကွဲ့"

"ဒီလိုအဘွားရဲ့၊ ခုရပ်ကွက်ထဲမှာ လက်လုပ်လက်စားနဲ့ နေ့စားသမားတွေနေတဲ့ အိမ်စာရင်းလိုက်ကောက်နေတာ၊ အဲဒါ ဘွားစိန်လဲပါတယ်"

"ဟုတ်လား၊ ဘာလုပ်မလို့လဲ သားရယ်"

"အစိုးရက ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်သွန်ပေးမှာလေ၊ မနက်ဖြန်ပေးမှာ"

ကြားကြားချင်း မယုံနိုင်။ စာရင်းတွေအသေအချာကောက်နေတော့ ဝမ်းသာစိတ်ကလေးတော့ ဖြစ်လာသား။

အစိုးရက ဘာကြောင့်ပဲပေးပေး ကျုပ်အတွက်က အတော်လေး အဆင်ပြေမှာလေ၊ မဟုတ်ဘူးလား။

"ဘာကြောင့်ပေးတာလဲဆိုတော့ ခုဖြစ်နေတဲ့ရောဂါကြောင့် စားဝတ်နေရေးအဆင်ပြေအောင်လို့တဲ့ ဘွားစိန်ရဲ့"

"ဟုတ်လား … ကောင်းလိုက်တာ၊ ကျေးဇူးပါသားတို့ရယ်၊ ဒါနဲ့ အဘွားမေးချင်တာလေးရှိလို့"

"ဗျာ … ဘွားစိန်၊ ဘာမေးမလို့လဲ"

"အစိုးရပေးတဲ့ ဆန်၊ ဆီ၊ ဆားက တကယ်ရမှာလား"

"ဟာ … ဘွားစိန်ရယ်၊ တကယ်ရမှာပါဗျ၊ မလိမ်ပါဘူး၊ မနက်ဖြန်လာပေးမှာ"

"အေးပါ … အေးပါ … သေချာအောင်လို့ပါသားရယ်"

"ဟုတ်ကဲ့ ဘွားစိန်၊ သွားမယ်နော်"

"နေ…နေပါအုံး၊ ဟိုလေ ဘွားစိန်တို့ရပ်ကွက်ထိပ်က အမှိုက်ပုံးကြီးတွေ ဘယ်ရောက်သွားလဲဟင်"

ကျုပ်အမေးကို ဥက္ကဋ္ဌက မဖြေသေးဘဲ ကြည့်နေတယ်။ ပြီးမှ –

"သြော် … ဘယ်မှမရောက်ပါဘူး၊ ရှိပါတယ်၊ တစ်လောကကိုဗစ်သံသယလူနာတွေထားတဲ့ နေရာမှာ အမှိုက်ထည့်စရာလိုလို့ ခဏယူသုံးထားတာ၊ နောက်နှစ်ပတ်ဆို ပြန်ထားပေးမှာပါဘွားစိန်၊ ဘာဖြစ်လို့လဲ"

ဘာမှမဖြစ်ပါဘူးလို့သာ ပြန်ပြောရပေမဲ့ နောက်နှစ်ပတ်မှ ပြန်ထားမယ်တဲ့လား။ ဒီအတောအတွင်း အစိုးရကပေးတာလေးစားပြီး အသက်ရှင်နိုင်ဦးမယ်ဆိုပေမဲ့ ပေးမဲ့သူ၊ လှူမဲ့သူမရှိတော့ရင်၊ ဝယ်စရာ

ခြူးတစ်ပြားမရှိတော့ရင် အမှိုက်ပုံး ရှိမှဖြစ်မယ်မဟုတ်လား။ တဲရှေ့က နေ ပြန်လှည့်အဝင် ကြားလိုက်ရတဲ့ စကားထဲ ကျုပ်ဆင်းရဲတာပဲသိပြီး ငတ်နေတာ မသိသေးပါလားလို့ တွေးမိတယ်။ ပြောပုံက –

"ဘွားစိန်က တစ်ယောက် တည်းနေတာလေ၊ သားထောက် သမီးခံကလဲမရှိ၊ အဝေးမှာပဲနေကြ တာ၊ လာမကြည့်တာပဲကြာလှပြီ၊ သူ့ဘာသာရှာစားနေတာပဲ၊ တစ်အိမ်မကျွေး တစ်အိမ်ကျွေးပေါ့၊ အသက်ကလဲကြီးပြီဆိုတော့ အရပ်က ကြည့်ကြပါတယ်၊ ခမျာ ဆင်းရဲရှာတယ်၊ ဒီလိုအိမ်မျိုးထောက်ပံ့ပေး ရတာ ကုသိုလ်ရပါတယ်ဗျာ"တဲ့။

စိတ်ထဲမှာတော့ မထောက်ပံ့ ချင်နေပါ၊ အမှိုက်ပုံးလေး သူ့နေရာသူ ပြန်ထားပေးရင် ရပါပြီလို့ပဲ တွေးမိ တယ်။ ဒါမှ ဝမ်းရေးပြဿနာကို နေသားကျအောင် ရှင်းနိုင်မှာ မဟုတ်လား။ ဒီလိုမှမဟုတ်ဘဲ အမှိုက်ပုံးနေရာတကျပြန်မထားသေး ရင် အခုဆိုးနေတဲ့ချောင်းနဲ့ဖျားနေ တာကို အကြောင်းပြပြီး ဆေးရုံဖြစ် ဖြစ်၊ တစ်နေရာဖြစ်ဖြစ် ၁၄ ရက် လောက်သွားနေလိုက်ရရင် သိပ် ကောင်းမှာပဲ။ နောက်နှစ်ပတ်ဆိုတာ ၁၄ ရက်မဟုတ်လား။ ။

**သော်ဇင်(လှိုင်ကော်)**

**မှတ်ချက်။ အမည်မသိ အဘွား တစ်ဦးသို့ ရည်ညွှန်းပါသည်။**

## သောကဆယ်နွေ

ကျော်စိုးလင်း(ကပေါင်းစမ်း)



ချစ်တဲ့သူငယ်လေ...
ရေဇလာရိုး ရွှေကြာချိုးဖက်တို့ရေ။

သောင်းထက်ဝဋ္ဋာ၊ ဒေါင်းစကြာချီ
ရာသီစက်ဝန်း၊ ဟေမန်ယွန်းစ
ဝဲလိပ်ပြာ ရွက်ဝါလှတို့
ခကြွေဆင်းလူး၊ မြေတလင်းဦးဝယ်
နွေဦးတစ်ကျော့နိုး ပျိုးလေပြီ။
လေရူးကတော့ထိုး တိုးလေပြီ။

မိုးဖွဲဖွဲကျ၊ ပျိုးကြိုကြိုတူ
စပါးသိမ်းရာ၊ ဆောင်းခါတူပင်
နေပူမစဲ၊ နွေမူတကွဲစီ
ခွဲရက်ရှည်လို့ ကြာလှနော်။
သည်းအက်ကြေလို့ နာလှနော်။

ဝေဒနာသည်း လမ်းအခွဲမှာဖြင့်
နေတစ်ရာကဲ ကျွမ်းသည်းညှာရှင့်။

မပြောပဖွယ်အခြေ ပြင်အပူစ
သောကဆယ်နွေ ရင်ဆူလှ။

စံပယ်ပန်းတွေ နေရောင်သွေးတော့
မွှေးရနံ့ခန်း နွမ်းတော့တယ်။
ငယ်ကျွမ်းဆွေ တစ်မြေရှောင်ပြေးတော့
ဆွေးရနံ့လွမ်း လွမ်းတော့တယ်။

သစ်အိုတောင်ဖေး၊ ရောင်သွေးမလန်း
ပွင့်သွေဖည် ပင်စည်ခန်းတော့
လွမ်းမပြေသေး ဆွေးရိပ်ထင်။
လှမ်းတစ်မြေဝေး အတွေးစိတ်နှင်။

အလိုလေ့အိုင်
မိုးတွင်မခွဲ၊ ဆောင်းနှင်းထဲလည်း
တွဲလက်ယှဉ်ကာ၊ ကြင်နာဆင့်ကဲ
လွန်ဆွဲကျစ်ခိုင်၊ ချစ်မဏ္ဍိုင်မျိုး
ငယ်ကပျိုးငင်၊ သံယောဇဉ်နွှယ်
ဆယ်နွေနွမ်းသွေ့ ကျွမ်းတမြည့်မြည့်နဲ့
လွမ်းငွေ့လှိုင်လေး။ ။



တစ်ရာသီပြောင်းလို့ ရာသီဆောင်းသည် တစ်ကျော့တစ်ဖန် ရောက်လာပြန်ပေဦးတော့မည်လေ။ ဒီလိုကာလဆောင်းလယ်ညမှာ ကျွန်မဘဝရဲ့လရောင်ကွယ်ပျောက် ဘဝအမှောင်ကျခဲ့ရသည့် လမိုက်ညတွေပိုင်ဆိုင်ခဲ့ရသည်မှာ ဆယ်စုနှစ်ဝက်တိုင် ကြာခဲ့ရှာပြီကော။ သေသောသူ ကြာရင်မေ့ဆိုသော်လည်း ကျွန်မရင်ထဲမှာတော့ ဘယ်လိုမှမမေ့နိုင်ဘဲ တွေးမိတိုင်း ကြေကွဲလွမ်းဆွတ် တမ်းတမိနေဆဲပါလေ။ ဘဝတွေခြား ကာလများစွာ ရှည်လျား ဝေးကွာလာပါသော်လည်း ရင်မှာ တစ်နေ့မှမေ့မရနိုင်ခဲ့ပါချေ။

ဘဝအမှောင် လရောင်ပျောက်ခဲ့ရသည့် ဆောင်းလယ်ညတစ်ညကို ပြန်လည်သတိမရချင်သော်လည်း ဆောင်းရင်ခွင်ကိုခိုဝင်ရတိုင်း၊ ဆောင်းရနံ့နဲ့ထိတွေ့ရတိုင်း အတိုင်းအဆမဲ့အလွမ်းတွေနဲ့ အမေ့ကိုတမ်းတစိတ်တွေ တားမနိုင်ဆီးမရ ရင်မှာနွမ်းလျကြေကွဲရပါတယ်လေ။

❑

အမေဆုံးပါးကွယ်လွန်ခဲ့စဉ်က ထိန်းမနိုင်သိမ်းမရ ဖြေမဆည်

'ချစ်စကိုရှည်စေ
မုန်းစကိုတိုစေ'၊
'ဘယ်သူ့တရားပျက်ပျက်
ကိုယ် မပျက်စေနဲ့'
ဟူသော စကားများသည်
လူမှုဆက်ဆံရေးနှင့်
ပတ်သက်ပြီး
အမေကျင့်သုံးနေထိုင်သည့်၊
သားသမီးများကိုလည်း
ဆုံးမလေ့ရှိသည့်
ဒီနေ့အထိ
ကျွန်မတို့ရင်ထဲစွဲမြဲစွာ
မှတ်မိနေသော
စကားများပင်ဖြစ်သည်။



နိုင် သည်းသည်းထန်ထန်ငိုကြွေးနေသည့် ကျွန်မကို ရပ်မိရပ်ဖဦးလေးကြီးတစ်ယောက်က –

"မငိုပါနဲ့မလေးရယ်၊ တို့အသန်းက အနေလဲလှခဲ့သလို အသေလဲလှပါတယ်၊ ဖြေသိမ့်ကျေနပ်လိုက်ပါတော့"ဟု ဖေးမနှစ်သိမ့်ခဲ့လေသည်။ အမေ့အမည် ဒေါ်သန်းတင်ကို အရပ်ထဲကလူငယ်များက အမေသန်းဟုခေါ်ကြပြီး

# အမေ

အေးအေးနွဲ့(မြန်မာစာ)

လူကြီးများအားလုံးလိုလိုက အသန်းဟုခေါ်ကြသည်။ ထိုဦးလေးကြီးပြောသကဲ့သို့ပင် အမေသည် အနေလှခဲ့သလို အသေလည်းလှခဲ့ပါသည်။ အမေ အနေလှခဲ့ပါသည်ဟု ပြောရလောက်သည့် အမေ၏ ဝိသေသများထဲမှ တစ်ခုကတော့ အမေသည် အလိုလောဘနည်းသူ၊ ရောင့်ရဲတတ်သူ တစ်ယောက်ဖြစ်ခြင်းပင်။ အမေနှင့်ပတ်သက်ပြီး မကြာခဏကြားရတတ်သည့် အဖေ၏မှတ်ချက် စကားတစ်ခွန်းက –

"ညည်းတို့အမေဟာ တကယ့်ကို အလိုလောဘနည်းတဲ့သူတစ်ယောက်ပဲ၊ ဘာဝတ်ချင်လိုက်တာ၊ ဘာစားချင်လိုက်တာ၊ ဘာလိုချင်လိုက်တာလို့ သူ့နှုတ်ဖျားက တစ်ခါမှ မပြောဖူးဘူး" ဟူသောစကားပင်။ အမေနှင့်အဖေ ဒိုးတူပေါင်ဖက်အတူတကွရုန်းကန်ရင်း စည်းစနစ်ကျနစွာ စုဆောင်းတတ်ခဲ့လို့ လယ်ယာမြေအတော်များများပိုင်ဆိုင်နိုင်ခဲ့သော်လည်း အမေကိုယ်တိုင်မှာတော့ နားက နားကပ်တစ်ရန်မှလွဲ၍ အခြားဘယ်လိုလက်ဝတ်လက်စားမျိုးကိုမှ ဝတ်ဆင်ထားတာ မတွေ့ဖူးခဲ့ပေ။ အဝတ်အထည်မှာလည်း တောက်တောက်ပပ မော်မော်ကြွားကြွား ဝတ်ဆင်ထားသည်ကို မည်သည့်အခါမှမမြင်တွေ့ရပါချေ။ အဝတ်အစားမှာလည်း ရောင့်ရဲနိုင်သကဲ့သို့ အစားအသောက်မှာလည်း အင်မတန်မှပင် အလိုနည်းသူတစ်ယောက်ဖြစ်လေသည်။ အမေဆုံးသည်အထိ အမေ့လက်နှင့် သားစိမ်းငါးစိမ်းကို လုံးဝမထိတွေ့ဖူးသကဲ့သို့ ကြက်ဥတစ်လုံးကိုမျှပင် အမေကိုယ်တိုင် မကြော်ခဲ့ဖူးပါချေ။ နောက်ဆုံး ကျန်းမာရေးအရ အသားငါးနှင့် ကြက်ဥကို မလွှဲမရှောင်သာ စားသောက်ရသော်လည်း အသိတရားနှင့်ယှဉ်၍သာ စားသောက်လေ့ရှိတာကို သမီးအငယ်ဆုံးဖြစ်သည့် ကျွန်မအသိဆုံးပင်ဖြစ်သည်။

❑

နောက်တစ်ချက်မှာ အမေသည် လူမှုဆက်ဆံရေးနယ်ပယ်တွင် သည်းခံနိုင်လွန်းခြင်းပင်ဖြစ်သည်။ အမေကိုယ်တိုင်က မည်သူတစ်ဦးမပျက် ဆက်ဆံနေထိုင်တတ်ခဲ့သည်။ သူကိုယ်တိုင်သည်းခံတတ်ရုံမျှမက သားသမီးများကိုလည်း သည်းခံတတ်စေရန် ဆုံးမသွန်သင်ပေးခဲ့သည်။

ရွာထဲမှာ ကျွန်မတို့အိမ်တွင် အဖေက အစုအဆောင်းကောင်း၊ အမေက အသိမ်းအဆည်းကောင်းလေတော့ လျှော်ပင်ကအစ သံတိုသံစ၊ သစ်တိုသစ်စအဆုံး ပေါများလှလေရာ ကွယ်ရာမှာ အမေကပ်စေးနှဲကြောင်း အတင်းပြောသူတွေကအစ လျှော်တစ်ပင်လောက်ပါ၊ သံတစ်ချောင်းလောက်ပါ၊ ဆန်တစ်ဘူးလောက်ပါဟု လိုအပ်တိုင်း တစ်ယောက်အပေါ်မှာမှ ထိခိုက်နစ်နာစေရန် ပြောဆိုသံမကြားရသော်လည်း အမေ့မှာ မနာလိုသူ၊ ဝန်တိုသူတွေ၏ အမျိုးမျိုးသောကဲ့ရဲ့ပြစ်တင်စကားတွေ၊ စကားတင်းဆိုသံတွေက အမေ့ပတ်ဝန်းကျင်တွင် များပြားလှလေရာ ကျွန်မတို့သားသမီးတွေမှာသာ တနုံ့နုံ့နာကျင်ခံခက်နေရသော်လည်း အမေကိုယ်တိုင်ကတော့ တုန်လှုပ်မှုကင်းစွာ နေထိုင်တတ်သကဲ့သို့ ထိုသူများအပေါ်မှာလည်း အပြုံးလာတောင်းသမျှကို စိတ်ရှည်စွာ ပေးကမ်းတတ်သည်ကို အငယ်ဆုံးလည်းဖြစ်၊ စွာလည်းစွာသည့် ကျွန်မက–

"ရွာထဲကလူတွေကလေ တို့အိမ်ကိုများ သူတို့လိုတိုင်းရတဲ့ ပဒေသာပင်ကြီးများ အောက်မေ့နေသလားမသိ၊ လွယ်လွယ်လာတောင်းနေကြတာပဲ၊ ပြီးတော့ ကွယ်ရာမှာအတင်းကပြောနေသေးတယ်"ဟု မကျေမချမ်း ဆီမန်းမန်းသလိုပြောနေမှုကို အမေက လေပြေ

ပင်ပန်းဆင်းရဲမှုတို့ကြောင့် စိတ်ဘဝင်မချိလေတိုင်း "ဘဝဆက်တိုင်းမှာ သူကြီးမယားနှင့် သူကြီးနွား မဖြစ်ရပါစေနှင့်"ဟု ညည်းညူရလောက်အောင်အထိ အနှစ်လေးဆယ်နီးနီး အမေ၏သူကြီးကတော်ဘဝသည် အင်မတန်မှ ကြမ်းတမ်းခဲ့လေသည်။

လေးနှင့်–

"ကိုယ်ကပေးနိုင်တဲ့သူဖြစ်တာ ကျေနပ်စရာပေါ့ မလေးရဲ့၊ ဝန်တိုစိတ်ဆိုတာ မထားကောင်းဘူး"ဟု ဆုံးမပြောဆိုလေ့ရှိသည်။ 'စိုသောလက် မခြောက်စေရဘူး'၊ 'ချစ်စကိုရှည်စေ မုန်းစကိုတိုစေ'၊ 'ဘယ်သူ့တရားပျက်ပျက် ကိုယ်မပျက်စေနဲ့'ဟူသော စကားများသည် လူမှုဆက်ဆံရေးနှင့်ပတ်သက်ပြီး အမေကျင့်သုံးနေထိုင်သည့်၊ သားသမီးများကိုလည်း ဆုံးမလေ့ရှိသည့် ဒီနေ့အထိ ကျွန်မတို့ရင်ထဲစွဲမြဲစွာ မှတ်မိနေသောစကားများပင်ဖြစ်သည်။ ရပ်ထဲရွာထဲကတစ်စုံတစ်ယောက်ကြောင့်ဖြစ်စေ၊ တစ်စုံတစ်ရာကြောင့်ဖြစ်စေ ထိခိုက်ခံစားရသမျှ အမေ့ရှေ့တိုင်တည်ရင်ဖွင့်မိလေတိုင်း နာကျင်ခံစားရသမျှ ပြေပျောက်သွားရမြဲပင်။ အမေသည် မည်သူနှင့်မဆို ကိုယ်တိုင်သည်းခံဆက်ဆံခဲ့သကဲ့သို့ သားသမီးများကိုလည်း သည်းခံစိတ်ထားရှိမွေးမြူတတ်စေရန် သိမ်မွေ့ညင်သာစွာ ပဲ့ပြင်သွန်သင်ပေးခဲ့လေသည်။

❑

လူမှုဆက်ဆံရေးနယ်ပယ်မှာ သည်းခံတတ်သကဲ့သို့ပင် အခြေအနေအရပ်ရပ်အပေါ်မှာလည်း အမေသည် သည်းခံတတ်ခဲ့လေသည်။ ပင်ပန်းဆင်းရဲမှုတို့ကြောင့် စိတ်ဘဝင်မချိလေတိုင်း "ဘဝဆက်တိုင်းမှာ သူကြီးမယားနှင့် သူကြီးနွား မဖြစ်ရပါစေနှင့်"ဟု ညည်းညူရလောက်အောင်အထိ အနှစ်လေးဆယ်နီးနီး အမေ၏သူကြီးကတော်ဘဝသည် အင်မတန်မှ ကြမ်းတမ်းခဲ့လေသည်။ သားသမီးရေးကတစ်ဖက်၊ တောင်သူလုပ်ငန်းကတစ်ဖက်နှင့် အလွန်ဆင်းရဲပင်ပန်းလှပေသည်။ ရပ်ရွာတာဝန်အဝဝကို နောက်ကြောင်းငဲ့စရာမလိုဘဲ လစ်ဟာမှုမရှိအောင် အဖေထမ်းဆောင်နိုင်ခဲ့သည်မှာ နောက်ကွယ်မှ အမေ၏ စိတ်ရှည်သည်းခံနိုင်စွာ ပံ့ပိုးကူညီပေးမှုများကြောင့်ပင်ဖြစ်သည်။

တောင်သူလုပ်ငန်းနှင့် အိမ်မှုကိစ္စတို့ ဘယ်လောက်ပင်များမြောင်ရှုပ်ထွေးနေပါစေ၊ တာဝန်အရရောက်လာကြရသော မြို့က ဌာနဆိုင်ရာ ဝန်ထမ်းဧည့်သည်များကိုလည်း အမေသည် ညည်းညူငြူစူခြင်း လုံးဝမရှိဘဲ စေတနာအရင်းခံဖြင့် စိတ်ရှည်စွာချက်ပြုတ်ကျွေးမွေးလေ့ရှိသည်။ ထို့ကြောင့်ပင် အမေသည် အိမ်နှင့်တော၊ တောနှင့်အိမ်သာ နေထိုင်သွားလာနေသော်လည်း မြို့ပေါ်ရှိ ဌာနဆိုင်ရာအားလုံးက ရင်းနှီးချစ်ခင်နေကြသကဲ့သို့ မြို့နယ်တွင်းမှာလည်း အမေ၏ဂုဏ်သတင်းကကျော်စောလှပေသည်။ ကျွန်မတို့ ဘယ်သွားသွား ဘယ်ရောက်ရောက် တွေ့ဆုံသူ၏နှုတ်ဆက်စကားသည် 'အမေနေကောင်းလား၊ အသန်းနေကောင်းလား'ဟူသည့်စကားပင်ဖြစ်သည်။

အမေ လူချစ်လူခင်များလှကြောင်း အမှတ်တရပြောပြချင်ပါသည်။ ၂၀၀၉ ခုနှစ်မှာ အမေ အဆုတ်၊ နှလုံးရောဂါတို့ဖြင့် ဆေးရုံတက်ရတော့ စိုးရိမ်ဖွယ်အခြေအနေအရ မြို့နယ်ဆရာဝန်ကြီးက ခရိုင်ဆေးရုံကို တစ်ဆင့်ညွှန်းပို့လွှဲပြောင်းကုသစေချင်သည်။ ထိုသတင်းကို ရွာကကြားတော့ မျက်စိမျက်နှာပျက်လှစွာဖြင့် တစ်ယောက်ပြီးတစ်ယောက် တဖွဲဖွဲရောက်လာကြသည်မှာ စုပြုံအုံခဲသွားတော့သည်။

"အမေကြီး အမောဖောက်သွားတာ လူနာမေးတွေ များလွန်းလို့"ဟု အပြာဝတ်သူနာပြုဆရာမကြီးက လူများလွန်းသဖြင့် တားဆီးယူရသည်အထိပင်။

❑

ခရိုင်ဆေးရုံကြီး၌ အမေ တက်ရောက်ကုသခံနေရသည့် နှစ်ပတ်တာကာလအတွင်းမှာ ကျွန်မတို့ လူနာစောင့်ညီအစ်မတွေနှင့် လူနာဖြစ်သူ အမေတို့ ထမင်းဝယ်စားခဲ့ရသည့်အကြိမ်မှာ လက်ငါးချောင်းစာမျှပဲရှိလိမ့်မည်ထင်သည်။ ကျွန်မတို့ရွာနှင့် အနီးအနားရွာများမှ ထိုမြို့သို့ရောက်ရှိအခြေချနေထိုင်သူများက ပေးပို့လာကြသော ထမင်းဟင်းနှင့် မုန့်ပဲသရေစာများမှာ ကျွန်မတို့အတွက် လုံလောက်ရုံမျှသာမက ပေါများပြည့်လျှံ၍ပင် နေခဲ့လေသည်။ ကျွန်မတို့ ဘယ်လိုမှမျှော်လင့်ထင်မှတ်မထားသူများကပါ လာရောက်၍ ထမင်းတွေပို့ပေးကြသည်

ကိုတွေ့ရသောအခါ အံ့သြဝမ်းသာစိတ်နှင့် အမေ့အတွက် ကျေနပ်ရလေသည်။

အင်မတန်မှ မျှော်လင့်ချက်နည်းပါးလှစွာဖြင့် ခရိုင်ဆေးရုံကြီးသို့အရောက်ပို့ပေးခဲ့ရသော အမေသည် ထိုဆေးရုံကြီးမှာ နှစ်ပတ်တာကုသမှုခံယူအပြီးမှာတော့ အမေ၏ အခြေအနေမှာ မယုံကြည်နိုင်လောက်အောင်ပင် တိုးတက်ကောင်းမွန်လာခဲ့လေသည်။ အလာတုန်းက အောက်ဆီဂျင်ဘူးတွေ၊ သူနာပြုဆရာမအကူအညီတွေနှင့်လာခဲ့ရသော အမေသည် အပြန်ကားပေါ်မှာတော့ ရွှင်လန်းစွာပင် စကားတွေပြောလာနိုင်ခဲ့သည်။

“မလေးတို့ ဘယ်သူ့အပေါ်မှာမှ အပြစ်တင်မလွယ်ရဘူး၊ လူတိုင်းမှာ သူ့အကြောင်းနဲ့သူရှိကြတယ်၊ ဒါကိုနားမလည်နိုင်ဘဲ ကိုယ်ဖြစ်ချင်တာမဖြစ်တိုင်း အပြစ်ပြောနေလို့မဖြစ်ဘူးလေ သမီးတို့”ဟု ကားပေါ်မှာပင် ကျွန်မတို့ညီအစ်မတစ်တွေကို ဆုံးမစကားပြောရင်း ငြိမ်းချမ်းစွာလိုက်ပါနိုင်ခဲ့လေသည်။ အမေ၏သတင်းကို ရင်မောစွာစောင့်စားနေကြသည့် ရွာသူရွာသားတွေကတော့ အံ့သြဝမ်းသာလို့ပေါ့။

❑

ခရိုင်ဆေးရုံကြီးမှဆင်းလာပြီးသည့်နောက်မှာတော့ ဆေးရုံမှ ညွှန်ကြားသမျှ စနစ်တကျကြိုးစားလိုက်နာပြီး ပြုစုပေးရင်း၊ မြို့နယ်ဆေးရုံလေးမှာ ပုံမှန်ပြသစစ်ဆေးရင်း အမေ့အသက်ကို တတ်နိုင်သမျှ ဆွဲဆန့်လာခဲ့ရာ လက်ငါးချောင်းစာမျှ နှစ်ကာလကြာကြာအထိ အမေနှင့်အတူတူနေခွင့်ရခဲ့လေသည်။ ထိုကာလနောက်ပိုင်းမှာတော့ အမေ၏ ရောဂါအခြေအနေသည် သိသိသာသာဆိုးရွားလာခဲ့လေရာ အမေ့အတွက် အကောင်းဆုံးဖြစ်စေမည့် မြို့နယ်ဆေးရုံနှင့် အနီးကပ်ဆုံးရှိသည့် မြို့ကအစ်ကိုကြီးအိမ်မှာနေဖို့ မောင်နှမတွေတိုင်ပင်ပြီး အမေ့ကိုပြောပြတော့–

“အမေ ဘယ်မှာမှမနေချင်ဘူး မလေးရယ်၊ အမေနေနေကျနေရာမှာပဲနေပါ့မယ်”ဟု သနားစဖွယ် ပြောလာခဲ့လေသည်။

“သမီးလဲ အမေ့ကို ဘယ်မှာမှမထားချင်ပါဘူး အမေရယ်၊ အမေ့ကျန်းမာရေးအတွက် ပိုအဆင်ပြေစေချင်လို့ပါ”ဟုပြောရင်း သားအမိနှစ်ယောက် မျက်ရည်ကိုယ်စီကျမိရပြန်သည်။ ထို့နောက်မှာတော့ သူ့ရောဂါအခြေအနေကို သူကိုယ်တိုင်ရိပ်မိ၍ပဲလား၊ သားသမီးတွေစိတ်ချမ်းသာစေဖို့ လိုက်လျောလိုက်တာလားမသိ။ အစ်ကိုကြီးအိမ်မှာသွားနေဖို့ သဘောတူခဲ့ပြီး သူကိုယ်တိုင် အထုပ်ပြင်လေတော့သည်။ ထိုသို့ အထုပ်ပြင်နေရင်းမှလည်း ကျွန်မကို တဖွဖွမှာတမ်းခြွေလို့မဆုံးနိုင်ခဲ့ပေ။

အဲဒီနေ့က အမေကိုယ်တိုင်ပဋ္ဌင်းခံပေးထားသော တူတော်မောင်ဦးပဋ္ဌင်းကပေးထားသည့် ဖောက်လက်စမုန့်ထုပ်လေးကို မှတ်မှတ်ရရအထုပ်ထဲသေချာထည့်ယူသွားလေသည်။ အစ်ကိုကြီးလာခေါ်ရာကိုလိုက်ပါသွားသည့်အမေ့ကို ငေးကြည့်နေမိရင်း ရင်ထဲလစ်ဟာသွားခဲ့ရမှုသည် အပြီးတိုင်ခွဲခွာသွားရခြင်းအတွက်ရယ်လို့ ဘယ်မှာထင်မှတ်မျှော်လင့်ခဲ့မိမှာလဲလေ။ သို့သော်လည်း ထိုခွဲခွာခြင်းသည် အမေ အိမ်မှ အပြီးတိုင်ခွဲခွာခြင်းဖြစ်ခဲ့သည်။ အမေ အစ်ကိုကြီးအိမ်ရောက်သည့်ညမှာပင် ဆေးရုံတင်လိုက်ရလေသည်။

❑

ဒီတစ်ချီမှာတော့ အမေ့အခြေအနေ ဘယ်လိုမှပြန်လည်မျှော်လင့်လို့မရနိုင်တော့မှန်း၊ အမေ့အတွက် အချိန်တွေသိပ်မကျန်နိုင်တော့မှန်း သိနားလည်ထားသည့် အမေ၏ဓမ္မမိတ်ဆွေတွေက အမေ့

အင်မတန်မှ မျှော်လင့်ချက်နည်းပါးလှစွာဖြင့် ခရိုင်ဆေးရုံကြီးသို့ အရောက်ပို့ပေးခဲ့ရသော အမေသည် ထိုဆေးရုံကြီးမှာ နှစ်ပတ်တာ ကုသမှုခံယူအပြီးမှာတော့ အမေ၏ အခြေအနေမှာ မယုံကြည်နိုင်လောက်အောင်ပင် တိုးတက်ကောင်းမွန်လာခဲ့လေသည်။

ကို အားပေးစကားလာပြောကြတော့ –

"ကျုပ် သတိလက်လွတ်မနေပါဘူး၊ ကျုပ် ကုသိုလ်ကံအကြောင်းညံ့ခဲ့လို့ ဝေဒနာခံစားနေရပေမဲ့ ကျုပ်သားသမီးတွေ သိတတ်လိမ္မာမှုကြောင့် ကျုပ် သက်သာအေးချမ်းစွာနေခွင့်ရခဲ့ပါတယ်၊ စိတ်ချမ်းသာရပါတယ်၊ ဒီအတွက် သားသမီးတွေကိုကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျုပ်က ဒါတွေကို သံသရာထိမသယ်ပါဘူး၊ ဒီဘဝမှာပဲအပြတ်ဖြတ်နေတာပါ"ဟု အမေက အေးဆေးတည်ငြိမ်စွာပြောနိုင်သော်လည်း ကျွန်မမှာတော့ အမေ့ကွယ်ရာမှာ မျက်ရည်ကျမိရသည်။ တကယ်လည်းပဲ အမေသည် ဝေဒနာလျော့ပါးသက်သာနေချိန်များတွင် တရားမှတ်၍နေခဲ့သည်။ အမေငြိမ်သက်နေ၍ ကျွန်မတို့က စိတ်ပူစွာ 'အမေ'ဟုခေါ်မိလျှင် အမေက တရားမှတ်နေတာဟု တိုးတိမ်ညင်သာစွာပြောပြီး တရားဆက်လက်ရှုမှတ်နေခဲ့လေသည်။



အမေဆုံးမည့်နေ့က တိုက်ဆိုင်လှစွာပင် အမေ၏ဦးလေးတော်သူ ဘကြီးဘုန်းဘုန်းက အမေဆေးရုံတက်တာကြား၍ ဆေးရုံကိုလာခဲ့မည့်အကြောင်း ဖုန်းဆက်ပြောလာသည်ကို အမေသိလေသောအခါ "မလေး... ဘုန်းဘုန်းပင်ပန်းနေမယ်၊ မကြွလာခဲ့နဲ့၊ အမေသက်သာပြီလို့ ဖုန်းပြန်ဆက်ပြီးလျှောက်စမ်း"ဟု အမေပြောနေဆဲမှာပင် ဘကြီးဘုန်းဘုန်းကြွရောက်လာခဲ့သည်။

လူနာခုတင်ပေါ်မှ လက်အုပ်လေးချီလျက် ဘုန်းဘုန်းမိန့်ကြားသမျှ ငြိမ်သက်စွာနာခံနေသည့် အမေ၏သွင်ပြင်သည် မကြာမီနာရီပိုင်းအချိန်အတွင်းမှာ လောကကြီးထဲမှထွက်ခွာတော့မည့်သူတစ်ယောက်ဆိုတာ ဘယ်လိုမှထင်မှတ်ချင်စရာမရှိ။ သို့သော် ထိုနေ့ညညဦးပိုင်းမှာပင် အမေသည် လောကကြီးထဲမှ အပြီးတိုင်ထွက်ခွာသွားခဲ့လေသည်။

❑

ဘုန်းဘုန်း ပြန်ကြွသွားပြီး မကြာမီမှာပင် ရပ်ဝေးမှပြန်ရောက်လာကြသည့် မြေးများကျွေးတာစားလိုက်၊ စကားတွေပြောလိုက်နှင့် ရှိနေကြရင်း အမေ့ရှေ့ရောက်ရင် ရင်ဖွင့်တိုင်တည်နေကျထုံးစံအတိုင်း ဘယ်သူကဘယ်လို စသည်ဖြင့် အလိုမကျသည့်စကားတွေပြောမိကြတော့ အမေက "မလေးတို့ ဘယ်သူ့အပေါ်မှာမှ အပြစ်တင်မလွယ်ရဘူး၊ လူတိုင်းမှာ သူ့အကြောင်းနဲ့သူရှိကြတယ်၊ ဒါကို နားမလည်နိုင်ဘဲ ကိုယ်ဖြစ်ချင်တာမဖြစ်တိုင်း အပြစ်ပြောနေလို့မဖြစ်ဘူးလေ သမီးတို့"ဟု ဆုံးမပြောဆိုခဲ့သေးသည်။ ညနေစာကျွေး၊ ဆေးတိုက်ပြီး ပြန်ကြတော့မည့်မြေးများကို စိတ်ပူပန်စွာ အမှာစကားတွေ ပြောမဆုံးဖြစ်နေသည့် အမေသည် "ဒီည အမေကြီးသက်သာတယ်၊ မြေးတို့အဖေကို မလာစေနဲ့တော့"ဟု မြေးတွေကိုမှာလိုက်သော်လည်း အမေ့ကို စိတ်မဖြောင့်စွာရောက်လာခဲ့သော သားကို "ငါ့သားလိုလူဟာ ငါ့သားတစ်ယောက်ပဲရှိတယ်"ဟု ကျေနပ်ဂုဏ်ယူစွာပြော၍ အစ်ကိုကြီးရင်ခွင်ထဲမှာပင် ဝေဒနာကို မိနစ်ပိုင်းမျှ ပြင်းထန်

စွာခံစားရင်း လောကကြီးကို အပြီးတိုင် စွန့်ခွာသွားခဲ့ရသည်။

အမေ အသက်ရှင်နေထိုင်စဉ်မှာ ဒါန၊ သီလ၊ ဘာဝနာ မျှတစွာ ကျင့်သုံးနေထိုင်ခဲ့သည့်အတွက် လောကအလယ် တင့်တယ်စွာနေထိုင်နိုင်ခဲ့သကဲ့သို့၊ တစ်နည်းဆိုရသော် အနေလှခဲ့သကဲ့သို့ အမေသည် အသေလည်းလှခဲ့သည်ဟု ဆိုရမည်ဖြစ်ပေသည်။ မြို့ဆေးရုံမှာ ဆုံးပါးခဲ့သည်ဖြစ်၍ ရပ်ရွာထုံးစံ ရွာအပြင်ဇရပ်မှာထားခဲ့ရသည့် အမေ၏နာရေးသည် "အသန်းအသုဘကစည်လိုက်တာ၊ ဘုန်းကြီးပျံကျနေတာပဲ"ဟု ပြောစမှတ်ပြုရလောက်အောင်ပင် သိုက်မြိုက်စည်ကားခဲ့သည်။ နှစ်လေးဆယ်နီးနီး သူကြီးလုပ်ခဲ့သည့်ကာလအတွင်းက ရင်းနှီးကျွမ်းဝင်ခဲ့သည့် အဖေ၏မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ဝန်ထမ်းဖြစ်သူ သားသမီးများ၏ မိတ်ဆွေအပေါင်းအသင်းများ၊ မြို့က သားသမီးများ၏ အပေါင်းအသင်းများဖြင့် ဧည့်ခံမနိုင်လောက်အောင်ပင် သိုက်မြိုက်စည်ကားခဲ့သည်။ အမေဆုံးပြီးတစ်လကျော်ကြာသည်အထိ ရပ်ဝေးရပ်နီးဧည့်သည်မပြတ်ခဲ့ပေ။ ရပ်ရွာထုံးစံမှာ ရက်လည်မပြီးမချင်း ညတိုင်းမှာ ကျန်ရစ်သူမိသားစုကို အားပေးသောအားဖြင့် လာရောက်ကြလေ့ရှိသည်။

အမေဆုံးပြီး တစ်လကျော်သည်အထိ ညစဉ်ပင် ကျွန်မတို့အိမ်မှာ ဧည့်သည်မပြတ်ခဲ့။ နတ်တော်လ အညာဆောင်းည၏ အအေးဒဏ်ကို မီးဖိုကြီးနှစ်ဖို၊ သုံးဖိုဖြင့် အန်တုဝိုင်းဖွဲ့ခဲ့ကြသည်မှာ နှစ်ပေါက်သုံးရမည့်ထင်းပုံကြီး ကုန်သွားရသည်အထိပင်။ နာရေးကိုပင်ကြံဖန်ဂုဏ်ယူနေရခြင်းမဟုတ်ပါ။ အနေလှ၊ အသေလှသည့် အမေ၏ ဘဝတစ်စိတ်တစ်ပိုင်းကို သာဓကအချို့ဖြင့် လှစ်ဟပြသခြင်းဖြစ်ပါသည်။

သေသောသူကြာရင်မေ့ ဆိုသော်လည်း အမေ့ကို တစ်နေ့မှ မေ့မရနိုင်ခဲ့ပါချေ။ အမေ့အကြောင်း စကားစမိလျှင်ဖြစ်စေ၊ အတွေးထဲ ဖျတ်ခနဲပေါ်လာမိလျှင်ဖြစ်စေ မျက်ရည်မဝဲဘဲ မနေနိုင်ခဲ့ပေ။ အငယ်ဆုံးသမီးဖြစ်၍ အတွယ်အတာပိုသည်ပဲလားမသိ။ အမေဆုံးစဉ်ကပင် ဧည့်သည်ကို ဟန်မပျက် ဧည့်ခံတတ်သည့်၊ အမေ၏ သနားချစ်ခင်မှုကို ကျွန်မတို့ထက်ပိုပြီးရရှိခံစားခဲ့ရသည့် အစ်မလတ်ကတော့ "မလတ်က မလွမ်းတတ်တာတော့မဟုတ်ပါဘူး၊ ဒါပေမဲ့ ညီမလေးလိုတော့ မျက်ရည်မလွယ်ဘူး"တဲ့။ ကျွန်မမှာတော့ ဒီနေ့ထက်ထိ အမေ့အတွက် မျက်ရည်မစဲနိုင်သေး။ သို့သော် အမေ့ကိုလွမ်းနေမိသည်မှအပ အမေနှင့်ပတ်သက်ပြီး နောင်တရစရာ ဘာတစ်ခုမှမရှိဟု ယုံကြည်မိသည့်ကျွန်မ အမေ့အပေါ် စွမ်းနိုင်သမျှပြုစုနိုင်ခဲ့ခြင်းအတွက် တွေးမိတိုင်း ကျေနပ်မိပါသည်။

> အမေ့ကိုလွမ်းနေမိသည်မှအပ အမေနှင့်ပတ်သက်ပြီး နောင်တရစရာ ဘာတစ်ခုမှမရှိဟု ယုံကြည်မိသည့် ကျွန်မ အမေ့အပေါ် စွမ်းနိုင်သမျှပြုစုနိုင်ခဲ့ခြင်းအတွက် တွေးမိတိုင်း ကျေနပ်မိပါသည်။

❑

ခုတော့ ကျွန်မတို့ကို အမေစွန့်ခွာထားရစ်ခဲ့တာ ဆယ်စုနှစ်ဝက်တိုင်ခဲ့ပြီဖြစ်ပါသည်။ အငယ်ဆုံးသမီးဖြစ်သည့် ကျွန်မသည်လည်း အမေနေခွင့်သာရခဲ့ပြီး ခေါင်းချခွင့်မသာခဲ့သည့် အိမ်လေးမှာ ဘဝတစ်ခြမ်းပဲ့ အဖေနှင့်နေထိုင်ရင်း အမေ့နေရာကို ရောက်ရှိနေထိုင်ခဲ့ရပြီ။ အမေ့နေရာကိုရောက်မှ အမေ့ကိုပိုပြီးနားလည်စာနာတတ်ခဲ့ရပြီ။ ရွာထဲက အမေ့ကိုချစ်ခင်သတိရသူတချို့က ကျွန်မကို "မိငယ်လေးကအသန်းနဲ့ကြာလေတူလေပဲ"ဟု ပြောဆိုရင်း အမေ့ကိုလွမ်းတကြောင်းပြောဖြစ်ကြသည်။ ငယ်ငယ်က တစ်ပါးသူအပေါ် စိတ်ရှည်သည်းခံနိုင်လွန်းသောအမေ့ကို "အမေကိုကအလွန်းပါတယ်"ဟု အငေါ်တူးစွာပြောခဲ့မိသောကျွန်မ၊ အမေ၏ဆုံးမသွန်သင်တတ်မှု၊

စာပေ၏အလင်းပြမှုနှင့် လက်တွေ့ကျသည့် ဘဝ၏ဖြတ်သန်းမှုသာခကတွေကြောင့် ကိုယ့်ကိုယ်ကိုယ် ဆုံးမပဲ့ပြင်ရင်း သည်းခံခြင်းဆိုတာနှင့် အလိုက်သင့်နေထိုင်တတ်ခဲ့ရပါပြီ။ အိမ်မှာအမေမရှိရင် တစ်ခဏတောင် မနေတတ်သည့် သမီးတစ်ယောက်၊ ခုတော့ အမေမပါသည့်ခရီးမှာ ထီးတည်းလျှောက်ခဲ့ရတာ ဆယ်စုနှစ်ဝက်တိုင်ခဲ့ပြီ အမေ။ လောကခံလှိုင်း၏သယ်ဆောင်ရာမျှောပါရသည့် ပန်းဖေဒါဘဝမှာ ဒဏ်ရာများစွာနဲ့ အသားကျလို့ပေါ့။

ငယ်ငယ်က ဖြစ်ချင်တာတစ်ခုကို မဖြစ်ဖြစ်အောင်လုပ်ယူတတ်သော၊ ဘယ်လိုအကြောင်းပြချက်ကြောင့်မှ နောက်မဆုတ်တတ်သော ခေါင်းမာသူတစ်ယောက်ဟု အမေအမြဲပြောလေ့ရှိသည့် ကျွန်မ၊ ထိုခေါင်းမာမှုကြောင့်ပင် ဘဝမှာဖြစ်ချင်သည့်ဘဝနှင့် ပိုင်ဆိုင်ညီမျှသည့် အခြေအနေတစ်ခုကို ဖမ်းဆုပ်ရယူနိုင်ခဲ့ပါပြီ။ ခေါင်းမာတတ်သည့် အမေ့သမီးတစ်ယောက် ကိုယ်မှတစ်ပါး အခြားသူအပေါ်မှာ စာနာနားလည်စိတ်၊ မျှဝေခံစားပေးတတ်သည့်စိတ်နှင့် ခေါင်းညိတ်ဖို့ ဝန်မလေးတော့ပါချေ။ ထိုအရာများသည် နှစ်ရှည်လများစွဲမြဲစွာသော အမေ၏ပဲ့ပြင်ထိန်းကျောင်းမှုများနှင့် အမေ့ထံမှလက်ခံရရှိလိုက်သည့် စိတ်ဓာတ်အမွေများကြောင့်ဟု ကျွန်မကတော့ ယုံကြည်မိပါသည်။ မည်သို့ပင်ဖြစ်စေ အမေထားရှိခဲ့သည့်မျှော်လင့်ချက်များနှင့် အမေ၏ကောင်းမွန်ပြည့်ဝသည့် စိတ်ဓာတ်အမွေကို နားလည်စွာလက်ခံရင်း၊ သားသမီးကောင်းတစ်ယောက်၏တာဝန်ကိုကျေစေရင်း အမေ့ကို လွမ်းပြီးရင်း လွမ်းနေရဦးမည်မှာ သေချာပါတယ်အမေ။ ။

**အေးအေးနွဲ့(မြန်မာစာ)**

---

# ငွေတာရီ မဂ္ဂဇင်း

## ရွေးချယ်သောကဗျာများ

၁–၈–၂၀၂၀ ရက်မှ ၃၁–၈–၂၀၂၀ ရက်အထိ ရောက်ရှိလာသောကဗျာများအနက် အောက်ဖော်ပြပါကဗျာများကို ငွေတာရီမဂ္ဂဇင်းတွင်အသုံးပြုရန် ရွေးချယ်ထားပါသည်–

၁။ ဖိုးဝရုပ်(ခင်ခင်မူ–ရေကျော်)၊ ၂။ မိုးနှောင်းဆည်းဆာ(အံ့ဘုန်းလူ)၊ ၃။ ချစ်စရာ့ဆည်းဆာ(အံ့ဘုန်းလူ)၊ ၄။ လွမ်းမိတယ်လေ မြို့ညောင်ရွှေ(ကျော်စိုး–မတ္တရာ)၊ ၅။ အမှန်တရား(အောင်ခြိမ့်မိုး)၊ ၆။ အညာ(ချစ်စုအောင်)၊ ၇။ မျဉ်းဖြောင့်ခရီး(ဒွေးကြည်–စလင်း)၊ ၈။ မာတာဖေဒ(နန္ဒာမိုးကြယ်)၊ ၉။ မောင့်ယောသူ(အောင်ဆန်းသိန်း–ပခုက္ကူ)၊ ၁၀။ ယောမင်္ဂလာဆောင်(အောင်ဆန်းသိန်း–ပခုက္ကူ)၊ ၁၁။ မြောက်ဦးနှင့်ပျော်ဝင်ခြင်း(ရွှေဒါးမောင်လေးရည်)၊ ၁၂။ ကွမ်းစားဆေးသောက်(တင့်ထွန်း–ချောက်)၊ ၁၃။ မြန်မာ့ဆောင်း(မင်းမောင်နွယ်–မွန်ဌာနီ)၊ ၁၄။ အိပ်မက်ထဲကလ(ချစ်စထုံးနှောင်–မိတ္ထီလာ)၊ ၁၅။ အလုပ်(ခက်လှိုင်းကျော်)၊ ၁၆။ ခေတ်တံဆိပ်ဓာတ်ပြား(ခက်လှိုင်းကျော်)၊ ၁၇။ စလယ်ဝင်အိုးလေးရာဇဝင်(သွန်းမိုးစက်–ပခုက္ကူ)၊ ၁၈။ ဆောင်းပြယုဂ်(သွန်းမိုးစက်–ပခုက္ကူ)။ ၁၉။ ၄က်ကလေးအိမ်ပြန်လာ(ရွှေမြိုင်ပြုံးလဲ့မော်)၊ ၂၀။ နှောင်တ(မိုးထက်လူ)၊ ၂၁။ မိသားစုလရောင်(သလ္လာမြေဒိုးကလေး)၊ ၂၂။ ပျို့ကောက်အဲရိတ်(ဦးမြင့်–ကျွန်းလှ)၊ ၂၃။ ချစ်သူဆုံးဖြတ်ပါလေတော့(ယိုး)၊ ၂၄။ လရောင်အောက်ကကုမုဒြာ(စမ်းစမ်း–မနောမြေ)၊ ၂၅။ ခြေရာပျောက် မနက်ဖြန်(မောင်ဟန်တင့်–ပင်လည်ဘူး)၊ ၂၆။ သန္တာအိမ်(မောင်သန့်မွန်–အင်တိုင်း)၊ ၂၇။ ဥပေက္ခာမိုး(လင်းလက်ကြယ်–သာယာဝတီ)။

## ဂန္ဓဝင်မျိုးစေ့

ရဲရင့်(မန္တလာ)



ချစ်တဲ့သူငယ်လေ
ဂန္ဓဝင်ပန်း
ဉာဏ်တွင်လွှမ်းသည့်
ပန်ဆင်မြန်းဖက်တို့ရေ။

နှောင်းခေတ်ရယ်မှ ယနေ့တိုင်
ဂန္ဓဝင်တေး၊ သံစဉ်အေးလို့
ပျံ့မွှေးလှိုင်သည်
ခိုင်ခိုင်မာမာ ပွင့်လန်းကျော်။

တို့စာကဗျာ၊ တို့ဘာသာသည်
ကမ္ဘာဝန်းလုံး၊ မမှိန်အသရေ
ထိန်ထိန်ဝေ စိန်ရွှေနှန်းသို့
ကြွယ်ဖုံးပါလို့ မညစ်သနော်။

ဂရုငယ်မှ လဟု
ခြောက်ဆယ့်လေးဖြာ
ကာရန္တာ လှုံ့ဖြာစုသမို့
သုခမအနှစ် ဖြစ်သနော်။

ဘယ်ကမ္ဘာပြောင်း
ရက်လရာသီ
အလီလီ မတည်နှောင်းလည်း
မဟောင်းအစစ် သစ်သနော်။

သံပေါက် အစပျိုး
အမျိုးမျိုး
အချိုးကဗျာနှင့် လင်္ကာနှင့်။

အဲ အန် အိုင် တျာ
ဒိုး ညည်း ဖြာ
သိင်္ဂါသံနှင့် တေးထပ်နှင့်။

တောလား ပျို့လွှမ်း
မကုန်ခန်း
ထုံမွှမ်းကာဆင့် စုံသနှင့်။

ဘိုးဘွားအမွေ
တို့စာပေ
တို့တွေစင်စစ် ချစ်ရမယ်။

တို့ယဉ်ကျေးမှု
အလေးပြု
တွေးရှုကာမှန်း ထမ်းရမယ်။

တည်တံ့ဖို့ရာ
တို့တွေမှာ
ဝန်တာမတိမ်း ထိန်းရမယ်။

တကယ်စင်စစ်၊ အဖြေစစ်လို့
စိစစ်ပါလျှင်၊ ဂန္ဓဝင်သည်
ကြည်လင်သန့်ရှင်း ရနံ့သင်း။
ပြည်တစ်ခွင်အနှံ့ခွင်း ပျံ့သတင်း။

ကဗျာအလှ၊ ပမာပြလျှင်
သဘာဝရှိ အတိဝတ္တိ။

ဘုံတစ်ခွင်မှာ
ပုံအဆင်တန်ဆာလည်း
ဂုဏ်အလင်္ကာအပြည့် ရသရှိ။

အလိုလေ့အိုင်
မလွယ်ခက်ခဲ၊ နက်နဲတိကျ
အသေအချာ၊ ကဝေဆရာပြသမို့
အာဂမျိုးမှန်၊ အဖိုးတန်တို့
ပြင်းထန်စိတ်မညှိုး
မြန်တစ်ခွင် ဂန္ဓဝင်မျိုးကို
ပျိုးကြအပိုင်လေး။ ။


ဒီလူပြောလိုက်ရင်
အမှားတွေချည်းပဲ..
ဒါကြောင့်..သူနဲ့
အပေါင်းအသင်းမလုပ်တာ...
ဒီလူက အမှန်တွေပဲ
ပြောတတ်တယ်...
သူ့ကိုလဲ ..အပေါင်းအသင်း
မလုပ်ဘူး...
အမှန်တွေပြောတာပဲဟာ
ဘာလို့မပေါင်းတာလဲ...
သူပြောတဲ့အမှန်တွေထဲမှာ
ငါမကောင်းတဲ့အကြောင်းတွေ...
ပါလာရင်..ဘယ့်နှယ်
လုပ်မလဲ...
(စမ်းသစ်)၂၀၂၀

Cartoon



ငွေတာရီ စာစောင် ၁၃၄

အသစ်
ငွေတာရီ

# ညီမလေး

ညိမ်းသူ

**အခန်း(၁)**

အရင်ရက်မနက်ပိုင်းတွေက ဆိုရင် အာလူးလည်း စောစောမနိုး တတ်ပါဘူး။ ဘဘုန်းကြီး အသံ ကျယ်ကျယ်နဲ့အော်နှိုးမှပဲ အတင်း လူးလဲထရတာ။ ဒီနေ့မနက်တော့ ကပွိယကြီး တုံးမောင်းမခေါက်ခင် ကတည်းက အာလူးတစ်ယောက် အစောကြီးနိုးနေတာလေ။ ဘေးနား မှာအိပ်နေတဲ့ ပေတူးကတော့ ဟို ဘက်လှည့်ပြီးကွေးနေတာ တခေါ ခေါနဲ့ ဟောက်လို့။

ဒီနေ့ ဘဘုန်းကြီးနဲ့လိုက် သွားရမဲ့အလှူပွဲကို အာလူး စိတ် မဝင်စားဘူး။ အာလူးတွေးနေတာ က ညီမလေးနဲ့ပြန်တွေ့ရဖို့ကိုပဲ။ ညီမလေးနဲ့အာလူး ခွဲနေရတာ တော် တော်ကြာနေပြီလေ။ ညီမလေး လမ်းလျှောက်တတ်စအရွယ်လောက် ကတည်းက အာလူးနဲ့မတွေ့ရ တော့တာ။

ညီမလေးရှိနေတဲ့နေရာနဲ့ ဒီနေရာ သိပ်မဝေးဘူးဆိုတာတော့ အာလူးသိတယ်။ ဘဘုန်းကြီးက ကပွိယကြီးကိုလိုက်ပို့ခိုင်းမယ်၊ လိုက် ပို့ခိုင်းမယ်နဲ့ တစ်ခါမှလိုက်မပို့ပေး ဘူး။ တစ်ခါတစ်ခါ ကိုယ့်ဘာသာ ကိုယ် တစ်ယောက်တည်းသွားမယ် ဆိုပြီး အာလူးတွေးမိသေးတယ်။ ကားတစ်ဆင့်၊ ဆိုင်ကယ်တစ်ဆင့် နဲ့ အာလူးမသွားတတ်သေးလို့ သာပေါ့။



အခု အာလူးက လေးတန်း အောင်ပြီး ငါးတန်းပဲတက်ရတော့မယ်။ ညီမလေးလည်း ကျောင်းတက်တဲ့အရွယ်ရောက်လောက်ရောပေါ့။ ညီမလေးကို တစ်ခါမှပြန်မတွေ့ရတော့ အခုဆိုရင် ညီမလေးက အာလူးကို မှတ်မိပါ့မလားတောင် မသိဘူး။ အာလူးကတော့ ညီမလေးနဲ့အတူတူနေခဲ့ရတာတွေကို အခုထိ မမေ့ပါဘူး။

"ကိုကြီး ... ပူတယ် ... ပူတယ်"

ထမင်းစားချိန်အထိ အမေ ပြန်မလာသေးလို့ ဂျီကျနေတဲ့ ညီမလေးကို လက်ဆွဲပြီး အမေဈေးရောင်းတဲ့နောက် လိုက်သွားခဲ့တာလေ။ နေပူကြီးထဲမှာ ဖိနပ်မပါဘဲလျှောက်ရတော့ ညီမလေးက ခြေဖျားလေး ထောက်ပြီး အာလူးကိုပြောတာ ပြန်သတိရမိသေးတယ်။

ညီမလေးခြေဖဝါးတွေ မပူအောင် အာလူးလည်း ဘယ်လိုလုပ်ပေးရမှန်းမသိဘူး။ အဲဒီတုန်းက အာလူးခြေဖဝါးတွေလည်း ပူနေတာပါပဲ။

နောက်တော့ ညီမလေး ခြေဖဝါးတွေကို အပူသက်သာအောင် ပါးစပ်နဲ့ကုန်းမှုတ်ပေးလိုက်၊ ခြေဖျားထောက်ပြီး လျှောက်ခိုင်းလိုက်၊ အာလူးကျောပေါ်ပိုးတင်လိုက်နဲ့ လမ်းတစ်ဝက်ရောက်မှ အမေပြန်လာတာနဲ့ တွေ့တာ။ အမေက ဈေးဗန်းကို အာလူးခေါင်းပေါ်တွန်းတင်ခဲ့ပြီး ညီမလေးကိုချီသွားတယ်လေ။ အမေကျတော့ ဖိနပ်မပါပေမဲ့ မပူသလိုဘဲ။

"မနက်ဖြန်သွားရမဲ့အလှူကမင်းအဖေ အခုနေတဲ့ရွာကအလှူဟဲ့ အာလူး၊ ဟိုရောက်ရင် မင်းအဖေနဲ့ ညီမကို ကြုံတုန်းခဏသွားတွေ့ချင်လဲ တွေ့လိုက်ပေါ့"

မနေ့က ဘဘုန်းကြီးစကား ကြားကတည်းက အာလူးစိတ်ထဲ တအားပျော်နေမိတာ။ ဘဘုန်းကြီး ပေးတဲ့ မုန့်ဖိုးပိုက်ဆံလေးတွေကို အာလူးမသုံးဘဲ စုထားတာရှိတယ်။ အဲဒီပိုက်ဆံနဲ့ မနေ့ညနေက ရွာထဲက ဈေးဆိုင်မှာ ညီမလေးအတွက် ဖိနပ်လေးတစ်ရန်ဝယ်ထားတယ်လေ။

အာလူး ကျောင်းစတက်တဲ့နေ့က အာလူးကို ဖိနပ်တစ်ရန် လိုက်ဝယ်ပေးပြီး အမေ သူ့ဘာသာပြောနေတာကို အာလူးကြားဖူးတယ်။

"အငယ်မကိုလဲ ကျောင်းစတက်တဲ့နေ့ကျမှပဲ ဖိနပ်လေးတစ်ရန် ဝယ်ပေးရအုံးမယ်"တဲ့။ ဒါကိုတော့ အာလူးသေချာမှတ်မိတယ်။

အဲဒီလိုပြောပြီး သိပ်မကြာပါဘူး၊ အမေသေသွားတာ။ အမေမရှိတာနဲ့ အဖေကလည်း ဒီရွာမှာ မနေချင်တော့ဘူးတဲ့။ သိပ်မကြာဘူး၊ အဖေ ရွာကထွက်သွားတော့ ညီမလေးနဲ့အတူတူ အာလူးကိုပါ ခေါ်မသွားဘဲ ထားခဲ့တာလေ။

အဲဒါကြောင့် အမေနဲ့ဆွေမျိုးတော်တဲ့ ဘဘုန်းကြီးက အာလူးကို သူ့ကျောင်းမှာခေါ်ထားလိုက်တာ။

အခုတော့ အဖေက နောက်မိန်းမတစ်ယောက် ထပ်ယူထားတယ်လို့ ဟိုလူပြောဒီလူပြောနဲ့ အာလူးကြားတာပဲ။

"ဟဲ့ ... အာလူး မနိုးသေးဘူးလား၊ ထ...ထ၊ ပေတူးကိုလဲနှိုးအုံး၊ ဒီနေ့အလှူကစောစောသွားရမှာ"

ဘဘုန်းကြီးက ခုမှလာနှိုးနေတယ်။ အာလူးက နိုးနေတာကြာပေါ့။

တခေါခေါအိပ်နေတဲ့ ပေတူးကို အတင်းလှုပ်နှိုးပြီး လုပ်နေကျအတိုင်း ကုဋီသန့်ရှင်းရေးကို အရင်လုပ်လိုက်ကြတယ်။ ပြီးတော့ ဒီနေ့ အရုဏ်ဆွမ်းအလှည့်ကျတဲ့ ရွာလယ်ပိုင်းက အဘွားရီအိမ်ကို ပေတူး ဆွမ်းချိုင့်သွားပို့နေတုန်း ရေစည်တွေထဲကို အာလူး ရေဆွဲထည့်ထားရတယ်။ ဒီနေ့မှ ရေစည်တွေကလည်း ပြည့်ကိုမပြည့်နိုင်ဘူးလို့ အာလူးစိတ်ထဲထင်နေမိတယ်။

ဘဘုန်းကြီးက မင်းအဖေအိမ်ကို မေးပြီး သွားလိုက်လို့ပဲ မှာလိုက်တာ။ မုန့်ဝယ်ပြီး ဆိုင်ကအဒေါ်ကြီးကို မေးမယ် လုပ်တော့ အာလူး အဖေ့နာမည်ကို ဘယ်လိုမှ စဉ်းစားလို့မရဘူးဖြစ်နေတာလေ။



## အခန်း(၂)

ဘဘုန်းကြီးကို လာပင့်တဲ့ သုံးဘီးဆိုင်ကယ်နဲ့ပဲ အာလူးတို့ လည်း လိုက်ရတယ်။ ညီမလေးနဲ့ ပြန်တွေ့ရဖို့ကို တစ်လမ်းလုံးတွေး နေတာနဲ့ပဲ အလှူရှိတဲ့ရွာကို ဘယ် လိုရောက်လာမှန်းတောင် အာလူး မသိလိုက်ဘူး။ အလှူအိမ်ရှေ့ကို ရောက်တော့ ဘဘုန်းကြီးက –

"ဟဲ့...အာလူး၊ ဟိုးရှေ့ လမ်း ထောင့်က ဈေးဆိုင်မှာ မုန့်တစ်ခုခု ဝယ်စားရင်း မင်းအဖေအိမ်ကိုမေး ပြီးသွားလိုက်၊ အဲဒီလမ်းထဲမှာပဲနေ တာလို့ပြောတယ်၊ သိပ်မှမဝေးတာ၊ ပေတူးကိုခေါ်သွားမနေနဲ့၊ ခဏပဲ နေပြီး ဒီကိုပြန်လာခဲ့၊ ကြားလား"

ဘဘုန်းကြီးစကားဆုံးတာနဲ့ အာလူးလှစ်ခနဲပြေးထွက်လာလိုက် တယ်။ လမ်းတစ်ဝက်ရောက်မှ ညီမ လေးအတွက်ဝယ်လာတဲ့ ဖိနပ်လေး ကျန်ခဲ့လို့ သုံးဘီးဆိုင်ကယ်ဆီ တစ်ခေါက်ပြန်ပြေးရသေးတယ်။

မုန့်ဆိုင်ရောက်တော့ အာလူး တော်တော်စိတ်ညစ်သွားတယ်။ ဘဘုန်းကြီးက မင်းအဖေအိမ်ကို မေးပြီး သွားလိုက်လို့ပဲ မှာလိုက်တာ။ မုန့်ဝယ်ပြီး ဆိုင်ကအဒေါ်ကြီးကို မေးမယ်လုပ်တော့ အာလူး အဖေ့ နာမည်ကို ဘယ်လိုမှစဉ်းစားလို့ မရဘူးဖြစ်နေတာလေ။

အာလူး ဘယ်လိုလုပ်ရမှန်း မသိတော့ဘူး။ ဆိုင်ရှေ့ကထိုင်ခုံမှာ ထိုင်စဉ်းစားနေရင်း ခဏကြာမှ သတိရတော့ အာလူးစိတ်ထဲ ပျော် သွားမိတယ်။

"ကိုဝင်းဖေ ... ရှင် အလုပ်ကျ တော့ လက်ကြောတင်းအောင်မလုပ် ချင်ဘဲ အဲဒီအရည်တွေသောက်လာ ပြန်ပြီလား ဟင် ... ကိုဝင်းဖေ"

အဖေ အရက်သောက်ပြီး အိမ်ပြန်လာတိုင်း အမေ မသေခင် က ပြောနေကျစကားတစ်ခွန်းကို အာလူးနားထဲ ပြန်ကြားလိုက်မိ တယ်။ ဟုတ်သားပဲ။ အာလူး အခုမှ မှတ်မိတယ်။ အာလူးအဖေနာမည် က ကိုဝင်းဖေ၊ အဲ ... ဦးဝင်းဖေ။

"အဒေါ်ကြီး ဒီရွာက ဦးဝင်း ဖေတို့အိမ်က ဘယ်နားမှာလဲဗျ"

အဒေါ်ကြီးက အာလူး မေး တာကို ချက်ချင်းပြန်မဖြေဘူး။ အာလူးကို ခြေဆုံးခေါင်းဆုံးကြည့် ပြီးမှ –

"နေပါအုံး၊ ရွာမှာ နင့်ကို တစ်ခါမှမမြင်ဖူးပါဘူး၊ နင်က ဘယ်သူလဲ"

အဒေါ်ကြီးကလည်း အာလူး မေးတာကို အရင်မဖြေဘဲ အာလူးကို ပြန်မေးနေသေးတယ်။ ကြာပါတယ် ဆိုမှ။

"ကျွန်တော်က ဒီရွာက ဦးဝင်းဖေရဲ့သား အဒေါ်ကြီးရ၊ ရွာ ကို အခုမှရောက်ဖူးလို့ မေးနေရတာ ပေါ့၊ ကျွန်တော့်ကို ဦးဝင်းဖေအိမ် ကိုပဲ မြန်မြန်ပြပေးစမ်းပါဗျာ"

"အမယ် ... စကားပြောတာ က ကြီးကြီးကျယ်ကျယ်၊ ဒီမယ် ... ဒီရွာမှာက ကျောင်းဆရာဝင်းဖေ ရယ်၊ အရက်သမားဝင်းဖေရယ် ဆိုပြီး နှစ်ယောက်ရှိတာဟဲ့ ကလေး ရဲ့၊ နင့်အဖေက ဘယ်ဝင်းဖေလဲ... ပြော"

အဒေါ်ကြီးက ပြောဆိုတော့ အာလူး ဘာပြောရမှန်းမသိတော့ ဘူး။ ဘဘုန်းကြီးကိုပဲ ပြန်ပြေးပြီး မေးရတော့မလို။ အာလူး စိတ်ရှုပ် လိုက်တာ။

ပြီးမှ အာလူးတစ်ခုတွေးမိသွားတယ်။ ဟုတ်သားပဲ။ အာလူးအဖေက ကျောင်းဆရာမှမဟုတ်တာ။

အဒေါ်ကြီးလှမ်းပြတဲ့ အိမ်ကို သေချာမှတ်ပြီး ဈေးဆိုင်ကနေ အာလူးပြေးထွက်ခဲ့လိုက်တယ်။

"ညီမလေးရေ … ညီမလေး"

အာလူးခေါ်သံကိုကြားတော့ အိမ်ရှေ့မြေကြီးပေါ်မှာ တစ်ယောက်တည်းထိုင်ဆော့နေတဲ့ ကောင်မလေးက အာလူးကို တစ်ချက်လှမ်းကြည့်တယ်။ ပြီးတော့ ဟိုဘက်ပြန်လှည့်သွားတယ်လေ။

ဒါပေမဲ့ အာလူးပျော်သွားတယ်။ ဟုတ်တယ်။ ဒါ အာလူးရဲ့ ညီမလေးပဲ။ ညီမလေးကမမှတ်မိပေမဲ့ အာလူးက ညီမလေးကိုမြင်တာနဲ့မှတ်မိတာပေါ့။

ညီမလေးတို့နေတဲ့အိမ်လေးကလည်း အာလူးတို့ငယ်ငယ်ကနေခဲ့တဲ့ အိမ်လေးလိုပါပဲ။ အိမ်တိုင်လေးတွေက ယိုင်လို့။

"ညီမလေး … ကိုကြီးကို မမှတ်မိဘူးလား၊ ကိုကြီးအာလူးလေ"

အနားကပ်ပြီးပြောတာကိုတောင် ညီမလေးက အာလူးကို ဘာမှပြန်မပြောဘူး။ အာလူးထိုင်ငိုချင်သွားတယ်။ ညီမလေး အာလူးကိုမှတ်မိအောင် အာလူး ဘာလုပ်ပြရရင် ကောင်းမလဲ။

"ဟဲ့ … မိစံပယ်၊ လာ … ငါ့ကို ဈေးဆိုင်သွားပေးအုံး"

အိမ်ထဲကထွက်လာတဲ့ ပိန်ညောင်ညောင်အဒေါ်ကြီးက ညီမလေးကို လှမ်းအော်ပြောတယ်။ ညီမလေးက ဖုန်တွေပေနေတဲ့လက်နှစ်ဖက်ကို အင်္ကျီနဲ့ပွတ်လိုက်ပြီး အာလူးဘေးနားကနေ ထပြေးသွားတယ်။

အဖေယူထားတဲ့ နောက်မိန်းမဆိုတာ ဒီအဒေါ်ကြီးပဲဖြစ်မယ်။ အဒေါ်ကြီးကတော့ အာလူးကို တစ်ချက်ကြည့်ပြီး ညီမလေးဘက် ပြန်လှည့်သွားတယ်။

"ရော့ … ငါးပိထောင်းတစ်ဘူးနဲ့ ကုလားပဲတစ်ဘူး သွားဝယ်ချေ၊ သေချာမှတ်သွားနော်၊ မှားမလာစေနဲ့"

အဒေါ်ကြီးပြောနေတာကို ခေါင်းလေးညိတ်ပြီးမှတ်နေတဲ့ ညီမလေးအနားကို အာလူးပြေးသွားလိုက်တယ်။

"ညီမလေး … ကိုကြီးကို အဲဒီပိုက်ဆံပေး၊ ကိုကြီးသွားဝယ်လိုက်မယ်"

ညီမလေးလက်ထဲက ပိုက်ဆံကိုဆတ်ခနဲဆွဲယူပြီး အာလူး လမ်းထိပ်ဈေးဆိုင်ဘက်ကို ပြေးထွက်ခဲ့လိုက်တယ်။

ညီမလေးအတွက်ဝယ်လာတဲ့ ဖိနပ်လေးလည်း အာလူးလက်ထဲမှာ ရှိနေတုန်းပဲ။

**အခန်း(၃)**

အလှူအပြီး ဘဘုန်းကြီးက အာလူးပြန်မလိုက်တော့လို့ စိတ်ဆိုးပြီး ပြန်သွားတယ်လေ။ ပေတူးလည်း မျက်နှာမကောင်းဘူး။ ကပ္ပိယကြီးကတော့ ပြန်ခါနီး အာလူးကို တိုးတိုးမှာသွားတယ်။ 'မနေချင်တော့ရင် ပြန်လာခဲ့'တဲ့။

ဘဘုန်းကြီးကျောင်းမှာ အာလူးပျော်ပါတယ်။ အာလူးတို့အတွက် မုန့်တွေဆို အများကြီး။ ဈေးဆိုင်ကနေ ဝယ်စားစရာမလိုအောင် ဘဘုန်းကြီးကကျွေးတယ်။ အကောင်းစားမုန့်တွေချည်းပဲ စားရတာ။ ကျောင်းတက်တဲ့နေ့ဆို အာလူးရော ပေတူးကိုပါ မုန့်ဖိုးလည်းပေးတယ်။ အာလူးပျော်တာပေါ့။ ဒါပေမဲ့ အာလူးမှာ ညီမလေးရှိသေးတယ်လေ။ အာလူးအဖေကတော့ အာလူးနေခဲ့တာကို ဘာမှမပြောဘူး။ ဘဘုန်းကြီးတို့ပြန်သွားပြီးတော့ ရွာထိပ်မှာရှိတဲ့ အရက်ဆိုင်ကနေ အာလူးမုန့်ဖိုးကျန်တာနဲ့ အရက်တစ်လုံးသွားဝယ်ခိုင်းတယ်။ ပြီးတော့ အဲဒီအရက်တစ်လုံးကို အမြည်းမရှိဘဲ ထိုင်သောက်ပြီး အိမ်ကနေထွက်သွားတာပဲ။

အာလူးအဖေရဲ့ နောက်မိန်းမကတော့ အာလူးနေခဲ့တာကို မကျေနပ်ချင်ဘူး။

"လုပ်စာမရှိရတဲ့အထဲ လူပိုက တိုးလာပြန်ပြီ၊ သေသာသေချင်တော့တယ်"လို့ အာလူးကြားအောင် ပြောတယ်။

"မတတ်နိုင်ဘူး၊ လုပ်စာရှိရင် စား၊ မရှိရင်မစားနဲ့"လို့ ပြောတာလည်း အာလူးကြားတယ်။

အဲဒီအဒေါ်ကြီး ဘာပဲပြောပြော အာလူး စိတ်မညစ်ပါဘူး။

ညီမလေးနဲ့ ငယ်ငယ်ကလို အတူတူ ပြန်နေရတော့မှာကို တွေးပြီး အာလူးပျော်နေမိတာ။ ပြီးတော့ ညီမလေးဘေးနားမှာ အာလူးရှိနေမှ...။

"ဟဲ့ ... ဟဲ့...ပြန်ခေါ်နေတုန်းကတော့ လိုက်မသွားဘဲ အခုမှ အိမ်ရှေ့ထွက်ပြီး လင်းတမှိုင် မှိုင်မနေနဲ့၊ ကျက်သရေမရှိဘူး၊ သွား ... ရေပုံးယူ၊ ရွာလယ်ကရေတွင်းကနေ ရေသွားခပ်၊ ထမင်းအိုးတည်စရာ ရေမရှိတော့ဘူး"

အာလူးနောက်ကနေ အော်ပြောလိုက်တော့ အာလူးလည်း လန့်သွားတယ်။ အာလူး ဘာမှပြန်မပြောပါဘူး။ ရေပုံးယူပြီး ရေခပ်ဖို့ထွက်ခဲ့တော့ ညီမလေးက အာလူးနောက်ကနေပြေးလိုက်လာတယ်။

"ကိုကြီး ... ဒီဘက်"

ညီမလေးက အာလူးရှေ့က ပြေးပြီး အာလူးကို လက်ညှိုးလေးဆတ်ခနဲထိုးပြီးပြောတယ်။

ဟင် ... ဒါဆို ညီမလေး အာလူးကိုမှတ်မိသွားပြီပေါ့။

အာလူး လက်ထဲကရေပုံးကို လေပေါ်တစ်ချက် မြှောက်ပစ်လိုက်ပြီး လေပေါ်မှာပဲခုန်ဖမ်းယူလိုက်တယ်။ ညီမလေးနောက်ကနေ အာလူးလိုက်သွားတော့ ညီမလေးကလည်း ရှေ့ကနေ ခုန်ဆွခုန်ဆွလုပ်ပြီးပြေးနေတယ်လေ။ ရေတွင်းကနေ ရေပုံးဆွဲပြီးပြန်လာတော့လည်း ညီမလေးက အာလူးရှေ့ကနေ လိုက်ပြေးပြန်တာပဲ။



"ဒီတစ်ခေါက် ကိုကြီးတစ်ယောက်တည်း သွားတတ်ပြီ၊ ညီမလေး နေခဲ့တော့"

ရေပုံးနဲ့ရေဆွဲရတာ အာလူး မပင်ပန်းပါဘူး။ ဘဘုန်းကြီးကျောင်းမှာဆို မနက်တိုင်း ရေဆွဲထည့်နေကျ။ အာလူးက နေခဲ့တော့လို့ပြောပေမဲ့ ညီမလေးကမနေခဲ့ဘူး။ အသွားအပြန် အာလူးရှေ့ကနေ ပြေးနေတော့တာပဲ။ ထမင်းအိုးတည်စရာ ရေပြည့်တော့ ညီမလေးရေချိုးဖို့ပါ ရေတစ်ပုံး အာလူးဆွဲထားလိုက်တယ်။

"ညီမလေး ... ရေချိုးပြီးရင် ကိုကြီးဝယ်လာတဲ့ဖိနပ်အသစ်လေး စီးရမယ်နော် ညီမလေး"

ညီမလေးက ကျိုးနေတဲ့ သွားလေးတွေပေါ်အောင်ရယ်ပြပြီး အာလူးကို ခေါင်းညိတ်ပြတယ်။ လူလည်မလေး။ ရေချိုးပြီးလို့ ဖိနပ်လေးကို ညီမလေးခြေထောက်မှာ အာလူးစီးပေးတော့ ညီမလေးက အာလူးကိုမေးသေးတယ်။

"ကိုကြီး ... အမေရော"တဲ့။

**အခန်း(၄)**

အခုဆိုရင် ညီမလေးက အာလူးရောက်ခါစတုန်းကလိုမဟုတ်တော့ဘူး။ လမ်းထဲကဆော့နေကျ မိအေးတို့၊ နီတွတ်တို့နဲ့တောင် မဆော့တော့ဘူးလေ။

ညနေပိုင်းဆိုရင် အိမ်နောက်ဖေးက ဘဲဥပန်းဝါဝါလေးတွေပွင့်တဲ့ မြက်ခင်းထဲမှာ အာလူးနဲ့ညီမလေး လိပ်ပြာဖမ်းတမ်းဆော့ကြတယ်။ အာလူးက လိပ်ပြာလေးတွေလာအောင် ကလူ ကလူနဲ့ ခေါ်ပေးတယ်။ ပန်းပွင့်ပေါ် နားနေတဲ့လိပ်ပြာလေးတွေကို ညီမလေးက လိုက်ဖမ်းတော့ လိပ်ပြာလေးတွေကပြေးတယ်။ လိပ်ပြာလေးတစ်ကောင်လောက် အာလူးမိအောင်ဖမ်းပေးရင် ညီမလေးက ထခုန်နေတော့တာပဲ။

ရွာကလူတွေကလည်း အာလူးကို ခင်ကြပါတယ်။ အာလူးကို ရေသယ်ခိုင်းတဲ့သူတွေရှိတယ်။ ထင်းခွဲဆိုလည်း အာလူးက မငြင်းပါဘူး။

သူတို့မုန့်ဖိုးပေးရတာနဲ့ တန်အောင် အာလူးတတ်နိုင်သလောက် လုပ်ပေးလိုက်တာပဲ။ ဈေးဆိုင်က အဒေါ်ကြီးဆိုရင် ဈေးဝယ်တဲ့အထုပ်တွေကူသယ်ပေးလို့ အာလူးပြန်တိုင်း ညီမလေးအတွက် မုန့်တွေအများကြီးထည့်ပေးလိုက်တာ။

မနက်ကတော့ အာလူး အစောကြီးနိုးနေတာ။ အာလူး အိပ်ရာကထဖို့ပြင်တော့ ညီမလေးက မျက်လုံးလေးမှေးပြီး အာလူးကို တိုးတိုးလေးမှာသေးတယ်လေ။

"ကိုကြီး...ညီမလေး ဂျယ်လီစားချင်တယ်"တဲ့။ အာလူးစိတ်ထဲ မကောင်းဘူး။

ခုတလော ညီမလေးက ညဘက်တွေဆို ကိုယ်တွေခဏခဏပူနေတာလေ။ ဒီနေ့ ဆေးဝယ်တိုက်လို့မှ မကောင်းသေးရင်တော့ ဟိုဘက်ရွာက ဆေးခန်းကိုပြဖို့ အာလူး အဖေ့ကိုပြောအုံးမှပါ။

"တီ ... တီ ... တီ"

"အမယ်လေးဗျ"

> ပေတူးက ကျောင်းတက်ပြီး ကြီးလာရင် စစ်ဗိုလ်ကြီးလုပ်မှာလို့ အာလူးကိုအမြဲပြောနေကျလေ။ အာလူးကလည်း ပေတူး ဖြစ်ချင်တာထက်သာတဲ့ ဆရာဝန်ကြီးဖြစ်အောင် လုပ်မှာလို့ ပေတူး ပြောတိုင်း ပြန်ပြောနေကျ။

အာလူးကို ခေါ်ခိုင်းနေကျ ဒေါ်တုတ်အိမ်မှာ ထင်းသွင်းပေးပြီးအပြန် အာလူးတစ်ယောက်တည်း လမ်းလျှောက်ရင်း တွေးနေမိတာ။ နောက်ကလိုက်လာတဲ့ သုံးဘီးဆိုင်ကယ်သံကို အာလူးမကြားလိုက်ဘူး။ တော်သေးတာပေါ့။ တိုက်မိတော့မလို့။

ကျော်သွားတဲ့သုံးဘီးပေါ်က ကျောင်းသားတွေကိုမြင်တော့ အာလူးစိတ်ထဲ ပေတူးကိုတောင်သတိရမိတယ်။ ဒီအချိန်ဆို ပေတူးလည်း ကျောင်းတက်နေတော့မှာ။ ပေတူးက ကျောင်းတက်ပြီး ကြီးလာရင် စစ်ဗိုလ်ကြီးလုပ်မှာလို့ အာလူးကိုအမြဲပြောနေကျလေ။ အာလူးကလည်း ပေတူးဖြစ်ချင်တာထက်သာတဲ့ ဆရာဝန်ကြီးဖြစ်အောင်လုပ်မှာလို့ ပေတူးပြောတိုင်း ပြန်ပြောနေကျ။ အခုတော့ အာလူး ဆရာဝန်ကြီးလည်းမဖြစ်ချင်တော့ပါဘူး။ ညီမလေးဘေးမှာပဲ မခွဲမခွာနေချင်တော့တယ်။

အာလူး လမ်းထိပ်က အဒေါ်ကြီးဈေးဆိုင်ရောက်တော့ နေတောင်တော်တော်ပူနေပြီ။

"အဒေါ်ကြီးရေ ... ဟိုနေ့က အဒေါ်ကြီးပေးလိုက်တဲ့ဆေးလုံးမျိုး တစ်လုံးလောက် ထပ်ပေးပါအုံး၊ ညီမလေးက နေသိပ်မကောင်းသေးဘူး အဒေါ်ကြီးရ"

ပြီးတော့ ညီမလေး စားချင်တယ်ဆိုတဲ့ ဂျယ်လီကောင်းကောင်းလေးတစ်ဘူးလောက်လည်း အာလူးဝယ်ရဦးမယ်။

"ညီမလေးအတွက် သူများကလေးတွေဝယ်စားတဲ့ အကောင်းစားရောင်စုံဂျယ်လီတစ်ဘူးပါပေးနော်...အဒေါ်ကြီး"

ဆိုင်ရှင်အဒေါ်ကြီးက အာလူးပြောတာကို မပေးသေးဘဲ အာလူးကိုသနားသလိုလို ငေးကြည့်နေတယ်လေ။

အာလူးဆီမှာ ဂျယ်လီဖိုးပိုက်ဆံမပါဘူးလို့ အဒေါ်ကြီးက ထင်နေတာဖြစ်မယ်။ ဒေါ်တုတ်အိမ်မှာ ထင်းသွင်းပေးလို့ရလာတဲ့ ပိုက်ဆံကို ဆောင်းထားတဲ့ဦးထုပ်ထဲကနေ အဒေါ်ကြီးကို အာလူးထုတ်ပြလိုက်တယ်။

အဒေါ်ကြီးက အာလူးကိုကြည့်ပြီး မျက်ရည်တွေကျနေတယ်လေ။ မျက်ရည်တွေသုတ်လိုက် ငိုလိုက်နဲ့။ အာလူးလည်း အဒေါ်ကြီးကိုကြည့်ပြီး ဘာလုပ်ပေးရမှန်းမသိဘူး။ အဒေါ်ကြီး ဘာဖြစ်လို့ငိုနေမှန်းလဲ အာလူးမှမသိတာ။ သိရင်တော့ အာလူးကကူညီပေးမှာပါ။

ဟိုတစ်နေ့ကမှ လေဖြတ်သလိုဖြစ်ပြီး အိပ်ရာထဲလဲနေတဲ့ အဒေါ်ကြီးယောက်ျား ဦးကြီးပေသီးများ တစ်ခုခုဖြစ်လို့လား အာလူးတွေးမိတယ်။

"အဒေါ်ကြီး...ဦးကြီးပေသီး ဘာဖြစ်လို့လဲဗျ"

အာလူး မေးလိုက်တိုင်း အဒေါ်ကြီးက ချက်ချင်းပြန်မဖြေ တတ်ဘူး။ ခဏကြာမှ –

"နင့်ဦးကြီးပေသီး ဘာမှ မဖြစ်ပါဘူး အာလူးရယ်၊ အခုက နင့် ... နင့်ညီမလေး...."

ဟင်...ညီမလေးတဲ့။ အာလူး ရင်ထဲထိတ်သွားတယ်။ ညီမလေး ဘာဖြစ်လို့လဲ။

အဒေါ်ကြီးစကားဆုံးအောင် မစောင့်နိုင်တော့ဘဲ ဈေးဆိုင်ကနေ အာလူး အားကုန်ပြေးထွက်ခဲ့လိုက်တယ်။

"ညီမလေးရေ ... ညီမလေး" အာလူးခေါ်သံကိုကြားတော့ အိမ်ရှေ့မှာရောက်နေတဲ့လူတွေက အာလူးကို လှမ်းကြည့်ကြတယ်။ ပြီးတော့ တစ်ယောက်မျက်နှာ တစ်ယောက် ပြန်ကြည့်နေကြတယ်။ အာလူးရင်ဘတ်တွေပူလာတယ်။ မျက်လုံးထဲမှာလည်း ဘာမှမမြင်တော့ဘူး။ အာလူး အိမ်ထဲကို အတင်းပြေးဝင်လိုက်တယ်။ ပြီးတော့ အိမ်ပေါ်မှာ ပက်လက်လေး အိပ်နေတဲ့ ညီမလေးကို ပွေ့ထူလိုက်တယ်။

"ညီမလေး ... ညီမလေး၊ ကိုကြီးကိုကြည့်ပါအုံး၊ ကိုကြီးပြန်လာပြီလေ ညီမလေး"

ညီမလေးက အာလူး ဘယ်လောက်ခေါ်ခေါ် ပြန်မထူးတော့ဘူးလေ။


**အခန်း(၅)**

ညက အာလူး ညီမလေးကို အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ ညီမလေးက လိပ်ပြာလေးတွေကို လိုက်ဖမ်းနေတာလေ။ ပြီးတော့ အာလူးကို စကားတွေလာပြောတယ်။

"ကိုကြီး ... လိပ်ပြာလေးတွေ ဖမ်းပေးအုံးလေ"တဲ့။ ။

**ညိမ်းသူ**

---



## မဆုံးသေးသော ခရီးရှည်

ချိုးငှက်(MKK)


တစ်ခါတစ်ခါ၊ မမျှော်ပါဘဲ
ရင်မှာလောင်မြိုက်၊ အပူတိုက်တို့
ဆိုက်ဆိုက်ရောက်လာ မငြင်းသာ။

တစ်ခါတစ်ခါ၊ ပျော်စရာတို့
ကြော်ငြာမထား၊ မခေါ်ငြားလည်း
အနားရောက်လာ၊ ပျော်ရတာ။

ငိုစမ်း မဲ့စမ်း၊ ရှိုက်လိုက်စမ်းတဲ့
နာခန်းတွေလည်း များခဲ့ပြီ။

ပျော်စမ်း ရယ်စမ်း၊ ပြုံးလိုက်စမ်းတဲ့
သာခန်းတွေလည်း များခဲ့ပြီ။

သြော် ...
အငိုအပျော်၊ ထိုနှစ်ဖော်၏
ကြိုခေါ်ရာနောက်၊ တကောက်ကောက်နှင့်
ဘယ်လောက် တို့တွေ ကြာပြီလဲ။ ။



(၁)

"ဟာ ... ဟိုမှာလာပြီ"

သာခင်ရဲ့စကားသံဆုံးတော့ ကျုပ်နဲ့ဖိုးဒင် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်တယ်။ နောက် မျက်စပစ်ပြီး အချက်ပြလိုက်တယ်။ ကျုပ်တို့သုံးယောက်စလုံး ကုက္ကိုပင်စည်ကို အကာအကွယ်ယူလိုက်တယ်။ တချွတ်ချွတ်နဲ့ ကုက္ကိုရွက်ကြွေတွေနင်းရင်း လာနေတဲ့ ဂျက်မ။ လမ်းလျှောက်ရင်း ဟိုဘက်နည်းနည်းယိုင်ထိုးလိုက်၊ ဒီဘက်တိမ်းသွားလိုက်နဲ့ မျက်လုံးတွေကို အောက်စိုက်ကြည့်နေတာက ကျုပ်တို့



# ကျိုးပျက်ခြင်းများ

ကျော် စည် သူ

အသစ်
ငွေတာရီ

သုံးယောက်စလုံး
တိုင်ပင်စရာမလိုဘူး။
သဘောတူပြီးသား။
ဂျက်မနေရာစုံစမ်းတော့
ရွာထိပ် ကုက္ကိုပင်အောက်
လူပြတ်တဲ့နေရာဆိုတော့
နှစ်ခါစဉ်းစားစရာမလိုဘူး။
အဲဒီမှာပဲ ကိစ္စအပြတ်ရှင်းမယ်။
တွေးရင်း ကျုပ်ကိုယ်ခန္ဓာထဲ
သွေးတွေဆူဝေလာတယ်။
"ရှူးတိုးတိုး ... ဒီနားကပ်လာပြီ"
သာခင်က သတိထပ်ပေး
လိုက်တယ်။ ကျုပ်တို့သုံးယောက်
စလုံး အသင့်အနေအထားနဲ့ ဝါးရင်း
တုတ်ကိုယ်စီကို ကျစ်ကျစ်ပါအောင်
ဆုပ်လိုက်တယ်။ ဂျက်မက ကုက္ကို
ပင်အောက်က သူ့နေရာကိုအလာ –

"ဒုတ်"

"အိုင် ... အိုင်"

လက်ယဉ်ပြီးသား သာခင်ရဲ့
ရိုက်ချက်က ဂျက်မကို နှစ်ခါပဲ အသံ
ထွက်စေလိုက်တယ်။ ကုပ်ပိုးဆိုတော့
အထိနာမှာသေချာတယ်။

"ဟား...ဟား...ငါက ခွေး
ဆိုးကြီးဆိုတော့ သူသေကိုယ်သေ
တိုက်ရမယ်မှတ်တာ၊ အခုတော့
အတွက် အခွင့်သာစရာတစ်ကွက်။

ဂျက်မ။ အဲဒီနာမည် ဘယ်သူ
ပေးထားလဲ ကျုပ်မသိဘူး။ ကျုပ်
သိတာ လူငါးယောက်ကိုကိုက်ထား
တဲ့ တိရစ္ဆာန်ပဲ။ တစ်ယောက်စ
နှစ်ယောက်စ ကိုက်တုန်းက ရွာ
လူကြီးက ထားလိုက်ပါကွာတဲ့။ အဲဒီ
ကတည်းက ကျုပ်တို့သုံးယောက်
အဖွဲ့က ရှင်းလိုက်မယ်ပြောတာ
လက်မခံဘူး။ လူငါးယောက်ကိုက်
ထားပြီဆိုတော့ ရွာလူကြီးလည်း
လန့်သွားတယ်ထင်တယ်၊ မင်းတို့
သဘောဆိုပြီးဖြစ်သွားတာ။ ကျုပ်တို့
က ဒါမျိုးဆို လက်ရဲသလားမမေးနဲ့။

ဘယ်အချိန်က
ရောက်နေမှန်းမသိတဲ့
ငွေဖြူ့အသံကို ကြားလိုက်
ရတယ်။ ကျုပ်ရင်ထဲ
ဆို့နင့်နင့်ကြီးရယ်။ ခါတိုင်းဆို
ငွေဖြူက အူနေကျ
မဟုတ်ဘူး။ တွေးရင်း
ကျုပ်စိတ်ထဲ
အပြစ်မကင်းသလို
ခံစားလိုက်ရတယ်။

ကြက်ကလေးတစ်ကောင်ရိုက်ရတဲ့ အတိုင်းပဲ"

အဟုတ်ပဲလို့ ကျုပ်စိတ်ထဲ ထောက်ခံလိုက်မိတယ်။ ကျုပ်နဲ့ ဖိုးဒင်တောင် ဝါးရင်းတုတ်ကို မချွေး လိုက်ရဘူး။ သာခင်က ခွေလဲကျနေတဲ့ ဂျက်မအနားကိုကပ်သွားတယ်။

"သာခင် ... သတိထား၊ ဒီလောက်နဲ့တော့ ဘာမှဖြစ်သေးမှာ မဟုတ်ဘူး"

"မင်းက ငါ့လက်ဆကိုမယုံလို့လားကွ"

ဖိုးဒင်ရဲ့ သတိပေးစကားကို သာခင်က ပြက်ရယ်ပြုလိုက်တယ်။ ပြီးတော့ ခွေလဲကျနေတဲ့ဂျက်မကို ဝါးရင်းတုတ်နဲ့တစ်ချက်တို့လိုက်တယ်။

"ဝုတ်"

ဂျက်မရဲ့အသံက မပီမပြင် ထွက်လာပေမဲ့ သာခင့်ကိုလှမ်းဟပ်လိုက်တာ ကျုပ်နဲ့ ဖိုးဒင် တွေ့လိုက်တယ်။ မရည်ရွယ်ပါဘဲ ကျုပ်လက်ထဲကဝါးရင်းတုတ်က ဂျက်မကုပ်ပိုးပေါ် တစ်ချက်ကျသွားတယ်။

"ဒုတ်"

"ဒုတ်"

ကျုပ်နဲ့ပြိုင်တူ ဖိုးဒင်ရဲ့လက်သံကိုပါ တွေ့လိုက်ရတယ်။ သူက ဂျက်မရဲ့ဗိုက်အောက်နားကို ရိုက်လိုက်တာ အထိနာသွားလို့ထင်တယ်၊ ဂျက်မပြန်ထမလာတော့ဘူး။

"သာခင် ... မင်းကိုထိသွားသေးလား"

ကျုပ်မေးလိုက်တော့ သာခင်က သူ့ဘယ်လက်ကိုထောင်ပြရင်း–

"ပါးပါးလေးပါကွာ၊ ဒီခွေးမက သေချင်တာတောင် ငါ့ကိုကိုက်သွားသေးတယ်"

"မင်းကို သတိထားလို့ ပြောသားပဲ"

ဖိုးဒင်က ပြန်ချေပရင်း "မြေမြှုပ်ဖို့နေရာရှာရအောင်"ဆိုပြီး ကျုပ်တို့နှစ်ယောက်ကို ပြောလိုက်တယ်။ ကျုပ်လည်း ကုက္ကိုပင်ပတ်လည် နေရာရှာလိုက်တယ်။ ချုံထူနေတော့ တစ်ကောင်တလေအတွက် နေရာမရှားဘူးလေ။

သာခင်နဲ့ ဖိုးဒင်က ကျင်းတူးနေတော့ ကျုပ်က ဂျက်မကို ကျင်းနားသွားယူဖို့လုပ်တယ်။ အဲဒီမှာ ဂျက်မမျက်လုံးနားက မျက်ရည်စီးကြောင်းရာတွေ ကျုပ်တွေ့လိုက်ရတယ်။ ကျုပ်ရင်ထဲနင့်ခနဲ။ ပြီးတော့ ဂျက်မမျက်လုံးတွေက တစ်နေရာကို စိုက်ကြည့်နေသလိုပဲ။ စိုက်ကြည့်ရင်း မျက်ရည်တွေကျထားတာဖြစ်မယ်လို့ ကျုပ်တွေးလိုက်မိတယ်။ အဲဒါနဲ့ ဂျက်မကြည့်နေတဲ့ဘက်ကို ကျုပ်ကြည့်လိုက်တယ်။ သြော် ... ကုက္ကိုပင်အောက်ကတွင်းတစ်တွင်းကို ကြည့်နေတာပဲ။ တွင်းက သိပ်မကြီးပါဘူး။ ခွေးတစ်ကောင်ဝင်စရာလောက်ပဲရှိတယ်။ ကျုပ်လည်း တွင်းနားကပ်လိုက်တယ်။ တွင်းပေါက်ရှေ့နားမှာ အမှိုက်စတွေနဲ့ကာထားသလိုပဲ။ အမှိုက်စတွေဖယ်ပြီး တွင်းထဲကြည့်လိုက်တော့ ကျုပ် 'ဟာ' ခနဲ ဖြစ်သွားတယ်။ လသားအရွယ်ခွေးဖြူလေးတစ်ကောင်ပဲ။ သူက ကျုပ်ကိုကြည့်နေတယ်။ သူ့မျက်လုံးအိမ်ထဲ အရည်တွေရစ်ဝိုင်းလို့။ ကျုပ်လာမှာ သိနေသလိုပဲ။ သူက ကျုပ်ကိုကျော်ပြီး ကျုပ်ကျောနောက်ကို ကြည့်နေတယ်။ ဟာ... ကျုပ်ပြန်ကွယ်လိုက်တယ်။ အထီး၊ အမသိအောင် ကျုပ်ကိုင်ကြည့်လိုက်တော့ အမလေးပဲ။

"ဟေ့ကောင်တွေ . . . ဒီမှာခွေးမလေးတစ်ကောင်"

ကျုပ်အသံကြားတော့ သာခင်နဲ့ဖိုးဒင် ကျင်းတူးနေရာက ထလာကြတယ်။

"ဟ...အဖြူရောင်လေးပဲကွ ချစ်စရာလေး၊ ဘယ်နားကတွေ့တာလဲကွ"

"ဟိုတွင်းထဲက"

ဖိုးဒင်အမေးကို တွင်းဘက်လက်ညှိုးထိုးပြရင်း ကျုပ်ဖြေလိုက်တယ်။

"ဂျက်မရဲ့ကလေးလေးပေါ့၊ ဟာ ... အဲဒါဆိုမဖြစ်ဘူး၊ တစ်ခါတည်း ရှင်းခဲ့ကွာ"

သာခင်က ပြောရင်းဆိုရင်း ဝါးရင်းတုတ်ကိုကောက်ကိုင်လိုက်တယ်။

"ဟာ ... မလုပ်ပါနဲ့ကွာ၊ အခုမှ လသားလေးရှိသေးတာ"

ကျုပ်ကငြင်းရင်း ကျောနောက်ကို ကွယ်လိုက်တယ်။

"အေးငွေ... မင်းဒုက္ခရောက်ချင်တာလား၊ တိရစ္ဆာန်ဆိုတာ သူ့မိဘ

သတ်တဲ့သူကို ဘယ်တော့မှမမေ့ဘူး ကွ၊ တစ်နေ့ မင်းကိုဒုက္ခပေးလိမ့်မယ်"

"ပေး...ပေးကွာ၊ ငါမွေးမယ်၊ ဒါပဲ"

အဟုတ်ပြောတာ။ ကျုပ်စိတ်ထဲ ဒီခွေးမလေးကိုတွေ့ကတည်းက မွေးချင်စိတ်ပေါက်တာ။ တစ်သက်နဲ့ တစ်ကိုယ် ခွေးသတ်လာတဲ့ကောင်က ခွေးမွေးမယ်ဆိုတော့ ဟားစရာပေါ့။ ဒါပေမဲ့ ကျုပ်မွေးမယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဖိုးဒင်ကတော့ ကျုပ်တို့နှစ်ယောက်ကြား ဘာမှ ဝင်မပြောဘူး။ နောက်ဆုံး သာခင်လဲ ကျုပ်ကိုလက်လျှော့လိုက်တယ်။

တစ်ချိန်တည်းမှာပဲ ကျုပ်ခွေးလုံးဝမသတ်တော့ဘူးဆိုတဲ့ ဆုံးဖြတ်ချက်ချလိုက်တယ်။

(၂)

"ကျုပ် ခွေးမသတ်တော့တာ အဲဒီအချိန်ကတည်းကပဲ တင်"

"ဩော် ... ဩော်"

တင်က ကျုပ်ကို လှောင်ချင်တာလားတော့ မပြောတတ်ဘူး။ ဒါပေမဲ့ ငွေဖြူကို ကျုပ်တွေ့တဲ့အချိန်ကစပြီး ကျုပ်ဆုံးဖြတ်ချက်ကို လုံးဝမပြင်တော့ဘူး။ ငွေဖြူဆိုတာ ဂျက်မသမီးလေးပါ။ ရှူးတယ်လို့ပဲထင်ကြမလား။ ကျုပ်နာမည်က အေးငွေ။ ခွေးမလေးက ငယ်ငယ်ကတည်းက ဖြူဖြူဖွေးဖွေးလေးဆိုတော့ ကျုပ်နာမည်ပါအောင် ငွေဖြူလို့ပဲ နာမည်ပေးလိုက်တာ။ သူများကြားလဲ ဟားပါစေပေါ့။ ကျုပ်မမှုပါဘူး။

"အေးဗျာ ... အဲဒီကောင်ကြီးက ကျွန်တော့်သားကိုကိုက်လိုက်လို့ဗျာ၊ ကျွန်တော်က သတ်ပစ်ချင်တာ၊ သတ်လဲ မသတ်ရဲဘူး"

"ဟိုကောင် ရန်လုံကြီးလား"

"ဟုတ်တယ် ကိုအေးငွေ"

ရန်လုံဆိုတာ ကျုပ်တို့ငါးအိမ်ကျော်က ခွေးကြီး။ အဲဒီအိမ်က ပြောင်းလာတာ မကြာသေးဘူး။ ရန်လုံဆိုတဲ့ခွေးရောပါလာတာ။ အကောင်ထွားထွား အစွယ်တဖွားဖွားနဲ့။ တကယ်ပဲ 'ပညတ်သွားရာ ဓာတ်သက်ပါ'တဲ့ ကောင်ကြီး။ ဒါပေမဲ့ လူနေအိမ်များတဲ့အရပ်ဆိုတော့ အဲဒီလောက်ကြီးမလိုပါဘူး။ ရန်လုံဆိုးတာ သူ့အိမ်ကသိတယ်။ ဒါပေမဲ့ ကြိုးနဲ့ချည်ထားတာ ဘယ်တော့မှမတွေ့ဘူး။ တေင့်သားလေးက ရန်လုံရဲ့ဒုတိယသားကောင်ဖြစ်သွားတဲ့သူ။

"သာခင်တို့၊ ဖိုးဒင်တို့ဆီ ရောက်ပြီးပြီလားကွာ"

ကျုပ် တင်ကိုမေးလိုက်တယ်။ ငွေဖြူကို အိမ်မှာမွေးထားပြီးကတည်းက ကျုပ်တို့သုံးယောက် သိပ်မဆုံဖြစ်တော့ဘူး။ အင်း... လွန်ခဲ့တဲ့ ခြောက်နှစ်ကျော်ကျော်ကပေါ့။ ငွေဖြူလေးမွေးထားတာကို သာခင်က သိပ်သဘောမကျဘူး။ အဲဒါတွေရောပါတာပေါ့ဗျာ။

"သွားပြီးပြီဗျ၊ မရှိဘူး၊ တောတက်သွားတယ်ဆိုလို့ ကိုအေးငွေကို လာပြောတာ"

"အေး ... ငါတော့ လိုက်မလုပ်ပေးနိုင်ဘူးကွာ၊ တခြားဟာဆိုရင်တော့ ရပါတယ်"

ကျုပ် ယတိပြတ်ငြင်းလိုက်တယ်။ တော်ကြာ တေင်က ဇွတ်ခိုင်းနေမှာစိုးလို့။ တေင်လဲ ကျုပ်မိန်းမ ခင်မှုံချပေးထားတဲ့ ရေနွေးကြမ်းကိုသောက်ပြီး ပြန်သွားတယ်။

"ဟောတော် ... တေင်ပြန်သွားပြီလား"

"အေး...ပြန်သွားပြီ"

ခင်မှုံက ကျုပ်ကိုမေးရင်း ခုံတန်းလျားပေါ် ဝင်ထိုင်လိုက်တယ်။ နောက် ပြုံးပြုံးကြီးလုပ်ပြီး ကျုပ်ကို ကြည့်နေတယ်။

"ခင်မှုံရာ...ငါ့မျက်နှာကြည့်ပြီး ဘာဖြစ်လို့ပြုံးနေတာတုံးဟ"

"အမယ် ... ရှင်ငြင်းလိုက်တာ မဟုတ်လား၊ ကျွန်မက ဝမ်းသာလို့ပါနော်၊ အင်း ... ငွေဖြူကိုပဲ ကျေးဇူးတင်ရမလိုဖြစ်နေပြီ၊ ဒီကမိန်းမဖြစ်သူက ခွေးတွေမသတ်ပါနဲ့ဆိုတုန်းက တစ်ညပြောမရ၊ နှစ်ညပြောမရနဲ့၊ ဟင်း... မယားပြောတစ်ညဆိုတဲ့စကား အဲဒီအချိန်ကတည်းက ကျွန်မ မယုံတာဘဲ"

"မင်းကလဲ ... မဟုတ်တာပြောတော့မယ်"

ပြောသာပြောရတာ ကျုပ်စိတ်ထဲ ပြုံးချင်ချင်ရယ်။ ခင်မှုံပြောတာလည်း အဟုတ်ပဲကိုး။ ကျုပ်နဲ့ ခင်မှုံက အသက်နှစ်ဆယ့်ငါးနှစ်ကျော်ကျော်မှာ အိမ်ထောင်ကျတာ။ တစ်နှစ်လောက်ထိ ခွေးတွေမသတ်ဖို့

ခင်မှုံကနားချတယ်။ ကျုပ်က ဘာရယ် မဟုတ်ပါဘူး။ အဲဒီတုန်းက ခွေးသတ်ရတာ ကိုယ့်ကိုယ်ကိုယ် အောင်နိုင်သူလို့ စိတ်ထဲခံစားရလို့ရယ်၊ နောက်ပြီး ရွာမှာ ခွေးဆိုးတွေ ပေါတာရယ်ကြောင့်ပါ။ ရှင်းမဲ့လူမရှိတော့ ကျုပ်တို့သုံးယောက် လူရိုင်းကြီးတွေ ဖြစ်ကုန်တာပေါ့။ နောက်တော့ ခင်မှုံလည်း လက်လျှော့သွားပြီး ဒီအတိုင်းကြည့်နေတော့တယ်။ အခုမှ ခင်မှုံ့သဘောတော်ကျ ကျုပ်က ဖြစ်နေတာကိုး။

"ဒါနဲ့ ခင်မှုံ ... ငွေဖြူပြန်မလာသေးဘူးလား၊ နေဖြင့် အတော်စောင်းနေပြီ"

"ဟုတ်တယ်၊ ကျွန်မလဲ သူ့ကိုစောင့်နေတာ၊ ဒီနေ့မှ ဘယ်တွေလျှောက်သွားနေလဲ မသိဘူး"

ကျုပ်တို့နှစ်ယောက်မှာက သားသမီးမရှိဘူးလေ။ ဒါ့ကြောင့် ငွေဖြူကိုပဲ သားသမီးလိုချစ်နေရတာ။ သားသမီးလိုချစ်ရင် တစ်နေကုန် အိမ်မှာထားပေါ့လို့ မေးစရာရှိတယ်။

ဒါပေမဲ့ ကျုပ် အဲဒီလိုမလုပ်ရက်ဘူး။ ခွေးလေဗျာ။ သူလဲ သူ့လွတ်လပ်ခွင့်နဲ့နေပါစေပေါ့။ သူများတွေကိုကိုက်မှာဘာညာ မစိုးရိမ်ရဘူး။ ငွေဖြူက ယဉ်တယ်။ ပြီးတော့ ငွေဖြူက ငယ်ငယ်ကအတိုင်း ဖြူပြီး အသွေးအမွေးလှတာကိုး။ လူတိုင်းရဲ့ အချစ်တော်ပေါ့။ ဟော ... ပြောရင်းဆိုရင်း...အဲ...တွေးရင်းပြုံးရင်း မယ်မင်းကြီးမ ပြန်လာပါပြီ။

"ငွေဖြူ ... ငွေဖြူ ... လာ ... လာ"

ကျုပ် ငွေဖြူ့ကိုခေါ်လိုက်တယ်။ ငွေဖြူက ပက်လက်ကုလားထိုင်ပေါ်မှာထိုင်နေတဲ့ ကျုပ်ခြေထောက်နားကိုကပ်လာတယ်။ ပြီးတော့ သူ့ခေါင်းလေးကိုတိုးဝှေ့ရင်း ကျုပ်ကိုချွဲနေတယ်။ ကျုပ်က အဲဒါတွေသဘောကျတာ၊ ဟဲ ... ဟဲ။

"နင်က တစ်နေကုန် ဘယ်လျှောက်သွားနေတာလဲ၊ အခုတလော အတော်လမ်းများနေတယ်၊ ရည်းစားတွေဘာတွေ တွေ့နေတာလား"

"အို ... ကိုအေးငွေကလဲ ပြောရှော့မယ်၊ မဟုတ်ကဟုတ်က"

ခင်မှုံက ကျုပ်ကိုလှမ်းပြောရင်း ငွေဖြူကို ထန်းလျက်ခဲခွဲလိုက်တယ်။

ဒါမျိုးဆို ငွေဖြူက သိပ်ကြိုက်။ အသက်မရှူဘဲစားသလားထင်ရတယ်။

"ဒါနဲ့...ခင်မှုံ၊ ငွေဖြူတို့ရာသီရောက်တော့မှာမဟုတ်လား"

"ဘာတုံး ... ရှင့်ဟာက၊ ဘာငွေဖြူတို့ရာသီလဲ"

"ဟာ ... မင်းကလဲ တော်သလင်း၊ သီတင်းကျွတ်ပြောတာဟ"

"သြော် ..."ဟုဆိုရင်း ခင်မှုံက လတွေတွက်နေလေရဲ့။

"အင်း ... နီးတောင်လာပြီပဲ၊ လာမဲ့နှစ်ပတ်သုံးပတ်ဆို ရောက်ပြီ"

"အေး...ငွေဖြူကိုဆေးထိုးပေးဖို့ မမေ့နဲ့အုံး၊ ငွေဖြူကို ထမင်းကျွေးတော့၊ ပြီးရင် ထမင်းစားမယ်"

ပိုလွန်းတယ်လို့ ထင်ကြမလား။ ငွေဖြူကလွဲပြီး ဘယ်သူ့ကိုမှ နောက်ထပ်မခေါ်ချင်ဘူး။ ကျုပ်တို့ ရက်စက်ရာကျချင်ကျမှာပေါ့။ ဒါပေမဲ့ ကျုပ် လူကြမ်းကြီးပဲဖြစ်ခံလိုက်ပါတယ်။

(၃)

"ဟောတော် ... ကိုအေးငွေ ဘယ်လိုဖြစ်လာတာလဲ၊ ခြေသလုံးမှာလဲ သွေးတွေနဲ့"

"တောက် ... မပြောချင်ပါဘူးကွာ၊ ဟိုအိမ်က ရန်လုံကိုက်လိုက်တာ၊ ခွေးမသား...ခွေး၊ ငါနော်"

"တော်ပါတော့ရှင်၊ ကျွန်မ ပတ်တီးစည်းပေးမယ် ... လာ"

အင်း ... ဟုတ်တာပဲ။ ကျုပ် ခြေသလုံးမှာ သွေးတွေတစက်စက်ကျနေတာ မြင်မကောင်းအောင်ဘဲ။ ခင်မှုံက အရက်ပြန်နဲ့ ဒဏ်ရာကိုဆေးရင်း ပတ်တီးစည်းဖို့လုပ်နေတယ်။

တောက် ... ကျုပ်ဘာသာလမ်းလျှောက်နေတာကို နောက်ကနေ အသားလွတ်ဝင်ဆွဲတာ။ ရုတ်တရက်ဆိုတော့ ကျုပ်လဲ ကြောင်နေတာ၊ ဘာမှပြန်မလုပ်မိဘူး။ ခွေးသခင်တွေကလည်း မသိချင်ယောင်ဆောင်ကြတာ သိသာတယ်။ အခုချိန်ထိ တစ်ယောက်မှ ပေါ်မလာသေးဘူး။

"ရပြီခင်မှုံ၊ ထားလိုက်တော့၊ ထမင်းစားကြမယ်"

"ရှင်ထိုင်နိုင်ပါ့မလား၊ နောက် ငွေဖြူလဲ ပြန်မလာသေးဘူး"

"တော်ဟာ ... ငါက စားဆိုရင်စားမယ်"

ခင်မှုံလည်း ကျုပ်အော်တာလန့်ပြီး ထမင်းပွဲပြင်တယ်။ ထမင်းသာစားလိုက်ရတာ ပါးစပ်ထဲမှာ အရသာကိုမတွေ့ဘူး။ ထမင်းစားပြီးတော့ ကျုပ် အိမ်ရှေ့ခုံတန်းလျားမှာ ထိုင်လိုက်တယ်။ ငွေဖြူပြန်လာတာကို စောင့်ရုံပဲ။ ခင်မှုံလဲ ကျုပ်ဘေးနားမှာ လည်ပင်းရှည်အောင် မျှော်နေတယ်။ သိပ်မကြာဘူး ငွေဖြူပြန်လာတယ်။ "ဟင်...ငွေဖြူ့ ကုပ်မှာ သွေးတွေပါလား" ဆိုပြီး ခင်မှုံက အလန့်တကြားပြောရင်း ငွေဖြူ့အနားရောက်သွားတယ်။ ဒါ... ဟိုကောင့်လက်ချက်ပေါ့။ ရန်လုံ ကျုပ်ကိုကိုက်တော့ ငွေဖြူက မနေသာဘူး။ သူက ရန်လုံကိုပြန်ကိုက်တယ်။ အထီးနဲ့အမ အားမမျှတော့ ငွေဖြူခံရတာပေါ့။ ကျုပ်တို့အဖြစ်က မိအေးနှစ်ခါနာ။ ဒါပေမဲ့ ငွေဖြူဘာလို့ အဲဒီအိမ်ရောက်နေလဲ ကျုပ်စဉ်းစားမရဘူး။

ခင်မှုံက ငွေဖြူကို ဆေးထည့်ပေးလိုက်တယ်။ ငွေဖြူက ကျုပ်နားကပ်မလာဘူး။ ကျုပ်လဲ ရှုတည်တည်ကြည့်နေလိုက်တယ်။ ခဏနေတော့ ငွေဖြူအစာစားဖို့ အစာခွက်ဆီ လှမ်းသွားတယ်။

တောက် ... အခုမှ ကျုပ်စဉ်းစားမိတယ်။ ဒါကြောင့်မို့ ငွေဖြူအခုတလောအနေအထိုင်ပျက်နေတာ။ ညနေရောက်ရင် ငွေဖြူ အိမ်ပြန်နေကျ။ နေတောင်မစောင်းဘူး။ အစာလေးဘာလေးစားပြီးရင် ကျုပ်နဲ့လမ်းလျှောက်ထွက်တယ်။ လမ်းလျှောက်ဆိုတာထက် ရွာလည်တာဆို ပိုမှန်တယ်။ တစ်အိမ်ဝင်တစ်အိမ်ထွက်။ တစ်ခါတလေ ရွာအပြင်ဘက်။ မိုးချုပ်ခါနီးဆို ကျုပ်တို့နှစ်ယောက်ပြန်လာပြီ။ အိမ်ရောက်ရင် ငွေဖြူကို အဆာပြေထပ်ကျွေးသေးတယ်။ ပြီးရင် ကျုပ်က အိမ်နောက်က သရက်ပင်ကြီးအောက်မှာ ပက်လက်ကုလားထိုင်နဲ့ထိုင်၊ ငွေဖြူက ကျုပ်ဘေးနားမှာငြိမ်ငြိမ်လေးနေတယ်။ တစ်ခါတလေ ငွေဖြူနဲ့ ကျုပ် စကားတွေပြောကြ။ မယုံမရှိလေနဲ့။ လသာတဲ့ညတွေဆို ညဉ့်နက်အထိအတူထိုင်။ တစ်ခါတစ်ရံ ခင်မှုံလည်း ပါချင်ပါတာပေါ့။ ကျုပ်တို့အိပ်တော့မယ်ဆို ငွေဖြူက မအိပ်သေးဘူး။ ကျုပ်နဲ့ခင်မှုံ အိပ်၊ မအိပ်လာကြည့်သေးတယ်။ ကျုပ်တို့အိပ်တာသေချာပြီဆိုမှ ငွေဖြူအိပ်တာ။ မနက် ကျုပ်တို့ထပြီဆိုရင် ငွေဖြူက တံခါးဝရှေ့ကနေအမြဲကြို နေတာ ဝတ်မပျက်ဘူး။ ကျုပ်တို့က လဲ သားသမီးမျက်နှာ သိတာရေစင် ဆိုတဲ့အတိုင်း ငွေဖြူကိုမြင်ရရင် စိတ်ထဲအလိုလိုနေရင်း အေးချမ်းပြီးသား။

တစ်ခါဆို ကျုပ်ဖျားတုန်းက မှတ်မှတ်ရရပဲ။ ဖျားတာက ချမ်းဖျားကြီး။ ဖြစ်သူရော၊ ပြုစုသူရော တစ်ညလုံး မအိပ်ရဘူးသာမှတ်။ အဲဒီညက ခင်မှုံသာအိပ်သွားတယ်၊ ငွေဖြူမအိပ်ဘူး။ ကျုပ်ဘေးနားမှာ တစ်ညလုံးပဲ။ ကျုပ်က တစ်ခါတစ်ခါနိုးတာဆိုတော့ သိတာပေါ့။ တောက် ... ပြန်တွေးရင်း ကျုပ်စိတ်တွေ မကျေမချမ်းဖြစ်လာတယ်။ အခု ငွေဖြူ အချိုးတွေပြောင်းနေတာကြာပြီ။ ဒါ... ဟိုကောင်ရန်လုံကြောင့်။

ဟုတ်တယ်။ ကျုပ်သိသလောက် ရန်လုံရောက်လာမှ ငွေဖြူအကျင့်တွေပျက်တာ။ ဟင်း ... ပြောရင်းဆိုရင်း ကျုပ်ရင်တွေလေးလာတယ်။ ငွေဖြူ့ကို ကျုပ်ဆုံးရှုံးသွားရသလိုပဲ။ ခြေထောက်ကဒဏ်ရာထက် ရင်ထဲကဒဏ်ရာကပိုနာတယ်။ ကျုပ် အရင်ငွေဖြူကိုပြန်ရအောင် ဘယ်လိုလုပ်ရမလဲ။ စဉ်းစားစမ်းအေးငွေ ... မင်းစဉ်းစားစမ်း။ ဟာ ... ဟုတ်ပြီ။ ကျုပ်ခေါင်းထဲ အလင်းတစ်ချက်ပွင့်သွားတယ်။

"ခင်မှုံ ... ငါ အပြင်သွားအုံးမယ်"

"ရှင်ကလဲ ဒဏ်ရာကြီးနဲ့ ဘယ်သူ့ဆီသွားမလို့လဲ"

"သာခင်နဲ့ ဖိုးဒင်တို့အိမ်ဘက်"

(၄)

ကျုပ် အိမ်ခြံဝင်းထဲဝင်လာတော့ ငွေဖြူက လာမကြိုဘူး။ အခါတိုင်း လာကြိုနေကျ။ ကျုပ်လည်း မခေါ်မိဘူး။ ငွေဖြူ့ကို တစ်ချက်ကြည့်ပြီး အကြည့်လွှဲလိုက်တယ်။ ကျုပ်စိတ်ထဲ သိပ်ပြီးလိပ်ပြာမလုံချင်ဘူး။ ပက်လက်ကုလားထိုင်ပေါ် ကျုပ်ထိုင်ချလိုက်တယ်။ ကျုပ်ရင်ထဲ အခုချိန်ထိမောနေတုန်းပဲ။ ခင်မှုံက

ကျုပ်အတွက် ရေတစ်ခွက်ခပ်လာပေးတယ်။ ပြီးတော့ အိမ်ထဲပြန်ဝင်သွားတယ်။ ငွေဖြူကကော...။ ကျုပ်ကို အခုချိန်ထိ မမှိတ်မသုန်ကြည့်နေတုန်း။ ငွေဖြူ့ရင်ထဲ ဘာတွေရှိနေလဲ မသိပေမဲ့ သူ ဘာတွေမေးချင်နေလဲ ကျုပ်ရိပ်မိသလိုရှိနေတယ်။ "ဘာမှ မမေးပါနဲ့လား ငွေဖြူရယ်"လို့ ကျုပ်စိတ်ထဲတောင်းဆိုနေမိတယ်။ ခဏကြာတော့ ငွေဖြူ ခြံပြင်ဘက်ထွက်သွားတယ်။ ကျုပ် မတားမိလိုက်ဘူး။

"ခင်မှို ... ဟော့ ... ခင်မှို"

ခင်မှိုက ကျုပ်ခေါ်တာ မထူးဘဲ အိမ်ထဲကထွက်လာတယ်။ ပြီးတော့ ဘာလဲဟူသောအကြည့်နဲ့ မေးဆတ်ပြတယ်။

"ဒီနေ့ ... ငွေဖြူ ဘယ်တွေ သွားသေးလဲ"

"ကျွန်မ ဘယ်သိပါ့မလဲ"

အင်း ... ခင်မှို ကျုပ်ကို စိတ်ဆိုးနေတာ သေချာတယ်။ ကျုပ်လည်း ဘာမှဆက်မမေးဘဲ နေလိုက်တယ်။

ညနေစောင်းလောက်က ကုက္ကိုပင်အောက်မှာ 'ဟိုကောင်ကြီး' ကိုသွားရှင်းတာ ခင်မှိုသိတယ်။ အဲဒီကိစ္စ အခဲမကျေတာဘဲဖြစ်မယ်။ ခင်မှိုက တားသေးတယ်။ ကျုပ်ကလည်း တစ်ဇွတ်ထိုးဆိုတော့ ခင်မှို လက်မြှောက်သွားတယ်။ အင်း ... ငွေဖြူတော့ မသိနိုင်ကောင်းဘူးထင်ပါတယ်။

"နောင် ... နောင် ... နောင်"

ညနေ နေဝင်ရီတရောအချိန်ဆိုတော့ ရွာဦးကျောင်းက ဘုရားဝတ်တက် အမျှဝေသံကထွက်ပေါ်လာတယ်။

"အူး ... ဝူး ... ဝူး ... ဝူး"

ဘယ်အချိန်ကရောက်နေမှန်း မသိတဲ့ ငွေဖြူ့အသံကိုကြားလိုက်ရတယ်။ ကျုပ်ရင်ထဲ ဆို့နင့်နင့်ကြီးရယ်။ ခါတိုင်းဆို ငွေဖြူက အူနေကျ မဟုတ်ဘူး။ တွေးရင်း ကျုပ်စိတ်ထဲ အပြစ်မကင်းသလို ခံစားလိုက်ရတယ်။

ညနေစောင်းလောက်က ရွာထိပ်ကုက္ကိုပင်နားမှာ မသဲမကွဲတွေ့လိုက်ရတာ ငွေဖြူများလား။ ကျုပ်စိတ်ထဲ အခုချိန်ထိ သံသယရှိနေတုန်း။ မဟုတ်နိုင်လောက်ပါဘူးလေဆိုပြီး စိတ်လျှော့ချလိုက်တယ်။

အင်း ... ဘာလိုလိုနဲ့ မိုးချုပ်လာပြီ။ ငွေဖြူ အခုချိန်ထိ ကျုပ်နားတစ်ချက်မကပ်သေးဘူး။ ခင်မှိုကလည်း ကျုပ်ကို ဘာစကားမှမပြောဘူး။ ကျုပ်အိမ်ဟာ တိတ်ဆိတ်ငြိမ်သက်နေသလိုခံစားရတယ်။ နေပါစေလေ၊ နောက်ရက်တွေကျရင် သူတို့ဘာသာ အနည်ထိုင်သွားကြပါလိမ့်မယ်။

## (၅)

ညက ဟိုတွေးဒီတွေးနဲ့ အိပ်မပျော်တော့ မနက် ကျုပ် အိပ်ရာထနောက်ကျတယ်။

"ခင်မှို ... ငွေဖြူကော"

"မသိဘူး၊ ကျွန်မနိုးကတည်းက မတွေ့တာ"

ခင်မှိုက ဒီလောက်သာပြောပြီး ဈေးဘက်ထွက်သွားတယ်။ ကျုပ်လည်း ခင်မှိုလုပ်ပေးထားတဲ့ အဆာပြေစားပြီး လယ်ခင်းဘက်ထွက်ဖို့ပြင်လိုက်တယ်။ အင်း ... ခါတိုင်းဆို ငွေဖြူပါနေကျ၊ အခုတော့...။ တွေးရင်း ကျုပ် မျက်ရည်ဝိုင်းမိလာတယ်။ ငွေဖြူ ကျုပ်ကိုတော့ မရက်စက်လောက်ပါဘူး။ ဟိုတွေးဒီတွေးနဲ့ လယ်ခင်းထဲ ဘယ်လိုရောက်လာမှန်း ကျုပ်မသိဘူး။ အလုပ်သာလုပ်နေရတာ စိတ်က ငွေဖြူ့ဆီမှာ။ လမ်းမှာ တစ်ယောက်တည်းဖြစ်နေမှာမို့ နေ့လယ်စာလည်း ပြန်မစားဖြစ်ဘူး။ ကျုပ်စိတ်ထဲလေးသလိုပဲ။ ကျုပ်လယ်ခင်းဘက်ကို ငွေဖြူ တစ်ချက်ကလေးမှပေါ်မလာဘူး။ နေနည်းနည်းညိုတော့ ကျုပ် အိမ်ပြန်လာတယ်။ ရောက်ရောက်ချင်းပဲ ခင်မှိုကို 'ငွေဖြူ မရောက်သေးဘူးလား'မေးတော့ 'တစ်နေကုန် အိမ်ပြန်မလာဘူး' တဲ့။ ကျုပ်ရင်ဝကိုဆီးကန်လိုက်သလိုပဲ။ အင်း ... နေဝင်ရင်တော့ ပြန်လာမှာပါဆိုပြီး ကျုပ်ဖြေသိမ့်လိုက်ရတယ်။

## (၆)

"ခင်မှို ... နာရီကြည့်ပါအုံးဟ"

ခင်မှိုကို နာရီကြည့်ခိုင်းတာလဲ ဘယ်နှကြိမ်မြောက်မှန်းလဲ ကျုပ်မသိဘူး။ ငွေဖြူက အခုချိန်ထိ ပြန်မရောက်လာသေးဘူး။

"ခုနစ်နာရီထိုး တော့် .... ခုနစ်နာရီ"

ခင်မှုံက ကျုပ်ကို စိတ်မရှည်သလို ဖြေလိုက်တယ်။ ခင်မှုံလဲ စိတ်ပူနေမှာပေါ့။ အိမ်ထဲဝင်လိုက် ထွက်လိုက်နဲ့။ ခြံဝကိုလဲမျှော်သေး။ ကျုပ်လဲ စိတ်ပူတာပေါ့။ ခင်မှုံထက်တောင်ပိုတယ်။ ကျုပ်ကိုယ်တိုင် မွေးထားတာ။ မိန်းမတွေအချင်းချင်း ပြောသလိုဆို ဝမ်းနဲ့လွယ်မမွေးရတာဘဲရှိတာ။ အင်း ... ပြန်ရောက်ဖို့တော့ ကောင်းပြီ။

"ကိုအေးငွေ...ရှင် ထွက်မရှာတော့ဘူးလား"

"အေးပါ...ရှာမှာပါဟ၊ ဘယ်မှာရှာရမလဲ စဉ်းစားနေတာ၊ ခါတိုင်း ဒီလောက်ထိမှနောက်မကျဖူးတာ"

"ရှင့်ဟာရှင် ဘယ်လိုရှာရှာ တွေ့ရင်ပြီးတာပဲ၊ သွားရှာချေ ... သွား"

ခင်မှုံနဲ့ ကျုပ် စကားပြောနေကြရင်း ငတင်ကို ကျုပ်တွေ့လိုက်တယ်။ သြော် ... ဒီကောင် ရွာထိပ်က ပြန်လာတာပဲ။ ငတင်ကိုမေးကြည့်ဖို့ ကျုပ်ဆုံးဖြတ်လိုက်တယ်။

"ဟေ့ ... ငတင်၊ အဲဒီထိပ်ဘက်မှာ ငွေဖြူ့ကိုတွေ့ခဲ့သေးလား"

"ဟာ ... ကိုအေးငွေ၊ ငွေဖြူ ကုက္ကိုပင်အောက်မှာ သေနေတာ ခင်ဗျားမသိဘူးလား"


"ဘာ ... ကွ"။ ။

**ကျော်စည်သူ**

---

# အညာမြေမှ ဖိတ်ခေါ်သံ

ဖိုးပုလဲ(အညာမြေ)



အညာမြေ တမာရိပ်
ချွေးသိပ်လှည့် ဆွေသဟာ
အေးမြသာယာ။
ပဲ ဘူး ပြောင်း မြေပဲဝါ
နှမ်းနေကြာ စပါးခင်း။
ထန်းတောသာ ရှုခင်းအလှနှင့်
အေးမြလေညင်း။

ထုံးဖြူဖြူ စေတီဦး
ဖူးမြော်ဖို့ လှမ်းခဲ့ပါ
အေးရိပ်ဆာယာ။
ဆည်းလည်းသံ ညံစာစာ
ပီတိဖြာ ခညောင်း။
မနောဖြူ အညာသားတို့
တည်ထားကြကြောင်း။

ဘိုးဘွားတို့ အညာမြေ
လှည်းယဉ်တွေ အလွန်ပေါ။
လမ်းအကြို အပန်းမကြီးရင်
ဆီးကြိုမယ်နော။

အညာရဲ့ လက်ဆောင်ပဏ္ဏာ
ထန်းခေါက်ဖာ အပြည့်။
ထန်းလျက်ကယ် သနပ်ခါးတို့
ပါးလိုက်မယ်လေ့။ ။

(၁)

ကျွန်တော့်အမေ အသည်း
ခွဲစိတ်ရသဖြင့် ဆေးရုံမှာ
နှစ်ပတ်ကျော်ခန့်နေရသည်။
ဆေးရုံမှပြန်ဆင်းလာသောအခါ
လက်ရှိနေထိုင်သည့်
လေးလွှာတိုက်ခန်းကို
ချက်ချင်းမတက်နိုင်သေး။
ထို့ကြောင့် ကျွန်တော်တို့
တိုက်ခန်းနှင့်နီးသော
မြေညီထပ်တိုက်ခန်းတစ်ခန်းကို
ခြောက်လနေထိုင်ဖို့ ငှားရမ်းပေးရ
သည်။ ဒီအတောအတွင်း
ကျွန်တော်တို့သည်
အမေဆေးရုံတက်ရသည့်
ကိစ္စအား ဆွေမျိုးရင်းချာများ
လောက်ကိုသာ အသိပေးသည်။
တခြားအသိမိတ်ဆွေများကပါ
သတင်းလာမေးရင်း စကားလာ
ပြောလျှင် အမေသည်
စကားများများမပြောချင်သော
ကြောင့်ဖြစ်သည်။
မူလတိုက်ခန်းတွင် အဖေနှင့်
ကျွန်တော်နေပြီး ငှားထားသော
မြေညီထပ်တွင် အမေ့ကို
အဒေါ်ဝမ်းကွဲတစ်ယောက်၊
သူနာပြုအကူတစ်ယောက်ငှား၍
ယာယီထားရသည်။
"ကလင် ... ကလင်"
နေ့ခင်းတစ်နာရီလောက်တွင်
တိုက်ခန်းရှေ့က
လူခေါ်ခေါင်းလောင်းတီးသံ
ကြားလိုက်ရသဖြင့် ထွက်ကြည့်
မိသည်။
"ဟာ...ဦးခင်ကြည်ပါလား"
ဟုပြောပြီး ကျွန်တော် တိုက်ခန်း
တံခါးဖွင့်ပေးလိုက်၏။
ဦးခင်ကြည်လာသောအချိန်မှာ
အဖေမရှိ၊ ကိစ္စတစ်ခုရှိ၍
အပြင်သွားနေခိုက်ဖြစ်သည်။
ဦးခင်ကြည်သည် အထဲသို့
ရောက်ရောက်ချင်း ဆိုဖာ
ပေါ်တွင် ထိုင်ချလိုက်သည်။
ဦးထုပ်ကိုချွတ်လိုက်ပြီး
သူ့လက်ထဲတွင်ဆွဲလာသော
ခြင်းတောင်းကို ကျွန်တော့်အား
ပေးသည်။
"အစ်မနေမကောင်းဘူးဆိုလို့
အစ်မကြီးနဲ့မမအေးတို့က
ပေးလိုက်တာ၊ ကြက်သားပြုတ်
တွေနဲ့ ဘဲဥတွေရော၊
တောကြက်ဥတွေပါ ပါတယ်၊
မကွဲစေနဲ့"
ကျွန်တော်သည် ကြက်သား
ပြုတ်များကို အိုးထဲမှာလှယ်ထား
လိုက်ပြီး ချိုင့်ကိုဆေးကြောပေး
လိုက်သည်။ ထို့နောက်
ပုဆိုးအသစ်
တစ်ထည်ကိုထုတ်ပြီး
လက်ဆောင်ပေးလိုက်သည်။
ဦးခင်ကြည်က
ပုဆိုးကိုကြည့်လိုက်ပြီး –
"ကချင်ပုဆိုးပါလားကွ၊
ဦးကြည်တို့အရွယ်ဝတ်ပဲ"ဟု
ပြောပြီး သဘောကျနေသည်။
ကျွန်တော်သည် ဦးခင်ကြည်ကို
လမ်းစရိတ်အဖြစ်
ပိုက်ဆံတစ်သောင်းပေးလိုက်
သည်။ ထို့နောက် အမေ့ကို
သတင်းမေးချင်တယ်ဟုဆိုသဖြင့်
အမေနေသည့် မြေညီထပ်သို့
သူ့ကိုလိုက်ပို့ရသည်။
အနားတွင် သူနာပြုအကူ
မိန်းကလေးကလည်းရှိနေ
သဖြင့် –
"သူနာပြုကို
အမေ့အတွက် နှစ်ဆယ့်လေး
နာရီငှားထားရတယ်"ဟု
ပြောတော့ ဦးခင်ကြည်က –
"သြော်...စပယ်ရှယ်နာ့စ်ပေါ့၊
တွမ်တီဖောအာဝါ"ဟုပြောသည်။
သူနာပြုအကူမိန်းကလေးမှာ



ပင်ကိုရေးဝတ္ထုရှည်(စ/ဆုံး)

# ဦးဖော်

## အနေဝေးသည့် ဦးလေးတစ်ယောက်

ရယ်ချင်သလိုဖြစ်သွားသည်ကို သတိပြုမိလိုက်၏။ ကျွန်တော်တို့ အဖို့ကတော့ ရိုးနေပြီ။ အမေ့ကို ဆယ်မိနစ်ခန့် သတင်းမေးပြီးသည့်နောက် ဦးခင်ကြည်ပြန်မည်ပြုသည်။ အဒေါ်ဝမ်းကွဲက အမေ့ဘက်ကဖြစ်သဖြင့် သူနှင့် သိပ်

မရင်းနှီးလှပါ။ "ဘာနဲ့ပြန်မှာတုံး"ဟုမေးတော့ တက္ကစီနှင့်ပဲပြန်မည်ဟုပြောသည်။ တက္ကစီနှင့်သုံးခွကားဂိတ်ကို စီးမည်။ သုံးခွသို့သွားမည့် အေဘီစီဂိတ်မှ သုံးခွစုပေါင်းတက္ကစီစီး၊ သုံးခွသို့ရောက်တော့မှ တံတားရှာသို့ဆိုင်ကယ်ကယ်ရီစီးပြီးပြန်မည်ဖြစ်သည်။ အခုပေးလိုက်သော ကြက်သား

နှင့် ကြက်ဥတွေက အဖေ၏အစ်မ နှစ်ယောက်ဖြစ်သော ဒေါ်ခင်စော နှင့် ဒေါ်ခင်အေးတို့ပေးလိုက်တာ ဖြစ်သည်။ ဒေါ်ခင်စောကို အစ်မကြီး ဟုခေါ်ပြီး ဒေါ်ခင်အေးကိုတော့ မမအေးဟု ခေါ်ကြသည်။

ကျွန်တော်သည် ဦးခင်ကြည် ကို ဂရက်တက္ကစီခေါ်ပေးလိုက် သည်။ မြေပုံထဲမှာကြည့်လိုက်ရာ တက္ကစီက နောက်ငါးမိနစ်လောက် မှ ရောက်လာမှာဖြစ်သည်။ ဦး ခင်ကြည်၏လက်ကိုကြည့်လိုက် တော့ ရွှေလက်စွပ်သုံးကွင်းကို လက်ခလယ်မှာတစ်ကွင်း၊ လက်သူ ကြွယ်နှင့် လက်သန်းမှာ နှစ်ကွင်း ဆင့်ဝတ်ထားသည်ကို တွေ့လိုက် ရသည်။

"ဦးကြည် ... တယ်ဟုတ်ပါ လား၊ ရွှေနဲ့ငွေနဲ့ဖြစ်နေပြီ"

"ဒီလိုပဲကွာ စုဆောင်းထားရ တာပေါ့"

"ဒါနဲ့ ဦးကြည်မိန်းမနဲ့ ဘယ် တော့ပြန်ပေါင်းမလဲ"

"လာမဲ့နွေပြန်ပေါင်းဖို့ နှစ် ယောက်စလုံးစဉ်းစားထားကြတယ်"

"ဦးကြည်အသက်ကော"

"ခြောက်ဆယ်ထဲရောက်ပြီ ကွ၊ ဒါနဲ့ မင်းဖုန်းနံပါတ် ငါ့ပေး စမ်းပါအုံး၊ မင်းက စာလေးဘာ လေး ရေးတယ်ပြောလို့ ဇာတ်လမ်း လေး ဘာလေးရရင် လှမ်းပြော မလို့"

ကျွန်တော်က ဖုန်းနံပါတ်ကို ပြောလိုက်ရာ ဦးခင်ကြည်က သူ့ဖုန်း ထဲမှာ နံပါတ်မှတ်လိုက်သည်။ ဦးခင် ကြည်၏ဖုန်းသည် ရိုးရိုးခလုတ်နှိပ် သော ကီးပတ်ဖုန်းကလေးမျှသာဖြစ် သည်။ ထိုစဉ် ခေါ်ထားသော ဂရက် တက္ကစီလာသဖြင့် ဦးခင်ကြည်လိုက် ပါသွားသည်။

"သွားပြီငါ့တူရေ၊ နောက်မှ ပဲ တွေ့တော့မယ်"

အသက်ခြောက်ဆယ်ကျော် မှ လူငယ်တွေလို အမျိုးသမီးနှင့်ပြန် ပေါင်းခန်းဖွင့်မည့် ကျွန်တော့် ဦးလေးအဖြစ်ကတော့ အမြီး အမောက်လည်း မတည့်လှပါ။ သို့သော်လည်း သူပြောတိုင်းကို ရာနှုန်းပြည့်ယုံကြည်လို့မရသည် ကတော့ တစ်မျိုးလုံးတစ်ဆွေလုံး အသိပင်ဖြစ်သည်။

(၂)

ဦးခင်ကြည်သည် ကျွန်တော့် အဖေ၏ညီအရင်းဖြစ်သည်။ နာမည် အရင်းက ဦးခင်ကြည်ဖြစ်သော် လည်း ကျွန်တော်တို့က သူ့ကို ဦး ကြည်ဟုပဲခေါ်သည်။ ကျွန်တော့် အဖေတွင် မွေးချင်းစုစုပေါင်း ငါး ယောက်ရှိပြီး သူက အငယ်ဆုံးဖြစ် သည်။ အကြီးဆုံးက ဦးခင်မောင်၊ သူ့အောက်က ဒေါ်ခင်စော၊ ဒေါ်ခင် အေး၊ ပြီးတော့ ကျွန်တော့်အဖေ ဦးခင်လှိုင်၊ အငယ်ဆုံးကမှ ဦးခင် ကြည်ဖြစ်သည်။ မွေးချင်းငါးယောက် စလုံး၏ နာမည်များတွင် 'ခင်'တွေပါ ပြီး ဦးခင်ကြည်ကိုမွေးဖွားချိန်တွင် တော်တော်လေးနောက်ကျသဖြင့် အကြီးဆုံး ဦးခင်မောင်နှင့်ဆိုလျှင် အသက်ချင်းက သားအဖလောက် ကွာသည်။ မွေးချင်းငါးယောက်ထဲ တွင် ကျွန်တော့်အဖေသာ တစ်မိ ပေါက်တစ်ယောက်ထွန်းဆိုသလို ဘွဲ့ရတစ်ယောက်ဖြစ်ပြီး သူ့အထက် က သုံးယောက်ကမူ သေစာရှင်စာ ဖတ်တတ်ရုံ ဘုန်းကြီးကျောင်းပညာ ရေးအဆင့်သာရှိသည်။

အဖေ၏မိဘများမှာ တောင် သူလယ်သမားများ ဖြစ်ကြသည်။ အကြီးသုံးယောက်မွေးဖွားချိန်တွင် စီးပွားရေးကလည်း သိပ်အဆင်မပြေ သဖြင့် သားသမီးများကို လယ်ထဲ တွင်ခိုင်းဖို့ ခပ်စောစောကတည်းက ကျောင်းထုတ်ကြသည်။ အဖေ ကျောင်းနေသောအချိန်မှသာလျှင် စီးပွားရေးကလည်း အထိုက် အလျောက် အဆင်ပြေလာသည့် အပြင် ရွာတွင်လည်း တွဲဖက်အလယ် တန်းကျောင်းဖွင့်သဖြင့် ရှစ်တန်းအထိ ထားခွင့်ရရှိခဲ့သည်။ ထိုမှတစ်ဖန် ကိုးတန်း၊ ဆယ်တန်းသို့ရောက်သော အခါ ကျောက်တန်းမြို့ပေါ်ရှိ အသိ အိမ်တစ်အိမ်တွင် ကျောင်းသွားနေ ခြင်းဖြင့် ဆယ်တန်းအောင်မြင်ခဲ့ ခြင်းဖြစ်သည်။

အဖေနှင့်ဦးခင်ကြည်သည် အသက်ကိုးနှစ်ခန့်ကွာသည်။ ဦး ခင်ကြည်တို့လက်ထက်ရောက်သော အခါ ရွာတွင် အစိုးရအထက်တန်း ကျောင်းရှိလာပြီဖြစ်သည်။ သို့သော် လည်း ဦးခင်ကြည်က ကျောင်းမနေ။ ငါးတန်းနှင့်ကျောင်းထွက်သည်။ အဓိကအကြောင်းပြချက်ကတော့

ဂျီသြမေတြီဟုခေါ်သော သင်္ချာ(၂)ကို နားမလည်သောကြောင့်ပင် ဖြစ်သည်ဟု အကြောင်းပြသည်။ ပညာရေးကို ဝတ္တရားတစ်ခုအနေဖြင့်သာ သဘောထားပြီး ပင်ကိုအားဖြင့် သိပ်အားမပေးသော အဘိုးနှင့် အဘွားက ဦးခင်ကြည်ကို ကျောင်းထွက်ခွင့်ပေးခဲ့သည်။ ဦးခင်ကြည် ကျောင်းထွက်ပြီး မကြာမီတွင် အဘိုးက ပန်းနာရင်ကျပ်ရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

ထိုအချိန်တွင် ဦးခင်မောင်၊ ဒေါ်ခင်စောနှင့် ဒေါ်ခင်အေးတို့ကလည်း အိမ်ထောင်ကိုယ်စီကျနေချိန်ဖြစ်သည်။ အဖေကလည်း တခြားကျေးရွာတစ်ရွာတွင် မူလတန်းပြဆရာလုပ်နေသည်။ ထို့ပြင် အဖေက စာသာသင်တတ်သည်။ လယ်မထွန်တတ်။ စပါးမရိတ်တတ်။ ထိုသို့သော လယ်ယာအလုပ်တွေကိုလည်း စိတ်ဝင်စားခြင်းမရှိ။

ထို့ကြောင့် အဘွားသည် လယ်ကိုဦးစီးလုပ်ကိုင်ပေးမည့်သူ မရှိသဖြင့် လယ်များကို အဖေ့အထက်က အကြီးသုံးယောက်ထံရောင်းလိုက်သည်။ သူတို့ကလည်း ပြေလည်မှပေးမည်ဟုဆိုကာ နည်းနည်းချင်းဖွဲ့ဆပ်သဖြင့် နောက်ဆုံးတွင် အဘွားသည် ငွေခေါင်းကွဲကာ လယ်တွေဆုံးရသောဘဝသို့ ရောက်ရှိသွားသည်။ ထိုအချိန်တွင် တစ်စခန်းထလာသူက ဦးခင်ကြည်ဖြစ်သည်။ အသက်ကလေးက ဆယ့်လေးငါးနှစ် လူပျိုပေါက်စအရွယ်သို့ရောက်ရှိလာသဖြင့် အဘွားကို စက်ဘီးစီးချင်သည်ဟု ပူဆာတော့သည်။

အဘွားမှာက ဝင်ငွေကမရှိတော့။ ထို့ကြောင့် လက်ထဲတွင် စုဆောင်းထားသော ရွှေတိုရွှေစလေးများကိုထုခွဲပြီး စက်ဘီးတစ်စီးဝယ်ပေးလိုက်ရသည်။ စက်ဘီးက အိန္ဒိယရာလေးစက်ဘီးကြီးဖြစ်သည်။ ဦးခင်ကြည်သည် ထိုရာလေးစက်ဘီးကြီးရလာတော့ ရွာထဲလှည့်လည်စီးပြီး လူပျိုလှည့်တော့သည်။ တစ်ခါတစ်ရံ တခြားရွာများကိုပါ လှည့်လည်စီးတော့သည်။ စက်ဘီးရှားပါးသော ခေတ်ဖြစ်သဖြင့် ဦးခင်ကြည်စက်ဘီးစီးလာလျှင် တခြားရွာကကလေးများမှာ စက်ဘီးနောက်ကနေပြေး၍ လိုက်သည်ဟု ဆိုသည်။

ကျွန်တော်မှတ်မိသေးသည်။ ကျွန်တော်တို့ရွာသည် မြောက်ဘက်ကမ်းနှင့် တောင်ဘက်ကမ်း နှစ်ခြမ်းရှိသည့်အနက် အဖေက တောင်ဘက်ကမ်းသားဖြစ်ပြီး အမေက မြောက်ဘက်ကမ်းသူဖြစ်သည်။ အမေကလည်း ဆရာမတစ်ဦးပင်ဖြစ်သည်။ အဖေနှင့်အမေအကြောင်းပါပြီး နှစ်ယောက်စလုံးက သင်တန်းများတက်ချိန်တွင် ကျွန်တော်က အမေ့ဘက်က အဘွားဖြစ်သူနှင့်နေရသည်။ အမေ့ဘက်က အစ်မ၊ ညီမများက ကျွန်တော့်ကို ဝိုင်းဝန်း၍ထိန်းသိမ်းစောင့်ရှောက်ပေးသည်။ အဲဒီတုန်းက ကျွန်တော်သုံးနှစ်သားလောက်ပဲ ရှိဦးမည်။ ဦးခင်ကြည်သည် သူ၏ရာလေးစက်ဘီးကြီးစီးပြီး ကျွန်တော့်ဆီရောက်လာသည်။ ထို့နောက် ကျွန်တော့်ကို စက်ဘီး၏ဘားတန်းပေါ်တွင်တင်ကာ အနီးအနားလှည့်လည်တွန်းသည်။ မုန့်ဆိုင်ကလေးတွေမှာ မုန့်ဝယ်ကျွေးတတ်သည်။

အဘွားနေစရာမရှိသည့် ကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်၏ ကြီးတော်နှစ်ယောက်ကတော့ ဦးခင်ကြည်ကို တော်တော်လေး စိတ်နာသွားကြသည်။ သို့သော်လည်း မောင်အငယ်ဆုံးကလည်းဖြစ်၊ ဦးခင်ကြည်၏သဘာဝကလည်း ပြန်မပြော၊ နားမထောင်တတ်သည့်အစားထဲကမို့ ကြာရှည် စိတ်နာ၍မရပါ။

ကျွန်တော့်ကို မျက်လှည့်များ၊ စကားထာဝှက်နည်းများကို သင်ကြားပေးသည်။ ကျွန်တော်ကလည်း ကျောင်းမနေရသေးသည့်အရွယ်ဖြစ်သဖြင့် ဦးခင်ကြည်လာလျှင် ပျော်နေတတ်သည်။

ဦးခင်ကြည်သည် အသက်ဆယ့်ရှစ်၊ ဆယ့်ကိုးတွင် ရည်းစားထားသည်။ သူ့ရည်းစားက သူ့ထက်နည်းနည်းငယ်သည်။ အလုပ်အကိုင်ကတော့ သမ္ဗန်ရေလုပ်ငန်းဖြင့် အသက်မွေးသော မိသားစုဖြစ်သည်။ သမ္ဗန်ထောင်ထားပြီး ငါးပိပေါ်ချိန်

တွင် အနောက်ချောင်းဟုခေါ်သော ဖျာပုံဘက်မှတင်၍ ရွာမှာရောင်းသည်။ သရက်သီးပေါ်ချိန်ရောက်လျှင် သရက်သီးများတင်၍ ရွာမှာရောင်းသည်။ ဦးခင်ကြည်သည် အသက်နှစ်ဆယ်ခန့်မှာပင် မိန်းမယူမည်ဟု အဘွားကိုပူဆာတော့သည်။ အဘွားတွင် အဓိကပြဿနာကတော့ မင်္ဂလာဆောင်ပေးစရာ ပိုက်ဆံမရှိ။ ထိုအခါ ဦးခင်ကြည်က မင်္ဂလာမဆောင်ပေးလျှင် သူထွက်ပြေးမည်ဟု ခြိမ်းခြောက်သည်။ နောက်ဆုံးမှာတော့ အဘွားသည် ကြံရာမရသည့်အဆုံး အိမ်ရောင်းကာ မင်္ဂလာဆောင်ပေးလိုက်ရသည်။

ထို့ပြင် မင်္ဂလာလက်ဖွဲ့ပစ္စည်းများကိုပင် သူ့မိန်းမဘက်က အကုန်သိမ်းယူသွားသဖြင့် ခြေမဲ့လက်မဲ့ဖြစ်သွားသည်။ အရင်းချုပ်လိုက်တော့ အိမ်ပြုတ်တာပဲ အဖတ်တင်ကာ အဘွား အိမ်ပေါ်ကနေဆင်းပေးလိုက်ရတော့သည်။ နေစရာကလည်း တခြားမရှိ၍ သားကြီးဦးခင်ကြည်၏လယ်တဲသို့လိုက်ကာ ချွေးမမျက်နှာကြည့်ပြီးနေရသောဘဝသို့ရောက်ရှိသွားသည်။ သမီးများက သူတို့နှင့်နေပါဟုပြောသော်လည်း အဘွားကမူ "သမက်တွေမျက်နှာကြည့်နေရမှာထက်စာရင် ချွေးမမျက်နှာကြည့်နေရတာက တော်သေးတယ်အေ" ဟုသာ ရေရွတ်သည်။

ဘကြီးဦးခင်မောင်၏စီးပွားရေးမှာ သူ့ညီမနှစ်ယောက်လောက်မကောင်းသော်လည်း သူ့နည်းသူ့ဟန်နှင့်တော့ အဆင်ပြေသည်။ ဘကြီး၏ တဲကလေးနေရာတွင် ချောင်းကနှစ်ခွဖြစ်သွားသဖြင့် သူ့ကို နှစ်ခွခင်မောင်ဟုလည်း ခေါ်ကြသည်။ ဘဲမွေးပြီး ဘဲကောင်ရေတော်တော်များများရှိသည်။ ဘဲဥများကိုတော့ သူပိုင်သမ္ဗန်မော်တော်လေးဖြင့် သုံးခွမြို့သို့သွားပို့တတ်သည်။ သုံးခွမြို့တွင် သူ၏ဖောက်သည်များရှိသည်။

အဘွားနေစရာမရှိသည့်ကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်၏ ကြီးတော်နှစ်ယောက်ကတော့ ဦးခင်ကြည်ကို တော်တော်လေးစိတ်နာသွားကြသည်။ သို့သော်လည်း မောင်အငယ်ဆုံးကလည်းဖြစ်၊ ဦးခင်ကြည်၏သဘာဝကလည်း ပြန်မပြော၊ နားမထောင်တတ်သည့်အစားထဲကမို့ ကြာရှည်စိတ်နာ၍မရပါ။ ကြီးတော်နှစ်ယောက်၏ခင်ပွန်းများကလည်း လယ်ကိုသာဖိဖိစီးစီးလုပ်သဖြင့် ဇကများတိုးပွားလာပြီး စီးပွားရေးပါ တဖြည်းဖြည်းတက်လာတော့သည်။ ညီအစ်မနှစ်ယောက်၏ပိုင်ဆိုင်မှုအခြေအနေတွေကလည်း နင်လားငါလားဖြစ်လာသည်။

အဖေနှင့်အမေသည်လည်း မူလတန်းမှသည် အလယ်တန်း၊ အလယ်တန်းမှသည် အထက်တန်းပြဆရာရာထူးများသို့ တဖြည်းဖြည်းတိုးလာခဲ့သည်။ ကျွန်တော် ရှစ်တန်းရောက်သောနှစ်တွင် အဖေသည် ရန်ကုန်မြို့ပေါ်ရှိ ကျောင်းတစ်ကျောင်းသို့ စတင်ပြောင်းသည်။ နောက် အမေက ကျွန်တော် ကိုးတန်းနှစ်မှာ ရန်ကုန်မြို့ပေါ်ရှိ နောက်တစ်ကျောင်းသို့ပြောင်းမိန့်ကျခဲ့သည်။ သည်လိုနှင့် ကျွန်တော်ပါ ရွာနှင့်ခွဲခွာပြီး ကိုးတန်း၊ ဆယ်တန်းကို ရန်ကုန်မြို့ပေါ်မှာသာ ဖြတ်သန်းခဲ့ရသည်။

(၃)

ကျွန်တော် ဆယ်တန်းစာမေးပွဲဖြေဆိုပြီး တက္ကသိုလ်မတက်ခင် စပ်ကြားကာလတွင် ရွာသို့ပြန်ကာ ကျူရှင်ဆရာ တစ်ခဏလုပ်ခဲ့ပါသည်။ ထိုစဉ်က ကျွန်တော်တို့ရွာမှာ ကျူရှင်များမရှိသေးပေ။ ကျောင်းတစ်ခုတည်းကိုသာ အားကိုးရသော အခြေအနေဖြစ်သည်။ ကျွန်တော်က ကျူရှင်ဖွင့်လိုက်တော့ အထူးအဆန်းသဖွယ်ဖြစ်ပြီး လာတက်ကြသည်။ တပည့်များထဲတွင် ရွယ်တူတန်းတူတွေလည်းပါသလို ကျွန်တော့်ထက်အသက်ကြီးသူတွေလည်းပါသည်။

တစ်ယောက်ကို ငွေတစ်ရာကျပ်နှင့်သင်ကြားခြင်းဖြစ်ပြီး လူငါးဆယ်လောက်ရရှိသဖြင့် ကျွန်တော်၏ဝင်ငွေသည် တစ်လ ငါးထောင်ခန့်ရခဲ့သည်။ ရွာတွင် အမေ့ဘက်က အမွေဆိုင်အိမ်ကြီးရှိသေးသည်။ ထိုအိမ်ကြီးမှာပင် အမေ့ဘက်က အစ်မတစ်ယောက်၊ ညီမတစ်ယောက်ရှိသည်။ အမေ့အစ်မကတော့ ယခင်က သမဝါယမဆိုင်တွင် ဆိုင်တာဝန်ခံလုပ်ခဲ့ဖူးသော်လည်း နောက်ပိုင်း သမဆိုင်များမရှိတော့

သူလည်း မလုပ်ဖြစ်တော့။ ညီမက တော့ ရွာကျောင်းမှာပဲ အလယ်တန်းပြ ဆရာမပြန်လုပ်နေသည်။

အဖေသည်လည်း ထိုအချိန်က ကျောင်းဆရာများကျူရှင်ပြလျှင် ဖမ်းမည်ဆီးမည်ဟူသောအမိန့်များကြောင့် အလုပ်ကထွက်ပြီး အပြင်ကျူရှင်ပြနေသဖြင့် အထိုက်အလျောက်အဆင်ပြေသည်။ ထို့ကြောင့် အဖေသည် ကျွန်တော့်အဘွားကို တစ်လလျှင် ပုံမှန် ငွေထောက်ပံ့ဖြစ်ခဲ့ပါသည်။ သို့သော်လည်း တစ်လချင်းမျိုးပေးသည်မဟုတ်ဘဲ လူကြုံရှိမှသာ ပေးရမည့်လများအတွက် စုပေါင်းကာပေးခြင်းဖြစ်သည်။ ကျွန်တော်သည် ရွာမှာပြန်၍ကျူရှင်သင်သော်လည်း ရန်ကုန်နှင့် ကူးချည်သန်းချည်လုပ်နေသဖြင့် များသောအားဖြင့် အဘွားအတွက် အဖေ၏ထောက်ပံ့ကန်တော့ငွေကို ကျွန်တော်ကပဲ ယူသွားတာများသည်။

ကျွန်တော်သည် ရွာမှာ ကျူရှင်ပြန်သင်တော့မှပဲ ဦးခင်ကြည်၏အကြောင်းများကို ပို၍ကြားရသည်။ ဦးခင်ကြည်သည် ယောက္ခမခြံထဲတွင် အိမ်သေးသေးလေးတစ်လုံးဆောက်ကာနေပြီး ကလေးနှစ်ယောက်ရနေပြီဟု သိရသည်။ ဆိုးသည်က ဘယ်အလုပ်ကိုမှ လက်ကြောတင်းအောင်မလုပ်ခြင်းပင်ဖြစ်သည်။ ယောက္ခမသမွန်က အနောက်ချောင်းဘက်သို့ သရက်သီး၊ သို့မဟုတ် ငါးပိတင်သွားဆိုလျှင် ဦးခင်ကြည်က ဝတ္ထုစာအုပ်များကိုယူသွားလေ့ရှိသည်။ ကျွန်တော်တို့ရွာရှိ စာအုပ်အငှားဆိုင်လေးတွင် သိုင်းစာအုပ်များရှိသဖြင့် ဦးခင်ကြည်သည် သိုင်းဝတ္ထုအုပ်တွဲများကို ငှားရမ်းသွားလေ့ရှိသည်။ ပြီးလျှင် သမ္ဗန်ပေါ်မှာ ဘာအလုပ်ကိုမှမလုပ်။ သိုင်းဝတ္ထုများကိုဖတ်သည်။ တခြားသမ္ဗန်သမားများချက်ပေးသောထမင်းကို စားချိန်တန်လျှင်စားသည်။ ဦးကြည်နှင့် သမ္ဗန်ပေါ်တွင်အတူလိုက်ဖူးသော ညိုဦးဆိုသည့်လူတစ်ယောက်က ကျွန်တော့်ကိုပြောဖူးသည်။

"မင်းဦးလေးကိုခင်ကြည်က ငါ့ယောက်ဖပါပဲကွာ၊ ပြောရရင် မကောင်းပါဘူး၊ ဘယ်လောက်ပျင်းလဲဆိုတော့ သမ္ဗန်ထဲ ရေဝင်တာတောင် မပက်ဘူး၊ ရေဘယ်လောက်ပဲဝင်ဝင် ကျန်တဲ့သူတွေကပဲ မနေနိုင်လို့လုပ်ရတာ"

"ဒါဖြင့် ခင်ဗျားတို့ ပြောကြည့်လေဗျာ"

"ပြောလဲ မကြားချင်ယောင်ဆောင်နေတာကွ၊ သူ့ပြောမဲ့အစား ကိုယ်တိုင်ထလုပ်လိုက်တာကမှ မြန်သေးတယ်၊ ဒါပေမဲ့ သူ့ကို လူမမုန်းတာက ကျန်တဲ့သူတွေက သူ့ကို ဘာပြောပြော ဘာမှပြန်မပြောဘူး"

ဦးခင်ကြည်သည် ထိုသို့သောပျင်းရိပြီး လက်ကြောမတင်းလှသော်လည်း တစ်ဖက်သားကို ဆွဲဆောင်နိုင်သော အရည်အချင်းများက ရှိသည်။ အထူးသဖြင့် ကာလသား လူပျိုများကို ပီယဆေး၊ မျက်နှာပွင့်ဆေး အစရှိသော ဆေးနည်း၊ ဖော်နည်းများပေးသည်။ ထိုဆေးများ စွမ်း၊ မစွမ်းတော့ ကျွန်တော်မသိ။

"ညီလေးတို့ မိန်းမတစ်ယောက်က ကိုယ့်ကိုကြိုက်၊ မကြိုက် သူ့ရဲ့မျက်လုံးကိုအကဲခတ်ကြည့်ရင် သိနိုင်တယ်ကွ၊ မျက်လုံးဆိုတာ စိတ်ရဲ့တံခါးပေါက်လို့ စာအုပ်တစ်အုပ်မှာ ဖတ်ဖူးတယ်ကွ"

"အပြောချိုဖို့တော့လိုတယ်ကွ၊ အပြောချိုမှ အပျိုချောကိုရမှာ"

သို့သော် ဖြစ်နိုင်၊ မဖြစ်နိုင်စဉ်းစားဉာဏ်နည်းသူများက သူ့ပြောစကားကိုယုံကြည်သည်။ သူနှင့် သက်တူရွယ်တူတွေကရောငယ်သူတွေကပါ သူ့ကို နာမည်အရင်းမခေါ်ကြ၊ ဘိုကြည်ဟုသာခေါ်ကြသည်။ ကျွန်တော့်သူငယ်ချင်းတွေကပါ သူ့ကို ဘိုကြည်ဟုခေါ်ကြပေမဲ့ သူကတော့ ဘယ်လိုမှ သဘောထားဟန်မတူ။

နောက်ပိုင်း သူနှင့်တွေ့သည့်အခါ စကားပြောလျှင် ပါးစပ်က အရက်နံ့ကို ရံဖန်ရံခါရလာတတ်သည်။

စကားပြောလျှင်လည်း အင်္ဂလိပ်စကားအကျိုးအပဲ့များကို ညှပ်ပြောတတ်သည်။ ကျွန်တော်နှင့် အကြောင်းအရာတစ်ခုကိုငြင်းခုံကြရင်း "မင်းဖီလိုဆိုဖီက နသေးတာပဲ"ဟု ပြောသည်။

"ဦးကြည်...ဖီလော်ဆိုဖီကို အင်္ဂလိပ်လိုစာလုံးပေါင်းပြပါ"ဟု ပြောလိုက်တော့ ဘာမှပြန်မပြော။ ကျွန်တော့်ကိုသာ မကြည်သည့် အကြည့်ဖြင့်ကြည့်သည်။

မီးရထားပေါ်က ဆေးကြော်ငြာရောင်းသည့်သူတွေလို 'စိမ်းကားမှ ဘုရားဖြစ်၊ ဘိန်းစားမှ မယားချစ်'၊ 'အလိုကြီးတယ်လို့လည်း ငွေရှာမလောနဲ့၊ အစ်ကိုကြီးရယ်လို့လည်း မေကညာမရောနဲ့'ဆိုသော နဘေထပ်စကားမျိုးတွေကို ပြောတတ်သည်။ ကာလသားတွေသဘောကျတတ်သော ညစ်ညမ်းပုံပြင်တွေကို ပြောတတ်သည်။ သူကြားဖူးသည့် ပုံပြင်တွေလည်းဖြစ်နိုင်သလို သူ့မူပိုင်ပုံပြင်တွေလည်းဖြစ်နိုင်သည်။

ထို့ကြောင့်လည်း ကာလသားများက သူ့ကိုခင်သည်က မဆန်း။ သူက လူငယ်တွေကို အပြောကောင်းခြင်းတစ်ခုတည်းနှင့် စည်းရုံးထားသည်။

ကျွန်တော့်ကိုလည်း တစ်ခါက သူပြောဖူးသည်။

"ငါ့တူ ... မင်း လုလုမော်ကို သိတယ်မဟုတ်လား၊ မင်းကျူရှင်မှာ လာတက်တဲ့ကောင်မလေးလေ"

"သိတယ်ဦးကြည်၊ ဘာဖြစ်လို့လဲ"

"သူက တို့အပိုင်းမှာနေတာကွ၊ သူ့အိမ်မှာ ကွမ်းယာရောင်းတယ်၊ အဲဒါကို ငါ့တူက ကျောင်းပြီးရင် နင့်ကိုယူမှာလို့ပြောရင် ကောင်မလေးက ငါ့ကို ကွမ်းယာအလကားကျွေးတယ်"

"ဦးကြည်ရာ... မဟုတ်က ဟုတ်ကတွေ၊ ကျူရှင်လာတက်တဲ့ သူတွေကို ပေါက်ကရတွေလျှောက် မပြောပါနဲ့ဗျာ"ဟုသာပြောလိုက်ရသည်။

"ကောင်မလေးက မင်းကို စိတ်ဝင်စားနေတာကွ"ဟု ထပ်ပြောသေးသည်။

"တော်ပါတော့ဗျာ၊ ပြဿနာမရှာပါနဲ့၊ ကျွန်တော့်ကျူရှင်ပျက်ပါလိမ့်မယ်"

သို့သော် ဦးခင်ကြည်သည် ယုံရသည့်အထဲတွင်ပါသူမဟုတ်။ သူ ကွမ်းယာတစ်ယာအလကားစားရဖို့ လုပ်ကြံဖန်တီးထားသော ဇာတ်လမ်းတွေကို လျှောက်ပြောတာလည်း ဖြစ်နိုင်သည်။

တစ်ခါတုန်းကလည်း ကျွန်တော် မှတ်မိသေးသည်။ ကျွန်တော်သည် ကြီးကြီးဒေါ်ခင်အေး၏အိမ်သို့ ရောက်နေချိန်ဖြစ်သည်။ ထိုစဉ် ဦးခင်ကြည်ရောက်လာပြီး –

"မမအေး... ကျွန်တော့်အိမ်မှာထင်းမရှိဘူးဗျာ၊ ထင်းလေးနည်းနည်းလောက်"ဟုတောင်းသည်။

"တို့ဆီမှာလဲ ခွဲပြီးသားထင်းမရှိဘူး၊ မင်းဘာသာမင်း ထင်းပေါက်သွားလေ၊ နောက်ဖေးမှာ ထင်းတုံးတစ်တုံးရှိတယ်၊ ပုဆိန်က မီးဖိုခန်းထဲမှာရှိတယ်" ဟု ဒေါ်ခင်အေးက ပြန်ပြောသည်။

ကျွန်တော်လည်း ဦးခင်ကြည် ဘာလုပ်မလဲဆိုသည်ကို စိတ်ဝင်စားနေမိသည်။ ဦးခင်ကြည်သည် ကျွန်တော့်ကိုမြင်သွားတော့ –

"ငါ့တူ...မင်းရောက်နေပါလားကွ"ဟုဆိုကာ မီးဖိုချောင်ထဲရှိ ပုဆိန်ကိုသွားယူသည်။ ကြီးကြီးက ပေါက်ခိုင်းသောထင်းတုံးကတော့ ခွဲရခက်သဖြင့် ကျန်နေသေးသော ကုက္ကိုသားအမြစ်ဆုံအတုံးတစ်တုံးဖြစ်သည်။ ထိုအမြစ်ဆုံကိုမြင်သောအခါ ဦးခင်ကြည်မျက်နှာပျက်သွားသည်။ ထို့နောက် ပုဆိန်ကိုမြှောက်ကာ မာန်ပါပါ သုံးလေးချက်လောက်တော့ ပေါက်လိုက်သေးသည်။ ထို့နောက် "တခြားအလုပ်တွေရှိသေးတယ် မမအေးရေ၊ နောက်မှပဲလာတော့မယ်"ဆိုကာ ပုဆိန်ကိုချပြီး ထွက်သွားတော့သည်။ ကျန်နေသည့် ပုဆိန်ကို ကျွန်တော်က မနေတတ်သဖြင့် မူလနေရာမှာပြန်ထားပေးလိုက်ရသေးသည်။

ဦးခင်ကြည်သည် အရက်ကလေးတမြမြနှင့် ရွာရိုးကိုးပေါက် အလုပ်မရှိအကိုင်မရှိ လှည့်လည်သွားသည်။ အချိန်တန်၍ အိမ်ပြန်လျှင် ယောက္ခမထမင်းအိုးကို တက်နှိုက်စားသည်။ ကြာတော့ ယောက္ခမတွေက မကြည်ဖြူ။ မွေးထားသည့်ကလေးတွေကလည်း ယောက္ခမအိမ်ပေါ်တွင်သာ တက်နေတော့သည်။ နောက်ပိုင်း ဦးခင်ကြည်၏သတင်းကြားရသည်ကတော့ ဖဲဝိုင်းများရှာကာ ဖဲရိုက်လာခြင်းပင်ဖြစ်သည်။ ယောက္ခမလည်း မည်သည့်စီးပွားရေးအလုပ်မှ သူ့ကိုဦးစီး၍လုပ်မခိုင်းရဲ။

လုပ်ခိုင်းလျှင် ဖဲရိုက်ပစ်၍ ကုန်တာချည်းပဲဖြစ်သည်။ ပိုက်ဆံကုန်လျှင် အိမ်သို့ပြန်မလာရဲ။ ရန်ကုန်ရှိ အသိမိတ်ဆွေများထံတွင် တစ်ပတ်၊ ဆယ်ရက်လောက် စတေးရှောင်နေတတ်သည်။ သူ့မိန်းမကသာ ရှာမော်တော်ဆိုက်ချိန်တိုင်းတွင် သူပါ၊ မပါ လာလာကြည့်ရသည်မှာ အမောပင်ဖြစ်သည်။

ဦးခင်ကြည်သည် အဘွားထံ အဖေ့ဆီကထောက်ပံ့ငွေရသည်ဟုကြားသည်နှင့် ရွာထဲရှိကုန်စုံဆိုင်က လက်ဖက်အကြော်စုံနည်းနည်းပါးပါးဝယ်ကာ အမေစားဖို့ဆိုပြီး လာပေးတတ်သည်။ အဖေ့အစ်ကိုကြီး ဦးခင်မောင်ကတော့ ဒီယုန်မြင်လို့ ဒီချုံထွင်တယ်ဆိုတာကို သိပြီးသားဖြစ်သည်။ သူ့ကြောင့် ကျွန်တော့်အဘွားအိမ်ပျောက်သည်ဟုဆိုကာ ဦးခင်ကြည်ကို ဟက်ဟက်ပက်ပက်မရှိလှချေ။ ဘကြီးက "ဒီကောင်က တစ်သက်လုံးကြီးပွားတော့မှာမဟုတ်ဘူး၊ မိဘဂိုဏ်းသင့်နေတဲ့ကောင်" ဟု ပြောတတ်သည်။

အဘွားကသာ သူ့သားဘက်က ကာသည်။ "အမယ်လေး ... သိတတ်လိုက်တဲ့သားလေး"ဟု ပြောပြီး အဖေကန်တော့သောငွေထဲက တချို့တစ်ဝက်ကိုခွဲပေးတတ်သည်ဟု ကျွန်တော်ကြားရသည်။

(၄)

နောက်ပိုင်းတွင် တက္ကသိုလ်များစဖွင့်ချိန်၌ ကျွန်တော်သည် ရှာကျူရှင်ဆရာဘဝက အပြီးတိုင် ရပ်နားခဲ့သည်။ သို့သော်လည်း ဦးခင်ကြည်နှင့်တော့ အဆက်အသွယ်မပြတ်ခဲ့ပါ။ ဦးခင်ကြည်သည် တစ်နှစ်ကို အနည်းဆုံး သုံးလေးခါက်တော့ ကျွန်တော်တို့အိမ်သို့ရောက်လာသည်။ အဘွားဖြစ်သူကို ကန်တော့သည့်ငွေ ကျွန်တော်နှင့်ပေး၍မရတော့သဖြင့် ဦးခင်ကြည်နှင့် သုံးလစာ လူကြုံပေးလိုက်သည်။ အဖေက "မောင်ခင်ကြည် ... မင်း သေသေချာချာ ပေးလိုက်နော်" ဆိုသည့် ကတိကိုတောင်းတော့ "ဟုတ်ကဲ့ အစ်ကို" ဟု ပြန်ပြောသွားသည်။

နောက်တစ်လခန့်ကြာတော့ ကျွန်တော့်အဘွားသည် မြေးဝမ်းကွဲကောင်မလေးတစ်ယောက်ကိုခေါ်ကာ ကျွန်တော်တို့အိမ်သို့ရောက်လာသည်။ ကျွန်တော်တို့က သူ့ကို ခါတိုင်းလို ပံ့မှန်ငွေမထောက်ပံ့နိုင်တော့သဖြင့် စီးပွားရေးအခြေအနေကောင်းမှ ကောင်းရဲ့လားဆို ပြီး စိတ်ပူကာ လာရောက်ကြည့်ရှုခြင်းပင်ဖြစ်သည်။ အဖေက အဘွားကို မေးလိုက်သည်။

"အမေ ... မောင်ခင်ကြည်နဲ့ သုံးလစာပို့ခိုင်းလိုက်တာ မရဘူးလား"

"မရပါဘူးကွယ်၊ သူ လာတော့ လာပါတယ်၊ မင်းတို့လဲ အရင်ကလို အခြေအနေသိပ်မကောင်းဘူးလို့ပဲပြောတယ်၊ ပြီးတော့ ဟိုအကြောင်းဒီအကြောင်းပြောပြီးပြန်သွားတာပါပဲ၊ ဘာပိုက်ဆံမှမပေးပါဘူး"

ထိုအခါကျတော့မှ ကျွန်တော်တို့သည် အကြောင်းစုံကိုသိလိုက်ရသည်။ ဦးခင်ကြည်က အဘွားကိုပေးရမည့်ပိုက်ဆံကို ဘယ်နေရာမှာ သုံးလိုက်ပြီလဲမသိ။ ဖဲများရှုံး၍လား၊ ဒါမှမဟုတ် ချဲများ အကြွေးထိုး၍ မပေါက်သဖြင့် ပေးလိုက်ရပြီ

"ကိုခင်ကြည်တစ်ယောက် အင်းစိန်ထောင် ရောက်နေတယ်၊ သူ့ယောက္ခမကြီးကို လေးခွနဲ့ပစ်လို့တဲ့"

လားမသိ။ သေချာတာတစ်ခုကတော့ အဘွားဆီသို့ တစ်ပြားတစ်ချပ်မှမပေးခြင်းပင်ဖြစ်သည်။ သည်ကိစ္စနှင့်ပတ်သက်ပြီး အဖေက ဒေါသပေါက်ကွဲတော့သည်။ "ခင်ကြည် ငါ့အိမ်ရိပ်တောင်မနင်းစေနဲ့"ဟု ရာဇသံပေးလိုက်သည်။ သို့ဖြင့် ဦးခင်ကြည်နှင့် ကျွန်တော်တို့မိသားစုမှာ ယာယီအဆက်အသွယ်ပြတ်သွားခဲ့သည်။ သို့သော်လည်း ဆောင်းညတစ်ညတွင် ဦးခင်ကြည်နှင့်ပြန်လည်တွေ့ဆုံခဲ့ပါသည်။

ချမ်းအေးလှသော ဇန်နဝါရီလ၏ ဆောင်းညတစ်ည။ ညရှစ်နာရီ

ခွဲခန့်တွင် ဦးခင်ကြည်သည် မောကြီးပန်းကြီးရောက်လာသည်။ သူ့ပုံစံအနေအထားကိုကြည့်ရတာ အိမ်မှာအိပ်မည့်ပုံစံမျိုးဖြစ်သည်။ ထို့ကြောင့် ကျန်သည့်ကိစ္စကိုနောက်ထား၍ ကိုးနာရီမထိုးခင် ရပ်ကွက်ရုံးတွင် ဧည့်စာရင်းတိုင်ရန်သာ အရင်လုပ်ရတော့မည်။

ကျွန်တော်သည် ဦးခင်ကြည်ကို ရပ်ကွက်ရုံးသို့သာ ခပ်သွက်သွက်ခေါ်ဆောင်လာခဲ့သည်။ လမ်းတွင် သူက "ဖြစ်နိုင်ရင် ဦးကြည် မင်းတို့ဆီကိုမလာချင်ပါဘူးကွာ၊ အခုဟာက မလာမဖြစ်လို့လာရတာပါ၊ ဦးကြည်သမီးအကြီး၊ မင်းနဲ့ဆိုရင် တစ်ဝမ်းကွဲပါပဲ၊ အခုဆေးရုံတင်ထားရလို့ အရေးပေါ်ငွေလိုလို့ပါကွာ"ဟု ပြောသည်။

ကျွန်တော်ကတော့ ဘာမှပြန်မပြောဖြစ်ဘဲ သူပြောသမျှကိုသာ နားထောင်နေမိသည်။ သူ့သမီးတွင် နှလုံးသွေးကြောကျဉ်းရောဂါရှိကြောင်း၊ ဆေးရုံစရိတ်လိုအပ်သဖြင့် မလာချင်သည့်အကြားက မျက်နှာအောက်ကျခံကာ ရောက်လာရသည့်အကြောင်းများကိုရှင်းပြသည်။ ပြောရင်းနှင့်ပင် မျက်လုံးကစီးကျလာသော မျက်ရည်များကို လက်ခုံဖြင့် သုတ်လိုက်သေးသည်။

အဖေကလည်း ညီအစ်ကိုချင်းသံယောဇဉ်ဖြင့် အရင်ကိစ္စကို စိတ်ပြေသွားပြီဖြစ်သည်။ ထို့ကြောင့် သူ့သမီးဆေးကုသစရိတ်အတွက် ငွေကြေးအထိုက်အလျောက်ပေးလိုက်ပါသည်။ အိမ်တွင်တစ်ညအိပ်ပြီး မိုးလင်းလင်းချင်း ဦးခင်ကြည် ပြန်သွားသည်။ ထိုသို့ ပထမအကြိမ်ပြန်လည်ဝင်ရောက်ခဲ့သည်မှ အစပြုပြီး ဦးခင်ကြည်သည် ကျွန်တော်တို့အိမ်နှင့် ရွှေလမ်းငွေလမ်းပြန်ပေါက်သွားခဲ့သည်။

အဖေသည် သူကျူးရှင်သင်သည့်အိမ်တစ်အိမ်က တပ်နှင့်ပတ်သက်သောအိမ်တစ်အိမ်ဖြစ်သဖြင့် အာမီရမ်သုံးလုံး လက်ဆောင်ရခဲ့သည်။ အဖေရော ကျွန်တော်ပါ မသောက်တတ်သဖြင့် ထိုအာမီရမ်သုံးလုံးကို ဒီအတိုင်းပဲသိမ်းဆည်းထားဖြစ်ခဲ့သည်။ တစ်ရက်တွင် ဦးခင်ကြည် ရောက်လာသောအခါ အဖေက အာမီရမ်ကိစ္စကိုသတိရသွားသည်။

"မောင်ခင်ကြည်...ငါ အာမီရမ်သုံးလုံးရထားတာရှိတယ်၊ အဲဒါ အစ်ကိုကြီးကိုခင်မောင်ကတော့ အရက်မသောက်တတ်တော့ သူ့ကိုမပေးတော့ဘူး၊ မင်းတစ်လုံးယူ၊ အစ်မကြီးယောကျ်ား ကိုစိုးသိမ်းနဲ့ မမအေးယောကျ်ား ကိုသိန်းထွန်းတို့က နည်းနည်းသောက်တတ်တော့ တစ်ယောက်တစ်လုံးစီပေးလိုက်ပါကွာ"ဟုပြောပြီး သူ လက်ဆောင်ရရှိထားသည့် အာမီရမ်သုံးလုံးကို ပေးလိုက်သည်။

"အာမီရမ်က ကျန်းမာရေးအတွက်ကောင်းတယ်၊ ကျေးဇူးပဲ အစ်ကိုရေ၊ ကျွန်တော် ကိုစိုးသိမ်းနဲ့ ကိုသိန်းထွန်းကို သေချာပေးလိုက်ပါ့မယ်"ဟု အာမဘာန္တေခံကာ ဦးခင်ကြည်သည် အာမီရမ်သုံးလုံးကိုယူကာ ပြန်သွား၏။

ထိုနှစ်နွေတွင် အဖေသည် ရွာသို့အလည်ရောက်သောအခါ စကားတိုက်ဆိုင်၍ ဒေါ်ခင်စောကိုရော၊ ဒေါ်ခင်အေးကိုရော ထိုအာမီရမ်အကြောင်း မေးကြည့်သည်။ ဦးခင်ကြည်သည် ဘယ်သူ့ကိုမှ အာမီရမ်မပေးဟူသော အဖြေရသည်။ ထိုအာမီရမ်ကိစ္စကို အမျိုးများရှေ့တွင် မျက်နှာစုံညီရှင်းကြတော့ ဦးခင်ကြည်က တည်တည်ငြိမ်ငြိမ်ပဲရှင်းသည်။

"အစ်မကြီးရော၊ မမအေးရောက သူတို့ယောကျ်ားတွေ အရက်သောက်တာကိုမကြိုက်ဘူးလေဗျာ၊ ကျွန်တော်က သူတို့ဆီသွားပြီး ပိုက်ဆံလေးဘာလေးချေးနေရတာမို့ သူတို့မကြိုက်တဲ့အလုပ်တွေ ရှောင်ရတယ်၊ တော်ကြာ သူတို့ယောကျ်ားတွေ အရက်သောက်အောင် ကျွန်တော်မြှောက်ပေးတယ်ဆိုပြီး ကျွန်တော့်ကို ပြဿနာရှာလိမ့်မယ်၊ နောက်ဆုံးတော့ ကျွန်တော်လဲ မပေးရဲတာနဲ့ပဲ ကိုယ့်ဘာသာသောက်ပစ်လိုက်တာ ကုန်သွားတယ်အစ်ကိုရာ"ဟုပဲ အဖေ့ကို ဖြေရှင်းချက်ထုတ်ပါသည်။

သူပြောသည်မှာလည်း သဘာဝကျနေပြန်သည်။ ဒေါ်ခင်စောရော၊ ဒေါ်ခင်အေးရော သူတို့ယောကျ်ားများ အရက်သောက်ကြခြင်းကို မကြိုက်ကြသည်က အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် ဦးခင်ကြည်အနေဖြင့် အာမီရမ်နှစ်ပုလင်း

ကို မပေးရဲဟုပြောသော သူ့စကားက ယုတ္တိရှိနေပြန်ပါသည်။ နောက်ဆုံးမှာတော့ သူ့ကိုလူကြုံပေးခိုင်းလိုက်မိခြင်းကိုပဲ အပြစ်တင်ရမည်ဖြစ်သည်။

တစ်ခါတုန်းကလည်း မှတ်မိသေးသည်။ ကျွန်တော်တို့အိမ်သို့ရောက်လာတော့ သူကပြောသည်။

"ဦးကြည် တိရစ္ဆာန်ရုံဝင်ခဲ့ရသေးတယ်ကွာ"

"ဟာ ... ဘာဖြစ်လို့လဲ"ဟု ကျွန်တော်က မေးလိုက်သည်။

"ပင်လယ်ကမ်းစပ်က ဘုန်းကြီးကျောင်းအောက်ကို ကမ္ဘာလိပ်ကြီးတစ်ကောင် တက်လာလို့ကွ၊ အဲဒါ ဦးကြည် တိရစ္ဆာန်ရုံကိုဝင်ပြီး သွားဖမ်းဖို့အကြောင်းကြားတာ"

နောက်တော့မှ ဇာတ်လမ်းကို ကျွန်တော်သိလိုက်ရသည်။ ဦးခင်ကြည်တွက်ဆထားသည်က တိရစ္ဆာန်ရုံက သူ့ကို ဆုကြေးလေးဘာလေး ပေးလိမ့်မည်ဟု မျှော်လင့်ထားခြင်းပင်ဖြစ်သည်။ သို့သော် လက်တွေ့က ထင်သလိုမဟုတ်။ တိရစ္ဆာန်ရုံဝန်ထမ်းများက ကမ္ဘာလိပ်ကြီးကို သွားဖမ်းသောအခါ ဘုန်းကြီးက မပေးနိုင်ပါဘူးဟု မောင်းနှင်လွှတ်သဖြင့် ဝန်ထမ်းများ တပ်ခေါက်ပြန်လာခဲ့ရသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူတစ်ယောက်က "ဒီကောင် တော်တော်ရှုပ်တဲ့ကောင်ကွာ၊ အချုပ်ထဲထည့်ထားလိုက်"ဟု ပြောသည်ဟုဆိုသည်။ သို့သော်လည်း ဦးခင်ကြည်အချုပ်ထဲသို့မရောက်လိုက်ပါ။

ဦးခင်ကြည်သည် အသက်တဖြည်းဖြည်းကြီးရင့်လာသည့်တိုင် ထူးထူးခြားခြားပြောင်းလဲသည်ကို မတွေ့ရပါ။ သမီးကြီးဖြစ်သူပင် အိမ်ထောင်ကျ၍ သားဖြစ်သူလည်း မလေးရှားသို့သွားကာအလုပ်လုပ်နေပြီ။ သားသမီးများ ဤအရွယ်သို့ရောက်အောင် ကျောင်းထားပေးပြီး ကျွေးမွေးပြုစုခဲ့သည်မှာလည်း သူ့ယောက္ခမများသာဖြစ်သည်။ သို့သော်လည်း သူကတော့ ဒုံရင်း ဒုံရင်းပဲဖြစ်သည်။ အရက်ကလေးတမြမြ၊ လူငယ်ကာလသားများနှင့်တွေ့၍ တောင်စဉ်ရေမရစကားများကိုပြောလိုက်၊ အချိန်တန် ယောက္ခမအိမ်က ထမင်းအိုးကိုတက်နှိုက်လိုက် ၊ လင်မယားရန်ဖြစ်လိုက်နှင့် အစရှိသောအကြောင်းများကိုသာ ကြားနေရပါသည်။

တစ်ခါကလည်း ကျွန်တော့်အဖေပါ ပိုက်ဆံစိုက်ပေးခဲ့ရသော ဖြစ်ရပ်တစ်ခုကြုံခဲ့ရသည်။ ဦးခင်ကြည်သည် အလုပ်မလုပ်သဖြင့် မိန်းမလုပ်သူက နေ့စဉ်နှင့်အမျှ မြည်တွန်တောက်တီးသည့်ဒဏ်ကိုမခံနိုင်သဖြင့် စက်ဘီးတစ်စီးဖြင့်လှည့်လည်ထီရောင်းသည်။ ထီလက်မှတ်များကို ကြိုတင်စပေါ်တင်ရခြင်းမျိုးမဟုတ်၊ နားလည်မှုပေးပြီးရောင်းခိုင်းခြင်းမျိုးဖြစ်သည်။ ဦးခင်ကြည်သည် သူ၏ မူလလက်ဟောင်း ရာလေးစက်ဘီးတစ်စီးဖြင့် လယ်တဲတကာလှည့်ကာ ထီရောင်းသည်။ ရောင်းတော့လည်း ရိုးရိုးတန်းတန်းရောင်းခြင်းမျိုးမဟုတ်။

"ထီပေါက်ပါစေဗျာ၊ ဒီဂဏန်းကကောင်းတယ်၊ ညက ကျွန်တော်အိပ်မက်မက်တယ်၊ ၅ နဲ့စတဲ့ဂဏန်းက ထီဆုကြီးပေါက်တော့မှာ"အစရှိသဖြင့် ရွှန်းရွှန်းဝေအောင်ပြောဆိုပြီး ထီရောင်းတော့သည်။ တောရွာများတွင် တော်ရုံတန်ရုံလူရောင်း၍မကုန်သော ထီလက်မှတ်များသည် ဦးခင်ကြည်ရောင်းတော့ကုန်သည်။ ကံကောင်းသည်ကတော့ ထီထွက်သောအခါ ဆုကြီးမပေါက်သည့်တိုင် ဟိုလူကတွတ်ဝင်၊ သည်လူကတွတ်ဝင် ဝင်ကုန်ကြသည်။ ဆုသေးလေးများ တော်တော်များများပေါက်ကုန်ကြသည်။

သို့သော်လည်း ဒါက တစ်လမျှသာခံပါသည်။ နောက်တစ်လတွင် ထီလက်မှတ်များရောင်းချအပြီး ပိုက်ဆံအပ်ရမည့်အခါ သူ့မှာ အပ်စရာမရှိတော့၊ ဖဲဝိုင်းမှာကုန်ပြီ။ ထီဖွင့်ပြီးသည့်တိုင် ထီရောင်းရငွေများမအပ်နိုင်သဖြင့် သူ့ကို ထီလက်မှတ်ရောင်းခိုင်းသူက ရဲကိုတိုင်တော့သည်။ ထို့ကြောင့် ဦးခင်ကြည် အချုပ်ထဲသို့ရောက်ပြန်ပြီ။ သူ့အမျိုးသမီး၊ ယောက္ခမဘက်ကလည်း စိုက်မပေးနိုင်တော့။ ထမင်းတင်ကျွေးထားတာတောင် လွန်လှပြီဟုဆိုသည်။

သည်ကိစ္စနှင့်ပတ်သက်ပြီး ဘကြီးဦးခင်မောင်ကတော့ "မောင်

ခင်ကြည်နဲ့ပတ်သက်တဲ့ကိစ္စ ငါ့ကို လာမပြောနဲ့"ဟု ယတိပြတ်တစ်ခွန်း တည်းဆိုတော့သည်။ ကျွန်တော်တို့ အဘွားက သမီးတွေကိုအကူအညီ တောင်းသဖြင့် ဒေါ်ခင်စောသည် ဒီကိစ္စကို ဦးဆောင်ရတော့သည်။ ဒေါ်ခင်စော၊ ဒေါ်ခင်အေးနှင့် ကျွန်တော့်အဖေတို့ သုံးယောက် ပေါင်းပြီး ထီရောင်းရငွေများကို စိုက် လျော်ပေးလိုက်ရသည်။ တစ်ဖက် သားကိုလည်း အမှုမလုပ်အောင် တောင်းပန်လိုက်ရသေးသည်။ ဒီ နောက်ပိုင်းတွင် အဘွားဆုံးသွားခဲ့ သည်။ ဦးခင်ကြည်လည်း ကျွန်တော် တို့ဆီသို့ တစ်နှစ်မှတစ်ခါလောက်ပဲ လာရောက်တော့သည်။ အလာက တော့ တော်တော်ကျဲသွားသည်။

သို့သော်လည်း ဒီဘက်ခေတ် ကာလသို့ရောက်သောအခါ လက် ကိုင်ဖုန်းများ မြို့ရော၊ ကျေးလက် တောရွာများတွင်ပါရှိနေပြီဖြစ်သဖြင့် ဦးခင်ကြည်နှင့်ပတ်သက်သော သတင်းတစ်ခုကို ကြားလိုက်ရပြန် ပါသည်။

"ကိုခင်ကြည်တစ်ယောက် အင်းစိန်ထောင်ရောက်နေတယ်၊ သူ့ယောက္ခမကြီးကို လေးခွနဲ့ပစ်လို့ တဲ့"

"ဘုရား...ဘုရား...ဘာတွေ ဖြစ်ကုန်ပြီလဲ"ဟုသာ မြည်တမ်းမိ တော့သည်။

သူနှင့်ပတ်သက်သော နောက် ဆက်တွဲသတင်းများကိုလည်း ထပ် ကြားရသည်။ သူ ထောင်ကလွတ် တော့နေစရာမရှိပေ။ ယောက္ခမအိမ် က သူ့ကိုလုံးဝပြန်လက်မခံတော့။ အိမ်ရိပ်တောင်မနင်းရတော့ဟု ဆို သည်။

ထို့ကြောင့် ပင်လယ်ကမ်းစပ် နားက ရွာလေးတစ်ရွာတွင် ဆွေမျိုး တော်စပ်သည့် ဦးပဥ္စင်းကြီးဦးစန္ဒိမာ ကျောင်းထိုင်သောကျောင်းတွင် ဘုန်းကြီးသွားဝတ်နေသည်ဟု ကြား ရသည်။

သို့သော်လည်း ဘယ်တော့ လူထွက်မလဲဆိုတာကိုပဲ ဆက် လက် နားထောင်ဖို့ပဲရှိသည်။

(၅)

ဆောင်းကုန်ခါနီးတစ်ရက် တွင် ဦးခင်ကြည်သည် ကျွန်တော် တို့အိမ်သို့ ပေါက်ချလာပြန်သည်။

"အစ်မကြီးကကော၊ မမအေး ကကော မင်းတို့မိသားစုကို မပေးရ တာကြာလို့ ဦးကိုလာပေးခိုင်းလိုက် တာ"ဟုဆိုကာ တောထွက်ပစ္စည်း စားစရာတွေ၊ ကောက်ညှင်းဆန်တွေ၊ ဟင်းလျာတွေပါလာသည်။ အဖေ က သူ့ကိုမေးသည်။

"မောင်ခင်ကြည် ... မင်း ဘုန်းကြီးဝတ်လိုက်သေးတယ်ဆို"

"ဟုတ်တယ်အစ်ကိုရ၊ ဝါ တွင်းတုန်းကဝတ်လိုက်တာ၊ ဝါထွက် တော့ လူဝတ်လဲပြီး မမအေးတဲမှာ ဝိုင်းလုပ်ပေးနေတာ၊ မမအေးက စပါးတစ်ရာပေးမယ်ပြောတယ်"

သူ့ကိုကြည့်ရသည်မှာ အရင် ကလိုမဟုတ်ဘဲ တောက်တောက် ပြောင်ပြောင်ဖြစ်နေသည်။

ထိုစဉ် ကျွန်တော့်အမေက စကားတစ်ခွန်းဝင်မေးလိုက်၏။

"မောင်ခင်ကြည် ... နင် ယောက္ခမကို ခွနဲ့ပစ်လို့ဆို"

"ဟုတ်တယ်ဦးကြည်၊ ကျွန် တော်တို့လဲကြားတယ်၊ ဘယ်လိုဖြစ် တာလဲ"ဟု ကျွန်တော်ကဝင်မေး လိုက်သည်။

"ဒီလိုကွ ငါ့တူရ၊ တစ်ရက် မှာ ငါအရက်မူးပြီးပြန်လာတယ်၊ လူကလဲ တော်တော့်ကိုမူးနေတာ၊ မိန်းမနဲ့စကားများရန်ဖြစ်နေတုန်း ငါ့ဗိုက်ကို လောက်စာလုံးလာမှန် တာ၊ ပြီးတော့ ငါ့နဖူးလာမှန်တာ၊ ယောက္ခမကြီးက သူ့အိမ်ပေါ်ကနေ ငါ့ကို ခွနဲ့ပစ်နေတာကွ၊ ငါလဲ အနား က လေးခွယူပြီးပြန်ပစ်လိုက်တာ သူ့ကို ချက်ကောင်းသွားမှန်တယ် နဲ့တူပါတယ်၊ ရဲစခန်းကို ဖုန်းဆက် တိုင်လို့ ရဲတွေရောက်လာပြီး ငါ့ကို ဖမ်းသွားတော့တာပဲ"

"တရားရုံးရောက်တော့လဲ ငါ့ ကို ချက်ချင်းစီရင်ချက်ချလို့ အင်းစိန် ရောက်သွားတယ်၊ အဲဒီမှာတင် တန်းစီးလုပ်တဲ့ကောင်က ငါ့လဲမြင် ရော ဟာ ... ကိုခင်ကြည်၊ ဘယ်လို ဖြစ်လာတာလဲလို့မေးတယ်၊ ဒီလိုပဲ ကွာလို့ ပြန်ဖြေလိုက်တယ်"

"ဦးကြည်နဲ့တန်းစီးလုပ်တဲ့ သူနဲ့က သိလို့လား"ဟု ကျွန်တော် ဖြတ်မေးလိုက်သည်။

"သိတာပေါ့ကွာ၊ ဟိုတုန်းက သမ္မန်တွေခေတ်တုန်းက ပုဇွန်တောင် မှာ ငါတို့တွေ ဆန်လာရောင်းရင်

တို့နဲ့ ဖဲအတူတူရိုက်ဖက်၊ သူက လူသတ်မှုနဲ့ ထောင်ထဲရောက်လာပြီး တန်းစီးဖြစ်နေတာ၊ သူ့ကျေးဇူးကြောင့် ငါ ထောင်ထဲမှာ ကောင်းကောင်းမွန်မွန်နေရတာ၊ ထောင်ထဲမှာ တကယ့်ပျော်စရာကြီးကွ၊ လူတွေက သူ့အလုပ်သူလုပ်၊ ကိုယ့်အလုပ်ကိုယ်လုပ်တဲ့သူတွေချည်းပဲ၊ ငါ့အသိတွေနဲ့လဲ တွေ့ခဲ့သေးတယ်ကွ၊ ငါကွာ ထောင်ထဲမှာနေရတာ အပြင်မှာနေရတာထက်တောင် ပျော်စရာကောင်းနေသေးတယ်"

သူပြန်ခါနီးမှာ ကျွန်တော့်ကို ပြောသွားသေးသည်။

"ဦးကြည် အခု အရက်မသောက်တော့ဘူး၊ နိုး ဒရင့်ကီး၊ ဝမ်းရီးယားကျော်သွားပြီ၊ လုံးဝလဲပြတ်သွားပြီ"

"တယ်ဟုတ်ပါလား ဦးကြည်ရ"

"မမအေးအိမ်မှာနေတာလေကွာ၊ အရက်သောက်လို့ဘယ်ရမလဲ၊ မမအေးက လုံးဝလက်မခံဘူး"

နောက်ဆက်တွဲစကား ကြားလိုက်တော့မှ ချီးကျူးချင်စိတ်က လျော့ပါးသွားခဲ့သည်။

စောစောကပြောသည့် ဦးခင်ကြည်ပြောစကား နားထောင်ရသည်မှာ အင်းစိန်ထောင်သည် သာယာချမ်းမြေ့ဖွယ်ကောင်းသည့် နေရာတစ်ခုဖြစ်နေသည်။ သူ့စကားကိုကြားတဲ့သူတွေ ထောင်ကျချင်စိတ်ပင် ပေါ်လာနိုင်သည်။ သူပြန်သွားတော့ အဖေ့ကို ကျွန်တော်ပြောသည်။

"အဖေ ... အင်းစိန်ထောင်မှာ ဦးခင်ကြည် သက်သောင့်သက်သာနေခဲ့ရပုံရတယ်"

ထိုအခါ အဖေက ကျွန်တော့်ကို တစ်ခွန်းတည်းပြန်ဖြေသည်။

"မင်းကလဲကွာ၊ သူပြောသမျှ ဟုတ်အုံးမှကိုး၊ ဘယ်တုံးကများ သူ့စကားကို အကုန်ယုံလို့ရလို့လဲ"

**(၆)**

ဒီနောက်ပိုင်း ဦးခင်ကြည် သတင်းတွေကတော့ အမျိုးတွေဆီက ကြားကြားလာရသည်။ သားသမီးတွေကလည်း သူ့ကိုအသိအမှတ်မပြုကြ။ မိန်းမက ပြန်လည်းလက်မခံ။ တစ်ဆောင်းတွင်းလုံး ဒေါ်ခင်အေးအိမ်တွင် အလုပ်လုပ်ပေး၍ ရသည့်ပိုက်ဆံကို ကြာကြာမထိန်းနိုင်ဘဲ ဖဲချပစ်လိုက်ရာ ကုန်သွားပြီဟူသည့်သတင်းပင်ဖြစ်သည်။ ဦးခင်ကြည်သည် မိုးတွင်းဘက်သို့ ရောက်ပြီဆိုလျှင် ဘုန်းကြီးပြန်ဝတ်သည်။ ဆောင်းပေါက်တော့မည်ဆိုလျှင် ဘုန်းကြီးပြန်ထွက်ကာ ဒေါ်ခင်အေး၏ လယ်ထဲ၌ စပါးယူစနစ်ဖြင့် ဝိုင်းလုပ်ပေးနေသည်ဟု ကြားရသည်။ မိုးတွင်းလို ရွှံ့ထဲဗွက်ထဲ ဆင်းရမည့်အချိန်တွင် သူသည် သာသနာ၏ အရိပ်ကို ခိုလှုံသွားတော့သည်။

ဦးခင်ကြည်သည် မိုးတွင်းဘက်သို့ရောက်ပြီဆိုလျှင် ဘုန်းကြီးပြန်ဝတ်သည်။ ဆောင်းပေါက်တော့မည်ဆိုလျှင် ဘုန်းကြီးပြန်ထွက်ကာ ဒေါ်ခင်အေး၏လယ်ထဲမှာ စပါးယူစနစ်ဖြင့် ဝိုင်းလုပ်ပေးနေသည်ဟု ကြားရသည်။ မိုးတွင်းလို ရွှံ့ထဲဗွက်ထဲ ဆင်းရမည့်အချိန်တွင် သူသည် သာသနာ၏အရိပ်ကို ခိုလှုံသွားတော့သည်။

အခု ကျွန်တော့်အမေနေထိုင်မကောင်းတော့ ရွာကထည့်ပေးလိုက်သည့် ဟင်းလျာများ၊ ဘဲဥများ ယူပြီးလာတော့မှ မတွေ့ရသည်မှာ ကြာပြီဖြစ်သော သူ့ကိုပြန်တွေ့ရခြင်းပင်ဖြစ်သည်။ လက်ထဲမှာ ရွှေလက်စွပ်သုံးကွင်းကို တွေ့လိုက်ရတော့ အထိုက်အလျောက်လိမ္မာနေပြီဟု ပြောရမည်လားမသိ။ သို့သော်လည်း သူ့ကိုကြာကြာ မချီးကျူးရဲပါ။ ဦးခင်ကြည်သည် အသက်ခြောက်ဆယ်စွန်းသည်အထိ ဘယ်အလုပ်ကို မည်မည်ရရ လုပ်ဖူးသလဲဟုမေးလျှင် ဘာကိုမှ မည်မည်ရရမလုပ်ခဲ့ဖူးပါဟုပဲ ဖြေရမည်ဖြစ်သည်။

လာမည့်နွေတွင် သူ့မိန်းမနှင့် ပြန်ပေါင်းမည်ဟုတော့ပြောသွားသည်။ ကျွန်တော်တို့က အကြောင်းသိဖြစ်သဖြင့် သူ့စကားကို ရာနှုန်း

ပြည့် မယုံကြည်။ ပြန်ပေါင်းမည့် သတို့သားလောင်းကြီး၏အသက်က ခြောက်ဆယ်စွန်းနေပြီဖြစ်သည်။ ဆရာသော်တာဆွေ၏ 'မာနနဲ့ကာလ' ဝတ္ထုတိုထဲက 'ယောက္ခမအိမ်ထက် ခုမှတက်၊ သမက်အိုကလေး မောင်ဘအေးရှိသလားဗျို့'ဆိုသောစာသားကို သတိရမိသည်။ ဝတ္ထုထဲက သမက်အိုမောင်ဘအေးကိုတော့ သူ့ယောက္ခမကြီးက လိုလိုလားလား လက်ခံသည်။ ကျွန်တော့်ဦးလေးကိုတော့ အသက်ရှစ်ဆယ်ကျော် ယောက္ခမကြီးကလက်ခံဖို့ အခွင့်အလမ်းနည်းပါးလှသည်။

ဦးခင်ကြည်ကိုပြန်လက်ခံသင့်၊ မခံသင့် ကျွန်တော်တို့ထက် စာလျှင် တစ်သက်လုံးပေါင်းလာသည့် သူ့ဇနီးကပဲပိုသိပါလိမ့်မည်။ ဦးခင်ကြည်သည် လာမည့်နွေမှာ ယောက္ခမအိမ်ထက် ပြန်တက်၊ မတက်ရေးကို ကျွန်တော်တို့အနေဖြင့် စောင့်ကြည့်ရုံမှတစ်ပါး...။ ။

**နိုင်မြင့်**

---

# စုန်ရေနှင့်ဆန်ရေ

သမီးပျို



စမ်းချောင်းရေကြည်
မြစ်မဆီ သွန်းမြဲတည့်။
မြစ်မရေလျှံတော့
စမ်းချောင်းထံ ရေတစ်ပေါက်
ရောက်သည်မရှိ။

အတုံ့နှင့် အပြန်
မျှော်လင့်ဟန် မရှိဘဲ
တငြိမ့်ငြိမ့် တတွေတွေနဲ့
သည်ချောင်းရေ မညျူညည်း
စီးဆင်းလေမြဲ။

စမ်းချောင်းနှင့် ဖမိယှဉ်
ဆ ကြည့်မြင် ထိုခဏ။
သတိတရပင်
မိဖရင် ဂုဏ်အင်ထူးကို
နိမိတ်တည် စိတ်ရည်စူး
ဦးခိုက်ပါရ။ ။

တစ်လအတွင်း

# စာပေနှင့်ယဉ်ကျေးမှုသတင်း

သော်ဇင်သစ်

## မြို့နယ်စာရေးဆရာအသင်း မျက်နှာစုံညီအစည်းအဝေးကျင်းပ

ဗဟန်းမြို့နယ်စာရေးဆရာအသင်း မျက်နှာစုံညီအစည်းအဝေးနှင့် အလုပ်အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို ဇူလိုင်လ ၂၆ ရက် နံနက်ပိုင်းက ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန၌ကျင်းပသည်။

အခမ်းအနားတွင် သမားတော်ကြီးဦးကျော်စိန် (မိုးကုတ်)က သဘာပတိအဖြစ်ဆောင်ရွက်ပြီး သဘာပတိနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် နှစ်ပတ်လည်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဦးသိမ်းထွန်း(မောင်မေခ)နှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဒေါ်နီနီတင်(နီနီ-မြန်မာစာ)တို့က ဖတ်ကြားခဲ့ကြသည်။

ယင်းနောက် ၂၀၂၀-၂၀၂၄ ခုနှစ် မြို့နယ်စာရေးဆရာအသင်းအလုပ်အမှုဆောင်အဖွဲ့အတွက် ဥက္ကဋ္ဌ ဦးကိုကိုလေး(ရန်ကင်းကိုကိုလေး)၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦး(မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ထွန်းထွန်းဦး)၊ အတွင်းရေးမှူး ဦးမောင်ချစ်(မောင်ချစ်-သူရဲသမိန်)၊ တွဲဖက်အတွင်းရေးမှူး ဦးသိမ်းထွန်း(မောင်မေခ)၊ ဘဏ္ဍာရေးမှူး ဒေါ်နီနီတင်(နီနီ-မြန်မာစာ)၊ အမှုဆောင်များအဖြစ် ဦးအောင်သင်း(ဗဟန်း)၊ ဒေါ်ဖြူဖြူဥ(လေဒီဒိုင်းမွန်း)နှင့် တတိယအကြိမ်ညီလာခံကိုယ်စားလှယ်များအဖြစ် ဦးကိုကိုလေး(ရန်ကင်းကိုကိုလေး)နှင့် ဦးသိမ်းထွန်း(မောင်မေခ) တို့အား ရွေးချယ်ခဲ့ကြသည်။

## မြို့နယ်စာရေးဆရာအသင်း အမှုဆောင်သစ်ရွေးချယ်

ဒလမြို့နယ်စာရေးဆရာအသင်း၏ နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို ဒလမြို့နယ်၊ သီရိဇေယျာနော်ရထာခန်းမ၌ ဇူလိုင်လ ၃၀ ရက်၊ မွန်းလွဲ ၂ နာရီခွဲကကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးစိုးမြင့်(နေမင်းချို)က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)တွဲဖက်အတွင်းရေးမှူး(၁) ဦးမြတ်ဝေတိုး (မြတ်ဝေတိုး-ပညာရေးတက္ကသိုလ်)က အမှာစကားပြောကြားသည်။

ယင်းနောက် မြို့နယ်စာရေးဆရာအသင်းအမှုဆောင်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို ကဏ္ဍာတာဝန်ခံတို့က တင်ပြကြရာ တက်ရောက်လာကြသည့် အသင်းဝင်များက အတည်ပြုကြသည်။

ထို့နောက် အစီအစဉ်အရ အမှုဆောင်ဟောင်းများက နုတ်ထွက်ကြောင်းကြေညာပြီး အမှုဆောင်သစ်များကို ဆန္ဒမဲပေးရွေးချယ်ကြရာ ဥက္ကဋ္ဌ ဦးမင်းမင်းထိုက်(မြတ်မင်းသန့်)၊ အတွင်းရေးမှူး ဦးစံထွန်း (စံထွန်း-ဒလ)၊ ဘဏ္ဍာရေးမှူး ဒေါက်တာချစ်ဆွေ (အေးကမ္ဘာ-ဒေါက်တာချစ်)၊ အမှုဆောင်အဖြစ် ဦးဆန်းထွန်းလင်း (အရိပ်စစ်) နှင့် ဦးစောလင်းဦး (အကြင်နာရိပ်)တို့ကိုလည်းကောင်း၊ ညီလာခံကိုယ်စားလှယ်အဖြစ် ဒေါက်တာချစ်ဆွေ (အေးကမ္ဘာ - ဒေါက်တာချစ်)ကိုလည်းကောင်း ရွေးချယ်ခဲ့ကြသည်။

## မြို့နယ်စာရေးဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကျင်းပ

တာမွေမြို့နယ်စာရေးဆရာအသင်း မျက်နှာစုံညီ နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ဇူလိုင်လ ၂၅ ရက်၊ မွန်းလွဲ ၂ နာရီက တာမွေမြို့နယ်၊ ဩဘာလမ်းရှိ ဓမ္မရက္ခိတဓမ္မာရုံ၌ကျင်းပခဲ့သည်။ အခမ်းအနားတွင် တာမွေမြို့နယ်စာရေးဆရာအသင်း သဘာပတိ ဦးတင်မောင်(ကိုဖိုးအေး–မြန်မာ့အသံ)က အမှာစကားပြောကြားသည်။ ထို့နောက် နှစ်ပတ်လည်မြို့နယ်စာရေးဆရာအသင်းအစီရင်ခံစာတင်သွင်းခြင်း၊ ရသုံးငွေစာရင်း ရှင်းလင်းတင်ပြခြင်းတို့ပြုလုပ်ခဲ့ပြီး အမှုဆောင်အဖွဲ့ (၂၀၁၆–၂၀၂၀)က နုတ်ထွက်ကြောင်း ကြေညာသည်။ ဆက်လက်ပြီး အမှုဆောင်သစ်ရွေးချယ်ခြင်းပြုလုပ်ရာ အမှုဆောင်အဖွဲ့(၂၀၂၀–၂၀၂၄)အတွက် အမှုဆောင် ၇ ဦးကို ရွေးချယ်ခဲ့ပြီး ဥက္ကဋ္ဌအဖြစ် ဦးထွန်းမြင့် (ထွန်းမြင့်–မာန်အောင်)၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးသက်ခိုင် (နောင်–စက်မှု)တို့ ရွေးချယ်ခံရပြီး ဥက္ကဋ္ဌအသစ်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## မြန်မာ့ရုပ်ရှင်နှစ်တစ်ရာပြည့်ပွဲတော် အထိမ်းအမှတ်စာတမ်းဖတ်ပွဲကျင်းပမည်

မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့်ပွဲတော်အထိမ်းအမှတ်အဖြစ် ဝဇီရာရုပ်ရှင်ရုံတွင် စာတမ်းဖတ်ပွဲကျင်းပရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးညီညီထွန်းလွင်က ပြောကြားသည်။

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၃ ရက်သည် မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့်သည့်နေ့ဖြစ်သည့်အတွက် ယင်းနေ့တွင် ဝဇီရာရုပ်ရှင်ရုံ၌ နှစ်ပတ်လည် အခမ်းအနားနှင့်အတူ ပြခန်းများဖွင့်လှစ်ပြသရန် စီစဉ်ထားကြောင်း၊ ပွဲတော်ကြီး၏အမှတ်တရအဖြစ် မြန်မာ့ရုပ်ရှင် Logo အမှတ်တံဆိပ်ပါ တီရှပ်အင်္ကျီ၊ သော့ချိတ်၊ ဦးထုပ်၊ ရေခွက်၊ ဓာတ်ဘူးနှင့် ရင်ထိုး စသည်တို့ကို ရောင်းချပေးနိုင်ရန်စီစဉ်ထားသည်။ "အောက်တိုဘာလ ၁၃ ရက်ဟာ မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့်တဲ့နေ့ပါ၊ လူကြီးပိုင်းက အဲဒီနေ့ကို မဖြစ်မနေလုပ်စေချင်တယ်၊ ရုပ်ရှင်လောကသားအများစုကလဲ နှစ်ပတ်လည်အခမ်းအနားပုံစံမျိုးလုပ်စေချင်တယ်၊ အခုစီစဉ်ထားတာက ဝဇီရာရုပ်ရှင်ရုံမှာ စာတမ်းဖတ်ပွဲကျင်းပမယ်၊ အောက်ဘက်ကဆိုင်ခန်းတွေမှာ ပြခန်းတွေခင်းကျင်းပြသမယ်"ဟု ဦးညီညီထွန်းလွင်က ပြောကြားခဲ့သည်။

## ရသစာပေပရဟိတအဖွဲ့က သက်ကြီးစာပေပညာရှင်ကို ဂါရဝပြု

ကမ်းလက်များအွန်လိုင်းစာပေအဖွဲ့ကို အခြေပြုတည်ထောင်သော ရသရိပ်စာပေပရဟိတအဖွဲ့က လစဉ်မပြတ် ပြုလုပ်လျက်ရှိသည့် (၂၉)ကြိမ်မြောက် ဂါရဝပြုခြင်းကို ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၉၉၉/၁၉)ရပ်ကွက်၊ မာလာမြိုင်(၄)လမ်းနေ သက်ကြီးစာပေပညာရှင် ကဗျာဆရာကြီး မောင်ယဉ်မှူးအား ဇူလိုင်လ ၂၆ ရက်တွင် သွားရောက်၍ ငွေကြေးထောက်ပံ့ ဂါရဝပြုခဲ့သည်။

အဆိုပါ ကဗျာဆရာကြီးမောင်ယဉ်မှူးအား စာရေးဆရာ၊ ဆရာမများဖြစ်ကြသည့် ရောင်နီသက်လွင်၊ မောင်ဩလေး၊ အောင်ဂျူး၊ နိုင်ကြည်သားနေ၊ အိမ့်မှူးသွင်၊ မင်းမူပိုင်၊ မြလွှမ်းမိုးဆွေနှင့် ပန်းမှီခိုင်တို့က သွားရောက်ဂါရဝပြုခဲ့ကြခြင်းဖြစ်သည်။

ကမ်းလက်များအွန်လိုင်းစာပေအဖွဲ့ကိုအခြေပြုတည်ထောင်သော ရသစာပေပရဟိတအဖွဲ့သည် ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ လစဉ်မပြတ် ရန်ကုန်၊ မန္တလေး၊ ပျဉ်းမနား၊ ရေစကြိုနှင့် ရွှေလီ အစရှိသည့် အနယ်နယ်အရပ်ရပ်မှ သက်ကြီးစာပေပညာရှင်များကို ဂါရဝပြုခဲ့ပြီးဖြစ်သည်။ ။

**သော်ဇင်သစ်**

'သုတကမ္ဘာ'စစ်မှုရေးရာ၊ ကျန်းမာရေးနှင့် သုတအဖြာဖြာသတင်းဂျာနယ်ကို
စာဖတ်ပရိသတ်အတွက် ၂၀၁၈ ခုနှစ်၊ မတ်လ ၂၇ ရက်(တပ်မတော်နေ့)တွင်
စတင်ထုတ်ဝေခဲ့ပြီး အပတ်စဉ်စနေနေ့တိုင်း ဖြန့်ချိလျက်ရှိပါသည်။




ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉၃၂၄၉၈၇၂၄။










မြဝတီ

စာပေတိုက်ထုတ်




# မဂ္ဂဇင်း၊ စာစောင်များ လပေးမှာကြားဖတ်ရှုနိုင်ပြီ




မိမိတို့မှာကြားလိုသည့်စာအုပ်များကို
အောက်ပါလိပ်စာနှင့်ဖုန်းနံပါတ်များအတိုင်း
ဆက်သွယ်မှာကြားနိုင်ပါသည်။
ဖြန့်ချိရေး – မြဝတီစာပေတိုက်
အမှတ် ၁၅၊ မိုးကောင်းလမ်း၊ ၁၅ ရပ်ကွက်၊
ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – ၀၉၈၃၅၁၀၇၁၉၂ (မြဝတီစာတည်း)၊
၀၉၄၀၃၂၅၈၄၅၁ (ငွေတာရီစာတည်း)၊
၀၉၆၉၇၀၈၉၇၂၁ (သုတအလင်းစာတည်း)၊
၀၉၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)။

